ကြေးမုံ
The Mirror
၁၉၅၇ မေ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957
၁၃၇၆ ခုနှစ်၊ တပေါင်းလဆန်း ၇ ရက်၊ အင်္ဂါနေ့၊ (24-2-2015) (၈၁၂၆)

လွတ်လပ်ပြီးတဲ့ ဗမာပြည်မှာ တစ်ဦးနှင့်တစ်ဦး ညီညီညွတ်ညွတ် လုပ်ကြဖို့တော့ လိုတယ်။ ဒီလိုမှမဟုတ်ရင် လွတ်လပ်တဲ့ ဗမာပြည်ဟာ လွတ်လပ်ရေးအရသာကို ကျပ်ပြည့် တင်းပြည့် ခံစားရမှာ မဟုတ်ဘူး။

*(ဗိုလ်ချုပ်အောင်ဆန်း၏ ၁၉၄၇ ခုနှစ်၊ မတ်လအတွင်း ပြောကြားခဲ့သည့် ရေဒီယိုမိန့်ခွန်းမှ ကောက်နုတ်ချက်)*

# နိုင်ငံတော်သမ္မတ ဦးသိန်းစိန် အက်စတိုးနီးယားနိုင်ငံ လွတ်လပ်ရေးနေ့ သဝဏ်လွှာများပေးပို့

**နေပြည်တော် ဖေဖော်ဝါရီ ၂၄**

၂၀၁၅ ခုနှစ် ဖေဖော်ဝါရီ ၂၄ ရက်တွင် ကျရောက်သော အက်စတိုးနီးယားသမ္မတနိုင်ငံ၏ လွတ်လပ်ရေးနေ့ အခါသမယ၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ အက်စတိုးနီးယားသမ္မတနိုင်ငံ သမ္မတ မစ္စတာ တိုမာ့ခ် ဟင်းဒရစ်ခ် အီဗက်ခ်ထံသို့ ဝမ်းမြောက်ကြောင်းသဝဏ်လွှာ ပေးပို့သည်။

အလားတူ ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီ ၂၄ ရက်တွင် ကျရောက်သော အက်စတိုးနီးယားသမ္မတနိုင်ငံ၏ လွတ်လပ်ရေးနေ့အခါသမယ၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ အက်စတိုးနီးယားသမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ တာဗီ ရိုင်ဗာစ်ထံသို့ ဝမ်းမြောက်ကြောင်းသဝဏ်လွှာ ပေးပို့သည်။ **(သတင်းစဉ်)**

**ပြည်သူ့လွှတ်တော်အစည်းအဝေး**

# နှစ်စဉ်သစ်ထုတ်လုပ်မှုကို လျှော့ချခဲ့ပြီး နိုင်ငံခြားသို့ သစ်အလုံးလိုက် တင်ပို့မှုကို ရပ်ဆိုင်းခဲ့ပြီးဖြစ်

**နေပြည်တော် ဖေဖော်ဝါရီ ၂၃**

ယနေ့ကျင်းပသည့် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၂၀)ရက်မြောက်နေ့တွင် သစ်တောကဏ္ဍ၊ သမဝါယမကဏ္ဍနှင့် နိုင်ငံတကာထောက်ပံ့ငွေ စီမံခန့်ခွဲရေးကဏ္ဍဆိုင်ရာမေးခွန်းများ မေးမြန်းဖြေကြားကြသည်။

အစည်းအဝေးတွင် ရမည်းသင်းမဲဆန္ဒနယ်မှ ဦးဘိုနီ၏ **"နိုင်ငံတော် ဆောင်ရွက်ထားသည်ကို သိရှိလိုကြောင်း"** မေးခွန်းနှင့်စပ်လျဉ်း၍ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာ **အတွင်း သစ်တောပြုန်းတီးခြင်းမှကာကွယ်ရန် မည်သို့သောအစီအမံများ**

**စာမျက်နှာ ၅ ကော်လံ ၁ သို့ ○**

**အမျိုးသားလွှတ်တော်အစည်းအဝေး**

# ကျောင်းသားလူငယ်များ၏ အနာဂတ်အတွက် ကျောင်းစာကြည့်တိုက်လုပ်ငန်းများ ပိုမိုတိုးတက်ရန် ဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဖေဖော်ဝါရီ ၂၃**

ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂) ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၂၀)ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် အမျိုးသားလွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပရာ ချင်းပြည်နယ်မဲဆန္ဒနယ် အမှတ်(၁၂) မှ ဦးဆလိုင်းခွဲယန်၏ **အခြေခံပညာအဆင့် အထက်တန်းကျောင်းများတွင် ကျောင်းစာကြည့်တိုက်များပေါ်ထွန်းရေးနှင့် ကျောင်းစာကြည့်တိုက်များ ရှင်သန်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အလေးထားဆောင်ရွက်ပေးရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း** အဆိုနှင့်

**စာမျက်နှာ ၅ ကော်လံ ၁ သို့ ✻**

# လည်ပတ်ဖွယ်ရာများ စုံလင်သည့် ရှမ်းပြည်နယ်



**တောင်ကြီး ဖေဖော်ဝါရီ ၂၃**

ရှမ်းပြည်နယ်၏ မြို့တော်မှာ တောင်ကြီးဖြစ်ပြီး လူဦးရေ သုံးသိန်းခန့်နေထိုင်လျက် ကားလမ်း၊ ရထားလမ်း၊ လေယာဉ်တို့ဖြင့်သွားလာနိုင်သည်။

ရှမ်းပြည်နယ်(တောင်ပိုင်း)တွင် ကမ္ဘာကျော် အာဆီယံအမွေအနှစ်ကုန်းတွင်း ရေကန်ကြီးဖြစ်သည့် အင်းလေးကန်၊ ရှေးဟောင်း ဘုရားပုထိုးစေတီများဖြစ်သည့် မွေတော်ကက္ကူ၊ ပင်းတယ ရွှေဥမင်၊ ကလော မြင်းမထိဂူ၊ ဟိုပုံးထန်ဆန်းဂူနှင့် ဘဝသံသရာတံတားများတည်ရှိသည်။ ရှမ်းပြည်နယ်(မြောက်ပိုင်း)တွင် လားရှိုးမြို့သည် အကြီးဆုံးမြို့ဖြစ်ပြီး မန္တလေးမှကားလမ်း၊ ရထားလမ်းတို့ဖြင့် လည်းကောင်း၊ ကျေးသီး၊ မိုင်းကိုင်မှ ကားလမ်းဖြင့်လည်းကောင်း၊ လားရှိုးမြို့သို့ လေယာဉ်ဖြင့်လည်းကောင်း သွားရောက်နိုင်သည်။ ဂုတ်တွင်း၊ ဂုတ်ထိပ်မီးရထားတံတား၊သီပေါ၊ လားရှိုး၊သိန္နီမြို့များ၌ စော်ဘွားတို့၏ ဟော်နန်းများ၊ ဘော်ကြိုဘုရား၊ မန်ဆူဘုရား၊ လားရှိုးရေပူစမ်းနှင့် မူဆယ်မှတစ်ဆင့် နယ်စပ်မြို့များသို့ သွားရောက်လည်ပတ်နိုင်သည်။

**စာမျက်နှာ ၃ ကော်လံ ၁ သို့ ❖**

## ထူးခြားသည့် ညအပူချိန်များ

ဟားခါး
၄ ဒီဂရီစင်တီဂရိတ်
လွိုင်လင်
၄ ဒီဂရီစင်တီဂရိတ်
နမ့်စန်
၅ ဒီဂရီစင်တီဂရိတ်
ပင်လောင်း
၅ ဒီဂရီစင်တီဂရိတ်
ဟဲဟိုး
၅ ဒီဂရီစင်တီဂရိတ်

## နောက်နှစ်ရက်အတွက် ခန့်မှန်းချက်

တစ်ပြည်လုံးတွင် အများအားဖြင့် သာယာမည်။

**ဖွဲ့စည်းပုံအခြေခံဥပဒေဘောင်ကိုကျော်တဲ့ ပညာရေးဥပဒေ မဖြစ်သင့်ပါ**

ဆောင်းပါး စာမျက်နှာ » ၆

**အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်ပတ်သက်ပြီး NNER မှ သတင်းစာရှင်းလင်းပွဲပြုလုပ်**

သတင်း စာမျက်နှာ » ၇



## ကြေးမုံစာတည်းရှေ့ထောင့် ၂၄-၂-၂၀၁၅၊ အင်္ဂါနေ့

# အေးချမ်းသာယာ စိမ်းလန်းဝေဖြာ

မြစိမ်းရောင်ဟူသည် အေးမြမှု၏သင်္ကေတ၊ အေးချမ်းမှု၏ပုံရိပ်ဖြစ်သည်။ မိမိတို့နိုင်ငံ၏မြစိမ်းရောင် ကျေးရွာစီမံကိန်းသည် ကျေးလက်ဒေသ အေးချမ်းသာယာပြီး စိမ်းလန်းဝေဖြာသည့် သဘောကိုဆောင်သဖြင့် ကြည်နူးပီတိဖြစ်ဖွယ်ဟုဆိုနိုင်သည်။ နိုင်ငံဖွံ့ဖြိုးတိုးတက်မှုတွင် နိုင်ငံ၏လူဦးရေအများဆုံးနေထိုင်ကြသည့် ကျေးရွာခြောက်သောင်းလေးထောင်ကျော် စိမ်းလန်းဝေဖြာဖို့လိုသည်။ ငြိမ်းချမ်းသာယာဖို့လိုသည်။ တစ်နည်းဆိုသော် ထိုကျေးရွာများ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လူမှုရေး စသည်ဖြင့် ဖွံ့ဖြိုးတိုးတက်လာဖို့ အဓိကကျသည်။

ကျေးလက်ဒေသဖွံ့ဖြိုးရေးကို ခြေရာကောက်လျှင် စိုက်ပျိုးရေသည် ပဓာနကျပြီး တစ်ပိုင်တစ်နိုင် မွေးမြူရေးနှင့်စီးပွားရေးကို အခြေကျအောင် လုပ်ဆောင်ပေးနိုင်လျှင် ကျေးလက်ဒေသဖွံ့ဖြိုးမှုကို အစပြုတိုးတက်အောင် လုပ်ဆောင်နိုင်ပြီဟု ဆိုရမည်ဖြစ်သည်။ ကျေးလက်အတွက် စိုက်ပျိုးရေသည် ပင်မအသက်သွေးကြောဖြစ်၍ စိုက်ပျိုးရေကို ခေတ်မီမီရယူပြီး လက်မှုလယ်ယာမှ စက်မှုလယ်ယာသို့ ကူးပြောင်းနိုင်လျှင် နိုင်ငံဖွံ့ဖြိုးတိုးတက်မှုအရှိန်အဟုန်မြင့်မားတိုးတက်လာမည်ဖြစ်သည်။

မွေးမြူရေးတွင်လည်း မိမိတို့တစ်ပိုင်တစ်နိုင်မွေးမြူထားသည့် ကျွဲ၊ နွား၊ ကြက်၊ ဝက်၊ သိုး၊ ဆိတ်တို့ကိုလည်း တစ်ပိုင်တစ်နိုင်မှ စနစ်တကျမွေးမြူကြမည်။ လယ်ယာမှ အင်း၊ အိုင်၊ ကန်ငယ်များတွင် မွေးငါးများကို တစ်ပိုင်တစ်နိုင်လည်း မွေးကြသည်။ စနစ်တကျလည်းမွေးကြမည်ဆိုလျှင် စားနပ်ရိက္ခာအတွက်သာမက စီးပွားလည်း တက်လာမည်။ တစ်ချိန်က မိရိုးဖလာ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို လုပ်ကိုင်ကြသော်လည်း အရင်းအနှီးအတွက် ဝန်ထုပ်ဝန်ပိုးဖြစ်သဖြင့် တစ်ပိုင်တစ်နိုင်သာစိုက်ပျိုးမွေးမြူကြသည်။

ယခုထိုအခက်အခဲကို မြစိမ်းရောင်စီမံကိန်းက ကူညီဖြေရှင်းပေးလာသည်ကို တွေ့ရသည်။ စီမံကိန်းမှ တစ်ရွာလျှင် ကျပ်သိန်း ၁၀၀ အရင်းမပျောက် မတည်ငွေအဖြစ်ထုတ်ပေးပြီး ကျေးရွာအတွင်းမှ ငွေကြေးလိုအပ်သူများအား ငွေတစ်ရာကျပ်လျှင် ပြား ၅၀ မှ တစ်ကျပ်ခွဲ အတိုးနှုန်းဖြင့် ထုတ်ချေးပေးသည့် အစီအစဉ်သည် ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် အထောက်အကူများစွာ ဖြစ်စေသည်။

ကျေးလက်ဒေသ၏သဘာဝမှာ ရိုးသားကြသည်။ ရွာဦးကျောင်းဆရာဘုန်းတော်ကြီး၏ သွန်သင်ဆုံးမမှုအောက်တွင် သံသရာကြွေးကို ကြောက်တတ်ကြသည်။ သူတစ်ပါးပစ္စည်းဥစ္စာကို ပြန်ပေးဆပ်ရန်ဝန်မလေးတတ်ကြ။ အကြွေးကိုသံသရာအထိ ယူမသွားတတ်သော အလေ့အထရှိသောကြောင့် မြစိမ်းရောင်စီမံကိန်းသည် ကျေးလက်နေပြည်သူများ လူမှုဘဝမြင့်တင်ရေးအတွက် အောင်မြင်မှုရရှိနိုင်မည်ဟုယုံကြည်ပါသည်။

သာဓကအားဖြင့် မန္တလေးတိုင်းဒေသကြီးတွင် မြစိမ်းရောင်ကျေးရွာစီမံကိန်းအောင်မြင်သောကြောင့် လာမည့်ဘဏ္ဍာနှစ်တွင် စီမံကိန်းကျေးရွာအရေအတွက် နှစ်ဆတိုးမည်ဟုသိရသည်။ လက်ရှိတွင် ကျေးရွာ ၉၃ ရွာကို ကျပ်သိန်းပေါင်း ၂၇၉၀ ဖြင့် စီမံကိန်းကိုအကောင်အထည်ဖော်ခဲ့ရာ သတ်မှတ်ကာလတွင် အတိုးအရင်း အပြည့်အဝပြန်လည်ပေးဆပ်နိုင်ခဲ့ကြောင်း သိရသည်။ နိုင်ငံတော်၏စေတနာနှင့် ကျေးလက်နေပြည်သူများ၏ ဖြူစင်ရိုးသားစွာတုံ့ပြန်မှုတို့က ပြောဖွယ်မရှိလောက်အောင် ကျေနပ်စရာကောင်းလှသည်။

ထိုနေရာထိုဒေသ၏ ကောင်းမြတ်သော အနေအထားများကို အခြားဒေသများမှလည်း အတုယူ၍ မိမိတို့ဒေသ၊ မိမိတို့ရပ်ရွာတိုးတက်အောင် ကြိုးပမ်းအားထုတ်သင့်သည်။ ဤစီမံကိန်းလုပ်ငန်းသည် အောက်ခြေတွင် ထိထိရောက်ရောက်ဆောင်ရွက်ရသောလုပ်ငန်းဖြစ်၍ မှန်ကန်တိကျဖို့၊ သမာသမတ်ကျဖို့၊ ကတိသစ္စာ တည်ကြည်ဖို့လည်း လိုအပ်ပါသည်။

မန္တလေးတိုင်းဒေသကြီးမှ အများအကျိုးအတွက် မှန်ကန်တိကျသော စေတနာအလုပ်များက လက်တွေ့အကျိုးရလဒ်ဖြစ်ပေါ်စေသလို စံနမူနာပြ လုပ်ငန်းတစ်ရပ်လည်း ဖြစ်လာပါသည်။ ဤကဲ့သို့သော တာဝန်ကို ကောင်းစွာယူကြသူများ ရှိနေသောအရပ်ဒေသများတွင် မည်သည့်အလုပ်မဆို ဆတက်ထမ်းပိုး အောင်မြင်တိုးတက်လာမည်မှာ အမှန်ဖြစ်သည်။ မြစိမ်းရောင်သည် ကျေးလက်များအတွက် အမှန်တကယ်အေးချမ်းသာယာ စိမ်းလန်းဝေဖြာနေမည်ဖြစ်ပါသည်။ ။

# ရွှေတိဂုံစေတီတော် ဗုဒ္ဓပူဇနိယပွဲတော်ဖွင့်ပွဲကျင်းပ

**ရန်ကုန် ဖေဖော်ဝါရီ ၂၃**

ရွှေတိဂုံစေတီတော် ၂၆၀၃ နှစ်မြောက် ဗုဒ္ဓပူဇနိယပွဲတော်ဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် ရွှေတိဂုံစေတီတော်ရင်ပြင်တော်ရှိ ချမ်းသာကြီးတန်ဆောင်း၌ ကျင်းပသည်။

ရှေးဦးစွာ ရှေးဟောင်းရုပ်ပွားတော်တန်ဆောင်းမှ စတင်ကာ နှစ်ကျိပ်ရှစ်ဆူဗုဒ္ဓရုပ်ပွားတော်များအား ဂေါပကအဖွဲ့ဝင်များ၊ ဝတ်အသင်းအဖွဲ့များက လက်ယာရစ်လှည့်လည်ပူဇော်ခံပြီး အခမ်းအနားကျင်းပမည့် ချမ်းသာကြီးတန်ဆောင်းသို့ ပင့်ဆောင်ကြသည်။

ဆက်လက်၍ရွှေတိဂုံစေတီတော် ဩဝါဒါစရိယ ဗဟန်းမြို့နယ် ခြောက်ထပ်ကြီး သိင်္ဂီဦးကျောင်းတိုက် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ အဘိဇဓမဟာရဋ္ဌဂုရု ဘဒ္ဒန္တနန္ဒောဘာသထံမှ ဥပုသ်ပရိသတ်များက နဝင်္ဂသီလခံယူဆောက်တည်ကြသည်။

ထို့နောက် မြတ်ဗုဒ္ဓ၏ သဗ္ဗညုတဉာဏ်ရောင် မြတ်တန်ဆောင်ကို လေးမြတ်ကော်ရော်ပူဇော်သောအားဖြင့် ရွှေတိဂုံစေတီတော်ဩဝါဒါစရိယဆရာတော်နှင့် ဂေါပကအဖွဲ့ဝင်များက ဆီမီးတန်ဆောင်ထွန်းညှိပူဇော်ပြီး ဗုဒ္ဓပူဇနိယတပေါင်းပွဲတော်ကိုဖွင့်လှစ်ပေးကြသည်။

ယင်းနောက် ဆရာတော်၊ သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြပြီး ဩဝါဒါစရိယဆရာတော်ကြီးများ၊ ဥပုသ်သည်တော်များနှင့် အာရုံခံမုခ်ဦး လေးခုတွင် နေရာယူထားကြသည့်ပရိသတ်များက မဟာပဋ္ဌာန်းပစ္စယနိဒ္ဒေသဒေသနာတော်များကို ရွတ်ဖတ်ပူဇော်ကြသည်။

ထို့နောက် ဗဟိုမဏ္ဍပ်အတွင်းရှိ ရတနာဃရစံအိမ်တော်အတွင်းမှ သံဃာတော်များက အသံမစဲ မဟာပဋ္ဌာန်းဒေသနာတော်များကို စတင်၍ ရွတ်ဖတ်ပူဇော်ကြကာ မတ် ၄ ရက်အထိ ၁၀ ရက်တိုင်တိုင် ရွတ်ဖတ်ပူဇော်ကြမည်ဖြစ်သည်။

လေးဆူဓာတ်ပုံရွှေတိဂုံစေတီတော်မြတ်ကြီးကို မဟာသက္ကရာဇ် ၁၀၃ ခုနှစ် တပေါင်းလပြည့်နေ့တွင် အောင်မြင်စွာ တည်ထားပြီးစီး ကိုးကွယ်လာခဲ့ကြောင်း သမိုင်းစာတမ်းများအရ သိရှိခဲ့ရသည်။ ယခု ကောဇာသက္ကရာဇ် ၁၃၇၆ ခုနှစ်မှ အစပြု၍ ပြန်ရေတွက်သော် စေတီတော်မြတ်ကြီး၏ သက်တမ်းတော်သည် နှစ်ပေါင်း ၂၆၀၃ နှစ်ရှိပြီးဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**






**စာအုပ်စာပေ လှူမိတ်ဆွေ**

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် ဖေဖော်ဝါရီ ၂၃**

| | | | | |
|---|---|---|---|---|
| ရန်ကုန် | ရွှေဈေး | ၆၇၀၈၀၀ | - | ၆၇၁၈၀၀ |
| မန္တလေး | ရွှေဈေး | ၆၇၀၈၀၀ | - | ၆၇၁၈၀၀ |

**စက်သုံးဆီဈေးနှုန်း**

| | | | |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၆၅၀ | ကျပ် |
| (ခ) အောက်တိန်း 95 | တစ်လီတာ | ၈၅၀ | ကျပ် |
| (ဂ) အောက်တိန်း 92 | တစ်လီတာ | ၅၈၀ | ကျပ် |
| (ဃ) ဓာတ်ဆီ | တစ်လီတာ | ၇၇၀ | ကျပ် |

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၁၀၂၆. ၀ |
| (ခ) ဥရောပ | တစ်ယူရို | = | ၁၁၆၇. ၂ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၁၆၄. ၀၃ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၃၁. ၅၁၁ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၂၈၁. ၄၀ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၁၆. ၅၁၄ |
| (ဆ) ဂျပန် | တစ်ရာယန်း | = | ၈၆၁. ၆၄ |
| (ဇ) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၉၂. ၃၇၄ |
| (ဈ) ဩစတြေးလျ | တစ်ဒေါ်လာ | = | ၈၀၃. ၇၆ |
| (ည) စင်ကာပူ | တစ်ဒေါ်လာ | = | ၇၅၄. ၆၃ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ် သတ်မှတ်ရည်ညွှန်းနှုန်း





# ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း နော်ဝေပါလီမန် စီးပွားရေးလုပ်ငန်းနှင့် စက်မှုလုပ်ငန်းဆိုင်ရာ အမြဲတမ်းကော်မတီဥက္ကဋ္ဌ ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

**နေပြည်တော် ဖေဖော်ဝါရီ ၂၃**

ပြည်ထောင်စုလွှတ်တော်နာယကပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် နော်ဝေပါလီမန်စီးပွားရေးလုပ်ငန်းနှင့် စက်မှုလုပ်ငန်းဆိုင်ရာအမြဲတမ်းကော်မတီဥက္ကဋ္ဌ Mr.Geir Pollestad ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့အား ယနေ့ညနေ ၄ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ဇမ္ဗူသီရိဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။**(ဓါတ်ပုံ)**

ထိုသို့ တွေ့ဆုံရာတွင် ပြည်ထောင်စုလွှတ်တော်နာယကနှင့်အတူ ပြည်သူ့လွှတ်တော်ကော်မတီဥက္ကဋ္ဌများ ဖြစ်ကြသော ဦးမောင်မောင်သိမ်း၊ ဦးလှမြင့်ဦးနှင့် ဦးဌေးမြင့်၊ ကော်မတီအတွင်းရေးမှူး ဒေါ်ဒွဲဘူ၊ ကော်မတီအဖွဲ့ဝင်များ ဖြစ်ကြသော ဒေါက်တာဝင်းမြင့်၊ ဦးဝင်းဦး၊ ဒေါ်ခင်သန်းမြင့်၊ ဒေါ်ခင်စောဝေ၊ ဒေါ်မိမြင့်သန်း၊ ပြည်ထောင်စုလွှတ်တော်ရုံးနှင့် ပြည်သူ့လွှတ်တော်ရုံးတို့မှ တာဝန်ရှိသူများ တက်ရောက်ကြပြီး ဧည့်သည်တော် ကော်မတီဥက္ကဋ္ဌ ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့နှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ နော်ဝေနိုင်ငံသံအမတ်ကြီး H.E.Ms.Ann Ollestad လည်း တက်ရောက်ခဲ့သည်။

**(သတင်းစဉ်)**

# မြန်မာ-ကိုရီးယား နှစ်နိုင်ငံ စီးပွားရေးပူးပေါင်းဆောင်ရွက်မှု ကျယ်ပြန့်စေရန်နှင့် အခြေခံအဆောက်အအုံပိုင်းဆိုင်ရာများ ဖွံ့ဖြိုးတိုးတက်လာစေရေး ပူးပေါင်းဆောင်ရွက်ရန် ဆွေးနွေး

**ရန်ကုန် ဖေဖော်ဝါရီ ၂၃**

မြန်မာနိုင်ငံနှင့်ကိုရီးယား (Republic of Korea) နှစ်နိုင်ငံ စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု ပိုမိုကျယ်ပြန့်လာစေရန်နှင့် မြန်မာနိုင်ငံ၏ အခြေခံအဆောက်အအုံပိုင်းဆိုင်ရာများ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် ပူးပေါင်း ဆောင်ရွက်နိုင်မှုများအပေါ် ဆွေးနွေးခြင်းကို ဖေဖော်ဝါရီ ၂၃ ရက် မွန်းလွဲ ၁ နာရီခွဲတွင် ရန်ကုန်မြို့ ရှန်ဂရီလာဟိုတယ်၌ ကျင်းပခဲ့သည်။

ကိုရီးယားနိုင်ငံ National Research Council for Economic Humanities and Social Science of Korea (NRCS) နှင့် Korea Transport Institute တို့က ကြီးမှူးကျင်းပခဲ့ခြင်းဖြစ်ပြီး မြန်မာနိုင်ငံ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဝင်းမြင့်နှင့် ဆွေးနွေးပွဲတွင် ပါဝင်ဆွေးနွေးမည့် ဝန်ကြီးဌာန အသီးသီးမှ တာဝန်ရှိသူများ၊ ကိုရီးယားနိုင်ငံမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

ဆွေးနွေးပွဲတွင် ဖွံ့ဖြိုးဆဲ မြန်မာနိုင်ငံ၏ အခြေခံအဆောက်အအုံပိုင်းဆိုင်ရာများ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် ပူးပေါင်းဆောင်ရွက်နိုင်သည့် အခြေအနေ၊ မြေအသုံးချမှုကဏ္ဍ၊ ရေလုပ်ငန်း ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာနှင့် ရင်းနှီးမြှုပ်နှံနိုင်မှုများအပေါ် ဆွေးနွေးကြသည်။

“ မြန်မာနိုင်ငံရဲ့ စီးပွားရေး ဖွံ့ဖြိုးမှု အထူးသဖြင့် မြန်မာနိုင်ငံရဲ့ အခြေခံအဆောက်အအုံပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုအတွက် လာပြီး ဆွေးနွေးကြတာပါ။ ကိုရီးယားရဲ့ အတွေ့အကြုံတွေ ပြောမယ်။ မြန်မာနိုင်ငံရဲ့ အတွေ့အကြုံတွေကို ပြောမယ်။ ပြီးတော့ ရေရှည်မှာ ဘယ်လိုပူးပေါင်းဆောင်ရွက်ကြမလဲဆိုတာ ဆွေးနွေးကြမှာပါ။ မြန်မာနိုင်ငံမှာ အထူးလိုအပ်နေတဲ့ အခြေခံအဆောက်အအုံပိုင်းကို မြန်မာနဲ့ကိုရီးယား ဘယ်လိုပူးပေါင်းဆောင်ရွက်မလဲ၊ အခြားသော ရင်းနှီးမြှုပ်နှံမှုတွေကို အဓိကထား ဆွေးနွေးမှာပါ။ မြန်မာနိုင်ငံက အာရှရဲ့ အရှေ့ အနောက်ပေါ့၊ တောင်အာရှ၊ အရှေ့တောင်အာရှ ဒီနိုင်ငံတွေအားလုံးရဲ့ ပေါင်းစည်းရာဖြစ်တဲ့အတွက် ဒီလိုအခွင့်အရေးကြီးကို အပြည့်အဝရဖို့ဆိုရင် အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်ဖို့ လိုပါတယ်”ဟု နိုင်ငံတော် သမ္မတ စီးပွားရေးအကြံပေးအဖွဲ့ဝင် ဦးတင်ထွဋ်ဦးက ပြောသည်။

ကိုရီးယားပြည်သူ့သမ္မတ နိုင်ငံသည် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြုပြင်ပြောင်းလဲမှုများစွာ ပြုလုပ်ခဲ့သော နိုင်ငံဖြစ်ပြီး ရေရှည်ကောင်းမွန်သော ဖွံ့ဖြိုးတိုးတက်မှု စီမံကိန်းများနှင့် နိုင်ငံကို ဖွံ့ဖြိုးတိုးတက်စေချင်သည့် စိတ်ဓာတ်တို့ဖြင့် ကြိုးစားခဲ့သည့်အတွက် ဖွံ့ဖြိုးဆဲနိုင်ငံအဖြစ်မှ ဖွံ့ဖြိုးတိုးတက်သောစက်မှုနိုင်ငံအဖြစ်သို့ ရောက်ရှိလာခဲ့သောကြောင့် ပြုပြင်ပြောင်းလဲစ မြန်မာနိုင်ငံအနေဖြင့် အတွေ့အကြုံကောင်းများ များစွာရရှိမည်ဟု ဆွေးနွေးပွဲသို့ တက်ရောက်လာသူများက မှတ်ချက်ပြုသည်။

“၁၉၆၀ ပြည့်နှစ်တွေက မြန်မာနဲ့ ကိုရီးယားက အတူတူလောက်ပဲ။ ကိုရီးယားကတောင် နောက်ကျနေသေးတယ်။ ဒီကာလတွေအတွင်းမှာ ကိုရီးယားနိုင်ငံအနေနဲ့ စက်မှုဖွံ့ဖြိုးပြီး နိုင်ငံအထိကို လုပ်နိုင်ခဲ့တယ်။ ဒါကိုတော့ တော်တော်လေး အတုယူဖို့ကောင်းတယ်။ မြန်မာနိုင်ငံအနေနဲ့ အရှိန်အဟုန်နဲ့ ဖွံ့ဖြိုးတိုးတက်မှုကို လုပ်နေတဲ့အချိန်မှာ အရင်တုန်းက ဗဟိုဦးစီးချုပ်ကိုင်မှုစနစ်ကနေ ဈေးကွက်ကို ဦးတည်ပြောင်းလာတဲ့အခါမှာ အဆင့်ဆင့်သောသူ၊ အပေါ်ကနေ မူဝါဒချမှတ်တဲ့သူကနေပြီးတော့ အောက်က အကောင်အထည် ဖော်တဲ့သူအထိ အတွေးအခေါ်တွေ ပြောင်းဖို့လိုတယ်။ ကိုရီးယားတွေအနေနဲ့ တကယ့်စိတ်ဓာတ်နဲ့ သူတို့တိုင်းပြည်ကို ဘယ်လိုတိုးတက်အောင် လုပ်ခဲ့လဲဆိုတာက အရေးကြီးပါတယ်။ ဒီစိတ်ဓာတ်နဲ့ မြန်မြန်ဆန်ဆန် ဖွံ့ဖြိုးနိုင်မှာ ဖြစ်တဲ့အတွက် အတွေ့အကြုံကောင်းတွေ ယူဖို့လိုပါတယ်။ အတွေးအခေါ်တွေ ပြောင်းဖို့လိုပါတယ်”ဟု နိုင်ငံတော် သမ္မတအကြံပေး ဦးတင်ထွဋ်ဦးက အဆိုပါဆွေးနွေးပွဲတွင် မီဒီယာများနှင့်တွေ့ဆုံစဉ် ပြောကြားခဲ့သည်။

**(ဝဝ၁)**

# ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

**နေပြည်တော် ဖေဖော်ဝါရီ ၂၄**

၂၀၁၅ ခုနှစ် ဖေဖော်ဝါရီလ ၂၄ ရက်နေ့တွင် ကျရောက်သော အက်စတိုးနီးယားသမ္မတနိုင်ငံ၏ လွတ်လပ်ရေးနေ့ အခါသမယ၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်ထံမှ အက်စတိုးနီးယားသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စ ခိ(တ်)ပန်တက်(စ်) ရိုစီမန်နပ်(စ်) ထံသို့ ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့သည်။

**(သတင်းစဉ်)**

# Solar Impulse-2 လေယာဉ်ပျံသန်းရေး အကြိုသတင်းစာရှင်းလင်းပွဲ ကျင်းပမည်




**နေပြည်တော် ဖေဖော်ဝါရီ ၂၃**

မြန်မာနိုင်ငံဆိုင်ရာဆွစ်ဇာလန်နိုင်ငံသံရုံးက နေရောင်ခြည်စွမ်းအင်သုံးလေယာဉ် Solar Impulse-2 လေယာဉ်ပျံသန်းရေးနှင့်ပတ်သက်၍ အကြိုသတင်းစာရှင်းလင်းပွဲတစ်ရပ်ကို ဖေဖော်ဝါရီ ၂၄ ရက်(အင်္ဂါနေ့)တွင် ရန်ကုန်မြို့ ဆူးလေရှန်ဂရီလာဟိုတယ်၌ မွန်းလွဲ ၂ နာရီမှ ညနေ ၄ နာရီအထိ ကျင်းပမည်ဖြစ်သည်။

အဆိုပါသတင်းစာရှင်းလင်းပွဲသို့ ပြည်ထောင်စုဝန်ကြီးဌာနများ၊ Solar Impulse Global ပါတနာများ၊ သံတမန်များ၊ ဆွစ်ဇာလန် စီးပွားရေး လုပ်ငန်းအဖွဲ့အစည်း၊ ဆွစ်ဇာလန်အင်န်ဂျီအိုများ၊ ဧည့်သည်တော်များနှင့် မီဒီယာများလည်း တက်ရောက်ရန် ဖိတ်ကြားထားကြောင်းသိရှိရသည်။

**သုတ**

# ဘင်္ဂလားပင်လယ်အော် အခြေအနေ

ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် အများအားဖြင့် သာယာနေသည်။

## ❖ လည်ပတ်ဖွယ်ရာမှ

ရှမ်းပြည်နယ်(အရှေ့ပိုင်း)တွင် ကျိုင်းတုံသည် ရှေးဟောင်းစော်ဘွားမြို့တော်ဖြစ်ပြီး တာချီလိတ်သည် ထိုင်းနိုင်ငံနှင့်ဆက်စပ်ပြီး စီးပွားရေး ဖွံ့ဖြိုးသည့်မြို့တစ်ခုဖြစ်ကြောင်း တွေ့ရပေမည်။ ကျိုင်းတုံ၊ တာချီလိတ်မြို့များသို့ တောင်ကြီးမှ ကားလမ်းဖြင့် လည်းကောင်း၊ လေယာဉ်ဖြင့် လည်းကောင်း သွားရောက်နိုင်ပြီး ကျိုင်းတုံမြို့၌ သစ်တစ်ပင်တောင်၊ ခေမရဋ္ဌဗျာဒိတ်ပေးဘုရား၊ ရေပူစမ်းနှင့် မဟာမြတ်မုနိဘုရား၊ နောင်တုံကန်အလှကို လည်းကောင်း၊ တာချီလိတ်မြို့၌ ဝမ်ကောင်းဈေး၊ ရွှေတိဂုံပုံတူဘုရားနှင့် နယ်စပ်ဂိတ်မှထိုင်းနိုင်ငံအတွင်းသို့ သွားရောက်လည်ပတ်နိုင်ပေသည်။

၂၀၁၅ခုနှစ် (၆၈)နှစ် မြောက် ရှမ်းပြည်နယ်နေ့ကို ထူးထူးခြားခြားဖြင့် ဖေဖော်ဝါရီ ၇ ရက်မှ ၁၂ ရက်အထိ အဝေယာ ကုန်းသာယာ မီးပုံးပျံကွင်းတွင် လူထုအခမ်းအနားကျင်းပခြင်း၊ ပြခန်းများ ခင်းကျင်းပြသခြင်း၊ ရိုးရာဓလေ့ပျော်ပွဲရွှင်ပွဲများ ကျင်းပခြင်း၊ အားကစားပြိုင်ပွဲများ၊ သီချင်းဆိုပြိုင်ပွဲများ၊ ဈေးပွဲတော်များဖြင့် ရှမ်းတိုင်းရင်းသားတစ်မျိုးတည်းကိုသာ ကိုယ်စားပြုခြင်းမဟုတ်ဘဲ ပြည်နယ်အတွင်း မှီတင်းနေထိုင်ကြသည့် တိုင်းရင်းသားမျိုးနွယ်စုအပေါင်းကို အလေးထားကာ တိုင်းရင်းသား ပေါင်းစုံမှီတင်းနေထိုင်သည့် ရှမ်းပြည်နယ်ကြီးအား အဘက်ဘက်မှ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် လည်းကောင်း၊ တိုင်းရင်းသားညီအစ်ကိုမောင်နှမအားလုံး စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်ဖြင့် အတူယှဉ်တွဲ နေထိုင်နိုင်ရေးကို လည်းကောင်း၊ စည်းကမ်းပြည့်ဝပြီး ခေတ်မီဖွံ့ဖြိုး တိုးတက်သည့် ဒီမိုကရေစီနိုင်ငံတော်ကြီး တည်ဆောက်ရေးတွင် လည်းကောင်း၊ ပြည်နယ်အတွင်းရှိ တိုင်းရင်းသားပြည်သူအလွှာပေါင်းစုံမှ မိမိပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် လက်တွဲပါဝင်ဆောင်ရွက်သွားကြောင်း ရေးသားတင်ပြလိုက်ရသည်။**နိုင်ထွန်း(TGI)**

မီးမလောင်ခင် သတိယှဉ် ကြိုတင်ကာကွယ်ပါ

ရွှေထီးပ်တန်း • ချောင်းသာ(နေ့စဉ်)
ရွှေစက်တော် နှင့် လမ်းဘုရားစုံ (သောကြာ)
အလောင်းတော်ကဿပ၊ စစ်ကိုင်း၊ မုံရွာ(သောကြာ)
တောင်ကြီး၊ အင်းလေး၊ ပင်းတယ၊ ထမ်စမ်းလိုဏ်ဂူ(သောကြာ)
ကျိုက်ထီးရိုး (နေ့စဉ်)
ငွေဆောင် (သောကြာ)
01-701015,01-710436,09-5403844,09-5044830

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

တာမွေမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၄အီး၊မြေကွက်ကြီးအမှတ်(၁၁၇)၊ မြေကွက်တည်နေရာအမှတ်(၈၅)၊ ၁၆၄လမ်း၊ တာမွေကြီး(ခ)ရပ်ကွက်၊ တာမွေမြို့နယ်၊ Mr Morris Khyu (alias) U Ba Mya အမည်ပေါက်၊ နှစ်(၉၀) ဂရန်မြေအား အမည်ပေါက် Mr Morris Khyu (alias) U Ba Mya(ဖခင်)နှင့် ဒေါ်မေဘမြ (မိခင်)တို့ကွယ်လွန်သဖြင့် ပိုင်ဆိုင်ကြောင်း စာချုပ်-၈၉၉၂/၁၄(၁၅-၁၂-၂၀၁၄) အရ ဒေါ်ခင်ခင်ကြီး[၁၂/ပဇတ(နိုင်)၀၂၄၁၀၆]နှင့် ဒေါ်ခင်ခင်လေး[၈/မထန(နိုင်)၀၁၃၂၉၃]တို့မှ ပိုင်ဆိုင်လာပြီးဂရန်ပျောက်ဆုံးကြောင်း ကျမ်းကျိန်လွှာ၊ သက်ဆိုင်ရာ ရပ်ကွက်နှင့် ရဲစခန်းထောက်ခံစာတို့ကိုတင်ပြ၍ဂရန်မိတ္တူနှင့် အမည်ပြောင်းလျှောက်ထားရာ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

## ဘဏ္ဍာငွေတလွဲသုံးသည်ဟု စွပ်စွဲခံရမှုကြောင့် ဂျပန်စိုက်ပျိုးရေးနှင့်မွေးမြူရေးဝန်ကြီး နုတ်ထွက်

**တိုကျို ဖေဖော်ဝါရီ ၂၃**

မဲဆွယ်စည်းရုံးရေးလုပ်ငန်းစဉ်များတွင် ဘဏ္ဍာငွေများ တလွဲသုံးစွဲခြင်းနှင့်ပတ်သက်၍ ဝေဖန်ပြောဆိုမှုများရှိခဲ့သည့်အတွက် ဂျပန်လယ်ယာစိုက်ပျိုးရေးနှင့်မွေးမြူရေး ဝန်ကြီး ကိုယာနီရှိကာဝါသည် ယနေ့ ရာထူးမှနုတ်ထွက်ခဲ့ကြောင်းသိရသည်။

နီရှိကာဝါ၏ နုတ်ထွက်စာကို ဝန်ကြီးချုပ် ရှင်ဇိုအာဘေးက လက်ခံခဲ့သည်။ ထို့နောက် ဝန်ကြီးချုပ်က နီရှိကာဝါ၏ ရာထူးနေရာတွင် ယခင်ဝန်ကြီးဟောင်း ယိုရှိမာဆာဟာရာရှီအား အစားထိုးခန့်အပ်ခဲ့သည်။

"စိတ်မကောင်းစရာပါပဲ။ နီရှိကာဝါကို ဝန်ကြီးရာထူးခန့်အပ်ခဲ့မိတဲ့အတွက် ပြည်သူတွေကိုတောင်းပန်ပါတယ်"ဟု ဝန်ကြီးချုပ်ရှင်ဇိုအာဘေးက မီဒီယာများကိုပြောသည်။

"ဟာယာရှိက မူဝါဒပိုင်းမှာ နေသားကျနေတဲ့အတွက် ဝန်ကြီးအပြောင်းအလဲမှာ ဘာမှစိတ်ပူစရာမရှိပါဘူး။ အစိုးရရဲ့လုပ်ငန်းတာဝန်တွေကို ကျေပွန်မှာပါ။ နှောင့်နှေးမှုရှိမှာမဟုတ်ပါဘူး"ဟု ဝန်ကြီးချုပ်က ဆက်လက်ပြောသည်။

နိုင်ငံတော်အတွက် အမတော်ကြေးများပံ့ပိုးမှုရနေသည့် သကြားချက်စက်ရုံနှင့် သစ်သားစက်ရုံများအပါအဝင် အခြားသောစက်ရုံများမှရရှိသော ဘဏ္ဍာငွေများကို မဲဆွယ်စည်းရုံးရာတွင် သုံးစွဲခဲ့ခြင်းနှင့်ပတ်သက်၍ နီရှိကာဝါသည် လွှတ်တော်တွင်စစ်ဆေးမေးမြန်းခြင်းခံနေရသည်။ ဘဏ္ဍာငွေများကို အစိုးရထံပြန်လည်ပေးအပ်ခဲ့ပြီးဖြစ်ကြောင်းနှင့် မည်သည့်ဥပဒေစည်းမျဉ်းကိုမျှ ဖောက်ဖျက်ခဲ့ခြင်းမရှိဟု နီရှိကာဝါက ပြန်လည်ချေပပြောကြားခဲ့ကြောင်း သိရသည်။

"အချို့တွေအနေနဲ့ နားလည်မှုရှိပေမယ့် နားလည်မှုမရှိတဲ့သူတွေ ရှိနေသေးတယ်။ ဒါကြောင့် ရာထူးမှနုတ်ထွက်လိုက်တာပါ"ဟု နီရှိကာဝါကဆိုသည်။



ဂျပန်လယ်ယာစိုက်ပျိုးရေးနှင့်မွေးမြူရေးဝန်ကြီး ကိုယာနီရှိကာဝါ

ယနေ့ဂျပန်အစိုးရသည် စိုက်ပျိုးရေးကဏ္ဍတွင်ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပြီး ပစိဖိတ်ကုန်သွယ်ရေးကဏ္ဍသဘောတူညီမှုရရှိရေးအတွက် ဆွေးနွေးနေဆဲဖြစ်သည်။ နီရှိကာဝါရာထူးမှနုတ်ထွက်ခဲ့ခြင်းကြောင့် နိုင်ငံ့မူဝါဒများကို ထိခိုက်မှုရှိမည်မဟုတ်ကြောင်း နိုင်ငံရေးကျွမ်းကျင်သူများကဆိုသည်။

ဝန်ကြီးချုပ်ရှင်ဇိုအာဘေးက ပထမအကြိမ်အဖြစ် အစိုးရအဖွဲ့အတွင်း ရာထူးတာဝန်များ လွှဲပြောင်းခန့်အပ်ခဲ့ပြီးနောက်ပိုင်း ဘဏ္ဍာငွေအလွဲသုံးစားပြုမှုကြောင့် နုတ်ထွက်ခဲ့သည့် ဝန်ကြီးဦးရေ နှစ်ဦးခန့်ရှိပြီဖြစ်ကြောင်းသိရသည်။

**(ရိုက်တာ)**

## အဲလ်ပ်တောင်တန်း ဆီးနှင်းတောင်ပြိုကျမှု သေဆုံးသူငါးဦးရှိ

**ဘန်း (ဆွစ်ဇာလန်) ဖေဖော်ဝါရီ ၂၃**

အဲလ်ပ်တောင်တန်းဒေသ၌ ပြီးခဲ့သည့် ရက်သတ္တပတ်ကုန်က ဆီးနှင်းတောင်ပြိုကျမှုများကြောင့် ငါးဦးသေဆုံးခဲ့ရကြောင်း၊ အဲလ်ပ်တောင်တန်း၏ ပြင်သစ်နိုင်ငံပိုင်ဒေသအတွင်း လူတစ်ဦးသေဆုံးခဲ့ပြီး ယင်းဖြစ်ရပ်မတိုင်မီ ဆွစ်ဇာလန်နိုင်ငံအပိုင်းရှိ အဲလ်ပ်တောင်တန်းဒေသ၌ ဆီးနှင်းတောင်ပြိုကျမှုကြောင့် သေဆုံးသူ လေးဦးရှိခဲ့ကြောင်း ဆွစ်ရဲတပ်ဖွဲ့က ပြောကြားသည်။

လူလေးဦးပါ နိုင်ငံဖြတ်ကျော် ရေခဲပြင် လျှောစီးသူများအဖွဲ့မှ အသက်(၅၀)ကျော် အမျိုးသားတစ်ဦးသည် ဖေဖော်ဝါရီ ၂၂ ရက်တွင် ဖြစ်ပွားခဲ့သော ဆီးနှင်းတောင်ပြိုဆင်းမှုတွင် သေဆုံးခဲ့ရပြီး ၎င်း၏ အဖော်နှစ်ဦးမှာလည်း စိုးရိမ်ဖွယ်ရာ ဒဏ်ရာများရရှိခဲ့ကြောင်း စိန့်ပိုနဲမြို့မှ ရဲတပ်ဖွဲ့ဝင်တစ်ဦးက ပြောကြားသည်။

ယင်း လူအသေအပျောက်ရှိသည့် ဆီးနှင်းတောင်ပြိုကျမှုဖြစ်ပွားရာနေရာမှာ ပြင်သစ်နိုင်ငံအတွင်းရှိ အဲလ်ပ်တောင်တန်းမှ တိုင်လီဟ တောင်ကြောတွင်ဖြစ်ပြီး အမြင့်ပေ ၅၅၇၇ ရှိကာ ယင်းဒေသ၌ အားလပ်ရက်အနားယူသူများဖြင့် စည်ကားခဲ့သည်ဟု သတင်းတွင်ဖော်ပြသည်။

ဆောင်းဥတု စတင်ခဲ့ချိန်မှစ၍ ပြင်သစ်နိုင်ငံတွင် ဆီးနှင်းတောင်ပြိုကျမှုကြောင့် သေဆုံးခဲ့ရသူပေါင်း ၂၈ ဦးအထိရှိကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

**ရိုက်တာ။**

## ဆီးရီးယားနိုင်ငံတွင် ငါးလအတွင်း စစ်သွေးကြွ ၁၆၀၀ ကျော် ချေမှုန်းနိုင်

**ဘေရွတ် ဖေဖော်ဝါရီ ၂၃**

အမေရိကန်ဦးဆောင်သည့် လေကြောင်းတိုက်ခိုက်ရေးဆင်နွှဲမှုကြောင့် ငါးလအတွင်း ဆီးရီးယားနိုင်ငံရှိ အစ္စလာမ့်စ်နိုင်ငံ ထူထောင်ရေးအဖွဲ့ဝင်ပေါင်း ၁၆၀၀ ကျော် သေဆုံးခဲ့ကြောင်း စောင့်ကြည့်လေ့လာသူတစ်ဦးက ဆိုသည်။

အဆိုပါသေဆုံးသူများအနက် အများစုမှာအိုင်အက်စ် စစ်သွေးကြွများနှင့် အယ်ခိုင်ဒါအဖွဲ့များဖြစ်ပြီး အရပ်သား ၆၂ ဦးသာပါဝင်ကြောင်း ဆီးရီးယားလူ့အခွင့်အရေး စောင့်ကြည့်လေ့လာရေးအဖွဲ့က ပြောသည်။

လေကြောင်းတိုက်ခိုက်ရေးကို စက်တင်ဘာ ၂၃ ရက်တွင်စတင်ခဲ့ပြီး ထိုအချိန်မှစ၍ အိုင်အက်စ်စစ်သွေးကြွများနှင့် အယ်ခိုင်ဒါအဖွဲ့ဝင်ပေါင်း ၁၄၆၅ ဦးခန့်ကို ချေမှုန်းခဲ့ပြီးဖြစ်သည်။ သေဆုံးသူစစ်သွေးကြွအများစုသည် ဆီးရီးယားနိုင်ငံသားများ မဟုတ်ကြပေ။

အမေရိကန်နိုင်ငံနှင့် အာရပ်နိုင်ငံများပါဝင်သည့် ညွန့်ပေါင်းအဖွဲ့က ယမန်နှစ်ကစပြီး အိုင်အက်စ်စစ်သွေးကြွများကို လေကြောင်းစစ်ဆင်ရေးများဆင်နွှဲခဲ့သည်။

အိုင်အက်စ်စစ်သွေးကြွများသည် ၂၀၁၃ ခုနှစ်တွင် ဆီးရီးယားနိုင်ငံတွင် စတင်ပေါ်ပေါက်ခဲ့သည်။ အယ်ခိုင်ဒါ စစ်သွေးကြွအဖွဲ့များမှပေါက်ဖွားလာခဲ့ပြီး အီရတ်နှင့် ဆီးရီးယားနိုင်ငံများတွင် ၎င်းတို့သိမ်းပိုက်ထားသည့်နယ်မြေများကို အစ္စလာမ့်စ်နိုင်ငံထူထောင်ရေးနယ်မြေအဖြစ် ကြေညာခဲ့သည်။ နိုင်ငံတကာတိုက်ခိုက်ရေးသမားများကို ဆွဲဆောင်လျက်ရှိပြီး ဦးခေါင်းဖြတ်ခြင်းအပါအဝင် အခြားသောနှိပ်စက်ညှဉ်းပန်းမှုများကို ကျူးလွန်လျက်ရှိသည်။

**အေအက်ဖ်ပီ။**



## ထရီပိုလီ၌ အီရန်သံအမတ်ကြီးအိမ်အပြင်ဘက် ပုံးခွဲတိုက်ခိုက်ခံရ

**ထရီပိုလီ ဖေဖော်ဝါရီ ၂၃**

လစ်ဗျားနိုင်ငံမြို့တော် ထရီပိုလီရှိ အီရန်သံမတ်ကြီးနေအိမ်အပြင်ဘက်၌ တနင်္ဂနွေနေ့တွင် ဗုံးပေါက်ကွဲရာ လူသူမရှိသည့်အဆောက်အအုံတစ်လုံး အနည်းငယ်ပျက်စီးသွားခဲ့သည်။

အိုင်အက်စ်တို့နှင့် ဆက်နွှယ်သော စစ်သွေးကြွများက ၎င်းတို့၏လုပ်ဆောင်ချက်ဟု ကြေညာသည်။အဆိုပါတိုက်ခိုက်မှုတွင် သေဆုံးသူမရှိပေ။ အီရန်နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူက အကြမ်းဖက်တိုက်ခိုက်မှုအဖြစ်ရှုတ်ချလိုက်သည်။လစ်ဗျားနိုင်ငံ၌ အကြမ်းဖက်တိုက်ခိုက်မှုများအရှိန်မြင့်လာခြင်းကို အဆုံးသတ်ရန်အတွက် ညီညွတ်သော အမျိုးသားအစိုးရတစ်ရပ်ဖွဲ့စည်းရန် ပြိုင်ဘက်နိုင်ငံရေးအုပ်စုများကို ၎င်းကတိုက်တွန်းသည်။

အီရန်အသံမတ်ကြီးသည် ဗုံးခွဲတိုက်ခိုက်ချိန်တွင် လစ်ဗျားနိုင်ငံ၏ ပြင်ပသို့ရောက်ရှိနေသဖြင့် ၎င်း၏ လူမရှိသော နေအိမ်ကိုသာ အနည်းငယ်ပျက်စီးသွားစေခဲ့သည်ဟု လစ်ဗျားလုံခြုံရေးအရာရှိတစ်ဦးကပြောကြားသည်။ **ဘီဘီစီ။**



## အာဖဂန်နစ္စတန်မှ အမေရိကန်တပ်များရုပ်သိမ်းရေး အစီအစဉ်ပြန်လည်သုံးသပ်မည်ဟုဆို

**ကဘူး ဖေဖော်ဝါရီ ၂၃**

အာဖဂန်နစ္စတန် နိုင်ငံသို့ စနေနေ့တွင် ရောက်ရှိနေသော အမေရိကန် ကာကွယ်ရေးဝန်ကြီး အက်ရှ်တွန်ကာတာက ၎င်းနိုင်ငံမှ အမေရိကန်တပ်ဖွဲ့များ ရုပ်သိမ်းမည့် အချိန်ဇယားကို ပြန်လည်သုံးသပ်ရမည်ဖြစ်ကြောင်း ပြောကြားလိုက်သည်။

သမ္မတနန်းတော်၌ ကျင်းပသည့် ဆွေးနွေးပွဲအပြီးတွင် သမ္မတအာရှဖ်ဂါနီနှင့် ပူးတွဲသတင်းစာရှင်းလင်းပွဲ၌ ဝန်ကြီးကာတာက နောက်လတွင် သမ္မတ ဂါနီသည် ဝါရှင်တန်၌ သမ္မတဘာရက်အိုဘားမားနှင့် တွေ့ဆုံစဉ် အမေရိကန်တပ်ဖွဲ့များ အာဖဂန်နစ္စတန်နိုင်ငံမှ ထွက်ခွာရေးအစီအစဉ်ကို အသေးစိတ်ထပ်မံဆွေးနွေးကြမည်ဖြစ်ကြောင်း ပြောကြားသည်။

အာဖဂန်နစ္စတန်နိုင်ငံမှ လွန်ခဲ့သည့် ဒီဇင်ဘာလတွင် နေတိုးဦးဆောင်သည့် အိုင်အက်စ်အေအက်ဖ်၏ တိုက်ခိုက်ရေးတာဝန်ပြီးဆုံးသွားပြီးနောက် အမေရိကန်တပ်ဖွဲ့ဝင် ၁၀၈၀၀ ပါဝင်သော နေတိုးတပ်ဖွဲ့ဝင် ၁၂၀၀၀ ကျော်သည် အာဖဂန်အမျိုးသားလုံခြုံရေးတပ်များအား အကြံပေးရန်နှင့် လေ့ကျင့်သင်တန်းပေးရန်အတွက် ၎င်းနိုင်ငံတွင် ကျန်ရှိနေဆဲဖြစ်သည်။

သမ္မတ အိုဘားမား၏ လျှော့ချရေးအစီအစဉ်အရ ၂၀၁၄ ခုနှစ်နောက်ပိုင်းတွင် ကျန်ရှိနေသော အမေရိကန်တပ်အင်အား ၁၀၈၀၀ ကို ၂၀၁၅ ခုနှစ်ကုန်တွင် ၅၅၀၀ အထိ လျှော့ချရန်ဖြစ်ပြီး ၂၀၁၇ ခုနှစ်စောစောပိုင်း၌ အမေရိကန်သံရုံးလုံခြုံရေးတာဝန်အတွက် အင်အား ၁၀၀၀ မှလွဲ၍ ကျန်တပ်ဖွဲ့ဝင်များကို ရုပ်သိမ်းရန်ဖြစ်သည်။

မေးခွန်းများကို ဖြေကြားရာတွင် အကြမ်းဖက်များကို စစ်ပွဲဆင်နွှဲခြင်းသည် သံသယရှိစရာမလိုသော တာဝန်ဖြစ်၍ ဆက်လက်ထမ်းရွက်ရမည်ဟု အမေရိကန်ဝန်ကြီးက ပြောကြားသည်။

ယခင်က အာဖဂန်နစ္စတန်မှ နိုင်ငံခြားတပ်ဖွဲ့များ ရုပ်သိမ်းခြင်းကို ပြန်လည်သုံးသပ်ပါရန် တောင်းဆိုခဲ့ဖူးသော သမ္မတဂါနီက သမ္မတအိုဘားမား၏ တပ်ရုပ်သိမ်းရေးအစီအစဉ်ကို လေးစားပါသည်ဟု သတင်းစာရှင်းလင်းပွဲတွင် ပြောကြားခဲ့သည်။

**ဆင်ဟွာ။**

## လွှတ်တော်ရေးရာ

**❍ ပြည်သူ့လွှတ်တော်မှ**

ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးမြင့်မောင်က သစ်တောသယံဇာတများ ရေရှည်တည်တံ့စေရေးနှင့် စဉ်ဆက်မပြတ် ထုတ်ယူအသုံးပြုနိုင်စေရေးအတွက် ၂၀၀၀-၂၀၀၁ ခုနှစ်မှ ၂၀၃၀-၂၀၃၁ ခုနှစ်အထိ နှစ်(၃၀) အမျိုးသားပင်မစီမံကိန်းကို ရေးဆွဲအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း၊ သစ်တောစီမံအုပ်ချုပ်လုပ်ကိုင်မှု စီမံကိန်းများကို (၁၀)နှစ်တစ်ကြိမ် ပြင်ဆင်ရေးဆွဲ၍ (၅)နှစ်တစ်ကြိမ် ပြန်လည်သုံးသပ်ပြီး အကောင်အထည်ဖော်ဆောင်ရွက်လျက် ရှိပါကြောင်း၊ ကြိုးဝိုင်း၊ ကြိုးပြင်ကာကွယ်တောများကို နိုင်ငံတော်ဧရိယာ၏ (၃၀)ရာခိုင်နှုန်း၊ သဘာဝနယ်မြေများကို ရေရှည်တွင် နိုင်ငံတော်ဧရိယာ၏ (၁၀)ရာခိုင်နှုန်း တိုးချဲ့ဖွဲ့စည်းရန် လျာထားဆောင်ရွက်လျက်ရှိပါကြောင်း၊ နှစ်စဉ် သစ်ထုတ်လုပ်မှုကို လျှော့ချခဲ့ပြီး နိုင်ငံခြားသို့ သစ်အလုံးလိုက်တင်ပို့မှုကို ရပ်ဆိုင်းခဲ့ပြီးဖြစ်ပါကြောင်း။

ထို့ပြင် တရားမဝင်သစ်ခိုးယူထုတ်လုပ်မှုများကို အခြားမိတ်ဖက်အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ ဖမ်းဆီးဖော်ထုတ်လျက်ရှိပါကြောင်း၊ သစ်တောဦးစီးဌာနအနေဖြင့် သစ်တောစိုက်ခင်းများ တည်ထောင်လျက်ရှိပါကြောင်း၊ သဘာဝတောများမှ ထင်း၊ မီးသွေး၊ လောင်စာများ ထုတ်ယူမှုလျှော့နည်းစေရန် ကျေးရွာသုံးထင်းစိုက်ခင်းများထူထောင်၍ သက်တမ်း(၅)နှစ်ပြည့်ပြီးသော စိုက်ခင်းများကို ကျေးရွာများသို့ လွှဲပြောင်းပေးခဲ့ပါကြောင်း၊ ကျေးလက်အိမ်ရာ တည်ထောင်ရေးအတွက် တစ်အိမ်ထောင်ကျွန်း(၃)ပင်၊ သစ်မာပင်(၂၀)နှုန်းဖြင့် တစ်ရွာတစ်ဧက စိုက်ပျိုးတည်ထောင်ပြီး သက်ဆိုင်ရာကျေးရွာများသို့ လွှဲပြောင်းပေးခဲ့ပါကြောင်းနှင့် ယင်းလုပ်ငန်းစဉ်များကို အားလုံးပူးပေါင်းပါဝင်ဆောင်ရွက်သွားကြရန် လိုအပ်ပါကြောင်းဖြင့် ဖြေကြားသည်။

ရွှေဘိုမဲဆန္ဒနယ်မှ ဒေါက်တာအောင်သန်း၏ **"တောင်သူလယ်သမားများအား သီးနှံစတင်စိုက်ပျိုးချိန်တွင် သမဝါယမချေးငွေ တစ်သိန်းကို ချေးပေးပြီး သီးနှံပေါ်ချိန်တွင် ပြန်ဆပ်မည့် ချေးငွေကို (၆)လ တစ်ကြိမ်အစား တစ်နှစ်သို့ ပြောင်းလဲပေးရန် အစီအစဉ် ရှိ/မရှိ"** မေးခွန်းနှင့် စပ်လျဉ်း၍ သမဝါယမဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန်းထွန်းက တရုတ်နိုင်ငံ EXIM Bank မှ ချေးငွေရယူဆောင်ရွက်ရာတွင် စိုက်ပျိုးရာသီချိန်မတိုင်မီ အနီးစပ်ဆုံး ခန့်မှန်းတွက်ချက်၍ အသင်းသားများသို့ ထုတ်ချေးပေးခြင်းဖြစ်ပါကြောင်း၊ သမဝါယမဝန်ကြီးဌာနနှင့်



ဒုတိယဝန်ကြီး ဦးအေးမြင့်မောင်။

တရုတ်နိုင်ငံ EXIM Bank တို့ နှစ်ဦးသဘောတူ ချေးငွေစာချုပ်တွင် ပထမ(၂)နှစ်အတွင်း (၆)လ တစ်ကြိမ် အတိုးပေး၍ တတိယနှစ်မှစ၍ (၆)လတစ်ကြိမ် အရင်း၏(၁၆)ပုံလျှင် (၁)ပုံနှင့် ကျသင့်သည့်အတိုးကို ကျန်(၈)နှစ်တွင်ပေးဆပ်ရန် ပါရှိပါကြောင်း။

တရုတ်နိုင်ငံ EXIM Bank ချေးငွေသည် (၄ ဒသမ ၅) ရာခိုင်နှုန်းနှင့် Management Fee (၁) ရာခိုင်နှုန်း ကြိုတင်ပေးရခြင်းကြောင့် အတိုးနှုန်း (၄ ဒသမ ၆)ရာခိုင်နှုန်း ပေးချေရပြီး ပထမ(၂)နှစ်တွင် အတိုးသာပေးရသော်လည်း ကျန်(၈)နှစ်တွင် အရင်းနှင့်အတိုး ပေးရသည့်အတွက် အရင်းငွေအား စိုက်ထုတ်ကျခံပေးသွင်းနိုင်မှုမရှိခြင်းတို့ကြောင့် ချေးငွေကာလ (၆)လအစား (၁)နှစ်အထိ တိုးမြှင့်သတ်မှတ်ပေးနိုင်ခြင်း မရှိပါကြောင်းဖြင့် ဖြေကြားသည်။

ကန်ပက်လက် မဲဆန္ဒနယ်မှ သူရဦးအောင်ကို၏ **"နိုင်ငံတကာမှ ထောက်ပံ့ငွေများကို လုပ်ငန်းကဏ္ဍအလိုက် မျှတစွာခွဲဝေသုံးစွဲနိုင်ခြင်းနှင့် လေလွင့်ဆုံးရှုံးမှုများ လျော့နည်းပပျောက်အောင် ပြန်လည်စစ်ဆေးကြပ်မတ်နိုင်ခြင်း ရှိ/မရှိ"** မေးခွန်းနှင့်စပ်လျဉ်း၍ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်လဲ့လဲ့သိန်းက နိုင်ငံတကာမှ ထောက်ပံ့ငွေများ ပြည်သူလူထု၏ အကျိုးစီးပွားအပေါ် သက်ရောက်မှု အပြည့်အဝရရှိအောင် ချိတ်ဆက်စီမံနိုင်ရေးအတွက် ဝန်ကြီးဌာနအနေဖြင့် ကော်မတီနှစ်ရပ် ဖွဲ့စည်းပြီး ဆောင်ရွက်လျက်ရှိပါကြောင်း၊ တစ်နိုင်ငံချင်းအလိုက်သော်လည်းကောင်း၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့်သော်လည်းကောင်း၊ ဖွံ့ဖြိုးမှု



ရမည်းသင်းမဲဆန္ဒနယ်မှ ဦးဘိုနီ။

မိတ်ဖက်များနှင့်သော်လည်းကောင်း ညှိနှိုင်းမှုများပြုလုပ်၍ အမျိုးသားဦးစားပေးအစီအစဉ်များ၊ မဟာဗျူဟာများနှင့် အကူအညီအရင်းအမြစ်များ သဟဇာတဖြစ်ရေးအတွက် စီမံဆောင်ရွက်လျက်ရှိပါကြောင်း။

နိုင်ငံတကာ ထောက်ပံ့ငွေ၊ ချေးငွေများကို ကဏ္ဍအလိုက်ခွဲဝေသုံးစွဲရာတွင် လေလွင့်ဆုံးရှုံးမှု အသုံးစရိတ်များ မဖြစ်ပေါ်ရေးအတွက် စီမံကိန်းများနှင့်စပ်လျဉ်းသည့် အခြေအနေများအား စောင့်ကြပ်ကြည့်ရှုခြင်း၊ အကဲဖြတ်ခြင်းတို့အား ဆောင်ရွက်ရန် သက်ဆိုင်ရာ စီမံကိန်းအကောင်အထည်ဖော်သည့် ဝန်ကြီးဌာနများတွင် စီမံကိန်းကြီးကြပ်ရေးယူနစ်များထားရှိကာ လစဉ်စီမံကိန်းပြီးစီးအကောင်အထည်ဖော်မှုအခြေအနေများအား အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာနသို့ မိတ္တူပေးပြီး အစိုးရအဖွဲ့ရုံးသို့ ပုံမှန်တင်ပြလျက်ရှိပါကြောင်း။

နိုင်ငံတကာနှင့် အဖွဲ့အစည်းများမှ ပေးအပ်သည့် အကူအညီအထောက်အပံ့များ ထိရောက်မှုရှိရေးနှင့် အလေအလွင့်မရှိစေရေးအတွက် လုပ်ငန်းစီမံကိန်းများကို အကောင်ထည်ဖော်သည့် သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရများ၊ ပြည်ထောင်စုအဆင့် ဝန်ကြီးဌာနများနှင့် အကူအညီပေးအပ်သည့် နိုင်ငံ၊ အဖွဲ့အစည်းများ ပူးပေါင်း၍ စောင့်ကြည့်အကဲဖြတ်ခြင်းများ ဆောင်ရွက်လျက်ရှိပါကြောင်းဖြင့် ဖြေကြားသည်။ **(သတင်းစဉ်)**

**❃ အမျိုးသားလွှတ်တော်မှ**

စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးရာတွင် **တပ်မတော်သား ကိုယ်စားလှယ် ဗိုလ်မှူးကျော်နုမော်**က စာကြည့်တိုက်များသည် ကျောင်းသားများနှင့် ပြည်သူတစ်ရပ်လုံး၏ ပညာဗဟုသုတရှာရာ နေရာတစ်ခုဖြစ်ပါကြောင်း၊ စာဖတ်သည့် အလေ့အကျင့်ကောင်းများရရှိအောင် လေ့ကျင့်ပေးနိုင်သည့် နေရာတစ်ခုဖြစ်ပါကြောင်း၊ စာဖတ်မှသာ အသိဉာဏ်ပညာဖွံ့ဖြိုးတိုးတက်မည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် စာသင်ကျောင်းများတွင် ကျောင်းစာကြည့်တိုက်များ ထားရှိခြင်းဖြင့် ဗလငါးတန် ပြည့်ဝသည့် ကျောင်းသားကျောင်းသူများ မွေးထုတ်ပေးနိုင်မည်ဟု ယုံကြည်ပါကြောင်း၊ ကျောင်းများတွင် စာကြည့်တိုက် ထူထောင်မည်ဆိုပါက နှစ်စဉ်ရန်ပုံငွေလျာထားသတ်မှတ်ပေးရမည်ဖြစ်ပြီး အွန်လိုင်းစာကြည့်တိုက်အဖြစ် ဆောင်ရွက်နိုင်ရန်လည်း လိုအပ်ပါကြောင်းဖြင့် ဆွေးနွေးသည်။

**စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဦးသိန်းလှိုင်**က စာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်မှု နှေးကွေးနေခြင်းသည် စာကြည့်တိုက်မှူးများ၏ ဆောင်ရွက်မှုအားနည်းခြင်းနှင့် စာဖတ်သူအားနည်းခြင်းတို့ကြောင့် ဖြစ်သည်ဟု လေ့လာတွေ့ရှိရပါကြောင်း၊ ကျေးလက်ဒေသများတွင် စာဖတ်ခြင်းအလေ့အထ နည်းပါးပါကြောင်း၊ ထို့ကြောင့် ကျောင်းသားအရွယ်မှစ၍ စာဖတ်သည့် အလေ့အကျင့်ကောင်းများရရှိစေရန် စာသင်ကျောင်းများတွင် စာကြည့်တိုက်များ ထားသင့်ပါကြောင်းဖြင့် ဆွေးနွေးသည်။

**တပ်မတော်သား ကိုယ်စားလှယ် ဗိုလ်မှူးနေအောင်ဦး**က ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံဖြစ်ရန် ပညာရေးကဏ္ဍကို မြှင့်တင်ရမည်ဖြစ်ပါကြောင်း၊ ပညာခေတ်ဖြစ်သည့်အတွက် လူသားအရင်းအမြစ်များ တိုးတက်အောင် ပညာရေးကဏ္ဍ၌ ရင်းနှီးမြှုပ်နှံသင့်ပါ



ကယားပြည်နယ် မဲဆန္ဒနယ် အမှတ်(၃)မှ ဦးဘိုးရယ်။

ကြောင်း၊ မြန်မာနိုင်ငံရှိ မူလတန်း၊ အလယ်တန်းနှင့် အထက်တန်းကျောင်း (၄)သောင်းကျော်ရှိပြီး အဆိုပါကျောင်းများတွင်ရှိသည့် စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်စေရန် လူမှုအဖွဲ့အစည်းများနှင့် တာဝန်ရှိသူများက ဝိုင်းဝန်းဆောင်ရွက်ပေးရမည်ဖြစ်ပြီး အစိုးရပိုင်းကလည်း လိုအပ်သည့် ပံ့ပိုးမှုများ ပေးရမည်ဖြစ်ပါကြောင်း၊ ပညာရေးသည် ရေရှည်ရင်းနှီးမြှုပ်နှံရသည့် ကိစ္စရပ်တစ်ခုဖြစ်သည့်အတွက် ဘတ်ဂျက်မလုံလောက်မှုကို မကြည့်ဘဲ ကျောင်းသားများ စာဖတ်ရှိန်မြှင့်တင်နိုင်အောင် ဆောင်ရွက်ပေးရမည်ဖြစ်ပါကြောင်းဖြင့် ဆွေးနွေးသည်။

**ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ ဦးဘိုးရယ်**က အနာဂတ် နိုင်ငံ့သားကောင်းရတနာများ မွေးထုတ်ပေးရာတွင် အခြေခံပညာကျောင်းများ ဖွံ့ဖြိုးတိုးတက်ရေးသည် အဓိကအရေးကြီးပါကြောင်း၊ ကျောင်းသားကျောင်းသူများတွင် သိရှိလိုစိတ်၊ လေ့လာလိုစိတ် ရှိကြပါကြောင်း၊ ထို့ကြောင့် ကျောင်းသားများအား စာပေကောင်းများ ဖတ်ရှုစေလိုပါကြောင်း၊ ကျောင်းစာကြည့်တိုက်များတွင် စာအုပ်ကောင်းများ ဖတ်ရှုခွင့်ရရှိသည့် ကျောင်းသားများသည် မိတ်ဆွေကောင်း၊ ဆရာကောင်း ရရှိသကဲ့သို့ဖြစ်ပါကြောင်း၊ ပညာရေးဆိုသည်မှာ နက်နဲကျယ်ပြန့်ကာ အမြဲဖြည့်ဆည်းပေးကြရမည်ဖြစ်ပြီး ကျောင်းစာကြည့်တိုက်လုပ်ငန်းသည်လည်း ရေရှည်ဆောင်ရွက်ရမည့် လုပ်ငန်းဖြစ်ပါကြောင်း၊ စာကြည့်တိုက်များသည် ပညာဟင်းလေးအိုးကြီးဖြစ်ပြီး ပညာရေးကဏ္ဍ၏ အထောက်အပံ့တစ်ခုဖြစ်ပါကြောင်းဖြင့် ဆွေးနွေးသည်။

**ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါ်ခင်ဝိုင်းကြည်**က လူတစ်ဦးသည် အသိမှန်မှ ဆုံးဖြတ်ချက်မှန်မည်ဖြစ်ပါကြောင်း၊ အလိမ္မာစာမှာရှိဟု ဆိုသော်လည်း ယနေ့ခေတ်တွင် အဆိပ်အတောက်ဖြစ်စေသော စာပေများလည်းရှိပါကြောင်း၊ ထို့ကြောင့် ကျောင်းသား ကျောင်းသူများအတွက် ကျောင်းစာကြည့်တိုက်တွင် ထားရှိမည့် စာပေများသည် အဆင့်အတန်းရှိသော စာပေများဖြစ်သင့်ပါကြောင်း၊ နိုင်ငံအနေဖြင့် စာကြည့်တိုက်ဖွံ့ဖြိုးရေးကို ဆောင်ရွက်ပေးသင့်ပါကြောင်းဖြင့် ဆွေးနွေးသည်။

**ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)မှ ဦးအောင်ချိုဦး**က ကျောင်းစာကြည့်တိုက်များသည် အဆိုရှင်တင်ပြသည့်အတိုင်း သင်ယူမှုဝန်းကျင်ဖြစ်ပါကြောင်း၊ စာကြည့်တိုက်များ၏ အောင်မြင်မှုသည် နေ့စဉ်ရှင်သန်မှုကို ကြည့်ခြင်းအားဖြင့် သိရှိနိုင်ပါကြောင်း၊ ပညာရေး၊ အလုပ်အကိုင်အခွင့်အလမ်း စသည့်လိုအပ်သည့် အချက်အလက်များ စာကြည့်တိုက်တွင် ရရှိနိုင်အောင် ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ အထက်တန်းကျောင်းများ၏ စာကြည့်တိုက်ဖွံ့ဖြိုးမှုကိုလည်း နည်းမျိုးစုံဖြင့် ဝိုင်းဝန်းဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ အသက်အရွယ်အလိုက် ဖတ်ရှုနိုင်သည့် စာပေများကို စာကြည့်တိုက်များတွင် ထားရှိသင့်ပါကြောင်း၊ စာကြည့်တိုက်များကို တက္ကသိုလ်ဟု တင်စားခေါ်ဝေါ်ကြပါကြောင်း၊ စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နည်းပညာများနှင့် ပေါင်းစပ်ဆောင်ရွက်သွားရမည် ဖြစ်ပါကြောင်းဖြင့်



စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၈)မှ ဦးသိန်းလှိုင်။

ဆွေးနွေးသည်။

အဆိုနှင့်စပ်လျဉ်း၍ **ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန့်ရှင်း**က ပညာရေးဝန်ကြီးဌာနလက်အောက်ရှိ အခြေခံပညာဦးစီးဌာနများ၏ နယ်မြေ၊ တိုင်းဒေသကြီး/ပြည်နယ်အတွင်းရှိ အခြေခံပညာအထက်တန်းကျောင်းများတွင် သင်ကြားသင်ယူမှု ထိရောက်အောင်မြင်ရေးအတွက် ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ လေ့လာဆည်းပူးနိုင်ရန် ကျောင်းစာကြည့်တိုက်များကို ဖွင့်လှစ်ထားရှိပြီး ဖြစ်ပါကြောင်း။

ကျောင်းစာကြည့်တိုက်များ၌ ကျောင်းသား ကျောင်းသူများကို ကျောင်းစာသင်ချိန်နှင့် ပုံမှန်လှုပ်ရှားမှုများ၏ ပြင်ပအားလပ်ချိန်များတွင် စည်းကမ်းတကျ လေ့လာဖတ်ရှုစေပါကြောင်း၊ ကျောင်းအင်္ဂါရပ်များနှင့် ကိုက်ညီသော စာကြည့်တိုက်များ ဖွင့်လှစ်ထားရှိပါကြောင်း၊ အခြေခံပညာကျောင်းများရှိ ကျောင်းစာကြည့်တိုက်များ ရှင်သန်ဖွံ့ဖြိုးရေးအတွက် စာဖတ်သည့် အလေ့အကျင့်ကောင်းများ ရရှိအောင် စည်းရုံးပညာပေးဆွေးနွေးခြင်း၊ စာသင်ကျောင်းများသို့ Mobile Library များ မပြတ်သွားရောက်ဖွင့်ပေးခြင်း၊ အခြေခံပညာစာကြည့်တိုက်သင်တန်းများတွင် ပညာရေးဝန်ကြီးဌာနမှ ဆရာ ဆရာမများအား တက်ရောက်စေခြင်းတို့ကို ပြန်ကြားရေးဝန်ကြီးဌာနကလည်း ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

သို့ဖြစ်ပါ၍ ပညာရေးဝန်ကြီးဌာနအနေဖြင့် အမျိုးသားပညာရေးရည်မှန်းချက်များအရ နိုင်ငံ၏ ကျောင်းသားလူငယ်များ၏ အနာဂတ်အတွက် မှန်ကန်သော ရည်ရွယ်ချက်ဖြင့် ဆောင်ရွက်ပေးနေသော လုပ်ငန်းများတွင် တစ်ခုအပါအဝင်ဖြစ်သည့် ကျောင်းစာကြည့်တိုက်လုပ်ငန်းများ ပိုမိုတိုးတက်ရန် ပြန်ကြားရေးဝန်ကြီးဌာနနှင့် ပေါင်းစပ်ညှိနှိုင်း၍ ဆောင်ရွက်လျက်ရှိပါကြောင်းနှင့် အဆိုအား မှတ်တမ်းတင်သင့်ပါကြောင်းဖြင့် ရှင်းလင်းဆွေးနွေးသည်။

ယင်းအဆိုကို အဆုံးအဖြတ်ရယူရာ လွှတ်တော်က သဘောတူအတည်ပြုကြောင်း ဆုံးဖြတ်သည်။

**(သတင်းစဉ်)**


**မြန်မာ့ရုပ်မြင်သံကြား News Channel ထုတ်လွှင့်မှုအစီအစဉ်**

**၂၄-၂-၂၀၁၅(အင်္ဂါနေ့) (၁၃၇၆ ခုနှစ်၊ တပေါင်းလဆန်း(၇)ရက်၊ အဖိတ်နေ့)**

| | |
|---|---|
| ၆း၀၀ | တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော် |
| ၆း၂၅ | ကိုယ်စိတ်ကျန်းမာလေ့ကျင့်ပါ |
| ၆း၃၅ | ဗုဒ္ဓဝါဒဖြစ်စဉ် ကရုဏာလမ်းစဉ် |
| ၇း၃၅ | အမျိုးသားအားကစားပွဲတော် |
| ၈း၃၅ | မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် ဥရောပသမဂ္ဂ၏ ပူးပေါင်းဆောင်ရွက်မှု |
| ၉း၃၅ | မြန်မာ့ရုပ်မြင်သံကြား လူငယ်အစီအစဉ် |
| ၁၀း၃၅ | သိပ္ပံနှင့် နည်းပညာအစီအစဉ် |
| ၁၁း၃၅ | ခါနွေဆန်းစ တပေါင်းလ |
| ၁း၁၀ | နိုင်ငံခြားဇာတ်လမ်းတွဲ "ဂုဏ်ရည်မတူတဲ့ အချစ်" (အပိုင်း-၃၁) |
| ၄း၁၀ | ၂၀၁၅ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲအထောက်အကူပြု ဘာသာရပ်ဆိုင်ရာ သင်ခန်းစာ (ဓာတုဗေဒဘာသာရပ်) |
| ၆း၀၀ | ပြည်တွင်းသတင်း၊ မိုးလေဝသအခြေအနေ |




***National Network for Education Reform (NNER)*** **နှင့် ဒီမိုကရေစီပညာရေးလှုပ်ရှားမှု ဦးဆောင်ကော်မတီတို့မှ ကိုယ်စားလှယ်များကိုယ်စား ဒေါက်တာသိန်းလွင်၊ ဒေါက်တာညီညီသင်းနှင့် ဦးအောင်မိုင်းဆန်းတို့ လက်မှတ်ရေးထိုးတင်သွင်းထားသည့် အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်ပတ်သက်ပြီး ရှုထောင့်အမျိုးမျိုးမှ သုံးသပ်ရေးသားသည့် ဆောင်းပါးများအနက် သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၏ အများပြည်သူဝန်ဆောင်မှုမီဒီယာဆိုင်ရာ စံနှုန်းများနှင့်ကိုက်ညီသော ဆောင်းပါးများကို ရွေးချယ်ဖော်ပြပေးသွားမည်ဖြစ်ပါသည်။ ဆောင်းပါးတွင် ဖော်ပြထားသည့် သုံးသပ်ချက်များသည် ဆောင်းပါးရှင်၏ ကိုယ်ပိုင်ရှုမြင်သုံးသပ်ချက်များသာဖြစ်ပြီး သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၏ အယူအဆမဟုတ်ပါ။ အမျိုးသားပညာရေးဥပဒေကို စိတ်ဝင်စားသူများအနေဖြင့်လည်း ဆောင်းပါးများ ရေးသားပေးပို့နိုင်ပြီး သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၏ မူဝါဒနှင့်ကိုက်ညီပါက ဖော်ပြပေးသွားမည်ဖြစ်ပါသည်။**

# ဖွဲ့စည်းပုံအခြေခံဥပဒေဘောင်ကိုကျော်တဲ့ ပညာရေးဥပဒေမဖြစ်သင့်ပါ

ကျော်မျိုးသိန်း - သပြေကုန်း

မြန်မာ့အနာဂတ်ဖွံ့ဖြိုးမှုရဲ့အခြေခံဖြစ်တဲ့ ပညာရေးကို ရေရှည်တည်တံ့ခိုင်မြဲပြီး လက်တွေ့အကောင်အထည်ဖော်နိုင်တဲ့ ပညာရေးမျိုးပေါ်ထွန်းလာစေရန် အမျိုးသားပညာရေးဥပဒေပြဋ္ဌာန်းခဲ့ပါတယ်။ ပြဋ္ဌာန်းခဲ့တဲ့ ဥပဒေကို NNER နှင့် ဒီမိုကရေစီပညာရေးဦးဆောင်ကော်မတီတို့မှ ဦးဆောင်ကန့်ကွက်ခဲ့လို့(၄)ပွင့်ဆိုင်ဆွေးနွေးပွဲတွေ ဆောင်ရွက်ခဲ့ပါတယ်။ ပြီးတော့ NNER နှင့် ဒီမိုကရေစီပညာရေးဦးဆောင်ကော်မတီတို့မှ ပြင်ထားတဲ့ **"အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း"**တစ်ခုပေါ်ထွက်လာခဲ့ပါတယ်။ ၁၈-၂-၂၀၁၅ ရက်တွင် **"ပြည်သူများ သိရှိလေ့လာအကြံပြုနိုင်ရန်"** နိုင်ငံပိုင်သတင်းစာများမှ တရားဝင်ဖိတ်ခေါ်ခဲ့လို့ **"ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ"**ကို မဏ္ဍိုင်ထားပြီး အကြံပြုလိုပါတယ်။

အကြံပြုရသည့်အကြောင်းအရင်းမှာ ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း(၁) နိုင်ငံတော်အခြေခံမူများ ပုဒ်မ ၄၈ တွင် **"နိုင်ငံတော်အခြေခံမူများသည် ဥပဒေပြုလွှတ်တော်များက ဥပဒေပြဋ္ဌာန်းရာတွင်လည်းကောင်း၊ ဤဖွဲ့စည်းပုံအခြေခံဥပဒေနှင့် အခြားဥပဒေပါပြဋ္ဌာန်းချက်များကို သက်ဆိုင်ရာက အနက်အဓိပ္ပာယ်ဖွင့်ဆိုရာတွင်လည်းကောင်း လိုက်နာရမည့် လမ်းညွှန်များဖြစ်သည်"** ဟုဖော်ပြထားပါတယ်။ ထို့အတူ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၄၉ တွင် **"ဤဖွဲ့စည်းပုံအခြေခံဥပဒေသည် နိုင်ငံတော်အတွင်းရှိ ဥပဒေအားလုံး၏ အခြေခံဥပဒေဖြစ်သည်"**ဟု ဆိုထားလို့ပါ။ နိုင်ငံအတွင်းရှိ မည်သည့်ဥပဒေမဆို တည်ဆဲဖွဲ့စည်းပုံအခြေခံဥပဒေ**"မူဘောင်"**နှင့်သာ ကိုက်ညီရပါမယ်။ မည်သည့်ဥပဒေမှ ယင်းမူဘောင်ကို ကျော်လွှားခွင့်မရှိဆိုတာကို အရင်သတိကပ်ပြီး ဥပဒေများကို ရေးဆွဲရပါမယ်။

ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း(၁) နိုင်ငံတော်အခြေခံမူထဲတွင် ပါဝင်သော ပုဒ်မ ၂၈ ၏ ပုဒ်မခွဲ(ဂ)တွင် **"အခမဲ့မသင်မနေရ မူလတန်းပညာရေးစနစ်ကို ဖော်ဆောင်မည်"** ဟုပါရှိပါတယ်။ ယခုအမျိုးသားပညာရေး ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း၏ ပြင်ဆင်ချက်အပိုဒ် (၁၉)တွင် **အမျိုးသားပညာရေးဥပဒေ ပုဒ်မ (၄) ပုဒ်မခွဲ (ည)အား (ဎ)အဖြစ် အောက်ပါအတိုင်းအစားထိုးမည်။ "အခမဲ့မသင်မနေရ အလယ်တန်းပညာရေးကို အကောင်အထည်ဖော်ရေး"**ဟုဖော်ပြထားပါတယ်။

ထို့အတူ ယင်းအမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းအပိုဒ်(၂၄)တွင်လည်း **အမျိုးသားပညာရေးဥပဒေ ပုဒ်မ ၁၇ ကို အောက်ပါအတိုင်း အစားထိုးမည်။**

**"၁၇။ အခမဲ့မသင်မနေရ အလယ်တန်းပညာရေးကို ဆောင်ရွက်မည်"** ဟု ဖော်ပြထားပြန်ပါတယ်။

အဆိုပါပြင်ဆင်ချက် နှစ်ခုစလုံးသည် ရည်ရွယ်ချက်အားဖြင့် မဆိုးဟုမြင်သော်လည်း တည်ဆဲဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၂၈(ဂ)နှင့် ညီညွတ်မှုမရှိခြင်း၊ ဘောင်ကျော်နေခြင်းဖြစ်ကြောင်း လေ့လာမိပါတယ်။ဆန္ဒကိုသာဦးစားပေးလွန်းသဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေဘောင်ကို သတိမထားမိဟန်တူပါတယ်။ အဆိုပြင်ဆင်ချက်သည် ပုဂ္ဂိုလ်ရေးအရ ငြင်းဆိုရန်မရှိသော်လည်း ဥပဒေကို လေးစားလိုက်နာသဖြင့် လက်ခံနိုင်ခြင်းမရှိပါဟု ပြောပါရစေ။

တည်ဆဲအမျိုးသားပညာရေးဥပဒေ ပုဒ်မ (၁၇)တွင် သုံးနှုန်းထားမှုကို ကြည့်လျှင် **"အခမဲ့မသင်မနေရ မူလတန်းပညာရေးကို ဦးတည်ဖော်ဆောင်ပြီး အဆင့်ဆင့်တိုးချဲ့ဆောင်ရွက်မည်"**ဟု ပါရှိပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပုဒ်မ ၂၈ (ဂ)၏ မူဘောင်ကို လုံးဝကျော်လွန်ခြင်းမရှိပါ။ ထို့အတူ အခြေအနေပေးခဲ့လျှင် အခမဲ့မသင်မနေရပညာရေးကို အလယ်တန်းနှင့်အခြေခံပညာအထက်တန်းအထိ တိုးချဲ့မြှင့်တင်ဆောင်ရွက်နိုင်ရန် လမ်းဖွင့်ပေးထားပါတယ်။ ရေရှည်ဖွံ့ဖြိုးမှုကို ဦးတည်ထားပါတယ်။ တည်ဆဲအမျိုးသားပညာရေးဥပဒေ ပုဒ်မ (၁၇)အတိုင်းထားရှိခြင်းက ပိုပြီးလျော်ကန်ပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်ကိုက်ညီခြင်းမရှိသော ယခုပြင်ဆင်ချက်ကို အသစ်ပေါ်ထွန်းလာမည့် အမျိုးသားပညာရေးဥပဒေတွင် မထည့်သွင်းခြင်းဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေကို လိုက်နာသင့်သည်ဟု မြင်မိပါတယ်။

ဝန်ထမ်းများ၏ ပါတီနိုင်ငံရေးကင်းရှင်းမှုနှင့်ပတ်သက်၍ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ **"၂၆ (က) နိုင်ငံ့ဝန်ထမ်းများသည် ပါတီနိုင်ငံရေးကင်းရှင်းရမည်"**ဟု အတိအလင်းပြဋ္ဌာန်းထားပါတယ်။ ဆရာများသည် နိုင်ငံ့ဝန်ထမ်းဖြစ်ပါတယ်။ ပြည်သူ့ဘဏ္ဍာကို ရယူခံစားသူများဖြစ်ပါတယ်။ ပြည်သူပေးသော လစာခံစားသူ ဆရာ ဆရာမများသည် ပြည်သူကရွေးချယ်တင်မြှောက်ထားသောအစိုးရနှင့် ပြည်သူ့အတွက်မဟုတ်ဘဲ တစ်ပါတီ၊ တစ်ဖွဲ့အတွက် မဖြစ်သင့်ပါ။ ပါတီနိုင်ငံရေး ကင်းရှင်းရပါမယ်။ ယခုပြင်ဆင်ချက် ဥပဒေမူကြမ်းသည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် လုံးဝဆန့်ကျင်နေပါသဖြင့် ပြင်ဆင်ချက်ဥပဒေမူကြမ်းမှ ပုဒ်မ ၂၂ ပုဒ်မခွဲ (ခ) အပိုဒ် (ဃဃ)တွင် ဖော်ပြထားသော **"နှစ်သက်ရာပါတီသို့ဝင်ရောက်ခွင့်ရှိသည်"** ဆိုသည့်အချက်ကို ဥပဒေတွင် မပြဋ္ဌာန်းသင့်ပါ။ ပြဋ္ဌာန်းခဲ့လျှင် အခြားသော နိုင်ငံ့ဝန်ထမ်းများကိုပါ ဆက်လက်ခွင့်ပြုရမည်ဖြစ်ပြီး ဟိုပါတီသစ္စာခံ၊ ဒီပါတီသစ္စာခံတဲ့ ဝန်ထမ်းများဖြစ်လာပြီး အချင်းချင်းစိတ်ဝမ်းကွဲကာ အစိုးရယန္တရားလည်ပတ်မှုကို ထိခိုက်သွားနိုင်တယ်လို့ မြင်မိပါတယ်။

ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၆၈ တွင် **"နိုင်ငံတော်သည် ပညာထူးချွန်သော နိုင်ငံသားများအား လူမျိုး၊ ကိုးကွယ်ရာဘာသာ၊ အမျိုးသား၊ အမျိုးသမီးခွဲခြားမှုမထားဘဲ ယင်းတို့၏ အရည်အချင်းအလိုက် ချီးမြှောက်ထောက်ပံ့မည်"** ဟု ပါရှိပါတယ်။ တည်ဆဲအမျိုးသားပညာရေးဥပဒေပုဒ်မ ၄၉ ပုဒ်မခွဲ(ဂ)တွင် **"ထူးချွန်သူများကို ထူးချွန်မှုအလိုက် ချီးမြှင့်သည့် အစီအမံများထားရှိရမည်"** ဟုပါရှိပြီး ပုဒ်မခွဲ(ဃ)တွင် **"ပညာထူးချွန်၍ ပညာသင်ယူရန်အခက်အခဲရှိသူများအတွက် ဆက်လက်ပညာသင်ယူနိုင်ရေး အစီအစဉ်ကို ဖော်ဆောင်ပေးရမည်၊ ပြင်ပမှ ကူညီဆောင်ရွက်ခြင်းကို စိစစ်ခွင့်ပြုနိုင်သည်"** ဟုဖော်ပြထားပါတယ်။ ယခုအမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေမူကြမ်း ပုဒ်မ ၅၁ တွင် **"အမျိုးသားပညာရေးဥပဒေ ပုဒ်မ ၄၉ (ဂ)ကို ပယ်ဖျက်သည်"** ဟု ပါရှိတယ်။ ထို့အတူ ယင်းပြင်ဆင်သည့် ဥပဒေမူကြမ်း ပုဒ်မ ၅၂ တွင် **"အမျိုးသားပညာရေးဥပဒေ ပုဒ်မ ၄၉ ပုဒ်မခွဲ(ဃ) ကို အောက်ပါအတိုင်း အစားထိုးသည်"**။

**"(ဃ) ပညာသင်ရန် အခက်အခဲရှိသူများနှင့် မသန်မစွမ်းသူများအတွက် ဆက်လက်ပညာသင်ယူနိုင်ရေးအစီအစဉ်ကို ဖော်ဆောင်ပေးရမည်၊ ပြင်ပမှ ကူညီဆောင်ရွက်ခြင်းကို ခွင့်ပြုနိုင်သည်"** ဟုဆိုပြီး **"ထူးချွန်"**ကို ဖြုတ်ခဲ့ပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၆၈ တွင် အထက်တွင် ဖော်ပြသကဲ့သို့ **"ထူးချွန်သူ" "ချီးမြှင့်" "ထောက်ပံ့"** ဟူသော အပိုင်းသုံးပိုင်းပါရှိပါတယ်။ တည်ဆဲအမျိုးသားပညာရေးဥပဒေ ပုဒ်မ ၄၉ (ဂ)သည် **"ထူးချွန်"** သူကို **"ချီးမြှင့်"**သည့် အစီအမံဖြစ်၍ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၆၈ အတိုင်း လိုက်နာဆောင်ရွက်ခြင်းပါ။ အပိုဒ်(ဃ)သည်လည်း **"ထူးချွန်"** ၍ အခက်အခဲရှိသူကို **"ထောက်ပံ့"** သည့်အစီအစဉ်ဖြစ်၍ အထက်ပါ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၆၈ ကို ထပ်မံတန်ဖိုးထား လိုက်နာခြင်းဖြစ်ပါတယ်။ ယခုပြင်ဆင်သည့် ဥပဒေကြမ်းတွင် တည်ဆဲဥပဒေ အပိုဒ်(ဂ)ကို ဖြုတ်ခြင်းသည် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၆၈ကို မျက်ကွယ်ပြုသည့်သဘော သက်ရောက်နေပါကြောင်း တင်ပြအပ်ပါတယ်။ သို့ပါ၍ တည်ဆဲအမျိုးသားပညာရေးဥပဒေ ပုဒ်မ ၄၉ ပုဒ်မခွဲ(ဂ)အား လုံးဝမပယ်ဖျက်သင့်ပါ။ ချီးမြှင့်မြှောက်စားသင့်သူကို ချီးမြှင့်မြှောက်စားခြင်းဟာ မင်္ဂလာတရားတော်နှင့် ကိုက်ညီတာမို့ မြန်မာ့လူမှုအဖွဲ့အစည်းအတွက် အံ့ဝင်ခွင်ကျသည့် ပြဋ္ဌာန်းချက်ဖြစ်ပါတယ်။

ထို့အတူ ယခုပြင်ဆင်သည့် ဥပဒေကြမ်း၏ အပိုဒ် ၇၂ တွင် **အမျိုးသားပညာရေးဥပဒေ ပုဒ်မ ၆၉ ကို အောက်ပါအတိုင်း အစားထိုးရမည်။**

**"၆၉။ ဝန်ကြီးဌာနနှင့် သက်ဆိုင်ရာဝန်ကြီးဌာနများသည် အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် လိုအပ်သော နည်းဥပဒေများ၊ စည်းမျဉ်း၊ စည်းကမ်းများကိုထုတ်ပြန်ရာတွင် ကျောင်းသားသမဂ္ဂ ကိုယ်စားလှယ်များ၊ ဆရာသမဂ္ဂ ကိုယ်စားလှယ်များ၊ မိဘများ၊ လွတ်လပ်သောပညာရှင်များ၊ ပညာရေးဆိုင်ရာ အရပ်ဘက်အဖွဲ့အစည်းများ၏ အကြံပြုချက်များကို ရယူထည့်သွင်းရမည်"** ဟု ဖော်ပြထားပါတယ်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈) ပုဒ်မ ၉၇၊ ပုဒ်မခွဲ (က)တွင် ပြည်သူ့လွှတ်တော်သည် ဥပဒေတစ်ရပ်ပြဋ္ဌာန်းသည့်အခါ (၁) **"ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဖွဲ့စည်းသည့် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းတစ်ရပ်ရပ်အား ယင်းဥပဒေနှင့် သက်ဆိုင်သည့် နည်းဥပဒေ၊ စည်းမျဉ်းနှင့်စည်းကမ်းများ ထုတ်ပြန်ခွင့်ကိုအပ်နှင်းနိုင်သည်"** ဟုသာပါရှိထားပြီး အမိန့်ကြော်ငြာစာ ထုတ်ပြန်ရေးအတွက် မည်သည့်အဖွဲ့အစည်းနှင့် လူပုဂ္ဂိုလ်များ၏အကြံဉာဏ်ကိုရယူရမည်ဟု ဖော်ပြမထားပါ။ အထက်ပါပြင်ဆင်ချက်၏ အဆုံးပိုဒ်တွင် **"ရယူထည့်သွင်းရမည်"** ပါရှိသဖြင့် မဖြစ်မနေလုပ်ရမည်ဟုအဓိပ္ပာယ်ပေါက်နေ၍ ပြည်ထောင်စုအဆင့်ရှိ ဝန်ကြီးဌာနကို အဖွဲ့အစည်း(သို့)လူပုဂ္ဂိုလ်များက ထိန်းချုပ်ထားသည့် သဘောပါရှိနေသည်မှာ ထင်ရှားပါတယ်။ ထိုသို့ဝန်ကြီးဌာနကို ပြင်ပအဖွဲ့အစည်း(သို့)လူပုဂ္ဂိုလ်က ထိန်းချုပ်ထားသည့်သဘောကို မည်သည့်နိုင်ငံ၏ ပညာရေးဥပဒေတွင်မျှ စာရေးသူလေ့လာမိသလောက် မတွေ့မြင်မိပါ။ (စာရေးသူဗဟုသုတနည်းတာလည်း ဖြစ်ကောင်းဖြစ်မည်။ ပြင်ပေးကြပါ) အစိုးရအဖွဲ့၊ ဝန်ကြီးဌာနတွေကို ကြိုက်သလောက်အကြံပြုပါ၊ ပြုနိုင်ပါတယ်။

သို့သော် ငါတို့နဲ့တိုင်ပင်ပြီးမှလုပ်ရမယ်ဆိုတဲ့လေသံမျိုးပါတဲ့ ဥပဒေမျိုးတော့ မဖြစ်သင့်ပါ။ ယခု ပြင်ဆင်ချက်ဥပဒေကြမ်း အပိုဒ် ၇၂ တွင်ပါဝင်သော အချက်သည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်မှုမရှိခြင်း၊ ပြည်ထောင်စုအဆင့်ရှိ ဝန်ကြီးဌာနများ၏ လုပ်ပိုင်ခွင့်ကို ဝင်ရောက်စွက်ဖက်ရာ သဘောရောက်နေပါတယ်။ ထုတ်ပြန်ပြီးတဲ့ အခြားဥပဒေတွေမှာလည်း သက်ဆိုင်ရာဝန်ကြီးဌာနကိုသာ လုပ်ပိုင်ခွင့်ပေးထားပါတယ်။ အင်ဂျင်နီယာကောင်စီလို တတိယအဖွဲ့အစည်းမျိုးတွင်ပင် ကောင်စီကိုသာ ထိုလုပ်ပိုင်ခွင့်မျိုးပေးထားတာကို လေ့လာလျှင်တွေ့နိုင်ပါတယ်။ တည်ဆဲအမျိုးသား ပညာရေးဥပဒေ ပုဒ်မ ၆၉ ပုဒ်မခွဲ (က)တွင် ဖော်ပြထားချက်ကို ပညာရေးဝန်ကြီးဌာနက ပြင်ဆင်ပေးပို့သော **"ဝန်ကြီးဌာနနှင့် သက်ဆိုင်ရာဝန်ကြီးဌာနများသည် အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် လိုအပ်သောနည်း ဥပဒေများ၊ အမိန့်၊ အမိန့်ကြော်ငြာစာ၊ ညွှန်ကြားချက်၊ လုပ်ထုံးလုပ်နည်း၊ စည်းမျဉ်းနှင့် စည်းကမ်းများကို ထုတ်ပြန်နိုင်သည်"**ဟုသာ ထည့်သွင်းပြဋ္ဌာန်းသင့်ပါတယ်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေကို နိုင်ငံသားတိုင်း လေးစားလိုက်နာပါမှ အထူးသဖြင့် ဥပဒေပြုသူများက စံပြအဖြစ် ပိုမိုလေးစားလိုက်နာပြမှသာလျှင် ဒီမိုကရေစီလူ့ဘောင်အဖွဲ့အစည်းကို အမြန်ရောက်နိုင်မှာပါ၊ ဘာဖြစ်လို့လဲဆိုတော့ **"ဒီမိုကရေစီ လူ့အဖွဲ့အစည်းမှာထိပ်ဆုံးက တန်းဖိုးထားရမယ့်အရာကတော့ ဥပဒေကို လေးစားလိုက်နာတန်ဖိုးထားတဲ့အသိနှင့် အကျင့်တရားထွန်းကားနေရေး"** ပဲဖြစ်ပါတယ်။ သို့ပါ၍ အမျိုးသားပညာရေးဥပဒေဟာလည်း ဖွဲ့စည်းပုံအခြေခံဥပဒေကို လေးစားလိုက်နာတဲ့ဥပဒေဖြစ်ကိုဖြစ်ရပါမယ်။ ဆရာကြီး တက္ကသိုလ်ဘုန်းနိုင်ရဲ့ **"စာဖတ်သူပေါ်၊ ခေါင်းကိုကျော်၍ ငါသော်ဆရာမလုပ်ပါတည်း"** ဆိုသကဲ့သို့ ဖွဲ့စည်းပုံအခြေခံဥပဒေကိုကျော်နေပြီး သူလိုက်နာရမည့် ဥပဒေကို မလေးစား၊ မလိုက်နာသော ပညာရေးဥပဒေမဖြစ်သင့်ကြောင်း စာရေးသူရဲ့အမြင်ကို တင်ပြလိုက်ရပါတယ်။ **"ဖွဲ့စည်းပုံအခြေခံဥပဒေကို မထီမဲ့မြင်ပြုတဲ့ ပညာရေးဥပဒေပေါ်ထွန်းလာခြင်းဖြင့် နိုင်ငံ့သမိုင်းသည် အလွန်ပင်အကျည်းတန်တဲ့ဘဝကို ရောက်သွား"**မှာ စိုးရိမ်မိလို့ပါခင်ဗျာ။

သို့ပါ၍ မြန်မာ့လူ့အဖွဲ့အစည်း၏ ပကတိအခြေအနေကို အခြေပြုပြီး မြန်မာ့လူ့ဘောင် ရေရှည်ဖွံ့ဖြိုးမှုကိုဦးတည်တဲ့ အမျိုးသားပညာရေးဥပဒေ တစ်ရပ် ပေါ်ထွန်းလာရန်အတွက် လွှတ်တော်ကိုယ်စားလှယ်ကြီးများက ဉာဏ်ပညာရင့်သန်မှု၊ ဖြူစင်သောစိတ်နှင့် တိုင်းပြည်ပေါ်ထားတဲ့ စေတနာတို့ ပူးပေါင်းပြီး အကောင်အထည်ဖော်ပေးကြပါရန် မေတ္တာရပ်ခံအပ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်ကြီးများ အကောင်းဆုံးစွမ်းဆောင်နိုင်အောင် တိုင်းရင်းသားမိဘပြည်သူများနှင့် ဥပဒေပညာရှင်များကလည်း အချိန်မီ အကြံကောင်း ဉာဏ်ကောင်းပေးကြပါရန် တိုက်တွန်းနှိုးဆော်လိုက်ပါတယ်။ ။

> ☆ နိုင်ငံအတွင်းရှိ မည်သည့်ဥပဒေမဆို တည်ဆဲဖွဲ့စည်းပုံအခြေခံဥပဒေ "မူဘောင်"နှင့်သာ ကိုက်ညီရပါမယ်။ မည်သည့်ဥပဒေမှ ယင်းမူဘောင်ကို ကျော်လွှားခွင့်မရှိဆိုတာကို အရင်သတိကပ်ပြီး ဥပဒေများကို ရေးဆွဲရပါမယ်။

> ☆ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေကို နိုင်ငံသားတိုင်း လေးစားလိုက်နာပါမှ အထူးသဖြင့် ဥပဒေပြုသူများက စံပြအဖြစ် ပိုမိုလေးစားလိုက်နာပြမှသာလျှင် ဒီမိုကရေစီလူ့ဘောင်အဖွဲ့အစည်းကို အမြန်ရောက်နိုင်မှာပါ။

# အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်ပတ်သက်ပြီး NNER မှ သတင်းစာရှင်းလင်းပွဲပြုလုပ်

**ရန်ကုန် ဖေဖော်ဝါရီ ၂၃**

ပိုမိုကောင်းမွန်တိုးတက်မြင့်မားလာမည့် မြန်မာနိုင်ငံ၏ ပညာရေးကဏ္ဍကို ပုံစံသစ်တစ်ရပ်အဖြစ် ပေါ်ပေါက်လာစေရန်အတွက် အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်ပေးရန် ကန့်ကွက်ဆန္ဒပြမှုများ ဖြစ်ပေါ်ခဲ့ပြီးနောက် သက်ဆိုင်ရာတာဝန်ရှိသူများသည် ရလဒ်ထွက်ပေါ်လာသည်အထိ အကြိမ်ကြိမ်ညှိနှိုင်းဆွေးနွေးမှုများ ပြုလုပ်ခဲ့ကြသည်။

ထိုရလဒ်အဖြစ် အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို နိုင်ငံပိုင် သတင်းစာများက တစ်ဆင့် ဖေဖော်ဝါရီ ၁၈ ရက်တွင် ပြည်သူလူထုသိရှိလေ့လာ အကြံပြုနိုင်ရန်အလို့ငှာ ဖော်ပြပေးခဲ့ပြီး ဖေဖော်ဝါရီ ၁၉ ရက်တွင် အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေမူကြမ်းပါ ပြင်ဆင်ဖြည့်စွက်သည့် ပြဋ္ဌာန်းချက်များနှင့် မူလအမျိုးသားပညာရေးဥပဒေပါ ပြဋ္ဌာန်းချက်များ နှိုင်းယှဉ်ဇယားကို ဖော်ပြပေးခဲ့သည်။ အဆိုပါဥပဒေကြမ်းအပေါ် စိတ်ဝင်တစားဆွေးနွေးသုံးသပ်ကြသည့် ပြည်သူအချို့၏ ရှုမြင်သုံးသပ်ချက်များနှင့် စိတ်ဝင်စားဖွယ်ကောက်နုတ်ချက်သတင်းဆောင်းပါးများကိုလည်း ဖေဖော်ဝါရီ ၂၀ ရက်မှစ၍ နိုင်ငံပိုင်သတင်းစာများတွင် ဖော်ပြပေးခဲ့သဖြင့် လေ့လာဖတ်ရှုနေရသည်။

အဆိုပါဥပဒေကြမ်းနှင့်ပတ်သက်၍ နိုင်ငံလုံးဆိုင်ရာ ပညာရေးပြုပြင်ပြောင်းလဲမှုကွန်ရက် (NNER) က ဖေဖော်ဝါရီ ၂၂ ရက်တွင် ရန်ကုန်မြို့ အမှတ်(၂၂၄)(A) ဆော်လမွန်စင်တာရှိ ဖွံ့ဖြိုးရေးမဏ္ဍိုင်အဖွဲ့ရုံးခန်း၌ သတင်းစာရှင်းလင်းပွဲတစ်ရပ် ပြုလုပ်ခဲ့သည်။

အဆိုပါ သတင်းစာရှင်းလင်းပွဲ၌ NNER မှ ဒေါက်တာသိန်းလွင်က အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေ(မူကြမ်း)အား ဖေဖော်ဝါရီ ၁၉ ရက်နေ့ထုတ် နိုင်ငံပိုင်သတင်းစာများ၌ ဖော်ပြရာတွင် NNER ကိုယ်စားလှယ်များနှင့် ဒီမိုကရေစီပညာရေးလှုပ်ရှားမှုဦးဆောင်ကော်မတီမှ ကျောင်းသားကိုယ်စားလှယ်များ ကိုယ်စား ဒေါက်တာသိန်းလွင်၊ ဒေါက်တာညိုညိုသင်းနှင့် ဦးအောင်မှိုင်းဆန်းတို့ ရေးဆွဲလက်မှတ်ထိုးထားသည့် အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေ(မူကြမ်း)ဟူ၍ သုံးနှုန်းထားရှိမှုအပေါ် လေးပွင့်ဆိုင်သဘောတူညီချက်ဖြင့် အတည်ပြုထားပြီး လွှတ်တော်သို့တင်သွင်းသော အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေ (မူကြမ်း)ဟု ဖော်ပြရမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားခဲ့သည်။

မူလအမျိုးသားပညာရေးဥပဒေ အခန်း(၆) ပုဒ်မ(၁၄) ကျောင်းအမျိုးအစား သတ်မှတ်ချက်တွင် ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများသာပါရှိပြီး အခြားဘာသာရေးအဖွဲ့အစည်းများမှ ဖွင့်လှစ်သော ပညာရေးကျောင်းများကို ထည့်သွင်းဖော်ပြထားခြင်း မရှိကြောင်း၊ အမျိုးသားပညာရေးဥပဒေအတည်ပြုပြီးနောက် ခရစ်ယာန်ဘုရားကျောင်းများမှ တာဝန်ယူဖွင့်လှစ်သည့်ကျောင်းများမှ ဆရာ ဆရာမများက ခရစ်ယာန်ဘုရားကျောင်းများမှ ဖွင့်လှစ်သောပညာရေးကျောင်းများ ထည့်သွင်းရန်ကိစ္စကို NNER အဖွဲ့ဝင်များထံ တင်ပြလာသဖြင့် NNER ကိုယ်စားလှယ်များနှင့် ကျောင်းသားကိုယ်စားလှယ်များ တိုင်ပင်ခဲ့ခြင်းဖြစ်ကြောင်းလည်း ပြောကြားခဲ့သည်။


NNER မှ ဒေါက်တာသိန်းလွင် ရှင်းလင်းပြောကြားစဉ်။ (ဓာတ်ပုံ-ချိုချိုသန်း)

အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း အပိုဒ်(၂၂ - င)တွင် သင်ကြားရေး၌ ဘာသာစကားသုံးမျိုးစနစ်ဖြစ်သော မိခင်ဘာသာစကား၊ မြန်မာဘာသာစကား၊ အင်္ဂလိပ်ဘာသာစကားတို့ကို အသုံးပြုသင်ကြားမည်ဟု ဖော်ပြချက်နှင့်ပတ်သက်၍ ကလေးတစ်ဦးအတွက် သင်ယူတတ်မြောက်နိုင်သည့် အကောင်းဆုံးဘာသာစကားမှာ မိခင်ဘာသာစကားဖြစ်ပြီး မိခင်ဘာသာစကားဆိုသည်မှာ မိမိအိမ်တွင် ပြောဆိုသည့် (ကလေး)ကျွမ်းကျင်သည့် ဘာသာစကားကို ဆိုလိုပါကြောင်း၊ ကျောင်းစနေစဉ် ကျွမ်းကျင်သည့်ဘာသာစကားဖြင့် သင်ယူရသောကြောင့် ကလေးများအနေဖြင့် ပျော်ရွှင်ကြမည်ဖြစ်ပါကြောင်း၊ မိမိကျွမ်းကျင်သည့် ဘာသာစကား၏ တည်ဆောက်ပုံကိုနားလည်လျှင် မြန်မာဘာသာစကားနှင့် အင်္ဂလိပ်ဘာသာစကားများကို သင်ယူရန် လွယ်ကူသည့်အပြင် သင်္ချာ၊ သိပ္ပံ၊ ပထဝီ စသည့်ဘာသာရပ်များကိုလည်း မိမိကျွမ်းကျင်သည့် ဘာသာစကားဖြင့် သင်ယူနိုင်မည်ဖြစ်ပါကြောင်း ပြန်လည်ရှင်းလင်းပြောကြားခဲ့သည်။

အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းသည် လေးပွင့်ဆိုင်ဆွေးနွေးပွဲတွင် သဘောတူပြီးဖြစ်သည့် ကျောင်းသားများ၏ တောင်းဆိုချက် (၁၁) ချက်ကို အခြေခံကာ ကိုက်ညီစေရန် ပြင်ဆင်ပြီး မကိုက်ညီသောအချက်များကို ပယ်ဖျက်ခဲ့ပါကြောင်း၊ ကျောင်းသားများတောင်းဆိုသည့် အချက်(၁၁)ချက်သည် ကျောင်းသားသမဂ္ဂများ၊ ဆရာသမဂ္ဂများ ပါဝင်ဖွဲ့စည်းထားသည့် NNER ကွန်ရက်၏ ၂၀၁၂ ခုနှစ် အောက်တိုဘာလတွင် စတင်ခဲ့သည့် ပညာရေးဆွေးနွေးပွဲများကို အခြေခံပါကြောင်း၊ NNER အဖွဲ့ဝင်များသည် ဒေသ ၂၅ ခုတွင် ပြုလုပ်ခဲ့သည့် ဆွေးနွေးပွဲများမှ အကြံပြုချက်များကို စိစစ်သုံးသပ်ရန်အတွက် ပညာရေးညီလာခံတစ်ရပ်ကို ၂၀၁၃ ခုနှစ် ဇွန်လတွင် ကျင်းပခဲ့ပါကြောင်း၊ ညီလာခံ၏ ရလဒ်အဖြစ် ပြည်သူလူထုထံမှ ဆင်းသက်သော ပညာရေးမူဝါဒတစ်ရပ် ထွက်ပေါ်လာခဲ့ပါကြောင်း ရှင်းလင်းပြောကြားသည်။

ထို့ပြင် အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေ(မူကြမ်း)အား ဖော်ပြရာတွင် လေးပွင့်ဆိုင်ဆွေးနွေးပွဲသဘောတူညီချက်များနှင့် ဆန့်ကျင်သည့် နားလည်မှုလွဲမှားနိုင်သောအချက်အချို့ ပါဝင်မှုအပေါ် လေးပွင့်ဆိုင်ဆွေးနွေးပွဲ အစိုးရအဖွဲ့ခေါင်းဆောင် ပြည်ထောင်စုဝန်ကြီးထံ အကြောင်းကြားစာပေးပို့သွားမည်ဖြစ်ကြောင်း သိရသည်။ **(ခင်ချိုဝင်း)**

## ရွှေးဟောင်းသစ်သားပန်းပုလက်ရာ မျက်နှာကြက်ပန်းဝိုင်း

**ရမည်းသင်း ဖေဖော်ဝါရီ ၂၃**

လက်ရာမြောက်လှသော ရှေးဟောင်းသစ်သားပန်းပု မျက်နှာကြက်ပန်းဝိုင်းလက်ရာတစ်ခုကို မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ် မြို့လှရွာ တောင်ကျောင်းတိုက်အတွင်းတွင် တွေ့ရသည်။

ယင်းသစ်သားပန်းပုမျက်နှာကြက်ပန်းဝိုင်းမှာ ရှစ်ပေပတ်လည်အတိုင်းအတာရှိပြီး လက်ရာမြောက်စွာ စက်ဝိုင်းခုနစ်ဝိုင်းကို အဆင့်ဆင့်ထုဆစ်ထားကာ စက်ဝိုင်းတစ်ရစ်နှင့်တစ်ရစ်၊ တစ်ဆင့်နှင့်တစ်ဆင့်တွင် ကြာလှန်၊ ကြာမှောက်၊ ပုလဲသွယ်ကနုတ်ပန်းတို့ဖြင့် လက်ရာမြောက်စွာ ထုဆစ်ထားပြီး ပန်းဝိုင်းကြီးတစ်ခုလုံး၏ ထောင့်လေးထောင့်တွင် သစ်သားပန်းပုကနုတ်ပန်းလက်ရာများကိုထုဆစ်ထားသည်။ ဟင်္သာရုပ်၊ ဇာမဏီငှက်ရုပ်၊ ကြက်တူရွေးရုပ်၊ နတ်သားရုပ်တို့ကို သက်ဝင်စွာ ထုဆစ်ထားသည်ကို တွေ့ရသည်။ ပန်းဝိုင်းကြီး၏ အလယ်တည့်တည့်တွင် တစ်တောင်ခန့်ရှိသော လူပျံတော်ရုပ်ကို တွေ့ရပြီး ယင်းလူပျံတော်ရုပ်မှာ မျက်နှာကြက်ပန်းဝိုင်းအလယ်တည့်တည့်မှ တွဲလဲခိုကာ အောက်သို့ ထိုးဆင်းကျွမ်းပစ်မည့်သဏ္ဌာန်ထုဆစ်ထားသည်ကိုတွေ့ရသည်။

နောင်လာနောက်သားများလေ့လာနိုင်ရန်အလို့ငှာ ယင်းလက်ရာမြောက်လှသော သစ်သားပန်းပုမျက်နှာကြက်ပန်းဝိုင်းကို မြို့လှရွာ တောင်ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တကုသရိယက ကျောင်းတိုက်ကြီးမျက်နှာကြက်တွင် တပ်ဆင် ထိန်းသိမ်းစောင့်ရှောက်ထားကြောင်း သိရသည်။

**လှိုင်သန်းတင့်(ရမည်းသင်း)**

■



### မြန်မာ့ရုပ်မြင်သံကြား Entertainment Channel

၂၄-၂-၂၀၁၅ (အင်္ဂါနေ့)

- ၆း၀၀ အဖွင့် -ဝတ်မှုံတေးဂီတအဖွဲ့ ဖျော်ဖြေခန်း(အပိုင်း-၅)
- ၆း၂၅ နိုင်ငံခြားဇာတ်လမ်းတွဲ “ဒဏ္ဍာရီထဲကတေးကဗျာ” (အပိုင်း-၅၃)
- ၆း၅၀ နိုင်ငံခြားဇာတ်လမ်းတွဲ “ဒဏ္ဍာရီထဲကတေးကဗျာ” (အပိုင်း-၅၄)
- ၇း၁၅ ကြယ်ပွင့်များရဲ့ရင်ခုန်သံ (ဒါရိုက်တာသားကြီး)
- ၇း၃၀ “မဟော်သဓာ”(အပိုင်း-၅)
- ၈း၀၀ နိုင်ငံခြားဇာတ်လမ်းတွဲ “ခေတ်တစ်ခေတ်ရဲ့ကြေးမုံသွင်” (အပိုင်း-၇၇) (ဇာတ်သိမ်း)
- ၈း၄၀ နိုင်ငံခြားဇာတ်လမ်းတွဲ “ဒဏ္ဍာရီပန်းတစ်ပွင့်”(အပိုင်း-၁)
- ၉း၂၀ ဟိုးတုန်းက. . . ရေဒီယိုအသံလွှင့်ဇာတ်လမ်းများ “လူနှစ်ယောက်ကားတစ်စီးမိုးတစ်ည”(ဝေယံမင်း၊ ထက်နေချမ်း၊ ရှိန်းဝေအောင်၊ လှယဉ်ကျေး၊ စောယုနန္ဒာ) ဒါရိုက်တာ-သီတာလင်း(Laurel Art Academy)
- ၁၀း၁၀ မြန်မာဗီဒီယိုဇာတ်လမ်း “ရင်ဝယ်ထားသားလည်းမဟုတ်” (နေယံ၊ မို့မို့မြင့်အောင်၊ မေသက်ခိုင်) (ဒါရိုက်တာ-ဇော်မြင့်ဦး)

## မိုးပွင့်(အထူး)စီမံချက် ကွင်းဆင်းဆောင်ရွက်

**ပေါင် ဖေဖော်ဝါရီ ၂၃**

မွန်ပြည်နယ် သထုံခရိုင် ပေါင်မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနက ဇင်းကျိုက်မြို့ရှိ ရပ်ကွက်လေးရပ်ကွက်နေ ပြည်သူများအား ဖေဖော်ဝါရီ ၂၂ ရက်နှင့် ၂၃ ရက်တို့တွင် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်းဆောင်ရွက်ပေးခဲ့သည်။

ကွင်းဆင်းဆောင်ရွက်ရာတွင် သထုံခရိုင် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှ ခရိုင်ဦးစီးဌာနမှူး ဦးကိုကိုမောင်၊ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဦးမင်းအောင်၊ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဦးစိုးလွင်နှင့် ဝန်ထမ်းများက ရပ်ကွက်နေပြည်သူ ၅၂၈ ဦးတို့အား နိုင်ငံသားစိစစ်ရေးကတ်ပြားများကို ဆောင်ရွက်ပေးခဲ့ကြောင်းသိရသည်။

**မြို့နယ်(ပြန်/ဆက်)**


တောင်သူများ၏ စိုက်ပျိုးရေးလုပ်ငန်းအသီးသီးတွင် စိုက်ပျိုးထွန်ယက်ကြမည့် ကိုရီးယားနိုင်ငံထုတ် ထွန်စက်များအား ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်၌ ရန်ကုန်-မန္တလေးကားလမ်းအတိုင်း မောင်းနှင်သွားသည်ကို ဖေဖော်ဝါရီ ၂၂ ရက်က တွေ့ရစဉ်။ ကိုလွင်(ဆွာ)

## မိုးပွင့်(အထူး)စီမံချက် နိုင်ငံသားစိစစ်ရေးကတ်ပြား ပေးအပ်

**ရန်ကုန် ဖေဖော်ဝါရီ ၂၃**

ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ် (င)ရပ်ကွက်၌ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနဦးစီးမှူးနှင့် ဝန်ထမ်းများသည် မိုးပွင့်(အထူး)စီမံချက်လုပ်ငန်းများကို ပြည်သူများထံ အသိပေးဟောပြောခြင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်းဆောင်ရွက်ပေးခြင်းကို ဖေဖော်ဝါရီ ၂၁ ရက် မွန်းလွဲပိုင်းက အဆိုပါရပ်ကွက်ရုံး၌ ကျင်းပသည်။

မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူး၊ မြို့နယ်လဝကဦးစီးမှူးနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးများက မိုးပွင့်(အထူး) စီမံချက်အကြောင်း အသိပညာပေးဟောပြောကာ နိုင်ငံသားစိစစ်ရေးကတ်ပြားများအား ပြည်သူများထံ ပေးအပ်ခဲ့ကြောင်း သိရသည်။ **(တင်ထွန်းအောင်)**

ပြည်တွင်းရေးရာ

# ၂၀၁၅ ခုနှစ် တပ်မတော်(ကြည်း၊ ရေ၊ လေ)အားကစားပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနား ကျင်းပ





**နေပြည်တော် ဖေဖော်ဝါရီ ၂၃**

အားကစားမြှင့်တင်ခြင်းနှင့် စွမ်းဆောင်နိုင်မှုများသည် အမျိုးသားရေး ဂုဏ်သိက္ခာကို မြှင့်တင်ပေးနေသကဲ့သို့ နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်နေခြင်းလည်းဖြစ်ကြောင်း၊ အားကစားအောင်မြင်မှုသည် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်မှုအဆင့်အတန်း ရောင်ပြန်ဟပ်စေပြီး လူမျိုး၏ဂုဏ်သိက္ခာအဆင့်အတန်းနှင့် ဖွံ့ဖြိုးတိုးတက်မှုကို ဖော်ညွှန်းနေကြောင်း၊ အလားတူ တပ်မတော်သား အားကစားသမားများ၏ အားကစားအောင်မြင်မှုများသည်လည်း တပ်မတော်၏ ဂုဏ်သိက္ခာနှင့် စွမ်းရည်ထက်မြက်မှုကို ဖော်ညွှန်းပြသလျက်ရှိကြောင်း၊ ထို့အပြင် ကျစ်လျစ်ခိုင်မာသည့် တပ်တွင်းစည်းလုံးညီညွတ်မှု၊ စိတ်ဓာတ်ခိုင်မာမှု၊ ဇွဲသတ္တိပြည့်ဝမှု၊ စည်းကမ်းကောင်းမွန်မှု၊ ရည်မှန်းချက်ပြီးမြောက်အောင်ဆောင်ရွက်တတ်မှုစိတ်ဓာတ်နှင့် ဝလေ့စရိုက်ကောင်းများကို ဖော်ညွှန်းနေကြောင်းဖြင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ယနေ့ညနေ ၄ နာရီတွင် နေပြည်တော်ရှိ ဇေယျာသီရိတပ်မတော်အားကစားကွင်း၌ ကျင်းပသည့် ၂၀၁၅ ခုနှစ် တပ်မတော်(ကြည်း၊ ရေ၊ လေ)အားကစားပြိုင်ပွဲဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်မိန့်ခွန်းပြောကြားစဉ် ထည့်သွင်းပြောကြားသည်။**(ယာပုံ)**

အဆိုပါအခမ်းအနားသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့်ဇနီး၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဇနီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း၊ ရေ၊ လေ)မှ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်ရှိ တပ်နယ်(၆)ခုမှ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ နေပြည်တော်စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့ကွပ်ကဲမှုအောက်ရှိ မြို့နယ်များမှ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ဖိတ်ကြားထားသူများ၊ ပြိုင်ပွဲဝင်အားကစားသမားများ တက်ရောက်ကြသည်။

ရှေးဦးစွာ တပ်မတော်(ကြည်း၊ ရေ၊ လေ)စစ်တီးဝိုင်းအဖွဲ့က ကွင်းအတွင်း ဝင်ရောက်နေရာယူပြီး စစ်ရေးပြမှူးကြီးဦးဆောင်သော အလံတော်အဖွဲ့နှင့် အားကစားအသင်း ၁၇ သင်းမှ အားကစားသမားများ နေရာယူကြသည်။

ထို့နောက် ၂၀၁၅ ခုနှစ် တပ်မတော်(ကြည်း၊ ရေ၊ လေ)အားကစားပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားဖွင့်လှစ်ကြောင်း ကြေညာပြီး တပ်မတော်အားကစားနှင့် ကာယပညာအုပ်ချုပ်မှုကော်မတီဥက္ကဋ္ဌ စစ်ရေးချုပ် ဗိုလ်ချုပ်ဆန်းဦးက ဖွင့်ပွဲစာတန်း မိုးပျံပူဖောင်းများအား ဖဲကြိုးဖြတ်၍ လွှတ်တင်သည်။

ယင်းနောက်တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ၂၀၁၅ ခုနှစ် တပ်မတော်(ကြည်း၊ ရေ၊ လေ)အားကစားပြိုင်ပွဲဖွင့်ပွဲအခမ်းအနား မိန့်ခွန်းပြောကြားရာတွင် **“ကျန်းမာကြံ့ခိုင်၊ ပြည့်မထ္တိုင်၊ ကြံ့ခိုင်ကိုယ်လက်၊ တိုင်းပြည်အတွက်”ဆိုသည့် တပ်မတော်ကြံ့ခိုင်ရေးဆောင်ပုဒ်သည် တပ်မတော်က အစဉ်အဆက် လိုက်နာကျင့်သုံးခဲ့သော ဆောင်ပုဒ်ဖြစ်ကြောင်း၊ တပ်မတော်သည် နိုင်ငံတော်ကာကွယ်ရေးတာဝန်ကို အဓိကထားထမ်းဆောင်ရမည့် အဖွဲ့အစည်းပီပီ နိုင်ငံတော်ကို လက်ရုံးရည်၊ နှလုံးရည်ပြည့်ဝစွာ ကာကွယ်သွားနိုင်ရေး စဉ်ဆက်မပြတ် လေ့ကျင့်လျက်ရှိကြောင်း၊ တပ်မတော်(ကြည်း၊ ရေ၊ လေ)အားကစားပြိုင်ပွဲများသည် တပ်မတော်၏ ကိုယ်ကာယပိုင်းဆိုင်ရာ ကျန်းမာကြံ့ခိုင်ရေးသာမက တပ်မတော်၏ အဖွဲ့အစည်းစိတ်၊ ရဲဘော်စိတ်နှင့် ပူးပေါင်းဆောင်ရွက်လိုစိတ်များကိုပါ လက်တွေ့ပြသလေ့ကျင့်ပေးနေခြင်းဖြစ်ကြောင်း။**

အဖွဲ့လိုက် အားကစားစွမ်းရည်များ၊ တစ်ဦးချင်း အရည်အသွေးများလည်း သက်ဆိုင်ရာ အားကစားနည်းအလိုက် တိုးတက်သည်ထက် တိုးတက်နေအောင် ကြိုးစားနေရမည်ဖြစ်ကြောင်း၊ စိတ်ဓာတ်၊ စည်းကမ်း၊ ဇွဲလုံ့လ၊ ဝီရိယအားများနှင့် ကြိုးစားယှဉ်ပြိုင်ကြပြီး တပ်မတော်အားကစားအဆင့်အတန်းမြင့်မားရေးအတွက် မြှင့်တင်သွားကြရမည်ဖြစ်ကြောင်း၊ ထူးချွန်ထက်မြက်သည့် တပ်မတော်သား အားကစားသမားဘဝမှ နိုင်ငံ့ဂုဏ်ဆောင် မြန်မာ့လက်ရွေးစင်အားကစားသမားအဆင့်ထိ ရောက်ရှိအောင် ဆက်လက်ကြိုးစားသွားရန်လိုကြောင်း၊ **မြန်မာနိုင်ငံဘောလုံးရွှေခေတ်တွင် အရှေ့တောင်အာရှ အဆင့်မြင့်ဆုံးဖလားဖြစ်သည့် မာဒေးကားဖလားရခဲ့စဉ်က ဘောလုံးအားကစားသမား ၁၁ ဦးအနက်မှ ရှစ်ဦးသည် တပ်မတော်သားများဖြစ်**ကြကြောင်း၊ မြန်မာ့အားကစားအောင်မြင်မှုသမိုင်းမှတ်တမ်းများကို လေ့လာကြည့်လျှင် မိမိတို့ တပ်မတော်သား အားကစားသမားများ၏ စွမ်းဆောင်နိုင်မှုသည် ဂုဏ်ယူဖွယ်ရာ တွေ့ရှိရမည်ဖြစ်ကြောင်း။

အထူးသဖြင့် **နိုင်ငံတော်ကာကွယ်ရေးတာဝန်ကို ရှုပ်ရှုပ်ချွံချွံထမ်းဆောင်ရင်း ခန္ဓာကိုယ်အစိတ်အပိုင်းများပေးဆပ် စွန့်လွှတ်ခဲ့ရသည့် တပ်မတော်သားများသည် နိုင်ငံတကာမသန်စွမ်းအားကစားပြိုင်ပွဲများတွင် ဆုတံဆိပ်ပေါင်းများစွာ ရယူပေးခဲ့ပြီး မသန်သော်လည်းစွမ်းကြသည်ကို ပြသခဲ့**ကြကြောင်း၊ဎင်းသည် တပ်မတော်၏ စိတ်ဓာတ်နှင့် စွမ်းရည်ထက်မြက်မှုများကြောင့်ပင်ဖြစ်ကြောင်း။

နိုင်ငံတော်အစိုးရသည် အားကစားကဏ္ဍတိုးတက်လာရေးအတွက် ငွေအား၊ လူအား၊ ပစ္စည်းအား၊နည်းပညာအားများဖြင့် ကြိုးပမ်းဆောင်ရွက်ရာတွင် သက်ဆိုင်ရာအားကစားနည်းအလိုက် အဆောက်အအုံနှင့်နိုင်ငံတကာ အဆင့်မီ အားကစားကွင်းများကို တည်ဆောက်ပေးလျက်ရှိကြောင်း၊ အားကစားကို ချစ်မြတ်နိုးသည့် စီးပွားရေးလုပ်ငန်းရှင်များနှင့်ဝါသနာရှင်များကလည်း နိုင်ငံတော်နှင့်ပူးပေါင်းပြီး အားပေးမြှင့်တင်ခြင်းလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်နေကြသည်ကို အားရဖွယ်တွေ့မြင်နေကြရပြီဖြစ်ကြောင်း၊ အားကစားမြှင့်တင်ခြင်းတွင် အားပေးကူညီခြင်းသည်လည်း အထူးလိုအပ်ကြောင်း၊ ရဲဘော်တို့အနေဖြင့် တပ်မတော်အားကစားပြိုင်ပွဲများတွင် စွမ်းအားရှိသမျှ ယှဉ်ပြိုင်ကစားခြင်းဖြင့် ထူးချွန်ထက်မြက်အောင်ပွဲဆက်နိုင်သည့် နိုင်ငံ့လက်ရွေးစင်အားကစားသမားများ ဖြစ်လာနိုင်သည့်အခွင့်အလမ်းကောင်းမြင်တွေ့နေပြီဖြစ်၍ ကြိုးစားယှဉ်ပြိုင်ကစားသွားကြရန်လိုအပ်ကြောင်း၊ အောင်ပွဲခံအားကစားသမားတစ်ယောက်ဖြစ်ရန် လိုအပ်သည့် စိတ်ဓာတ်နှင့်စည်းကမ်းသည် တပ်မတော်သားတိုင်းအတွက် အခြေခံအားဖြင့်ပြည့်ဝထားပြီးသားဖြစ်ကြောင်း၊ တပ်မတော်ဂုဏ်ထူးဆောင်လက်ရွေးစင်အားကစားသမားများမှသည် နိုင်ငံ့ဂုဏ်ထူးဆောင်လက်ရွေးစင်အားကစားသမားများဖြစ်စေရန် တပ်မတော်က လေ့ကျင့်ပေးထားသည့် အခြေခံစိတ်ဓာတ်၊ စည်းကမ်းများနှင့်အညီ ပါဝင်ယှဉ်ပြိုင်သွားကြရန်လိုကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် တပ်မေတာ်ကာကွယ်ရေးဦးစီးချုပ်အား စစ်ရေးပြမှူးကြီးဦးဆောင်သော အလံတော်အဖွဲ့နှင့် အားကစားအသင်း ၁၇ သင်းတို့က စစ်ကြောင်းပုံဖြင့် ချီတက်အလေးပြုကြသည်။

ဎင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်တက်ရောက်လာကြသူများက (က)အဆင့်ဘောလုံးပြိုင်ပွဲ အကြိုဗိုလ်လုပွဲဖြစ်သော ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ)ကိုယ်စားပြုအသင်းနှင့်ရန်ကုန်တိုင်းစစ်ဌာနချုပ် ကိုယ်စားပြု အသင်းတို့ ယှဉ်ပြိုင်ကစားနေမှုများကို ကြည့်ရှုအားပေးကြသည်။ **(မြဝတီ)**

---

## ၂၀၁၅ ခုနှစ် ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အတွက် အမျိုးသားစီမံကိန်း၊ ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးနှင့်အခွန်အကောက်ဆိုင်ရာ ဥပဒေကြမ်းများစိစစ်ရေး ပူးပေါင်းကော်မတီအစည်းအဝေးကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၂၃**

၂၀၁၅ ခုနှစ် ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ “၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အတွက် အမျိုးသားစီမံကိန်း၊ ပြည်ထောင်စု၏ဘဏ္ဍာငွေအရအသုံးနှင့် အခွန်အကောက်ဆိုင်ရာဥပဒေကြမ်းများ စိစစ်ရေးပူးပေါင်းကော်မတီ” အစည်းအဝေးကို ယနေ့နံနက် ၉ နာရီတွင် ပြည်ထောင်စုလွှတ်တော် (D-ဆောင်)၊ ဒုတိယထပ် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့စိစစ်ရေးပူးပေါင်းကော်မတီဥက္ကဋ္ဌ ဦးစိုးသာ၊ အတွင်းရေးမှူး ဦးအေးမောက်နှင့်ကော်မတီဝင်များ၊ စိစစ်ရေးပူးပေါင်းအဖွဲ့များမှ ဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများ၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်အတွင်းရေးမှူး၊ အခွန်ကောက်ခံမှုစိစစ်ကြပ်မတ်ရေးဘုတ်အဖွဲ့၊ ဝန်ကြီးဌာနများမှ ဒုတိယဝန်ကြီးများနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ စိစစ်ရေးပူးပေါင်းကော်မတီဥက္ကဋ္ဌက အဖွင့်အမှာစကားပြောကြားပြီး စိစစ်ရေးပူးပေါင်းအဖွဲ့များက အခွန်အကောက်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဆွေးနွေးကြပြီး ဆွေးနွေးချက်အပေါ် ဘဏ္ဍာရေးဝန်ကြီးဌာနနှင့် သက်ဆိုင်ရာဝန်ကြီးဌာနများက ပြန်လည်ဆွေးနွေးတင်ပြကြသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော် စိစစ်ရေးပူးပေါင်းကော်မတီ ဥက္ကဋ္ဌက ဖြည့်စွက်ဆွေးနွေးကာ နိဂုံးချုပ်စကားပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

---

## အရှိန်လွန်ယာဉ်တိမ်းမှောက်မှုဖြစ်ပွား

**ဘားအံ ဖေဖော်ဝါရီ ၂၃**

ဘားအံမြို့နယ် မဲလဲကျေးရွာအနီး ကမမောင်းမြို့နှင့် ၁၂ မိုင်ခန့်အကွာ မိုင်တိုင်အမှတ် (၁၂/၁၃)အကြား ယာဉ်အမှတ် ၁၈/. . . . မစ်စူဗစ်ရှီ အနက်ရောင်ကားအား ဖားပွန်မြို့နယ် အခွန်ဦးစီးဌာန ရုံးအကူ ဦးကျော်ဆန်းသည် ဘားအံမှ ဖာပွန်သို့ ဝါးဘိုးတော-ကမမောင်းလမ်း အတိုင်း မောင်းနှင်လာရာ ဖေဖော်ဝါရီ ၂၂ ရက် မွန်းလွဲ ၁ နာရီတွင် အရှိန်လွန်ကာ ယာဉ်တိမ်းမှောက်၍ မီးလောင်မှုဖြစ်ပွားရာ ယာဉ်မောင်း ဦးကျော်ဆန်းမှာ သေဆုံးသွားကြောင်း သိရသည်။ **ကမမောင်း(ပြန်/ဆက်)**

---

## လုံးပတ် ငါးလက်မရှိသစ်ချောင်းကြီး လည်ပင်းထုတ်ချင်းပေါက်စူးဝင်ခဲ့သူအား တောင်ငူခရိုင်ဆေးရုံကြီးမှ အောင်မြင်စွာခွဲစိတ်ကုသပေးခဲ့

**တောင်ငူ ဖေဖော်ဝါရီ ၂၃**

အသက် (၄၆)နှစ်အရွယ် အမျိုးသားတစ်ဦး၏ လည်ပင်းထဲသို့ လုံးပတ် ငါးလက်မ၊ အရှည် ငါးပေရှိ သစ်ချောင်းကြီး ထုတ်ချင်းပေါက်ဝင်ခဲ့သော်လည်း တောင်ငူခရိုင်ပြည်သူ့ဆေးရုံကြီးမှ ခွဲစိတ်ဆရာဝန်များက အောင်မြင်စွာ ခွဲစိတ်နိုင်ခဲ့ကြောင်း သိရသည်။

ပဲခူးတိုင်းဒေသကြီး ကျောက်ကြီးမြို့နယ် ကျောက်ခဲကြီးကျေးရွာနေ ဦးမျိုးခိုင်သည် ဖေဖော်ဝါရီ ၂၁ ရက် နံနက် ၇ နာရီခန့်က မီးဖိုချောင်သုံး ထင်းအတွက် ပျဉ်းကတိုးပင်ပေါ်တက်၍ ကိုင်းဖျားကိုင်းနားများ တက်ခုတ်ရာ သစ်ပင်ပေါ်မှပြုတ်ကျပြီး အောက်ရှိ ခုတ်ပြီးစ ထောင်နေသည့် သစ်ချောင်းပေါ်သို့ မှောက်လျက်အနေအထားကျသဖြင့် လည်ပင်းထဲသို့ ထုတ်ချင်းပေါက်နစ်ဝင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

လူနာအား ကျောက်ကြီးမြို့နယ်ဆေးရုံမှ တောင်ငူခရိုင်ဆေးရုံကြီးသို့ လွှဲပြောင်းပေးခဲ့ရာ ဖေဖော်ဝါရီ ၂၁ ရက် ည ၇ နာရီတွင် တောင်ငူခရိုင်ဆေးရုံကြီးမှ ခွဲစိတ်ကုဆရာဝန်ကြီးများက တစ်နာရီကြာ ခွဲစိတ်ကုသ၍ သစ်ချောင်းကြီးကို ဖယ်ရှားပေးနိုင်ခဲ့ကြောင်း သိရသည်။

“သူ့ကံကောင်းသွားတာက အဓိက သွေးကြောမကြီးတွေကို မထိဘဲ ကြွက်သားငယ်လေးတွေကိုပဲ ထိသွားလို့ တစ်နာရီလောက်ပဲကြာပါတယ်။ အသက်အန္တရာယ်မစိုးရိမ်ရတော့ပါဘူး။ အသားပြန်တက်လာရင်တော့ အသေးစားခွဲစိတ်ကုသမှုလေးတွေ လုပ်ရပါဦးမယ်” ဟု တောင်ငူခရိုင် ဆေးရုံကြီး ခွဲစိတ်ကုသဆောင်မှ တာဝန်ရှိသူ ဆရာဝန်တစ်ဦးက ပြောကြားသည်။

**ကျော်စွာ(တောင်ငူ)**



**ကျောဖုံးမှ**

စက်မှုလုပ်ငန်းများ၊ ကုန်ထုတ်လုပ်ငန်းများနှင့် ဝန်ဆောင်မှုလုပ်ငန်းများဖွံ့ဖြိုးတိုးတက်လာစေရန် အားပေးကူညီဆောင်ရွက်ပေးလျက်ရှိသည့်အပြင် ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကို အရှိန်အဟုန်ဖြင့် အားပေးကူညီဆောင်ရွက်လျက်ရှိသဖြင့် ယနေ့အချိန်တွင် စက်ရုံ၊ အလုပ်ရုံနှင့် လုပ်ငန်းသစ်များအလျင်အမြန်တိုးတက်နေပြီဖြစ်ပါသည်။

၃။ ထိုသို့သောအခြေအနေကောင်းများရရှိနေချိန်တွင် ၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလ ၂၈ ရက်နေ့မှစ၍ ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ပိုင်းခရိုင်၊ ရွှေပြည်သာစက်မှုဇုန်နှင့် လှိုင်သာယာစက်မှုဇုန်များရှိ Red Stone အထည်ချုပ်စက်ရုံ၊ Costec အထည်ချုပ်စက်ရုံ၊ Ford Glory အထည်ချုပ်စက်ရုံ၊ E Land Myanmar အထည်ချုပ်စက်ရုံနှင့် တိုင်ရီဖိနပ်စက်ရုံတို့မှ အလုပ်သမားအချို့သည် လုပ်ခတိုး၍ရလိုမှုအတွက် သက်ဆိုင်ရာစက်ရုံကို ဝင်ထွက်မရအောင် ပိတ်ဆို့ခြင်း၊ အေးချမ်းစွာ အလုပ်ဝင်ရောက်လုပ်ကိုင်လိုသူများကို ဟန့်တားခြင်း၊ စက်ရုံပိုင်ရှင်နှင့် အုပ်ချုပ်ရေးဝန်ထမ်းများကို စက်ရုံအတွင်းပိတ်ဆို့ထားခြင်း၊ ကုန်ကြမ်းနှင့် ကုန်ချောပစ္စည်းများ အဝင်အထွက်မပြုလုပ်နိုင်ရန် စက်ရုံကိုပိတ်ဆို့ထားခြင်း၊ ပြည်ပအလုပ်ကိုယ်စားလှယ်များကို ပိတ်ဆို့ဟန့်တားခြင်း စသည့် ဥပဒေမဲ့လုပ်ရပ်များကြောင့် အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာနနှင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့တို့မှ တာဝန်ရှိသူများက ဆန္ဒပြအလုပ်သမားများနှင့် သက်ဆိုင်ရာစက်ရုံပိုင်ရှင်များကို အကြိမ်ကြိမ်တွေ့ဆုံ၍ ညှိနှိုင်းဆွေးနွေးမှုများကို ပြုလုပ်ပေးခဲ့ရာ လက်ရှိအချိန်၌ အလုပ်သမားအများစုမှာ နောက်ဆုံးညှိနှိုင်းသဘောတူညီချက်များနှင့်အညီ လုပ်ငန်းခွင်များသို့ ပြန်လည်ဝင်ရောက်နေကြပြီဖြစ်သော်လည်း အချို့သော အလုပ်သမားများမှာ E Land Myanmar အထည်ချုပ်စက်ရုံပြင်ပ၌ ဥပဒေမဲ့စုဝေးနေထိုင်ဆဲဖြစ်ကြောင်း တွေ့ရှိရပါသည်။

၄။ လက်ရှိဆန္ဒပြမှုများဖြစ်ပေါ်နေသည့်စက်ရုံများမှာ ပြည်ပရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီ နိုင်ငံခြားသားများက လာရောက်ရင်းနှီးလုပ်ကိုင်နေကြသော စက်ရုံများဖြစ်ပြီး လုပ်ငန်းမဆောင်ရွက်နိုင်သည်မှာ ရက်သတ္တ ၂ ပတ်ခန့်ရှိနေပြီဖြစ်၍ အာမခံထားသော ကုန်ထုတ်လုပ်ငန်းများအား မဆောင်ရွက်နိုင်ခြင်းကြောင့် အဆိုပါစက်ရုံများအနေဖြင့် ဝင်ငွေမရရှိတော့ခြင်း၊ ကုန်အမှာစာများပယ်ဖျက်ခံရခြင်း၊ နောက်ထပ်ကုန်အမှာစာများမရရှိတော့သဖြင့် ရှေ့ဆက်လုပ်ငန်းများဆောင်ရွက်ရန် အခက်အခဲရှိနေခြင်းနှင့် လုပ်ငန်းအမည်ပျက်စာရင်း တင်သွင်းခံရတော့မည့်အခြေအနေရှိနေခြင်းစသည့် ဆုံးရှုံးမှုများဖြစ်ပေါ်နေသကဲ့သို့ လုပ်ငန်းရပ်ဆိုင်းနေရမှုကြောင့် လုပ်ခမရကြသဖြင့် အလုပ်သမားအများစုတွင် စားဝတ်နေရေးအခက်အခဲများဖြစ်ပေါ်နေကြောင်း သိရှိရပါသည်။

၅။ အထက်ဖော်ပြပါအခြေအနေများကြောင့် နိုင်ငံခြားသားလုပ်ငန်းရှင်များအနေဖြင့် မိမိတို့၏ လုပ်ငန်းများကို ရပ်ဆိုင်းပြီး ပြည်ပသို့ပြောင်းရွှေ့လုပ်ကိုင်ရန်သာ ဆန္ဒရှိနေကြောင်း ပြောဆိုနေကြသဖြင့် ထိုသို့ဆောင်ရွက်လာပါက အဆိုပါစက်ရုံများတွင်အလုပ်လုပ်နေကြသည့် အလုပ်သမားများ အလုပ်လက်မဲ့ဖြစ်ပြီး ၎င်းတို့၏ စားဝတ်နေရေးအခက်အခဲများရှိလာမည်ဖြစ်၍ ဌာနဆိုင်ရာတာဝန်ရှိသူများက အလုပ်ရှင်များနှင့် အကျေအလည်ဆွေးနွေးပြီး လုပ်ငန်းဆက်လက်ဆောင်ရွက်နိုင်ရေးအတွက် ညှိနှိုင်းပေးထားပြီးဖြစ်ပါသည်။ အလားတူပင် လုပ်ငန်းများအေးချမ်းစွာ ဆက်လက်ဆောင်ရွက်နိုင်ရေးအတွက် အစိုးရဘက်မှ ဥပဒေနှင့်အညီ အကာအကွယ်ပေးနိုင်ရန်အတွက်လည်း အလုပ်ရှင်များက တောင်းဆိုလျက်ရှိပါသည်။

၆။ ရွှေပြည်သာစက်မှုဇုန်နှင့် လှိုင်သာယာစက်မှုဇုန်များတွင် ဖြစ်ပေါ်လျက်ရှိသော အလုပ်ရှင်နှင့် အလုပ်သမားအငြင်းပွားမှုများကို တည်ဆဲအလုပ်သမားဥပဒေများနှင့်အညီ အေးချမ်းစွာ ဖြေရှင်းခြင်းမပြုဘဲ ဥပဒေမဲ့လုပ်ရပ်များဖြင့် စက်ရုံပြင်ပတွင် ပိတ်ဆို့ဆန္ဒပြတောင်းဆိုမှုများကြောင့် မြန်မာနိုင်ငံသို့ လာရောက်ရင်းနှီးမြှုပ်နှံမှုများပြုလုပ်ရန် စီစဉ်နေကြသည့် ပြည်ပရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကို အဟန့်အတားဖြစ်သွားစေသကဲ့သို့ နိုင်ငံတော်၏ပုံရိပ်ကိုထိခိုက်ကျဆင်းစေနိုင်သည့်အပြင် လုပ်ငန်းတိုးချဲ့ဆောင်ရွက်လိုသော ပြည်တွင်းပုဂ္ဂလိကလုပ်ငန်းများအတွက်လည်း များစွာအဟန့်အတားဖြစ်စေနိုင်သဖြင့် ယင်းကဲ့သို့ဖြစ်ပေါ်လာပါက မြန်မာနိုင်ငံတွင် အလုပ်အကိုင်အခွင့်အလမ်းများတိုးမလာဘဲ လက်ရှိအခြေအနေထက်ပင် လျော့ကျသွားနိုင်မှုကြောင့် မြန်မာနိုင်ငံ၏ လုပ်သားဈေးကွက်ကိုများစွာ ထိခိုက်စေမည်ဖြစ်ပါသည်။

၇။ လက်ရှိအချိန်တွင် မြန်မာနိုင်ငံ၌ လုပ်သားဈေးကွက်ဖွံ့ဖြိုးတိုးတက်ရေးအတွက် စတင်ကြိုးပမ်း ဆောင်ရွက်နေဆဲဖြစ်သဖြင့် မြန်မာအလုပ်သမားများရရှိနေသည့် လုပ်ခလစာမှာ လုပ်သားဈေးကွက်ဖွံ့ဖြိုးပြီးဖြစ်သည့် အခြားအာဆီယံနိုင်ငံများနှင့် တန်းတူမရရှိနိုင်သေးသော်လည်း မြန်မာအလုပ်သမားများ ကျွမ်းကျင်မှုတိုးတက်လာပြီး လုပ်သားဈေးကွက်ခိုင်မာလာသည်နှင့်အမျှ မြန်မာအလုပ်သမားများအတွက် လုပ်ခလစာများ တိုးတက်ရရှိလာမည်ဖြစ်သည့်အပြင် မိမိတို့အတွက် ရွေးချယ်အလုပ်လုပ်နိုင်သည့်အခွင့်အလမ်းများလည်း ပိုမိုရရှိလာနိုင်မည်ဖြစ်ပါသည်။

၈။ မြန်မာနိုင်ငံ၏စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရန်နှင့် မြန်မာနိုင်ငံသားများအတွက် အလုပ်အကိုင်အခွင့်အလမ်းများတိုးတက်ရရှိစေရန်အတွက် နိုင်ငံတော်အစိုးရက ပြည်ပရင်းနှီးမြှုပ်နှံမှုများကိုဖိတ်ခေါ်၍ လုပ်ငန်းများဆောင်ရွက်စေလျက်ရှိရာ ဥပဒေမဲ့ဆူပူအကြမ်းဖက်တောင်းဆိုမှုများကြောင့် ပြည်ပရင်းနှီးမြှုပ်နှံမှုများရပ်ဆိုင်းပြီး စက်ရုံများပိတ်သိမ်းသွားပါက အလုပ်လက်မဲ့ဖြစ်မှုကြောင့် ဦးစွာဒုက္ခရောက်မည့်သူများမှာ အလုပ်သမားများသာဖြစ်သည့်အပြင် နိုင်ငံတော်အစိုးရအပေါ် ပြည်ပရင်းနှီးမြှုပ်နှံသူများ၏ ယုံကြည်အားထားမှုများလည်း လျော့ကျသွားနိုင်သည့်အတွက် မလိုလားအပ်သည့်ဥပဒေမဲ့ဖြစ်စဉ်များ နောက်ထပ်မဖြစ်ပေါ်စေရေးအတွက် အထူးဂရုပြုဆောင်ရွက်သွားရန် လိုအပ်ပါသည်။

၉။ သို့ပါ၍ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာနအနေဖြင့် အလုပ်ရှင်နှင့် အလုပ်သမားအငြင်းပွားမှုများကို တည်ဆဲဥပဒေများနှင့်အညီ ဆက်လက်ညှိနှိုင်းဖြေရှင်းပေးသွားမည်ဖြစ်ပြီး ဥပဒေနှင့်မညီသော အကြမ်းဖက်တောင်းဆိုမှုများ၊ ပိတ်ဆို့ဆန္ဒပြမှုများအပါအဝင် ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးကို ထိခိုက်ပျက်ပြားစေမည့် လုပ်ရပ်များနှင့် ပါဝင်ပတ်သက်သူများ၊ သွေးထိုးလှုံ့ဆော်အားပေးအားမြှောက်ပြုလုပ်သူများအား တည်ဆဲဥပဒေများနှင့်အညီ ဒေသအာဏာပိုင်အဖွဲ့အစည်းများနှင့်ပူးပေါင်း၍ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

**အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန**

## ငါးလုပ်ငန်းဆိုင်ရာ ပညာပေးပြခန်းများ ခင်းကျင်းပြသပွဲနှင့် မြန်မာ့ရေထွက်ပစ္စည်းဈေးပွဲတော်ကျင်းပမည်

**ရန်ကုန် ဖေဖော်ဝါရီ ၂၃**

တောင်သူလယ်သမားနေ့နှင့် မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်၏ နှစ်ပတ်လည်အစည်းအဝေးကို ဂုဏ်ပြုကြိုဆိုသည့်အနေဖြင့် ရန်ကုန်မြို့ အင်းစိန်မြို့နယ် အနောက်ကြို့ကုန်းရပ်ကွက် ဘုရင့်နောင်လမ်းပေါ်ရှိ မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်ရုံး၌ မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်၏ (၁၆)ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေးကို မတ် ၁ ရက်တွင်လည်းကောင်း၊ ပညာပေးပြခန်းများနှင့် ဈေးပွဲတော်ဖွင့်ပွဲကို ဖေဖော်ဝါရီ ၂၈ ရက် နံနက် ၁၁ နာရီခွဲတွင်လည်းကောင်း ကျင်းပမည်ဖြစ်ပြီး ပညာပေးပြခန်းများနှင့် ဈေးပွဲတော်ကို ဖေဖော်ဝါရီ ၂၈ ရက်မှ မတ် ၂ ရက်အထိ နံနက် ၉ နာရီမှ ည ၁၀ နာရီအထိ ကျင်းပမည်ဖြစ်ရာ မည်သူမဆို လာရောက်လေ့လာဝယ်ယူနိုင်သည်။ ဈေးပွဲတော်၌ ရေထွက်ကုန်ပစ္စည်းများဖြစ်သော ငါးမျိုးစုံ၊ ကဏန်း ပျော့၊ ပုစွန်အကင်၊ အကြော်၊ အသင့်စားသုံးနိုင်သည့် ထုတ်ကုန်များ၊ ငါးခြောက်၊ ပုစွန်ခြောက်၊ ငါးပိ၊ ငံပြာရည်များ ရောင်းချသွားမည်ဖြစ်ပြီး ဖျော်ဖြေရေးအစီအစဉ်များလည်း ထည့်သွင်းစီစဉ်ထားကြောင်း သိရသည်။

ပြခန်းများပြသပွဲ၊ ဈေးပွဲတော်တို့ဖြင့် ပူးတွဲ၍ မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်တို့၏ညှိနှိုင်းပူးပေါင်းစီစဉ်မှုဖြင့် အိမ်မွေးတိရစ္ဆာန် ပြပွဲ ပြိုင်ပွဲနှင့် အလှမွေးငါးပြပွဲပြိုင်ပွဲများကိုပါ ပူးတွဲကျင်းပမည်ဖြစ်ကြောင်း သိရသည်။ **(ကြေးမုံ)**

**ရန်ကုန်တိုင်းဒေသကြီးမှ**

ပြင်ပမှ ဆူပူလိုသူများနှင့် ပေါင်းမိပြီး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးကို ထိခိုက်ပျက်ပြားစေရန် ဦးတည်ဆောင်ရွက်လာပါသည်။ ထို့ကြောင့် တာဝန်ရှိသူများက တည်ဆဲဥပဒေနှင့် နိုင်ငံတကာလုပ်ထုံးလုပ်နည်းများနှင့်အညီ တားဆီးဆောင်ရွက်ခဲ့ရာ မလိုလားအပ်သော ထိခိုက်ဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့ပါသည်။

၃။ ယနေ့အချိန်တွင် ရန်ကုန်တိုင်းဒေသကြီး အလုပ်သမားရေးရာညှိနှိုင်းဆွေးနွေးရေးအဖွဲ့၏ ကြိုးပမ်းစွမ်းဆောင်မှုနှင့် တာဝန်ရှိအဖွဲ့အစည်းများ၏ပူးပေါင်းဆောင်ရွက်မှုများကြောင့် ရွှေပြည်သာစက်မှုဇုန်ရှိ အထည်ချုပ်စက်ရုံ(၁)ရုံမှအပ ကျန်ဆန္ဒပြစက်ရုံအားလုံး အလုပ်ရှင်၊ အလုပ်သမားများ၏ ညှိနှိုင်းပြေလည်မှုများရရှိကာ အလုပ်သမားများအနေဖြင့် လုပ်ခလစာတိုးမြှင့်ရရှိပြီး အလုပ်ရှင်များအနေဖြင့်လည်း စက်ရုံများဆက်လက်လည်ပတ်ဆောင်ရွက်နိုင်ခဲ့ပြီဖြစ်ပါသည်။

၄။ သို့ဖြစ်ပါ၍ တာဝန်ရှိသူများအနေဖြင့် ညှိနှိုင်းဆောင်ရွက်သင့်သည်များကို ဆက်လက်ညှိနှိုင်းဆောင်ရွက်သွားမည်ဖြစ်ပြီး ဥပဒေနှင့်မညီညွတ်သော အကြမ်းဖက်တောင်းဆိုဆန္ဒပြမှုများ၊ အဖျက်အမှောင့်ပြုလုပ်ပိတ်ဆို့မှုများအပါအဝင် ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးကို ထိခိုက်ပျက်ပြားစေရန် ဦးတည်ဆောင်ရွက်သူများကို တည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း ထပ်မံသတိပေးလိုက်ကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

**ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့**

**မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များအသင်း**
**MYANMAR GARMENT MANUFACTURERS ASSOCIATION**
NO.29, MIN YE KYAW SWAR STREET, LANMADAW TOWNSHIP, YANGON, MYANMAR.
☎ : 95-1-2300253,09-49287184 Fax: 95-1-214829 E-mail: garment.mgma@gmail.com

ရက်စွဲ။ ။၂၀၁၅ ခုနှစ် ဖေဖော်ဝါရီလ ၂၃ ရက်

## ဥပဒေပြင်ပ ဆန္ဒဖော်ထုတ်မှုများအတွက် မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များအသင်း၏ သဘောထားထုတ်ပြန်ချက်

(၁) မြန်မာနိုင်ငံ အထည်ချုပ်လုပ်ငန်းရှင်များအသင်းဝင် အထည်ချုပ်စက်ရုံများသည် မိမိအကျိုး၊ တိုင်းပြည်အကျိုးစီးပွားအတွက် စိတ်ရင်းမှန်ဖြင့် စီးပွားရေးသီးသန့်ကိုသာ ဆောင်ရွက်နေသောအဖွဲ့အစည်းများဖြစ်ကြပါသည်။

(၂) ၂၀၁၅ ခုနှစ် နှစ်ဆန်းပိုင်းတွင်ဖြစ်ပေါ်လျက်ရှိသော အလုပ်သမားများ၏ လုပ်ခတိုးရေးတောင်းဆိုမှုများသည် ငြိမ်းချမ်းစွာလုပ်ကိုင်လိုသော အလုပ်သမားများနှင့် လုပ်ငန်းအဖွဲ့အစည်းများ၏ အခွင့်အရေးတို့ကို ထိခိုက်စေပြီး တရားဥပဒေထက်ကျော်လွန်၍ လုပ်ဆောင်နေကြခြင်းများဖြစ်သည်ကို တွေ့မြင်နေရပါသည်။ ယင်းလုပ်ရပ်များသည် -

(က) အေးချမ်းစွာလုပ်ကိုင်လိုသော အလုပ်သမားများ၏ ဝင်ငွေကိုကျဆင်းစေပါသည်။

(ခ) လုပ်ငန်းရှင်များ၏ အကျိုးစီးပွားကို ထိခိုက်စေပါသည်။

(ဂ) အသစ်ဝင်ရောက်လာမည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများကို ဟန့်တားရာရောက်ခြင်းနှင့် အလုပ်အကိုင် အခွင့်အလမ်းများကို လျော့ကျစေပါသည်။

(ဃ) မြန်မာနိုင်ငံ၏ပုံရိပ်ကို နိုင်ငံတကာတွင် အကျည်းတန်စေပါသည်။

(၃) အလုပ်သမားရေးရာ အငြင်းပွားမှုဖြေရှင်းရေးဥပဒေ (၂၀၁၂)အရ အလုပ်ရှင်နှင့် အလုပ်သမားများသည် ညှိနှိုင်းဖျန်ဖြေမှုမပြုဘဲ အလုပ်ပိတ်ခွင့်မရှိ။ ဆန္ဒပြသပိတ်မှောက်ခွင့်မရှိ။ ပြည်နယ်/တိုင်းဒေသကြီး ခုံသမာဓိကောင်စီ၏ ဆုံးဖြတ်ချက်များကို သဘောမတူနိုင်မှသာ စက်ရုံပိတ်ခွင့်/သပိတ်မှောက်ခွင့်ကို ဥပဒေအရ တောင်းခံပြီး လုပ်ဆောင်ခွင့်ရှိသည်ဟု ပြဋ္ဌာန်းထားပါသည်။ ထိုသို့ သပိတ်မှောက်ရာတွင် သာမန်ပြည်သူ တစ်ယောက်၏ မူလအခွင့်အရေး၊ အေးချမ်းစွာလုပ်ကိုင်လိုသော အလုပ်သမားများနှင့် အလုပ်ရှင်များ အခွင့်အရေးတို့ကို ထိခိုက်ခြင်းမရှိစေရပါ။

(၄) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံအတွင်း လုပ်သားအခြေပြုအထည်ချုပ်လုပ်ငန်းတွင် ရင်းနှီးမြှုပ်နှံလုပ်ကိုင်လျက်ရှိကြသော ပြည်တွင်း/ပြည်ပလုပ်ငန်းရှင်များသည် လတ်တလောဖြစ်ပေါ်ခဲ့သော ဖြစ်ပေါ်လျက်ရှိသော အလုပ်သမားများ၏ ဥပဒေထက်ကိုကျော်လွန်၍ ဆန္ဒဖော်ထုတ်မှုများနှင့် လုပ်ရပ်များဖြစ်သည့် ပြည်တွင်း/ပြည်ပလုပ်ငန်းရှင်များ၊ လုပ်ငန်းတာဝန်ခံများ၊ အထည်ဝယ်ယူသူများ၏ ကိုယ်စားလှယ်များအား စက်ရုံအတွင်း ပိတ်ဆို့တားဆီးခြင်း၊ Container ယာဉ်များ ဝင်/ထွက်မှုကို ပိတ်ဆို့တားဆီးနေခြင်း စသည့်အပြုအမူများကို လုံးဝလက်မခံနိုင်ပါ။ ဤလုပ်ရပ်များသည် အပြည်ပြည်ဆိုင်ရာကျင့်သုံးမှုများ၊ တည်ဆဲတရားဥပဒေများနှင့်လည်း ဆန့်ကျင်နေသည့်အတွက် တရားဥပဒေအရ ကာကွယ်စောင့်ရှောက်မှု လိုအပ်ပါသည်။

(၅) အလုပ်ရှင်များဘက်မှ လိုက်လျောနိုင်စွမ်းမရှိသော ဝင်ငွေ၊ ထွက်ငွေ မမျှတနိုင်သော လုပ်ခပိုမိုတောင်းဆိုမှုများ ဖြစ်ပေါ်လာပါက အလုပ်ရှင်များဘက်မှ မလိုက်လျောနိုင်သည့်အချိန်တွင် အလုပ်သမားများက မိမိလုပ်ခ ပိုမိုရရှိသောလုပ်ငန်းသို့ လွတ်လပ်စွာပြောင်းရွှေ့လုပ်ကိုင်နိုင်ခွင့်ရှိပါသည်။ ယင်းသို့ ပြောင်းရွှေ့လုပ်ကိုင်ခြင်းကို အလုပ်ရှင်မှ တားဆီးပိတ်ပင်ခြင်းမရှိစေရပါ။ အလုပ်ရှင်ဘက်မှ ဥပဒေဘောင်အတွင်းမှသာ တာဝန်ယူလုပ်ဆောင်ပေးမည်ဖြစ်ပြီး ညှိနှိုင်းမရသော လုပ်ခတောင်းဆိုမှုများကြောင့် ဆန္ဒပြမှုကြာမြင့်ပြီး လုပ်ငန်းရပ်စဲရပါက အလုပ်သမားများအတွက် နစ်နာကြေးပေးရန် အလုပ်ရှင်များတွင် တာဝန်မရှိပါ။

(၆) အကျိုးဖြစ်ထွန်းပြီး အောင်မြင်သော စီးပွားရေးလုပ်ငန်းတစ်ခုဖြစ်ပေါ်လာစေရေးအတွက် ကုန်ထုတ်စွမ်းအားတိုးတက်ရေး၊ ဈေးကွက်ခိုင်မာစွာ ရရှိရေး၊ လုပ်ငန်းခွင်ဖွံ့ဖြိုးမှု ဆက်ဆံရေး (Industrial Relation)တို့ကို အလုပ်သမားများ၊ အလုပ်သမားအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်သွားပါမည်။

**မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များအသင်း**

## ပေါင်မြို့နယ်၌ ဝက်သက်နှင့် ဂျိုက်သိုးရောဂါ ဆေးအစုလိုက် ထိုးနှံ

**ပေါင် ဖေဖော်ဝါရီ ၂၃။** မွန်ပြည်နယ် ပေါင်မြို့နယ်၌ ဝက်သက်နှင့်ဂျိုက်သိုးရောဂါ ကာကွယ်ရေးအစုလိုက်ထိုးနှံခြင်းကို ဖေဖော်ဝါရီ ၂၀ ရက်က ကဒုံစီးရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးတွင် ထိုးနှံပေးခဲ့သည်။

ဆေးထိုးနှံခြင်းလုပ်ငန်းကို ကျောင်းအခြေပြုဖြင့် ၂၀၁၅ ခုနှစ် ဇန်နဝါရီ ၁၉ ရက်မှ ၂၇ ရက်အထိလည်းကောင်း၊ ဖေဖော်ဝါရီ ၁၉ ရက်မှ ၂၈ ရက်အထိ အသက် (၉) လမှ (၅)နှစ်ကလေးများနှင့် ပထမအကြိမ်တွင် ထိုးရန်ကျန်သည့် ကလေးများအား ထိုးနှံပေးမည်ဖြစ်ကြောင်းသိရသည်။ **မြို့နယ် (ပြန်/ဆက်)**

# စုပေါင်းညီညာခြင်းသည် ချမ်းသာအောင်မြင်စေ၏

ခင်ချိုဝင်း

တစ်ခေတ်တစ်ခါက ရန်ကုန်တက္ကသိုလ်၏ အားကစားလှုပ်ရှားမှုနယ်ပယ်သည် အပျော်တမ်းအဆင့်မှသည် နိုင်ငံတကာ ပရော်ဖက်ရှင်နယ်အဆင့်အထိ တက်လှမ်းနိုင်ခဲ့ဖူးပေသည်။ တက္ကသိုလ်အားကစားလူချွန်လူမွန်များမှသည် နိုင်ငံကိုယ်စားပြု နိုင်ငံ့ဂုဏ်ဆောင်လက်ရွေးစင် အားကစားသမားများအထိ တက်လှမ်းနိုင်ခဲ့ကြသည်။

သို့ဖြစ်၍ ပစ္စုပ္ပန်နိုင်ငံတော်အစိုးရသည် တက္ကသိုလ်များ၏ ပညာရေးအဆင့်အတန်း ဘက်စုံတိုးတက်မြင့်မားစေရန် အားသွန်ခွန်စိုက်ကြိုးပမ်းဆောင်ရွက်လျက်ရှိသကဲ့သို့ တစ်ခေတ်တစ်ခါက အစဉ်အလာကြီးမားခဲ့သောတက္ကသိုလ်များ၏ အားကစားလှုပ်ရှားမှုများ ပြန်လည်နိုးထအသက်ဝင်လာစေရန် အတွက်လည်း အထူးအားပေးလျက်ရှိသည်။

အောင်မြင်ထင်ရှားကျော်ကြားခဲ့သည့် အားကစားနည်းများအနက် ရန်ကုန်တက္ကသိုလ် လှေလှော်အားကစားနည်းသည်လည်း အပါအဝင်ဖြစ်သည်။ အတိတ်က အာရှနှင့်အရှေ့တောင်အာရှတွင် ဂုဏ်ဒြပ်ထည်ဝါခဲ့သည့် ရန်ကုန်တက္ကသိုလ်ကြီးကို ၁၉၂၀ ခုနှစ်တွင် တည်ထောင်ခဲ့ပြီး မရှေးမနှောင်း ၁၉၂၃ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်လှေလှော်အသင်းကို တည်ထောင်ခဲ့ခြင်းဖြစ်ရာ ယခုဆိုလျှင်နှစ်ပေါင်း ၉၂ နှစ် တိုင်ခဲ့ပြီဖြစ်၍ သက်တမ်းအစဉ်အလာ ကြီးမားခဲ့သော အားကစားအသင်းတစ်ခုဟု ဆိုပါက မှားနိုင်မည်မဟုတ်ပေ။

အသင်းစတင် တည်ထောင်ခဲ့သူမှာ ရန်ကုန်တက္ကသိုလ်ဥပဒေပါမောက္ခ Sir Arthur Eggar ဖြစ်သည်။ Sir Arthur Eggar ပါမောက္ခရာထူးမှ အငြိမ်းစားယူပြီးနောက် ရန်ကုန်တက္ကသိုလ်လှေလှော်အသင်းဥက္ကဋ္ဌအဖြစ်ဆက်လက်ဆောင်ရွက်ခဲ့သည်။

Sir Arthur Eggar ကွယ်လွန်ပြီးနောက် ဗိုလ်မှူးချုပ်သန်းဖေ၊ ဦးတင်၊ ဦးထွန်းသောင်း၊ ပါမောက္ခဝီလျံပေါ၊ ပါမောက္ခဒေါက်တာသန်းညွန့်၊ ပါမောက္ခဦးဟန်တင်၊ ပါမောက္ခဒေါက်တာကံဇော်၊ ပါမောက္ခဒေါက်တာဒေါ်ခင်စန်းရီ၊ ပါမောက္ခဒေါက်တာစန်းလွင်၊ ပါမောက္ခဒေါက်တာဒေါ်ခင်နိုင်ဦး တို့က အသင်း၏ ဥက္ကဋ္ဌများအဖြစ် အသီးသီး ဆက်လက်ဆောင်ရွက်ခဲ့ကြသည်။ သို့ဖြစ်၍ ရန်ကုန်တက္ကသိုလ်လှေလှော်အသင်းသည် အစဉ်အလာကြီးမားခဲ့ပြီး အသင်းသားဟောင်းကြီးများ၊ တက္ကသိုလ်ပါမောက္ခများနှင့် ပါမောက္ခချုပ်များက ဦးဆောင်ခဲ့ကြသည်ကို တွေ့ရသည်။

လှေလှော် အားကစားသည် တစ်ဦးချင်း၊ တစ်ယောက်ချင်း ယှဉ်ပြိုင်မှုမဟုတ်ဘဲ စုပေါင်းယှဉ်ပြိုင်မှုဖြစ်သည်။ စုပေါင်းညီညာမှုသည် လှေလှော်ပြိုင်ရာတွင် သာမက ဘဝအောင်မြင်မှုကိုပါ ဖော်ဆောင်ပေးနိုင်သော အလေ့အကျင့်ကောင်းတစ်ရပ်ဖြစ်သည်။ ရန်ကုန်တက္ကသိုလ်၏ ဆောင်ပုဒ်ဖြစ်သည့် "သမဂ္ဂနံ၊ တပေါ၊ သုခေါ" (စုပေါင်းညီညာခြင်းသည် အရာရာတွင် ချမ်းသာအောင်မြင်စေ၏) ကို တက္ကသိုလ်ကျောင်းသားအားလုံးအတွက် ရယူသိမြင်အပ်သည့် အလေ့အကျင့်ကောင်း တစ်ရပ်ဖြစ်သည်။

ရန်ကုန်တက္ကသိုလ်များလှေလှော်အသင်းက ကြီးမှူး၍ ၂၀၁၄-၂၀၁၅ ပညာသင်နှစ်အတွက် ရန်ကုန်တက္ကသိုလ်များ၊ ဒီဂရီ၊ ကောလိပ်ပေါင်းစုံ လှေလှော်ပြိုင်ပွဲကို ယခု ဖေဖော်ဝါရီ ၂၅ ရက်မှ ၂၇ ရက်အထိ ရန်ကုန်မြို့ အင်းလျားကန်ရှိ ရန်ကုန်တက္ကသိုလ် လှေလှော်အသင်း၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ ယင်းပြိုင်ပွဲနှင့်စပ်လျဉ်း၍ သင်တန်းနည်းပြနှင့် ပြိုင်ပွဲဝင်ရန်လေ့ကျင့်နေသည့် ကျောင်းသားကျောင်းသူအချို့တို့အား တွေ့ဆုံမေးမြန်းဖြစ်ခဲ့သည်။



ဦးနေဇော်အောင်(သင်တန်းဆရာ၊ ရန်ကုန်တက္ကသိုလ်များ လှေလှော်အသင်း)



မောင်စိုးမင်းအောင် (နောက်ဆုံးနှစ်၊ ရူပဗေဒ)



မဖူးဖူးမြတ်ချယ် (ဒုတိယနှစ်၊ ရန်ကုန်စီးပွားရေးတက္ကသိုလ်)



မလှဝင်းနွယ် (နောက်ဆုံးနှစ်၊ ရန်ကုန်စီးပွားရေးတက္ကသိုလ်)

**မလှဝင်းနွယ်(နောက်ဆုံးနှစ်၊ ရန်ကုန်စီးပွားရေးတက္ကသိုလ်)**

အားကစားထဲမှာ သမီးက လှေလှော်တာကိုပဲကစားပါတယ်။ ဒီအားကစားနည်းက အပြင်မှာလည်း ကစားလို့ မရဘူး။ ကျောင်းတတ်တုန်းမှာပဲကစားလို့ရတဲ့အတွက် လှေလှော်အားကစားကိုပဲ ကစားတာပါ။ တက္ကသိုလ်ပေါင်းစုံ လှေလှော်ပြိုင်ပွဲမှာ ရန်ကုန်စီးပွားရေးတက္ကသိုလ်ကိုယ်စားပြုအနေနဲ့ အမျိုးသမီးနှစ်ယောက် လှေလှော်ပြိုင်ပွဲမှာ ယှဉ်ပြိုင်သွားမှာပါ။ မျှော်မှန်းထားတာက ပထမဆုပါ။

**ဦးနေဇော်အောင် (သင်တန်းဆရာ၊ ရန်ကုန်တက္ကသိုလ်များ လှေလှော်အသင်း)**

ပြိုင်ပွဲကတော့ နှစ်စဉ်ကျင်းပတယ်။ ဒီကြားထဲမှာ အကြောင်းအမျိုးမျိုးကြောင့် မကျင်းပတာတွေလည်း ရှိတယ်။ အဲဒီအတွက် ပညာရေး၊ စီးပွားရေး၊ ရန်ကုန်တက္ကသိုလ်၊ ရန်ကုန်နိုင်ငံခြားဘာသာ၊ ဒဂုံ၊ အနောက်ပိုင်း၊ အရှေ့ပိုင်းတက္ကသိုလ်စတဲ့ ကျောင်းပေါင်းစုံက ကလေးတွေပါမယ်။ လှေလှော်တာက အနောက်တိုင်းလှေ၊ ရိုးရာလှေတို့ကို ထည့်ထားပါတယ်။

ပြိုင်ပွဲအတွက် လွန်ခဲ့တဲ့ နှစ်လခွဲကတည်းက ပြင်ဆင်ခဲ့တယ်။ မနက် ၆ နာရီကနေ ညနေ ၆ နာရီထိ အချိန်ပြည့်ပြင်ဆင်တယ်။ ဒီမှာက ကျောင်းသားကို ကျောင်းသားကပြန်သင်တယ်။ အရင်နှစ်က သင်ခဲ့တဲ့ Senior က Junior တွေကို သင်ပေးပါတယ်။ အကုန်လုံးကလည်း ကျောင်းသားတွေဆိုတော့ စာသင်ချိန်လွတ်တဲ့ အချိန်တွေညှိပြီး သင်ပေးကြတာ။

ပုံမှန်အသင်းဝင်ချင်တဲ့ ကျောင်းသား ကျောင်းသူတွေဆိုရင်တော့ အားကစားဌာနကနေ ဒီကျောင်းရဲ့ ကျောင်းသားပါဆိုပြီး ထောက်ခံချက်၊ ဓာတ်ပုံနှစ်ပုံ၊ တစ်နှစ်လုံးအတွက် အသင်းဝင်ကြေး ငွေကျပ် ၅၀၀၀ အဲဒါပဲလိုပါတယ်။

ဟိုဘက်မှာ မြန်မာနိုင်ငံ လှေလှော်အဖွဲ့ချုပ်ထောင်ထားတာက ကိုးနှစ်ရှိပါပြီ။ ကျွန်တော်တို့ ရန်ကုန်တက္ကသိုလ်များလှေလှော်အသင်းက နှစ်(၉၀) ကျော်ရှိခဲ့ပြီပေါ့။ Founding Father လို့လည်းပြောလို့ရတယ်။ ဒီကလက်ရည်တက်တဲ့ကလေးတွေကို ဟိုဘက်အဖွဲ့ချုပ်ကို ကျင့်ပေးပါလို့ တောင်းဆိုပြီးပို့တယ်။ ဟိုဘက်ကလည်း စည်းမျဉ်းစည်းကမ်းနဲ့ လေ့ကျင့်ပေးတယ်။ နိုင်ငံခြားတက္ကသိုလ်ပြိုင်ပွဲတွေကလည်း ဖိတ်တယ်။ ကျောင်းသားတွေ စိတ်ဝင်စားအောင် ကျောင်းအားကစားဌာနတွေကနေ ရန်ကုန်တိုင်းဒေသကြီးမှာရှိတဲ့ သူနာပြုတက္ကသိုလ်၊ ဆေး၊ ဂျီတီအိုင်၊ နည်းပညာတက္ကသိုလ် ကျောင်းတိုင်းလာပြိုင်လို့ရပါတယ်။

ကျောင်းသား ကျောင်းသူတွေ လာသင်လို့ရတယ်။ ဘာမှမလိုဘူး။ ကြိုက်တဲ့အချိန်လာခဲ့။ နံနက် ၆ နာရီက ညနေ ၆ နာရီထိ Senior တွေက အကုန်လုံးသင်ပေးတယ်။ မိဘတွေကလည်း စိတ်မပူပါနဲ့ အသက်ကယ်အင်္ကျီတွေ၊ လှေတွေ၊ လုံခြုံရေးတွေ အဆင်သင့်ရှိပါတယ်။ ကလေးတွေ လှေပေါ်မတက်ခင် ကိုယ်လက်ကြံ့ခိုင်ရေးတွေ လုပ်ကြတယ်။ လှေလှော်နည်းစနစ်တွေလည်း သင်ပေးတယ်။ တစ်ပတ်လောက်နဲ့တတ်သွားကြတယ်။ ဒါပေမယ့် ပရော်ဖက်ရှင်နယ်ဖြစ်ဖို့အတွက် ကတော့သုံးလလောက် လေ့ကျင့်ရမယ်။

၂၀၁၀ တုန်းက နိုင်ငံတကာ တက္ကသိုလ်တွေနဲ့ ပြိုင်ခဲ့ဖူးတယ်။ သုံးနှစ်လောက် နားသွားပြီးတော့ မနှစ်ကစပြီး ပြန်ပြိုင်ခဲ့တယ်။ ဒီနှစ်လည်းပြိုင်ဖို့ရှိတယ်။ အာဆီယံတက္ကသိုလ်များပြိုင်ပွဲမှာ လှေလှော်အားကစားနည်း ထည့်မယ်ဆိုရင် ကျွန်တော်တို့ကလည်းပြိုင်ဖို့ အသင့်ရှိကြပါတယ်။ လှေလှော်အသင်းက အစဉ်အလာ ကြီးမားခဲ့ပါတယ်။ မြန်မာပြည်ရဲ့ ရာထူးကြီးကြီးမားမားတွေက ဒီလှေလှော်အသင်းသားတွေပဲ။

**မဖူးဖူးမြတ်ချယ်(ဒုတိယနှစ်၊ ရန်ကုန်စီးပွားရေးတက္ကသိုလ်)**

လှေလှော်တာကို စိတ်ဝင်စားလို့ သွားပါတယ်။ ဒီကိုရောက်တော့ လှေလှော်တာကို အရမ်းဝါသနာပါလာပြီး ဆက်ပြီးသင်ဖြစ်သွားတာပါ။ စပြီးသင်တုန်းက နည်းနည်းတော့ ရင်တုန်တယ်။ ကြောက်တယ်။ နောက်ပိုင်းကျတော့ ကိုယ့်ကိုယ်ကိုယ်ယုံကြည်မှုတွေရှိလာတယ်။ စသင်တော့ လေးယောက်လှော်နဲ့သင်တာ။ ကြိုးစားနေတယ်။ ဖြစ်ချင်တာကတော့ မြန်မာနိုင်ငံလက်ရွေးစင်တွေ ဘာတွေဖြစ်ချင်ပါတယ်။ အခုတက္ကသိုလ်ပေါင်းစုံ လှေလှော်ပြိုင်ပွဲမှာတော့ တစ်ခုခုတော့ဝင်ပြိုင်မယ်။ ဆုအတွက် မှန်းတယ်လို့တော့မရှိဘူး။ အကောင်းဆုံးတော့ယှဉ်ပြိုင်မယ်။

**မောင်စိုးမင်းအောင် (နောက်ဆုံးနှစ်၊ ရူပဗေဒ)**

၂၀၁၄ ခုနှစ် စက်တင်ဘာလတုန်းက မလေးရှားမှာကျင်းပတဲ့ အားကစားပြိုင်ပွဲမှာ သွားပြိုင်ဖူးတယ်။ တခြားနိုင်ငံက ကျောင်းသားတွေက လှေနဲ့အရမ်းကျွမ်းဝင်တယ်။ ကျွန်တော်တို့ဆီမှာကျတော့ လှေရဲ့အားနည်းချက်တွေရှိတယ်။ နိုင်ငံတကာကလှေက အရမ်းကောင်းတယ်။ ကျွန်တော်တို့ လှေကအားနည်းချက်တွေရှိတယ်။ ဒါပေမဲ့ နည်းတွေ၊ သင်ကြားမှုတွေက သိပ်မကွာပါဘူး။ ကိုယ် ကြိုးစားပြီးလုပ်ခဲ့တယ်။ ဆုမရခဲ့တာကတော့ လှေကြောင့်ရယ်၊ ပထမဦးဆုံးပွဲအတွေ့အကြုံလည်း ဖြစ်တဲ့အတွက် နည်းနည်းစိတ်လှုပ်ရှားမှုတော့ ဖြစ်ခဲ့တယ်။ ဒီအားကစားနည်းက စည်းလုံးညီညွတ်မှုလည်းရှိတယ်။ လှေလှော်အားကစားကို ရွေးချယ်လေ့ကျင့်ခဲ့တာ။ ကျောင်းလက်ရွေးစင် ရေကူးပြိုင်ပွဲတွေမှာလည်းပြိုင်တယ်။ မနှစ်ကလည်း ဒီကလက်ရွေးစင်အနေနဲ့ နိုင်ငံတကာ ပွဲယှဉ်ပြိုင်ခဲ့တယ်။ ကျောင်းသားတစ်ယောက်အနေနဲ့ နိုင်ငံတကာပွဲတွေမှာ ဆုတံဆိပ်တွေ အများကြီးရအောင်လို့ ရည်မှန်းထားတယ်။ ဒီအားကစားက စည်းလုံးညီညွတ်တဲ့အတွက် သူငယ်ချင်းတွေ တစ်သွေးတည်း တစ်သားတည်း ဖြစ်တယ်။ တက်ညီလက်ညီဆိုတဲ့အတိုင်း စည်းလုံးညီညွတ်မှုရတယ်လို့ ခံစားရတယ်။ လာမယ့် တက္ကသိုလ်များပြိုင်ပွဲမှာ ၂ ယောက်လှော်နဲ့ လှေလှော်ဝင်ပြိုင်ဖို့ရှိပါတယ်။

**ကောင်းမြတ်သော အလေ့အကျင့်**

လှေလှော် အားကစားခြင်းသည် ပူးပေါင်းဆောင်ရွက်ခြင်း၊ ညီညွတ်ခြင်း၊ စည်းကမ်းရှိခြင်း၊ အပင်ပန်းခံနိုင်ခြင်း၊ ဇွဲလုံ့လရှိခြင်း၊ ကြိုတင်လေ့ကျင့်ခြင်း၊ ယှဉ်ပြိုင်ဘက်များအားလေးစားခြင်း၊ သဘာဝပတ်ဝန်းကျင်ကိုလေးစားခြင်း၊ လှေ၊ လှော်တက် အစရှိသော ပစ္စည်းကိရိယာများအပေါ် အရည်အသွေးထိန်းသိမ်းခြင်းစသည့် ကောင်းမြတ်သော အလေ့အကျင့်များကို ဖော်ဆောင်ပေးသည့် အားကစားတစ်ရပ်ဖြစ်သည်။

သို့ဖြစ်ရာ တက္ကသိုလ်များ အသီးသီးမှ ပြိုင်ပွဲဝင်ကျောင်းသားကျောင်းသူများသည် လာမည့် ဖေဖော်ဝါရီ ၂၅ ရက်တွင် ကျင်းပမည့် ရန်ကုန်တက္ကသိုလ်များ၊ ဒီဂရီ၊ ကောလိပ်ပေါင်းစုံ လှေလှော်ပြိုင်ပွဲကြီးမှသည် လှေလှော်အားကစားခြင်း၏ အကျိုးကျေးဇူးများကို အတိုင်းမသိ ခံစားကြရမည်ကား မလွဲမသွေပင်ဖြစ်ပါသည်။ ထိုမှတစ်ဆင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး၊ တည်ဆောက်ရေးလုပ်ငန်းများတွင် ကျရာအခန်းကဏ္ဍမှ "လှေခွက်ချည်းကျန် အလံမလှဲ" ဟူသော စိတ်ဓာတ်ကောင်းများဖြင့် ဆောင်ရွက်နိုင်မည်မှာ မလွဲဧကန်ဖြစ်ပါသည်။



လှေလှော်အားကစားသမားများ လေ့ကျင့်နေစဉ်။

## ပြည်တွင်းရေးရာ




ဧရာဝတီတိုင်းဒေသကြီး ငါးသိုင်းချောင်းမြို့နယ် ပန်းပုကွင်းကျေးရွာ နဂါးရစ်တောင် ဓမ္မပါလတောရကျောင်း၌ သီတင်းသုံးလျက်ရှိသော နဂါးရစ်တောင်ဆရာတော် ဦးဝိသုဒ္ဓနှင့် တပည့်သားသမီးများက ဇီဝိတဒါန သံဃာ့ဆေးရုံကြီး (ရန်ကုန်)သို့ ထာဝရဆေးပဒေသာပင် အလှူငွေ ကျပ်သိန်း ၇၀ လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ(၂) ဦးဝင်းလွင် လက်ခံယူစဉ်။ (ကြေးမုံ)

# တပ်မတော်ရဟတ်ယာဉ်ဖြင့် ကုန်းကြမ်းမြို့ရှိ တပ်မတော်သား မိသားစုဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဒေသခံပြည်သူများအတွက် သွားရောက်ထောက်ပံ့၊ ဂျပန်နိုင်ငံသား နှစ်ဦးအား လားရှိုးမြို့သို့ ပို့ဆောင်ပေး

**နေပြည်တော် ဖေဖော်ဝါရီ ၂၃**

လောက်ကိုင်ဒေသ ကုန်းကြမ်းမြို့ရှိ တပ်မတော်စစ်ကြောင်းများ၊ နယ်မြေခံ တပ်ရင်းဌာနချုပ်ရှိ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ တိုက်ပွဲရှောင်ဌာနဆိုင်ရာ ဝန်ထမ်းများနှင့် ဒေသခံပြည်သူများ စားသုံးရန်အတွက် အစားအစာ၊ ဆေးဝါးနှင့် လိုအပ်သော အခြားအသုံးအဆောင်ပစ္စည်းများအား ယနေ့နံနက်ပိုင်းတွင် တပ်မတော်ရဟတ်ယာဉ်ဖြင့် ပို့ဆောင်ပေးခဲ့သည်။



ထို့အပြင် ရှမ်းပြည်နယ်မြောက်ပိုင်းတွင် ဘိန်းစိုက်ခင်းများ ချေမှုန်းဖျက်ဆီးရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းအတွက် ရှမ်းပြည်နယ် ကုန်းကြမ်းဒေသ၌ တာဝန်ထမ်းဆောင်နေသော ဂျပန်နိုင်ငံ အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီ (JICA) မှ Dr.Minoru Yashida နှင့် Mr. Akio Takahashi တို့သည် တိုက်ပွဲများအတွင်းပိတ်မိနေ၍ နယ်မြေခံ တပ်ရင်း ဌာနချုပ်သို့ ရွှေ့ပြောင်းကယ်ဆယ်ထားရှိခဲ့သည်။

ယနေ့တွင် အဆိုပါ နိုင်ငံခြားသား နှစ်ဦးအား ကုန်းကြမ်းမြို့မှ လားရှိုးမြို့သို့ တပ်မတော်ရဟတ်ယာဉ်ဖြင့် ခေါ်ဆောင်လာကာ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်စိုးက အရှေ့မြောက်တိုင်းစစ်ဌာနချုပ် ဧည့်ခန်းမ၌တွေ့ဆုံ၍ နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် ဌာနဆိုင်ရာအဖွဲ့များသို့ စနစ်တကျလွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။ **(မြဝတီ)**

# နိုင်ငံတော်ကာကွယ်ရေးတာဝန်များကို သက်စွန့်ကြိုးပမ်းထမ်းရွက်နေသော တပ်မတော်သားများအား အလှူငွေပေးအပ်လှူဒါန်းပွဲကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၂၃**

နိုင်ငံတော်ကာကွယ်ရေးတာဝန်များကို သက်စွန့်ကြိုးပမ်းထမ်းရွက်နေကြသော တပ်မတော်သားများအား ဂုဏ်ပြုသောအားဖြင့် အလှူငွေပေးအပ်လှူဒါန်းပွဲကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းစစ်ဌာနချုပ် အနော်ရထာခန်းမ၌ကျင်းပရာ ရဲဘော်သုံးကျိပ်ဝင်များ၏မိသားစုများ၊ ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်ကြူ၊ တိုင်းမှူး ဗိုလ်ချုပ်ထွန်းထွန်းနောင်၊ တိုင်းစစ်ဌာနချုပ်မှ တပ်မတော်အရာရှိကြီးများ၊ တပ်ရင်း၊ တပ်ဖွဲ့မှူးများ၊ စေတနာရှင်အလှူရှင်များနှင့် အရာရှိ၊ စစ်သည်မိသားစုများ တက်ရောက်ကြသည်။

ရှေးဦးစွာ ရဲဘော်သုံးကျိပ်ဝင်မိသားစုများ၊ ပြည်ထောင်စုဝန်ကြီးနှင့် စေတနာရှင်များက စုစုပေါင်းအလှူငွေကျပ် ၂၂၀၇၅၁၂၀၀ နှင့် အမေရိကန်ဒေါ်လာ ၂၅၀၀၊ စင်ကာပူဒေါ်လာ ၃၀၀၊ ထိုင်းဘတ်ငွေ ၁၀၀၀ နှင့် တန်ဖိုးငွေကျပ် ၅၅၉၁၉၂၀ ရှိသော ထောက်ပံ့ပစ္စည်းများ အသီးသီးပေးအပ်လှူဒါန်းရာ တိုင်းမှူးကလက်ခံရယူပြီး အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်ကြူက လှူဒါန်းရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး တိုင်းမှူးက ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။

နိုင်ငံတော်ကာကွယ်ရေးတာဝန်များကို သက်စွန့်ကြိုးပမ်းထမ်းရွက်နေကြသော တပ်မတော်သားများအား ဂုဏ်ပြုသောအားဖြင့် စေတနာရှင်အလှူရှင်များက ဖေဖော်ဝါရီ ၁၄ ရက်မှစ၍ ရန်ကုန်တိုင်းစစ်ဌာနချုပ်သို့ အလှူငွေများပေးအပ်လှူဒါန်းလျက်ရှိရာ ယနေ့အထိ လှူဒါန်းပြီး ငွေကျပ် ၇၅၄၆၅၅၇၀၀၊ အမေရိကန်ဒေါ်လာ ၅၀၀၁ ဒေါ်လာ၊ စင်ကာပူဒေါ်လာ ၃၀၀၊ ထိုင်းဘတ်ငွေ ၁၀၀၀၊ ပစ္စည်းတန်ဖိုးငွေကျပ် ၁၇၁၈၉၁၂၀ ရှိသော ထောက်ပံ့ပစ္စည်းများ ဖြစ်ကြောင်း သိရသည်။

**(မြဝတီ)**

# လားရှိုးမြို့ အညတရစစ်သည်ဗိမာန်၌ လောက်ကိုင်ဒေသတိုက်ပွဲများတွင် နိုင်ငံတော်ကာကွယ်ရေးတာဝန်များကို သက်စွန့်ကြိုးပမ်းဆောင်ရွက်ခဲ့ကြသော အရာရှိ၊ စစ်သည်များ၏ အရိုးပြာအိုးများအား ဂူသွင်းသင်္ဂြိုဟ်သည့် စစ်အခမ်းအနားကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၂၃**

လောက်ကိုင်ဒေသတိုက်ပွဲများတွင် နိုင်ငံတော်ကာကွယ်ရေးတာဝန်များကို သက်စွန့်ကြိုးပမ်းဆောင်ရွက်ခဲ့ကြသော အရာရှိ၊ စစ်သည်များ၏ အရိုးပြာအိုးများအား ဂူသွင်းသင်္ဂြိုဟ်သည့် စစ်အခမ်းအနားကို ယနေ့မွန်းလွဲ ၁ နာရီတွင် လားရှိုးမြို့ အညတရစစ်သည်ဗိမာန်၌ ကျင်းပရာ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး အောင်သန်းထွဋ်၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်စိုး၊ တိုင်းစစ်ဌာနချုပ်မှ တပ်မတော်အရာရှိကြီးများ၊ တပ်ရင်း/တပ်ဖွဲ့မှူးများ၊ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။



ရှေးဦးစွာ ဂုဏ်ပြုတပ်ဖွဲ့ဝင်များက စစ်အခမ်းအနားဖြင့် အလေးပြုကြပြီး စစ်ခရာအဖွဲ့မှ ကျဆုံးရဲဘော်အလေးပြုခရာမှုတ်၍ အလေးပြုကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး အောင်သန်းထွဋ်၊ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက လောက်ကိုင်ဒေသ တိုက်ပွဲများတွင် နိုင်ငံတော်ကာကွယ်ရေးတာဝန်များကို သက်စွန့်ကြိုးပမ်းဆောင်ရွက်ခဲ့ကြသော အရာရှိ၊ စစ်သည်များ၏ အထိမ်းအမှတ် အညတရစစ်သည်ဗိမာန်၌ လွမ်းသူ့ပန်းခွေချအလေးပြုကြပြီး ကျဆုံးသွားသော အရာရှိ၊ စစ်သည်များ၏ အရိုးပြာအိုးများအား ဂူသွင်းသင်္ဂြိုဟ်ခဲ့ကြကြောင်း သိရသည်။ **(မြဝတီ)**

# တိုက်ပွဲရှောင်ပြည်သူများ လောက်ကိုင်မြို့အတွင်းသို့ ပြန်လည်ဝင်ရောက်အခြေပြုနေထိုင်

**နေပြည်တော် ဖေဖော်ဝါရီ ၂၃**

လောက်ကိုင်ဒေသတွင် ဖေဖော်ဝါရီ ၉ ရက်မှစ၍ တပ်မတော်စစ်ကြောင်းများနှင့် ကိုးကန့်သောင်းကျန်းသူအဖွဲ့များ တိုက်ပွဲများဖြစ်ပွားခဲ့သဖြင့် လောက်ကိုင်မြို့နှင့် ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူများသည် တစ်ဖက်နိုင်ငံနယ်စပ်နှင့် လားရှိုးမြို့များသို့ တိမ်းရှောင်ရွှေ့ပြောင်းခဲ့ကြသည်။

ယခုအခါ တပ်မတော်စစ်ကြောင်းများ၏ နယ်မြေရှင်းလင်းဆောင်ရွက်မှုများကြောင့် လောက်ကိုင်မြို့အတွင်း တစ်စတစ်စတည်ငြိမ်အေးချမ်းစပြုလာပြီဖြစ်သဖြင့် တစ်ဖက်နိုင်ငံနယ်စပ်သို့ ရွှေ့ပြောင်းနေထိုင်ခဲ့ကြသည့် တိုက်ပွဲရှောင်ပြည်သူများသည် လောက်ကိုင်မြို့သို့ ပြန်လည်ပြောင်းရွှေ့နေထိုင်လျက်ရှိရာ ဖေဖော်ဝါရီ ၂၂ ရက်မှ ယနေ့အထိ အိမ်ထောင်စု ၁၅၅ စု၊ လူဦးရေ ၅၃၉ ဦးနှင့် ရွှေ့ပြောင်းလုပ်သား ၂၅၇ ဦး စုစုပေါင်း ၇၉၆ ဦးတို့သည် လောက်ကိုင်မြို့အတွင်းသို့ ပြန်လည်ဝင်ရောက်အခြေပြုနေထိုင်လျက်ရှိကြောင်း သိရသည်။

**(မြဝတီ)**

Since 1996
(၅တန်း မှ ၁၀တန်း)
ဆရာဝန်များ ဦးစီးသည့်
စံပြဘော်ဒါနှင့်ကိုယ်ပိုင်အထက်တန်းကျောင်း
၂၀၁၃-၂၀၁၄ တက္ကသိုလ်ဝင်တန်း အောင်ချက် (၉၀.၄၇%)
မိမိတို့ဆရာဝန်ဖြစ်ရန် လေ့ကျင့်ခဲ့သည့်ပုံစံအတိုင်း ပုံနှိပ် GCE မေးခွန်းဟောင်းများဖြင့် (၁)နှစ်လုံး ထိထိရောက်ရောက် လေ့ကျင့်ပေးသည်။ စာရိတ္တ၊ စည်းကမ်းကောင်းရန် ပြုပြင်ပေးသည်။ ဆိတ်ငြိမ်ကျောင်းဝန်းကျယ် Air-Con တပ်စာသင်ခန်းများ အားကစားကွင်း။ ကွန်ပျူတာခန်း။ ဓါတ်ခွဲခန်းများဖြင့် ကိုယ်ပိုင်ကျောင်းဖြစ်သည်။ သင့်တင့်ချိုသာသောသင်တန်းကြေး
(၉)တန်းအထူးအစီအစဉ် စာတော်လျှင် (ပ)နှစ်ဝက်(၉)တန်းအပြီး သင်ပေးပြီး (ဒု)နှစ်ဝက်(၁၀)တန်းစာတစ်ခေါက် ကြိုသင်ပေးသည်။
အမှတ် (၇၇)၊ ၄ ဝါလမ်း၊ ပုလဲမြို့သစ်၊ မင်္ဂလာဒုံ။ ဖုန်း ၀၉-၅၁၅၈၈၅၁၊ ၀၉-၃၁၂၉၉၇၂၆၊ ၀၁-၆၃၈၀၅၀




စိန်ရတီ
ဆန် အရောက်ပို့
ရွှေဘိုမကျစ်တော
ရွှေဘိုပေါ်ဆန်းမွှေး၊ ပေါ်ဆန်းမွှေးမျိုးစုံ
၀၁-၂၂၃၄၂၂/၀၉-၅၁၅၁၁၁၄
၀၉-၃၁၁၃၀၈၅၀/၀၉၈၄၄၇၇၇၆၆

# ပျဉ်းမနားတွင် ဆုတောင်းမေတ္တာပို့ အမျှဝေ



**နေပြည်တော် ဖေဖော်ဝါရီ ၂၃**

အမိနိုင်ငံတော်ကို ကာကွယ်ရင်း အသက်ပေးစွန့်လှူခဲ့သော တပ်မတော်သားများနှင့် လောက်ကိုင်ဒေသတိုက်ပွဲဝင် တပ်မတော်သားများအတွက် ဆီမီးကပ်လှူပူဇော်၍ ပရိတ်တရားတော်များ ရွတ်ဖတ်ပူဇော်ခြင်း၊ ကျဆုံးစစ်သည်တော်များအား ရည်စူး၍ စုပေါင်းမေတ္တာပို့ အမျှအတမ်းပေးဝေခြင်းများကို နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့နယ် မဟာဝိသုတာရာမ (ဈေးကုန်းကျောင်းတိုက်) အပြင် ၁၀၈ ဆူ အောင်တော်မူစေတီတော်မြတ်တွင် ယနေ့နံနက်ပိုင်းနှင့် ညဦးပိုင်းအချိန်များ၌ ကျင်းပသည်။

အခမ်းအနားတွင် ဈေးကုန်းကျောင်းဆရာတော် အဘိဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တ ကဝိသာရဦးဆောင်သော သံဃာတော် အပါး ၁၅၀ က ပရိတ်တရားတော်များ ရွတ်ဖတ်ပူဇော်ချီးမြှင့်ခဲ့ပြီး အဆိုပါအခမ်းအနားကို တက္ကသိုလ်များ "ရေဆင်း"ပရဟိတအသင်းက ကြီးမှူးကျင်းပခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ) (ကိုကိုနေ)**

# တပ်မတော်သားများအတွက် အလှူငွေနှင့် ပစ္စည်းများ ဆက်သွယ်လှူဒါန်းနိုင်

နိုင်ငံတော်ကာကွယ်ရေးတာဝန်ကို သက်စွန့်ကြိုးပမ်းထမ်းရွက်နေကြသော တပ်မတော်သားများအား ဂုဏ်ပြုသောအားဖြင့် အလှူငွေနှင့် ပစ္စည်းများလှူဒါန်းလိုပါက အောက်ပါပုဂ္ဂိုလ်များထံ ဆက်သွယ်လှူဒါန်းနိုင်ပါသည်-

(၁) ဒုတိယဗိုလ်မှူးကြီး သန့်ဇော် - ၀၉-၇၃၂၀၆၆၉၉၊ ၀၃၁-၂၅၉၂၆(ရန်ကုန်)
(၂) ဒုတိယဗိုလ်မှူးကြီး ဝင်းနိုင်ထွေး - ၀၉-၅၂၅၀၉၉၅၊ ၀၃၃-၃၆၀၃၃(လားရှိုး)
(၃) ဒုတိယဗိုလ်မှူးကြီး စိုးမြင့် - ၀၉-၂၀၉၉၀၇၆၊ ၀၃၃-၃၃၀၆၅၊ ၀၃၃-၃၃၀၆၇၊ ၀၃၃-၃၃၀၇၁(မန္တလေး)
(၄) ဒုတိယဗိုလ်မှူးကြီး ရန်နောင် - ၀၉-၃၉၁၀၆၅၃၀၊ ၀၉-၃၆၁၉၂၉၃၉၊ ၀၃၄-၃၂၀၇၀ (တောင်ကြီး)

# ကိုးကန့်သောင်းကျန်းသူများထံမှ လက်နက်ခဲယမ်းများနှင့် ယာဉ်များသိမ်းဆည်းရမိ၊ လောက်ကိုင်မြို့မှ အကျဉ်းသားများ၊ တိုက်ပွဲရှောင်ပြည်သူများနှင့် ဌာနဆိုင်ရာဝန်ထမ်းများအား တင်ဆောင်လာသည့်ယာဉ်တန်းကို နှောင့်ယှက်တိုက်ခိုက်

**နေပြည်တော် ဖေဖော်ဝါရီ ၂၃**

လောက်ကိုင်-ကုန်းကြမ်း ကားလမ်းပေါ်ရှိ ၁၈ မိုင်လမ်းဆုံ အနီးတစ်ဝိုက်တွင် ကိုးကန့်သောင်းကျန်းသူအဖွဲ့များ ယာယီခြေကုပ်ယူထားသည့် စစ်ဗျူဟာအရ အရေးကြီးသောတောင်ကုန်းများကို ဖေဖော်ဝါရီ ၂၂ ရက်တွင် တပ်မတော်စစ်ကြောင်းများက တိုက်ခိုက်သိမ်းပိုက်နိုင်ခဲ့သည်။

ယနေ့တွင် တပ်မတော်စစ်ကြောင်းများက ကိုးကန့်သောင်းကျန်းသူအဖွဲ့များ ဆုတ်ခွာသွားသည့် အဆိုပါတောင်ကုန်းများ ပတ်ဝန်းကျင်အား အသေးစိတ် နယ်မြေရှင်းလင်းခဲ့ရာ အမ် ၂၁ တစ်လက်၊ အမ် ၂၂ ခုနစ်လက်၊ ဝမ်ချက်စတာ တစ်လက်၊ အမ် ၂၂ ကျည်အိမ် ၁၄ခု၊ အမ် ၂၂ ကျည် ၅၀၈ တောင့်၊ ပလတ်စတစ်နင်းမိုင်းနှစ်လုံး၊ ရှေ့ထွက်မိုင်းတစ်လုံး၊ လက်ပစ်ဗုံး ၂၅ လုံး၊ လက်မောင်းတံဆိပ်မပါရှိသည့် ယူနီဖောင်းသုံးစုံ၊ ဗွီဂိုအမျိုးအစား ဖိုးဗီးယာဉ်တစ်စီး၊ တိုက်ဂါးအမျိုးအစား ဖိုးဗီးယာဉ်တစ်စီးနှင့် ဆိုင်ကယ်ခုနစ်စီးတို့အား ရှာဖွေသိမ်းဆည်းရမိခဲ့သည်။

ထို့အပြင် ယနေ့မွန်းလွဲပိုင်းတွင် တပ်မတော် စစ်ကြောင်းများက လောက်ကိုင်မြို့ အရှေ့တောင်ဘက် နှစ်နိုင်ငံနယ်နိမိတ်မှတ်တိုင် အမှတ် (၁၂၇) အနီးတွင် နယ်မြေရှင်းလင်းရေးဆောင်ရွက်စဉ် ကိုးကန့်သောင်းကျန်းသူအဖွဲ့များနှင့် ထိတွေ့တိုက်ပွဲဖြစ်ပွားခဲ့ပြီး ကိုးကန့်သောင်းကျန်းသူအဖွဲ့ထံမှ ယူနီဖောင်းဝတ် အလောင်းခြောက်လောင်းနှင့် အမ် ၂၂ လေးလက်တို့ကို သိမ်းဆည်းရမိခဲ့သည်။ တပ်မတော်မှ စစ်သည်သုံးဦး အသက်ပေးလှူခဲ့၍ အရာရှိ၊ စစ်သည်ခုနစ်ဦး ဒဏ်ရာရရှိခဲ့ပြီး ဒဏ်ရာရအရာရှိ၊ စစ်သည်များအား တပ်မတော်ဆေးရုံများသို့ ဆက်လက်ပို့ဆောင်လျက်ရှိသည်။

ယနေ့ညနေပိုင်းတွင် လောက်ကိုင်မြို့ စီအောအကျဉ်းထောင်မှ အကျဉ်းသားများ၊ တိုက်ပွဲရှောင်ပြည်သူများနှင့် ဌာနဆိုင်ရာဝန်ထမ်းများကို လားရှိုးမြို့သို့ပို့ဆောင်ရန် ထွက်ခွာလာသည့် ယာဉ်တန်းအား ပါစင်ကျော်ကျေးရွာနှင့် ချင်းရွှေဟော်ကြားရှိ လုံထန်ရွာအနီး၌ ကိုးကန့်သောင်းကျန်းသူအဖွဲ့များက လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် နှောင့်ယှက်ပစ်ခတ်တိုက်ခိုက်ခဲ့ရာ တပ်မတော်စစ်ကြောင်းများမှ ပြန်လည်ပစ်ခတ် တိုက်ခိုက်ခဲ့ပြီး တပ်မတော်မှ တိုက်ခိုက်ရေးရဟတ်ယာဉ်များဖြင့် လေကြောင်းပစ်ကူတစ်ကြိမ် ဆောင်ရွက်ခဲ့သည်။ ထို့နောက် ဆုတ်ခွာသွားသော ကိုးကန့်သောင်းကျန်းသူများနောက်သို့ တပ်မတော်စစ်ကြောင်းများက လိုက်လံရှင်းလင်း ဆောင်ရွက်လျက်ရှိသည်။

အဆိုပါကိုးကန့်သောင်းကျန်းသူအဖွဲ့များ၏ နှောင့်ယှက်ပစ်ခတ်မှုကြောင့် ယာဉ်တန်းတွင်လိုက်ပါလာသော အကျဉ်းဦးစီးဌာနမှ ဝန်ထမ်းတစ်ဦး၊ အကျဉ်းသူ ၄၄ ဦးနှင့်စစ်သည်တစ်ဦး ထိခိုက်ဒဏ်ရာများ ရရှိခဲ့ပြီး ဒဏ်ရာရရှိသူများအား ကွမ်းလုံမြို့ရှိ ပြည်သူ့ဆေးရုံသို့ ပို့ဆောင်၍ ဆေးကုသမှု ခံယူလျက်ရှိကြောင်း သတင်းရရှိသည်။ **(မြဝတီ)**




# လောက်ကိုင်ဒေသမှ တိုက်ပွဲရှောင်ပြည်သူများအတွက် အလှူငွေနှင့် ပစ္စည်းများ ဆက်သွယ်လှူဒါန်းနိုင်

ရှမ်းပြည်(မြောက်ပိုင်း)လောက်ကိုင်ဒေသမှ တိုက်ပွဲရှောင်ပြည်သူများအတွက် စေတနာရှင်ပြည်သူများအနေဖြင့် တစ်ဦးချင်းအနေဖြင့်သော်လည်းကောင်း၊ အသင်းအဖွဲ့အနေဖြင့်သော်လည်းကောင်း အလှူငွေနှင့် ပစ္စည်းများ လှူဒါန်းလိုပါက လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနရှိ အောက်ပါလိပ်စာများသို့ ဆက်သွယ်လှူဒါန်းနိုင်ပါသည်-

၁။ ညွှန်ကြားရေးမှူး(စီမံဘဏ္ဍာဌာန)
၀၆၇-၄၀၄၃၁၆၊ ၀၉၂၀၂၁၄၉၁
ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန၊
ရုံးအမှတ်(၂၃)၊နေပြည်တော်

၂။ ညွှန်ကြားရေးမှူး(ကယ်ဆယ်ရေးဌာန)
၀၆၇-၄၀၄၃၁၈၊ ၀၉၄၃၁၂၀၈၆၅
ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန၊ ရုံးအမှတ်(၂၃)၊
နေပြည်တော်

၃။ ညွှန်ကြားရေးမှူး(ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူး)
၀၁-၅၂၂၇၂၆၊ ၀၉၈၆၀၁၁၆၄
အမှတ်(၃)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ကျိုက်ဝိုင်းဘုရားလမ်း၊
ရန်ကုန်မြို့
ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန

၄။ ညွှန်ကြားရေးမှူး(မန္တလေးတိုင်းဒေသကြီးဦးစီးမှူး)
၀၂-၃၉၄၅၇၊ ၀၉၄၃၁၂၀၈၆၇
၃၄ × ၃၅ ကြား၊ ၆၄ × ၆၅ ကြား၊ ခရိုင်တရားရုံးအနီး၊
ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့
ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန

၅။ ဒုတိယညွှန်ကြားရေးမှူး(လားရှိုးခရိုင်ဦးစီးမှူး)
အတွင်းရေးမှူး(အလှူငွေနှင့် ပစ္စည်းများလက်ခံရေးကော်မတီ)
၀၈၂-၃၀၁၁၆၊ ၀၉၃၆၀၀၈၃၅၆
ရပ်ကွက်(၁)၊ နယ်မြေ(၈)၊ ရန်တိုင်းအောင်ဘုရားအနီး၊ လားရှိုးမြို့
ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန

# တပ်မတော်သားများအတွက် အလှူငွေများပေးအပ်

**ရန်ကုန် ဖေဖော်ဝါရီ ၂၃**

အရှေ့မြောက်တိုင်းစစ်ဌာနချုပ် နယ်မြေအတွင်း စစ်ဆင်ရေးတာဝန်ထမ်းဆောင်လျက်ရှိသည့် တပ်မတော်သားများအတွက် မြန်မာနိုင်ငံ စာရေးဆရာအသင်းက အလှူငွေကျပ် ငါးသိန်းကို ရန်ကုန်တိုင်းစစ်ဌာနချုပ် အလှူငွေလက်ခံရာဌာနသို့ အသင်းဒုတိယဥက္ကဋ္ဌ(၂) ဦးအုန်းမောင်(မြင်းမူမောင်နိုင်မိုး)က ဖေဖော်ဝါရီ ၂၃ ရက်တွင် ပေးအပ်လှူဒါန်းခဲ့သည်။ အဆိုပါ လှူဒါန်းငွေအပြင် မြန်မာနိုင်ငံစာရေးဆရာအသင်းမှ တစ်ဦးချင်း အလှူငွေများအဖြစ် ဦးတင်လှိုင် (လယ်တွင်းသားစောချစ်)က ငွေကျပ် ၅၀၀၀၀၊ ဦးအုန်းမောင်(မြင်းမူမောင်နိုင်မိုး)က ငွေကျပ် ၁၀၀၀၀၀၊ ဒေါ်ခင်သန်းဝင်း (ကြူကြူသင်း)က ၃၀၀၀၀၊ ဦးချစ်နိုင်(ချစ်နိုင်-စိတ်ပညာ)က ငွေကျပ် ၅၀၀၀၀၊ ဦးမျိုးထွန်း (မောင်စိမ်းနောင်-လယ်ဝေး) က ၅၀၀၀၀၊ ဒေါ်ချိုချိုတင်(မစန္ဒာ)က ငွေကျပ် ၃၀၀၀၀၊ ဦးကျော်မျိုးထက် (ကျော်မျိုးထက်-မြောက်ဒဂုံ)က ၂၀၀၀၀၊ ဦးညွှန့်တင် (မောင်ငြိမ်းသူ-ကြို့ပင်ကောက်)၊ ဦးမောင်မောင်ဦး(ဟိန်းလတ်)၊ ဦးစိုးဝင်း (တက္ကသိုလ်စိုးယဉ်)၊ ဦးခင်ဆွေ(ရွှေစွန်ညို)၊ ဒေါ်မြမြသန်း(မနှင်းဖွေး)၊ ဦးကျော်စိုး (မောင်ကျေးဇူး)၊ ဒေါက်တာတင်အောင်ရွှေ (တင်အောင်ရွှေ-သုတေသီ)၊ ဦးမြတ်စိုး(မြတ်စိုး-လှိုင်)၊ ဦးကြိုင်မြင့် (မောင်ရန်ရှင်း)တို့က ငွေကျပ် ၁၀၀၀၀ စီ၊ ဦးကြည်စိန် (မှော်ဝန်းကြည်မြတ်)၊ ဦးမိုးအောင် (မောင်မောင်မိုးအောင်)၊ ဒေါ်စုစုဝင်း (စုလေးငယ်-မန္တလေး)၊ ဦးအောင်သူ (ကိုအောင်-ကျောက်မြောင်း)တို့က ငွေကျပ် ၅၀၀၀ စီ စုစုပေါင်း ၄၄၀၀၀၀ ကိုပါ ထပ်ဆင့်လှူဒါန်းကြသဖြင့် မြန်မာနိုင်ငံစာရေးဆရာအသင်းက လှူဒါန်းငွေကျပ် စုစုပေါင်းမှာ ၉၄၀၀၀၀ ဖြစ်ကြောင်း သိရသည်။ **(ကြေးမုံ)**

# သုံးစွဲရန်မသင့်သော အလှကုန်ပစ္စည်းများကို အများပြည်သူသိရှိရန် အသိပေးကြေညာချက်

၁။ ကျန်းမာရေးဝန်ကြီးဌာနသည် အရည်အသွေးစစ်မှန်ကောင်းမွန်၍ ကျန်းမာရေးအတွက် ဘေးအန္တရာယ်ကင်းရှင်းစေသော အလှကုန်ပစ္စည်းများကို အများပြည်သူတို့သုံးစွဲနိုင်ရန် စနစ်တကျကွပ်ကဲလျက်ရှိပါသည်။

၂။ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနသည် ပြည်တွင်း၌ ဈေးကွက်တင်ရောင်းချနေသည့် အလှကုန်ပစ္စည်းများကို တိုင်းဒေသကြီး/ပြည်နယ်များရှိ ဈေးများမှဝယ်ယူစစ်ဆေးခဲ့ရာ အောက်ဖော်ပြပါအလှကုန်ပစ္စည်း ခြောက်မျိုးသည် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနတွင် မှတ်တမ်းတင်ထားခြင်းမရှိသည့်အပြင် ကျန်းမာရေးအတွက် ဘေးအန္တရာယ်ဖြစ်စေနိုင်သော တားမြစ်ဓာတုပစ္စည်းများ ပါဝင်နေကြောင်း စစ်ဆေးတွေ့ရှိရသဖြင့် သုံးစွဲရန်မသင့်တော်ပါကြောင်း အသိပေးနှိုးဆော်အပ်ပါသည်-

| စဉ် | အလှကုန်ပစ္စည်းအမည် | ထုတ်လုပ်သည့်ကုမ္ပဏီ | တွေ့ရှိချက် |
|---|---|---|---|
| ၁။ | Tree 3 Days-Brighten & Rewhiten Cream (3g) | Treeday (Thailand) Co., Ltd., Bangkok | Hydroquinone(+) |
| ၂။ | PW-Banishing Cream (3g) | PW Cosmetics Tokyo, Japan | Hydroquinone (+) |
| ၃။ | LAY NOW-Whitening Night Cream (6g) | Made in Thailand | Hydroquinone (+) |
| ၄။ | Polla-Anti-Melasma Cream (New Night Cream) (5g) | Made in Thailand | Hydroquinone (+) |
| ၅။ | Baschi-Day Cream (Whitening Cream)(15ml) | Jiao Nuo Cosmetics Co., Ltd. China | Retinoic Acid (+) |
| ၆။ | Baschi-Day Cream (Whitening Cream)(5ml) | Jiao Nuo Cosmetics Co., Thailand | Retinoic Acid (+) |

၃။ အဆိုပါအလှကုန်ပစ္စည်းများကို အများပြည်သူလူထု သုံးစွဲခြင်းမပြုကြရန်နှင့် တင်သွင်း၊ ဖြန့်ဖြူးရောင်းချမှုများကိုတွေ့ရှိပါက ပြည်သူ့ကျန်းမာရေးဆိုင်ရာဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတိပေးကြေညာအပ်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

Tree 3 Days
Brighten & Rewhiten Cream



LAY NOW
Whitening Night Cream



PW Banishing Cream



Baschi Day Cream (Thailand)



Polla
Anti-Melasma Night Cream



Baschi Day Cream (China)



# မင်းလှတွင် မြန်မာ့မီးရထားမှ မြေယာလျော်ကြေးငွေ ပေးအပ်

**မင်းလှ ဖေဖော်ဝါရီ ၂၃**

မြန်မာ့မီးရထား ကြံခင်း-ပခုက္ကူ ရထားလမ်းဖောက်လုပ်ရေးစီမံကိန်းတွင်ပါဝင်သည့် မင်းလှဘူတာရုံတည်ဆောက်ခြင်းတွင် မြန်မာ့မီးရထားမှရယူခဲ့သည့် မြေများအား လျော်ကြေးငွေပေးအပ်ခြင်းအခမ်းအနားကို ဖေဖော်ဝါရီ ၂၃ ရက် မွန်းလွဲ ၁ နာရီတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်မြေအသုံးချမှု စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌ ဦးပေါက်ကျော်က အဖွင့်အမှာစကားပြောကြားပြီး မြန်မာ့မီးရထား ကြံခင်း-ပခုက္ကူ ရထားလမ်းဖောက်လုပ်ရေးစီမံကိန်း အင်ဂျင်နီယာမှူးကြီး မင်းချမ်းမွန်က မင်းလှဘူတာရုံတည်ဆောက်ခြင်းအခြေအနေများကို ရှင်းလင်းတင်ပြခဲ့သည်။

ထို့နောက် မင်းလှဘူတာရုံတည်ဆောက်ရာတွင် ပါဝင်သော စိုက်ပျိုးမြေပိုင်ရှင် တောင်သူခုနစ်ဦးအား စုစုပေါင်းငွေကျပ် ၂၂၃၂၈၀၀၀ ကို ချက်လက်မှတ်ဖြင့် တစ်ဦးချင်းအား တာဝန်ရှိသူများက ပေးအပ်ခဲ့ကြောင်း သိရသည်။

**ကိုသက်(အထက်မင်းလှ)**

# မင်္ဂလာဧည့်ခံပွဲကျေးဇူးတင်လွှာ

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ ချယ်ရီဥယျာဉ်အိမ်ရာနေ ဗိုလ်မှူးချုပ် ဝဏ္ဏကျော်ထင် အောင်ထွန်း(ငြိမ်း)-ဒေါ်သန်းသန်းနွဲ့တို့၏တစ်ဦးတည်းသောသား

**ဗိုလ်ကြီး ကျော်သူထွန်း**

**B.E (Mechanical),D.S.T.A**

နှင့်

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်နေ ဦးခင်လှိုင်(Chairman, Zawtika Group of Compaines)-ဒေါ်ခင်ဆွေဝင်းတို့၏သမီး

**မခင်ယွန်းယွန်း**

**B.Sc (Q) (UCSY)**

**MBA (Assumption University of Thailand)**

**Managing Director (TAB Book Center & ITAB Apple Store)**

တို့၏ ၂၄-၂-၂၀၁၅ရက်နေ့ Kandawgyi Palace Hotel (Mingalar Hall)တွင် ကျင်းပပြုလုပ်သော မင်္ဂလာမော်ကွန်းတင်လက်မှတ်ရေးထိုးပေးပါသော ရန်ကုန်တိုင်းဒေသကြီး တရားရေးဦးစီးမှူး ဒေါ်နန်းစန္ဒာစန်း၊ ကျောက်တန်းမြို့နယ်တရားသူကြီး ဦးဇော်ဇော်ထွန်း၊ အသိသက်သေများအဖြစ် ဆောင်ရွက်ပေးသော ဦးခင်မောင်လေး [ညွှန်ကြားရေးမှူးချုပ်(ငြိမ်း)] (စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန)နှင့် ဇနီး ဒေါ်သန်းသန်းအေး၊ ဦးတင်လတ်(Chairman,Silver Tiger Group Of Companies)နှင့် ဇနီး သုဓမ္မသိင်္ဂီ ဒေါ်မာလာမြင့်တို့အားလည်းကောင်း၊ မင်္ဂလာဩဝါဒစကားပြောကြားပေးပါသော ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဦးလှမြင့်အားလည်းကောင်း၊ ၂၁-၂-၂၀၁၅ရက် Sedona Hotel (Grand Ballroom)၌ ကျင်းပသော မင်္ဂလာဧည့်ခံပွဲတွင် မင်္ဂလာအောင်စံပယ်ပန်းကုံးချီးမြှင့်ပေးပါသော နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်နှင့် ဇနီး ဒေါ်လင်းလင်းတင်၊ မင်္ဂလာလက်ထပ်လက်စွပ်ချီးမြှင့်ပေးပါသော ရထားပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဌေးနှင့် ဇနီးဒေါ်စိုးဝတ်ရည်တို့အားလည်းကောင်း၊ ကိုယ်တိုင်မကြွရောက်နိုင်သော်လည်း မင်္ဂလာလက်ဖွဲ့ပစ္စည်းများပေးပို့သော ပြည်ထောင်စုလွှတ်တော်နာယက၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့် ဇနီး ဒေါ်ခင်လေးသက်တို့အားလည်းကောင်း၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်နှင့် ဇနီး ဒေါ်ခင်ပြုံးအားလည်းကောင်း၊ ကိုယ်တိုင်တက်ရောက်ချီးမြှင့်ပေးပါသော ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက၊ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာနှင့် ဇနီး ဒေါက်တာဒေါ်မြင့်ဌေးအားလည်းကောင်း၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဇနီးများ၊ ဒုတိယဝန်ကြီးများနှင့် ဇနီးများ၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့မှ လွှတ်တော်ကိုယ်စားလှယ်များ၊ တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ အငြိမ်းစားပြည်ထောင်စုဝန်ကြီးများနှင့် ဇနီးများ၊ ရန်ကုန်မြို့တော်ဝန် ဦးလှမြင့်နှင့် ကော်မတီဝင်များ၊ UMFCCI ဥက္ကဋ္ဌ ဦးဝင်းအောင်နှင့် CEC,ECများ၊ စစ်တက္ကသိုလ်အမှတ်စဉ်(၁၆)မှ သူငယ်ချင်းများနှင့် ဇနီးများ၊ တပ်မတော်နည်းပညာတက္ကသိုလ် အမှတ်စဉ်(၁၀)မှ သူငယ်ချင်းများနှင့်ဇနီးများအားလည်းကောင်း၊ မင်္ဂလာဧည့်ခံပွဲတွင် မင်္ဂလာပန်းကြဲပေးပါသော အကယ်ဒမီယွန်းယွန်း၊ မင်္ဂလာပန်းကုံးဗန်းကိုင်ဆောင်ပေးပါသော ဒေါက်တာသဲသိမ့်ဝါ၊ မင်္ဂလာလက်စွပ်ဗန်းကိုင်ဆောင်ပေးပါသော ချစ်ပိုပိုကျော်၊ မင်္ဂလာသတို့သားအရံများအဖြစ် ဆောင်ရွက်ပေးပါသော ဗိုလ်ကြီးရဲမင်းအေး၊ ဗိုလ်ရဲဟိန်းထူး၊ မင်္ဂလာသတို့သမီးအရံများအဖြစ် ဆောင်ရွက်ပေးပါသော ဒေါက်တာပိုးမဒီတင်လတ်၊ အိမွန်ခိုင်၊ အခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပေးပါသော ဦးသိန်းလှမော်၊ တေးဂီတအဖွဲ့ မင်္ဂလာအခါတော်ပေး ဒေါ်ရီရီသန့် (မြန်မာမှုတေးဂီတအဖွဲ့)၊ ဓာတ်ပုံဗီဒီယို ဝဏ္ဏခွာနီး (Focus Daily)/ ဦးပီတာနှင့်အဖွဲ့ (Focus Daily)/ ကိုနိုင်နိုင်ထွန်း (Exposure)၊ မိတ်ကပ် ဒီဇင်ဘာနှင်း/ မေဦး၊ ဝတ်စုံ ဒီဇိုင်နာ My Favorite မိုးကုတ်ပေါက်ပေါက်/ ဒီဇိုင်နာ မပုံ့၊ လက်ဝတ်ရတနာ She Shines Jewellery/ Win& San (Diamond & Fine Jewellery)၊ ပန်းအလှဆင် လင်းလင်း/မာမီကျော်(Malaysia)၊ မီးအလှဆင် မီးငယ်(DiscoLight)၊ မင်္ဂလာညွှန့် ဖိနပ်၊ ဖိတ်စာ Dagon Printing တို့အားလည်းကောင်း၊ ၁၈-၂-၂၀၁၅ ရက်နေ့ မဟာစည်သာသနာ့ရိပ်သာတွင်ပြုလုပ်သည့် မင်္ဂလာဦးဆွမ်းကပ်လှူခြင်းဧည့်ခံပွဲတွင်လည်းကောင်း၊ ၂၂-၂-၂၀၁၅ရက် Novotel Yangon Max Hotel တွင် ပြုလုပ်သော မင်္ဂလာညစာစားပွဲသို့ တက်ရောက်ချီးမြှင့်ပေးပါသော စစ်ဘက်နယ်ဘက်မှ မိတ်ဆွေများအားလည်းကောင်း၊ အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးကြပါသော ဆွေမျိုးမိတ်သင်္ဂဟများနှင့် ပြည်ထောင်စုဝန်ကြီးများ၏ ဇနီးများ၊ ဒုတိယဝန်ကြီးများ၏ ဇနီးများ၊ သံအမတ်ကြီး(ငြိမ်း)များ၏ ဇနီးများ၊ UMFCCI ဥက္ကဋ္ဌ ဦးဝင်းအောင်နှင့် CEC,EC များနှင့် ဇနီးများ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ အတွင်းရေးမှူးနှင့် ကော်မတီဝင်များ၊ အခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပေးပါသော မတင်မိုးလွင်၊ မေတ္တာဖြင့် မင်္ဂလာကိတ်ပေးပို့သူ ကိုဇော်ရဲနောင်၊ မခိုင်ဝါ(Yangon Paris Bakery)၊ လက်ဝတ်ရတနာဆင်မြန်းပေးပါသော Win&San (Diamond& Find Jewellery)၊ မိတ်ကပ်မေဦး၊ တေးဂီတ ဂီတမိတ်တေးဂီတအဖွဲ့၊ မီးအလှဆင် မီးငယ် Disco Light၊ မင်္ဂလာပွဲအစီအစဉ်အား အစမှအဆုံး ဆောင်ရွက်ပေးခဲ့ပါသော Signature Wedding& Events Planning တို့အားလည်းကောင်း၊ ဇောတိကကုမ္ပဏီမှ ဝန်ထမ်းများ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ ဝန်ထမ်းများ၊ Kandawgyi Palace Hotel မှ မန်နေဂျာနှင့် ဝန်ထမ်းများ၊ Sedona Hotel မှ မန်နေဂျာနှင့် ဝန်ထမ်းများ၊ Novotel Yangon Max Hotel မှ မန်နေဂျာနှင့် ဝန်ထမ်းများ၊ အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးကြပါသော ဆွေမျိုးမိတ်သင်္ဂဟများနှင့် ကျေးဇူးတင်ထိုက်သည့် ပုဂ္ဂိုလ်များအား လိုက်လှဲစွာ ကျေးဇူးဥပကာရ တင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့် ဗိုလ်ကြီး ကျော်သူထွန်း-မခင်ယွန်းယွန်း

## ဒီပဲယင်း၌ နိုင်ငံသားစိစစ်ရေး ကတ်ပြားများ အခမဲ့ထုတ်ပေး

**ဒီပဲယင်း ဖေဖော်ဝါရီ ၂၃**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ဒီပဲယင်းမြို့နယ်၌ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်၏ ထောက်ပံ့လှူဒါန်းငွေများဖြင့် မှန်သာကျေးရွာ၊ အောင်စီမြေကျေးရွာ၊ ဆည်လယ်ကျေးရွာ၊ အင်ကြင်းသပိုးကျေးရွာများသို့ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနက နိုင်ငံသား စိစစ်ရေးကတ်ပြားများ အခမဲ့ထုတ်ပေးခြင်းကို ဖေဖော်ဝါရီ ၁၉ ရက်တွင် ကျင်းပခဲ့ကြောင်းသိရသည်။

အဆိုပါနိုင်ငံသား စိစစ်ရေး ကတ်ပြားများ အခမဲ့ထုတ်ပေးသည့် အခမ်းအနားများသို့ စီးပွားရေးနှင့်ကူးသန်းရောင်း ဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးဦးဝင်းမြင့် တက်ရောက် အမှာစကားပြောကြားပြီး အခမဲ့နိုင်ငံသား စိစစ်ရေးကတ်ပြားများကို ဒေသခံပြည်သူများလက်ဝယ်အရောက်ပေးအပ်ခဲ့သည်။

ယင်းနောက် အဆိုပါကျေးရွာရှိ အမကာ၊ မူလွန်၊ အလကခွဲ စာသင်ကျောင်းများရှိ ဆရာ၊ ဆရာမများအား ကျောင်းဝတ်စုံအကျီများ ထောက်ပံ့ခြင်းနှင့် ကျေးရွာများ၏ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်နိုင်ရန်အတွက် ကူညီပံ့ပိုးမှုများထောက်ပံ့ပေးခဲ့သည်။

နိုင်ငံသားစိစစ်ရေးကတ်ပြားများ အခမဲ့ထုတ်ပေးနိုင်ရန်အတွက် ကတ်ပြားဖိုးကုန်ကျစရိတ် ဓာတ်ပုံ ရိုက်ကူးခ၊ မိတ္တူကူးခအဖြစ် တစ်ဦးကုန်ကျငွေ ကျပ် ၁၀၀၀ နှုန်းအတွက် အလှူရှင်က အကုန်အကျခံလှူဒါန်းဆောင်ရွက်ပေးခဲ့ကြောင်းသိရသည်။ **အောင်လင်း(iprd)**

# ထန်းလျှော်ကုန်ကြမ်းရှားပါးမှုကြောင့် ထန်းလျှော်အစိုများဖြင့် ထန်းလျှော်တောင်းများ ရက်လုပ်နေရ

**တံတားဦး ဖေဖော်ဝါရီ ၂၃**

မန္တလေးတိုင်းဒေသကြီး တံတားဦးမြို့ အင်းဝတိုက်နယ်တွင်ထန်းလျှော်ကုန်ကြမ်း ဈေးနှုန်းမြင့်လာခြင်း၊ ထန်းလျှော်ရှားပါးလာခြင်းကြောင့် ထန်းလျှော်ရက်လုပ်သူများအခက်တွေ့လျက်ရှိကြောင်း ယင်းဒေသရှိဘလဲဘကျေးရွာမှ ထန်းလျှော်တောင်းရက်လုပ်သူများကပြောသည်။

"တစ်ဦးကို တစ်နေ့လျှင် ထန်းလျှော်တောင်း ငါးလုံးမှ ရှစ်လုံးအထိ ရက်လုပ်နိုင်ပါတယ်။ ထန်းလျှော်တောင်းတွေကို တစ်နှစ်ပတ်လုံးရက်လုပ်ရတယ်။ အများအားဖြင့် တပေါင်းလကနေ ဝါဆိုလအထိ အော်ဒါမှာယူသူများတယ်။ လက်ရှိကာလမှာ ထန်းရွက်သုံးစွဲသူနည်းလာပြီး ထန်းပင်လှဲသူများလာတဲ့အတွက် ထန်းလျှော်ကုန်ကြမ်းရှားလာပြီး ထန်းလျှော်အစိုနဲ့တောင်းရက်နေရတဲ့အတွက် တောင်းတွေ ဈေးတက်နေတာပါ"ဟု ထန်းလျှော်တောင်းရက်လုပ်သူတစ်ဦးက ပြောသည်။

ကျေးလက်ဒေသများ ကုန်စည်သယ်ဆောင်မှုတွင် အသုံးများသောပစ္စည်းမှာ ထန်းလျှော်တောင်းများပင်ဖြစ်ပြီး ထန်းလျှော်တောင်းများကို နွားစာသယ်ခြင်း၊ ကောက်ပဲသီးနှံမျိုးစုံသယ်ယူခြင်း၊ ဈေးတောင်းပြုလုပ်ခြင်း၊ သရက်သီးထည့်ခြင်း၊ နွားချေးကျုံးတောင်းပြုလုပ်ခြင်း၊ မြေတူးကျောက်သယ်တောင်းများပြုလုပ်ခြင်းမှအစ သယ်ယူပို့ဆောင်မှုလုပ်ငန်းတွင် ထန်းလျှော်တောင်းကို တွင်ကျယ်စွာအသုံးပြုကြသည်။

"ထန်းလျှော်တောင်း ရက်လုပ်တာက မိသားစုလုပ်ငန်းဖြစ်ပါတယ်။ ထန်းလျှော်သပ်တဲ့လူ၊ တောင်းရက်တဲ့လူဆိုပြီး လုပ်ငန်းအလိုက် မိသားစုတွေစုပေါင်းလုပ်ဆောင်ကြရပါတယ်။ ထန်းလျှော်တောင်းကို မှာယူတဲ့တောင်းအမျိုးအစားအလိုက် ရက်လုပ်ပေးရပြီး ထန်းလျှော်တောင်းပုံစံ ခုနစ်မျိုးလောက် ပြုလုပ်ပေးရပါတယ်။ အများစုက လေးကွင်းတပ် ဆိုက်လွန်တောင်း၊ နှစ်ကွင်းတပ် သရက်တောင်း၊ တစ်တင်းဝင်တောင်း၊ တစ်တင်းခွဲဝင်တောင်း၊ ကျောက်သယ်တောင်းမှအစ အမျိုးမျိုးရက်လုပ်ပေးရပါတယ်" ဟု တောင်းရက်လုပ်ငန်းလုပ်ဆောင်နေသည့် မိသားစုဝင်တစ်ဦးကပြောသည်။



ထန်းလျှော်တောင်း၏ အဓိကကုန်ကြမ်းမှာ ထန်းပင်မှရသော ထန်းလျှော်ဖြစ်ပြီးထန်းလျှော်တောင်း၏လက်ရှိကာလပေါက်ဈေးမှာ ဆိုက်လွန်တောင်းကြီးတစ်တောင်းလျှင်ကျပ် ၂၈၀၀၊ လေးကွင်းတပ်တောင်းကြီးတစ်တောင်းလျှင် ကျပ် ၂၀၀၀မှ၂၅၀၀၊ နှစ်ကွင်းတပ်တောင်းလျှင်ကျပ် ၁၈၀၀မှ ၂၀၀၀ အထိဈေးပေါက်နေကြောင်း ထန်းလျှော်တောင်းရက်လုပ်သူတစ်ဦးကပြောပြသည်။ **တိမ်တမန်**

## မိုးနဲမြို့နယ်၌ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအားကွင်းဆင်းစစ်ဆေး

**မိုးနဲ ဖေဖော်ဝါရီ ၂၃**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လင်းခေးခရိုင်၊ မိုးနဲမြို့နယ်၌ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဒေသဖွံ့ဖြိုးရေးရန်ပုံငွေဖြင့် တည်ဆောက်လျက်ရှိသော စိမ့်စမ်းရေသွယ်ယူခြင်း၊ရေစုကန်တည်ဆောက်ခြင်း၊ ကျောက်ချောလမ်းခင်းခြင်း၊ တံတားဆောက်လုပ်ခြင်း၊ ကျေးလက်ဆေးပေးခန်းဆောက်လုပ်ခြင်း လုပ်ငန်းများလုပ်ကိုင်လျက်ရှိသည်။

အဆိုပါလုပ်ကိုင်နေသော ဝမ်ပေါ၊ဝမ်ယေး ၊ငွေ့ပေါ၊ နားခံ၊ ဝမ်နား၊ ကွန်နား၊ လွယ်လင်နှင့် ကုန်ကျောင်းကျေးရွာများသို့ ဖေဖော်ဝါရီ ၂၁ရက်က မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြတ်ကျော်၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီ ဥက္ကဋ္ဌဦးစိုင်းမျိုးသန့်နှင့်အဖွဲ့ဝင်များသည် လုပ်ငန်းဆောင်ရွက်နေမှုများအား ကျေးရွာအရောက်ကွင်းဆင်းစစ်ဆေး ဆောင်ရွက်ခဲ့ပြီး ဒေသခံပြည်သူများနှင့်တွေ့ဆုံခဲ့ကြောင်းသိရသည်။ **မြို့နယ်(ပြန်/ဆက်)**

## ဟုမ္မလင်းမြို့နယ် အိမ်ထောင်စုများ၏နေထိုင်စားသုံးစရိတ် အခြေအနေများ စစ်တမ်းကောက်ယူ

**ဟုမ္မလင်း ဖေဖော်ဝါရီ ၂၃**

စစ်ကိုင်းတိုင်းဒေသကြီး ဟုမ္မလင်းမြို့နယ်တွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဂိုးဆွင်းခိုင် ဦးဆောင်သော အိမ်ထောင်စုများ၏နေထိုင်စားသုံးစရိတ်များအခြေအနေကောက်ယူမှုစစ်တမ်းကောက်ယူရေးအဖွဲ့သည် ဖေဖော်ဝါရီ ၅ ရက်မှစတင်ကွင်းဆင်း၍ ဖေဖော်ဝါရီ ၁၇ ရက်အထိ ဟုမ္မလင်းမြို့ရှိ ရပ်ကွက်များနှင့် ကျေးရွာများအား စစ်တမ်းကောက်ယူမှုများပြုလုပ်ခဲ့ကြောင်းသိရသည်။

ယင်းအဖွဲ့သည် ဟုမ္မလင်းမြို့ပေါ် ရပ်ကွက် သုံးရပ်ကွက်နှင့် ကျေးရွာအုပ်စုများဖြစ်သော နောင်ဖာမူကျေးရွာ၊ တောင်ကင်းကျေးရွာ၊ ယက်ဖကျေးရွာအုပ်စု သုံးအုပ်စု တွင်နေထိုင်ကြသော အိမ်ထောင်စု ၂၀၄ စုအား ကောက်ကွက် ၁၂ ကွက်ခွဲ၍ကောက်ကွက်တစ်ကွက်လျှင် ၁၇ အိမ်နှုန်းဖြင့် စာရင်းများကောက်ယူခဲ့ကြသည်။

အဆိုပါစာရင်းကောက်အဖွဲ့ တွင် မြို့နယ်အုပ်ချုပ်ရေးမှူးကဥက္ကဋ္ဌအဖြစ်ဆောင်ရွက်ပြီး အလုပ်ရှင် ကိုယ်စားလှယ် ဦးအောင်ကျော်၊ အလုပ်သမားကိုယ်စားလှယ် ဦးငွေသန့်၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်နန်းမေကျင်၊ အလုပ်သမားကုန်တင်/ကုန်ချ အသင်းဥက္ကဋ္ဌဦးသိန်းဇော်၊ မြို့နယ်စီမံကိန်းဦးစီးမှူး ဦးနေဝင်းတို့က အဖွဲ့ဝင်အဖြစ် ဆောင်ရွက်ကြပြီး ကလေးဝမြို့နယ်အလုပ်သမားညွှန်ကြားရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်စွာထွန်းက အတွင်းရေးမှူးအဖြစ်ဖွဲ့စည်း၍ တာဝန်ယူဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။ **ချင်းတွင်းသား(iprd)**

## ပခုက္ကူဆေးရုံတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်က အရန်သားဖွားသင်တန်းမှသင်တန်းသူများအား ဂုဏ်ပြု

**ပခုက္ကူ ဖေဖော်ဝါရီ ၂၃**

မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးဘုန်းမော်ရွှေသည် ဖေဖော်ဝါရီ ၂၀ ရက် နံနက် ၇ နာရီက တိုင်းဒေသကြီး သစ်တော၊ သတ္တုနှင့် စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီးဦးသိန်းထွန်း၊ ပခုက္ကူခရိုင်နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများလိုက်ပါ၍ ပခုက္ကူဆေးရုံတွင် တိုင်းဒေသကြီးအစိုးရအဖွဲ့ အစီအစဉ်ဖြင့် ဖွင့်လှစ်သော အရန်သားဖွားသင်တန်း(၁/၂၀၁၅)သို့သွားရောက်၍ သင်တန်းသူများအား တွေ့ဆုံနှုတ်ဆက် ဂုဏ်ပြုအားပေးစကားပြောကြားကာ သင်တန်းသူတစ်ဦးချင်းအား ထောက်ပံ့ငွေများ ပေးအပ်ခဲ့သည်။

၎င်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ပခုက္ကူခရိုင်ဆေးရုံအတွင်းရှိ တိုင်းဒေသကြီးဖွံ့ဖြိုးရေး ဖောင်ဒေးရှင်းနှင့်အလှူရှင်များမှ လှူဒါန်းသော ကျောက်ကပ်သန့်စင်ဆေးစက်နှင့် လူနာများအား ကျောက်ကပ်သန့်စင်ဆေးမှုအခြေအနေ ရေသန့်စက်များအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားခဲ့သည်။

ဆက်လက်၍ ဆေးရုံအတွင်းရှိလူနာများ၊ ခွဲစိတ်ခန်း၊ ဆေးသိုလှောင်ခန်း၊ ပြင်ပလူနာဌာနများအား ကြည့်ရှုစစ်ဆေးပြီး တင်ပြချက်များအပေါ် တာဝန်ရှိသူများနှင့်ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့သည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ရေစကြိုမြို့နယ် ပြည်သူ့ဆေးရုံသို့ရောက်ရှိပြီး တိုင်းဒေသကြီးအစိုးရအဖွဲ့အစီအစဉ်ဖြင့် ဖွင့်လှစ်သည့် အရန်သားဖွားသင်တန်း(၁/၂၀၁၅)မှသင်တန်းသူများ နှင့်တွေ့ဆုံ၍ အားပေးစကားပြောကြားကာ သင်တန်းသူတစ်ဦးချင်းအား ထောက်ပံ့ငွေများပေးအပ်ခဲ့သည်။

ဆက်လက်၍ ရေစကြိုဆေးရုံအတွင်းရှိ လူနာဆောင်များ၊ ခွဲစိတ်ခန်း၊ ဆေးသိုလှောင်ခန်း၊ ပြင်ပလူနာဌာနများအား ကြည့်ရှုစစ်ဆေးပြီး တာဝန်ကျဆရာဝန်နှင့်ဆရာမများအား လူနာများအပေါ်တွင် နွေးထွေးစွာ ဆက်ဆံရေး၊ စေတနာ၊ ဝါသနာ၊ အနစ်နာဖြင့် ဆေးကုသပေးရေး၊ လိုအပ်ချက်များကို အချိန်နှင့် တစ်ပြေးညီဆောင်ရွက်ပေးရေးတို့ကို မှာကြားခဲ့သည်။

မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့သည် ကျေးလက်နေပြည်သူများ၏ ဆင်းရဲနွမ်းပါးမှုလျှော့ချရေးနှင့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးများ အလေးထားဆောင်ရွက်ပေးလျက်ရှိရာ ကျေးလက်နေပြည်သူများ၏ ကျန်းမာရေးအခန်းကဏ္ဍမြင့်တင်ရန်အတွက် အခြေခံအကျဆုံးကျန်းမာရေးစောင့်ရှောက်မှုပေးနေသော အရန်သားဖွားဆရာမများကို ကျေးရွာတစ်ရွာလျှင်တစ်ဦးနှုန်းထားရှိရန်ရည်ရွယ်ချက်ဖြင့် သင်တန်းများကို တိုင်းဒေသကြီးအစိုးရအဖွဲ့အစီအစဉ်ဖြင့် ဖွင့်လှစ်လျက်ရှိသည်။

ယခုအကြိမ်အပါအဝင်ငါးကြိမ်ဖွင့်လှစ်နိုင်ခဲ့ပြီး အရန်သားဖွားဆရာမ စုစုပေါင်း ၅၁၂၂ ကို သင်တန်းပို့ချပေးနိုင်ခဲ့သဖြင့် တိုင်းဒေသကြီးအတွင်းရှိ ကျေးရွာအားလုံးတွင် ဖြည့်ဆည်းပေးပြီးဖြစ်ကြောင်း သိရသည်။ **သန်းနိုင်ဦး(ငဖဲ)**

## မြို့တော်စည်ပင်မှ လှိုင်သာယာမြို့နယ်တွင် မြစ်ထွက်ပေါက်တူးဖော်ခြင်းလုပ်ငန်းဆောင်ရွက်

**ရန်ကုန် ဖေဖော်ဝါရီ ၂၃**

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၏လမ်းညွှန်မှုဖြင့် အနောက်ပိုင်းခရိုင်ခွဲ၊ အင်ဂျင်နီယာဌာန(လမ်းနှင့်တံတား) ခရိုင်မှူးဦးကံညွန့်၊ ရန်ကုန်တိုင်းဒေသကြီး မြောက်ပိုင်းခရိုင် လှိုင်သာယာမြို့နယ်စည်ပင် အင်ဂျင်နီယာဌာန(လမ်းနှင့်တံတား) တာဝန်ခံ ဦးခင်မောင်အေးနှင့် ဝန်ထမ်းများက အနောက်ပိုင်းတက္ကသိုလ်(ကမ်းပြို)မြစ်ထွက်ပေါက်အား (Amphibious Excavator) စက်ကြီးများဖြင့် ဖေဖော်ဝါရီ ၂ ရက်က စတင်တူးဖော်ဆောင်ရွက်နေကြပြီး ကျွန်းကြီးမြစ်ထွက်ပေါက်တူးဖော်ဆောင်ရွက်ခြင်းလုပ်ငန်းကိုလည်း (Excavator)မြေတူးစက်ကြီးများဖြင့် ၅၅၈၀ +၅၀ ပေ အကျယ်အထိ ဖေဖော်ဝါရီ ၆ ရက်က ဆောင်ရွက်နေကြောင်းတွေ့ရသည်။

"အခုလို မြစ်ထွက်ပေါက်တူးဖော်ခြင်းလုပ်ငန်းကို လူအင်အား၊ စက်ယန္တရားအင်အားတွေ အသုံးပြုပြီး အလျင်အမြန်ဆောင်ရွက်နေရတာက အနောက်ပိုင်းတက္ကသိုလ်ထဲမှာ မိုးများတဲ့ မိုးကာလမှာ မိုးရေ တင်ကျန်ပြီး ရေဝပ်ရေအိုင်တွေရှိလာမယ်။ နောက် မလိုလားအပ်တဲ့ရောဂါဝေဒနာတွေ မဖြစ်စေဖို့အတွက် အဓိကထားဆောင်ရွက်နေတာပါ။ ရပ်ကွက်၊ ကျေးရွာအတွင်းတွေမှာလည်း ရေဝပ်ရေအိုင်တွေကင်းစင်ဖို့ စဉ်ဆက်မပြတ်လည်းဆောင်ရွက်နေပါတယ်"ဟု အနောက်ပိုင်းခရိုင်ခွဲ၊ (လမ်းနှင့်တံတား)ခရိုင်မှူးဦးကံညွန့်က ပြောကြားခဲ့သည်။ **မင်းထက်ပိုင်(လှိုင်သာယာ)**

# TRUE လား FALSE လား ကွဲကွဲပြားပြားဖြေကြားပေးပါ

**à Bioဆရာတစ်ဦး**

နိုင်ငံပိုင်သတင်းစာများမှ တက္ကသိုလ်ဝင်တန်း စာမေးပွဲဖြေဆိုမည့် ကျောင်းသားကျောင်းသူများအတွက် စာမေးပွဲအထောက်အကူပြု သိမှတ်ဖွယ်ရာများ ဖော်ပြပေး ကျောင်းသား ကျောင်းသူများအတွက် အထိုက်အလျောက်အကျိုးရှိပါသည်။ အထောက်အကူလည်းဖြစ်ပါသည်။

သို့သော် ဖေဖော်ဝါရီ ၂ ရက်နေ့ထုတ် ကြေးမုံသတင်းစာပါ "တက္ကသိုလ်ဝင်စာမေးပွဲ သိမှတ်ဖွယ်ရာ ဇီဝဗေဒဘာသာ" ကျောင်းသင်ခန်းစာတွင် ကျောင်းသား ကျောင်းသူများ အနေဖြင့် ဒွိဟဖြစ်စရာအချက် တချို့ပါရှိနေပါသဖြင့် ဤဆောင်းပါးကိုရေးသားလိုက်ရပါသည်။

> တစ်မှတ်ဟူသည် ဘဝတစ်ခုဖြစ်သည် ဤတစ်မှတ်ဖြင့် မိမိလိုချင် သောရည်မှန်းချက်များ တက္ကသိုလ်များနှင့် လွဲခဲ့ရသူများ. . .

၎င်းဇီဝဗေဒဘာသာသိမှတ်ဖွယ်ရာ သင်ခန်းစာဆောင်းပါး၏ "မေးခွန်းများကို ဖြေဆိုသင့်သည့် ပုံစံများ" ဟူသည့် ခေါင်းစဉ်ခွဲတွင် "မေးထားသော မေးခွန်း၏ Statement များကို သေသေချာချာဖတ်ပါ။ မိမိသိရှိ နားလည်သော အကြောင်းအရာနှင့် ကိုက်ညီမှုရှိပါက (TRUE) ဟု ဖြေဆိုပေးရမည်ဖြစ်ပြီး မကိုက်ညီပါက (FALSE) ဟုဖြေဆိုရမည်ဖြစ်ပါသည်။

"ဥပမာအား ဖြင့်- eg:1. Plants which live for two years are biennials. (FALSE)

ကျောင်းသားအများစုက two years နှင့် two growing seasons ကို သေချာစွာ မသိသဖြင့် မှားယွင်းဖြေဆိုတတ်ပါသည်" ဟု ပါရှိပါသည်။

စာရေးသူသည် တက္ကသိုလ်ဆရာဟောင်း တစ်ဦးဖြစ်ပြီး ယခုလက်ရှိ ပုဂ္ဂလိကကိုယ်ပိုင် အထက်တန်းကျောင်းများတွင် ဇီဝဗေဒ ဘာသာကို သင်ကြားပြသနေသူဖြစ်ပါသည်။ အထက်ဖော်ပြပါ ဥပမာသည် တက္ကသိုလ်ဝင်တန်း(Grade XI) (ယေဘုယျအခေါ်(၁၀)တန်း) ဇီဝဗေ ဒသင်ရိုးညွှန်းတမ်း၏ Chapter-1 စာမျက်နှာနံပါတ်(၄)မှ "Plants distinguished according to the length of life" ခေါင်းစဉ်အောက်မှ အကြောင်းအရာ တစ်ခုဖြစ် ပါသည်။ ထိုခေါင်းစဉ်အောက်တွင် ခေါင်းစဉ်ခွဲသုံးခုပါရှိပါသည်။ Annuals, Biennials နှင့် Perennials ဟူ၍ဖြစ်သည်။ ဒုတိယခေါင်းစဉ်ခွဲဖြစ်သော Biennialsတွင် Plants,which live for two growing seasons are termed as biennials. ဟုသင်ရိုးညွှန်းတမ်းစာအုပ်တွင်ပါရှိပါသည်။ နိုင်ငံပိုင်သတင်းစာပါ ဇီဝဗေဒဘာသာ သိမှတ်ဖွယ်ရာသင်ခန်းစာမှ "Plants,which live for two years are biennials" နှင့် ကွဲလွဲချက်မှာ "two growing seasons"နှင့် "two years"တို့ဖြစ်ပါသည်။ ၎င်းနှစ်ခုတူ၊ မတူကို ရုက္ခဗေဒပညာရှင်များ ပို၍ သိကြမည် ထင်ပါသည်။

စာရေးသူ၏လေ့လာတွေ့ရှိချက်အရ ဖော်ပြရလျှင် Webster's New Collegiate dictionary & "biennial(adj)1.occuring every two years,2. Continuing or lasting for years; growing vegetatively during the first year and fruiting and dying the second year."

Biennium-(n)(bi-two+ennium-annus year)-a period of two years. ဟူ၍ လည်းကောင်း၊ ထို့အပြင် Oxford advanced learner's dictionary အရလည်း "biennial (adj)-happening once every two years" ဟုလည်း ဖော်ပြထားပါသည်။ ပါမောက္ခ ဒေါက်တာကိုကိုလေး Ph.D. (Wash)နှင့်ကထိက ဦးစောလွင် M.Sc, (Manch.) တို့ပြုစု ခဲ့သော "အပင်၏အသွင်နှင့်အလုပ်"စာအုပ်တွင်လည်း Biennials ဟူသည့် အသုံးအနှုန်းကို "နှစ်နှစ်ခံပင်" ဟု ပင်သုံးစွဲခဲ့ပါသည်။ သို့ဖြစ်ပါ၍ ကျောင်းသား ကျောင်းသူနှင့်စာသင်ဆရာ ဆရာမများ အနေဖြင့်လည်း အထက်ဖော်ပြပါ Two years နှင့် Two growing seasons အတူတူပင်ဖြစ်သည်ဟုပင် မှတ်ယူကြမည်ဖြစ်ပါသည်။

ထို့ကြောင့် နိုင်ငံပိုင်းသတင်းစာပါ ဇီဝဗေဒဘာသာသိမှတ်ဖွယ်ရာသင်ခန်းစာဆောင်းပါးမှ Plants which live for two years are biennials.(FALSE) ဟုဖြေဆိုထားခြင်းသည် မှန်ကန်ခြင်းရှိမရှိနှင့် TRUE လား FALSE လား သက်ဆိုင်ရာပညာရှင်ပါမောက္ခကြီးများ ဖြေဆိုပေးစေလိုပါသည်ခင်ဗျား။

ထို့အပြင် တက္ကသိုလ်ဝင်တန်းစာမေးပွဲ မေးခွန်းများတွင် မမှားသင့်သော အမှားများကြောင့် ကျောင်းသား ကျောင်းသူများ အတိဒုက္ခရောက်ခဲ့၊ နစ်နာရခဲ့ပါကြောင်း ပြောဆိုချင်ပါသည်။ ဥပမာ ၂၀၁၃ ခုနှစ် ရန်ကုန်တိုင်းဒေသကြီးတွင် စစ်မေးခဲ့သော တက္ကသိုလ်ဝင်တန်းမေးခွန်းတွင် မေးခွန်းနံပါတ် 4(e).Providing labels and caption to the given diagram,state the nature of egg based on its structur, number produced,size and activity. ဟုမေးခဲ့ပါသည်။ ၎င်းမေးခွန်းတွင် ဖော်ပြထားသည့် အညွှန်းထိုးခိုင်းထားသည့်ပုံသည် ယခုစာအုပ်သစ်တွင် မပါဝင်သည့် ယခင်စနစ်ဟောင်း (၂၀၀၈ ခုနှစ်အထိ စာအုပ်အဟောင်း)မှ T.S of mammalian overy ပုံကိုမှားယွင်းစွာမေးခဲ့သဖြင့် ကျောင်းသား ကျောင်းသူများမဖြေဆိုနိုင်ခဲ့ပါ။ ၂၀၀၉ မန္တလေးတိုင်းတက္ကသိုလ်ဝင်တန်း စာမေးပွဲ မေးခွန်းတွင်လည်း မေးခွန်းနံပါတ် 4(e) တွင် သင်ခန်းစာတွင်လုံးဝမပါရှိသည့် Briefly explain the sexual reproduction in animals. ဟုမှားယွင်းစွာမေးခဲ့ပါသည်။ အနီးစပ်ဆုံး ဥပမာအနေဖြင့် ၂၀၁၄ ခုနှစ် တက္ကသိုလ်ဝင်တန်း စာမေးပွဲ ဧရာဝတီတိုင်းဒေသကြီးမေးခွန်းတွင် သင်ခန်းစာတွင်လုံးဝမပါရှိသည့် မေးခွန်းနံပါတ် 4(e).State the nature of cuttine in plant and the process of asexual reproduction as found in human.ဟု မေးခဲ့ပါသည်။ မှားယွင်းမှုများစွာကို အကုန်ဖော်ပြရလျှင် စာရှည်နေမည်စိုး၍ ဤမျှလောက်သာ ဖော်ပြလိုက်ပါသည်။ ယခုကဲ့သို့ ဝေဖန်ထောက်ပြခြင်းသည် အပြစ်သဘောမဟုတ်ဘဲ အပြုသဘောသာဖြစ်ကြောင်း သက်ဆိုင်ရာသူတို့ နားလည်ပေးစေ လိုပါသည်။

အဘယ့်ကြောင့်ဆိုသော်တက္ကသိုလ်ဝင်တန်းသို့မဟုတ်(၁၀)တန်း ကျောင်းသား ကျောင်းသူတို့တွင် တစ်မှတ်ဟူသည် ဘဝတစ်ခုဖြစ်သည်။ ဤတစ်မှတ်ဖြင့် မိမိလိုချင်သော ရည်မှန်းချက်များ၊ တက္ကသိုလ်များနှင့် လွဲခဲ့ရသူများအပြားရှိကြောင်းခံစားနားလည်၍ ဂရုတစိုက်ညွှန်ကြားသင့်ကြောင်း၊ မေးခွန်းထုတ်သင့်ကြောင်း အပြုသဘောဖြင့် အကြံပြုရေးသားလိုက်ရပါသည်။ ။

> တက္ကသိုလ်ဝင်တန်းစာမေးပွဲ မေးခွန်းများတွင်မမှားသင့်သောအမှားကြောင့်ကျောင်းသား၊ကျောင်းသူများ အတိဒုက္ခရောက်ခဲ့၊ နစ်နာခဲ့ရပါကြောင်း ပြောဆိုချင်. . . . .

# အသက် ၁၈ နှစ်ပြည့်ပြီးသူ မြန်မာကျောင်းသားများအတွက်

# New Zeland Aid Programme



နယူးဇီလန်အစိုးရသည် မြန်မာနိုင်ငံအပါအဝင် အာရှ၊ လက်တင်အမေရိက၊ ကာရစ်ဘီယန်နှင့် အာဖရိကတိုက်နိုင်ငံများမှ ၁၈ နှစ်ပြည့်ပြီးသူများအနေဖြင့် နယူးဇီလန်နိုင်ငံတွင် သင်ကြားနိုင်မည့် ပညာသင်ဆုများကို ပေးအပ်နေပြီဖြစ်သည်။

မြန်မာကျောင်းသားများအနေဖြင့် လျှောက်ထားနိုင်သည့် ပညာသင်ဆုအမျိုးအစားမှာ နယူးဇီလန်-အာဆီယံ ပညာသင်ဆုဖြစ်ကာ နောက်ဆုံးလျှောက်လွှာတင်ရမည့် ရက်စွဲမှာ ၂၀၁၅ ခုနှစ် ဇူလိုင် ၃၁ ရက် ညနေ ၅ နာရီဖြစ်သည်။ မြန်မာကျောင်းသားများ လျှောက်ခွင့်ရ ပညာသင်ဆုလေးမျိုးမှာ-

(၁) ဘွဲ့လွန်အောင်လက်မှတ် (၆ လ) (Postgraduate Cestificate)
(၂) ဘွဲ့လွန် ဒီပလိုမာ(၁-၂ နှစ်) (Postgraduate Diploma)
(၃) မဟာဘွဲ့ (၁-၂ နှစ်) (Moster Degree)
(၄) ပါရဂူဘွဲ့ (၃-၄ နှစ်) (Doctrate Degree)တို့ ဖြစ်ကြသည်။

ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးရေးအတွက် ရည်ရွယ်ကာ ပေးအပ်သော ယင်းပညာသင်ဆုများသည် စီးပွားရေး၊ ခရီးသွားလုပ်ငန်း၊ အင်ဂျင်နီယာ၊ စွန့်ဦးတီထွင်မှုနယ်ပယ်၊ အသုံးချသိပ္ပံပညာရပ်၊ ပြန်လည် ပြည့်ဖြိုးမြဲစွမ်းအင်၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ စွမ်းအင်ရေးရာမူဝါဒ၊ ဘူမိဗေဒနယ်ပယ်များအတွက် လျှောက်ထားနိုင်ကြမည်ဖြစ်သည်။

သင်ကြားပေးမည့် တက္ကသိုလ်များမှာ- Kincoln University၊ Otago University၊ Victoria University of Wellington၊ University of Auckland၊ Massey University၊ University of Canterlousy နှင့် University of Wailkato များဖြစ်ကြပြီး အင်ဂျင်နီယာဘွဲ့လျှောက်ထားသူများအနေဖြင့် သက်ဆိုင်ရာ နည်းပညာတက္ကသိုလ်များတွင် သင်ကြားရမည်ဖြစ်သည်။

လျှောက်ထားသူသည် အသက် ၁၈ နှစ်ပြည့်ပြီးသူဖြစ်ရမည်ဖြစ်ကာ ပညာသင်ကြားပြီးနောက် မိခင်နိုင်ငံ၌ရရှိခဲ့သည့် ပညာသင်ဆုအလိုက် အနည်းဆုံး နှစ်နှစ်ခန့် ပြန်လည်တာဝန်ထမ်းဆောင်နိုင်ရမည်ဖြစ်သည်။ လျှောက်ထားမည့်ဘွဲ့အလိုက် အနည်းလုံး လုပ်သက် နှစ်နှစ်[အချိန်ပိုင်း၊ အချိန်ပြည့် [လစာဖြင့်(သို့)လုပ်အားပေး]ဆောင်ရွက်ခဲ့ဖူးသူဖြစ်ရမည်။ တပ်မတော်အရာရှိများ လျှောက်ထားခွင့် မရှိပါ။ လူဝင်မှုကြီးကြပ်ရေးလိုအပ်ချက်အရ ကျန်းမာကြောင်းဆေးလက်မှတ်၊ ပြစ်မှုကင်းရှင်းကြောင်း ထောက်ခံစာများလည်း လိုအပ်မည်ဖြစ်ကာ နယူးဇီလန်အစိုးရက ပေးအပ်သော မည်သည့်ပညာရေးဆိုင်ရာ ထောက်ပံ့မှုများ မရရှိခဲ့ဖူးသူလည်း ဖြစ်ရမည်။ နယူးဇီလန်နိုင်ငံတွင် မိမိ၏ ဆွေမျိုးရင်းခြာများမရှိသူဖြစ်၍ အကယ်၍ မိသားစုရှိသူများအနေဖြင့် နေထိုင်မှုစရိတ်၊ ဆေးကုသစရိတ်တို့ကို မိမိဘာသာ ကျခံရမည်။ လျှောက်ထားမည့်ဘွဲ့အလိုက် တောင်းခံလာပါက IELTS (သို့) TOEFL ရမှတ်များပါ လျှောက်လွှာနှင့်အတူ ပူးတွဲတင်ပြရမည်။ ပါရဂူဘွဲ့လျှောက်ထားသူများ အနေဖြင့် သုတေသနအဆိုပြုချက်ကိုပါ ပေးပို့ရမည်ဖြစ်သည်။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက www.studyinnewzwland.com တွင် ဝင်ရောက်ကြည့်ရှုနိုင်ပြီး အီးမေးလ်လိပ်စာမှာ schoolsahips @mtal.govt.nz သို့ ပေးပို့မေးမြန်းနိုင်မည်ဖြစ်သည်။

**မေလှဲ့သင်း**

## အဝေးသင်တက္ကသိုလ် အွန်လိုင်းရုပ်/သံပို့ချချက်များ အရည်အသွေးကောင်းမွန်စေရေးသင်တန်းပို့ချ

**ရန်ကုန် ဖေဖော်ဝါရီ ၂၃**

အဝေးသင်သင်ခန်းစာများ သင်တန်းနှစ် အလိုက်၊ ဘာသာရပ်အလိုက်၊ Module အလိုက်၊ ယူနစ်အလိုက် ရုပ်မြင်သံကြားရိုက်ကူးထုတ်လွှင့်ရာတွင် အချိန်မီ ထုတ်လွှင့်ပို့ချနိုင်ရေးနှင့် အရည်အသွေး ပိုမိုကောင်းမွန်လာစေရေးအတွက် Active Presenter Software အမျိုးအစားဖြစ်သည့် Self-Presenting Software အသုံးပြု၍ သင်ခန်းစာပို့ချချက်များ ကိုယ်တိုင်ရိုက်ကူးရေး သင်တန်းကို ဖေဖော်ဝါရီ ၂၀ နံနက် ၁၀ နာရီက ရန်ကုန်အဝေးသင်တက္ကသိုလ် အွန်လိုင်းစာသင်ခန်းများနှင့် ရုပ်/သံ စတူဒီယိုတို့၌ ဖွင့်လှစ် သင်ကြားပို့ချသည်။

အဆိုပါ သင်တန်းပြီးဆုံးပါက ဆရာ၊ ဆရာမများအနေဖြင့် ကွန်ပျူတာနှင့် နားကြပ်၊ မိုက်ကရိုဖုန်းပါဝင်သော Headset ကိုအသုံးပြုပြီး မိမိကိုယ်တိုင်ရိုက်ကူးပြုစုပြီး ပို့ချချက်များ ပြုလုပ်စဉ်မှားယွင်းမှုများရှိလာလျှင်လည်း အလွယ်တကူကိုယ်တိုင် ပြင်ဆင်ပြီး မိမိတို့ စိတ်တိုင်းကျပြုလုပ် ပြင်ဆင်ဖြည့်စွက်သွားနိုင်မည်ဖြစ်သည်။

ယင်းသင်တန်းသို့ ရန်ကုန်အဝေးသင်တက္ကသိုလ်သင်ကြားဌာနမှ ဆရာဆရာမများ အားလုံးတက်ရောက်လေ့လာသင်ယူခဲ့ကြသည်။

အဆိုပါသင်တန်းကို ရန်ကုန်အဝေးသင်တက္ကသိုလ်ကွန်ပျူတာဌာနမှ ပညာရှင်များနှင့် Winner Computer Group မှ ပညာရှင်များက နှစ်ရက်တာသင်တန်းအဖြစ် အခမဲ့သင်ကြား ပို့ချပေးလျက်ရှိကြောင်း သိရသည်။

အဝေးသင်တက္ကသိုလ် ကျောင်းသားကျောင်းသူများအတွက် ကျောင်းသင်ခန်းစာ ရုပ်မြင်သံကြား ပို့ချချက်များကို ရန်ကုန်အဝေးသင်တက္ကသိုလ်၏ ဝက်ဘ်ဆိုက်ဖြစ်သော www.yude.edu.mm မှ ၂၀၁၅ ခုနှစ် ဇန်နဝါရီ ၁ ရက်မှစ၍ နေ့စဉ်(၂၄)နာရီပတ်လုံး ထုတ်လွှင့်ပို့ချပေးလျက်ရှိကြောင်းသိရသည်။

**ခင်ချိုဝင်း**



## ရွှေတိဂုံစေတီတော် ဗုဒ္ဓပူဇနိယ(တပေါင်း) ပွဲတော်ကျင်းပမည်

**ရန်ကုန် ဖေဖော်ဝါရီ ၂၃**

လေးဆူဓာတ်ပုံ ရွှေတိဂုံစေတီတော်မြတ်ကြီး၏ ၂၆၀၃ နှစ်မြောက် ဗုဒ္ဓပူဇနိယ(တပေါင်း)ပွဲတော်ကို ၁၃၇၆ ခုနှစ်တပေါင်းလဆန်း ၆ ရက် ဖေဖော်ဝါရီ ၂၃ ရက်(တနင်္လာနေ့)မှ တပေါင်းလပြည့် မတ်၄ ရက် (ဗုဒ္ဓဟူးနေ့) အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည် ဖြစ်ကြောင်းသိရသည်။

၁၃၇၆ ခုနှစ်တပေါင်းလဆန်း ၆ ရက် (ဖေဖော်ဝါရီ ၂၃ရက်) နံနက် ၉ နာရီတွင်နှစ်ကျိပ်ရှစ်ဆူဘုရားများ လှည့်လည်အပူဇော်ခံပွဲနှင့် ဗုဒ္ဓပူဇနိယတပေါင်းပွဲတော်ဖွင့်ပွဲ အခမ်းအနားအား ကျင်းပသည်။

ဖေဖော်ဝါရီ ၂၃ရက် နံနက်၉နာရီ အချိန်မှစ၍ သံဃာတော်များ၊ သီလရှင်များ၊ဥပ သကာ၊ ဥပသိကာများက စေတီတော် ရင်ပြင်ရှိ အရှဏ်ခံမုခ်ဦးလေးခုတွင် မဟာပဋ္ဌာန်းဒေသနာတော်များ ရွတ်ဖတ်ပူဇော်ခြင်း တို့ကို ဘာသာရေးထုံးထမ်းစဉ်လာနှင့်အညီ စည်ကားသိုက်မြိုက်စွာ ကျင်းပကြောင်း သိရသည်။

**(ကိုချစ်)**

# ရန်ကုန်ဘူတာကြီး–တိုးကြောင်ကလေးဘူတာလမ်းပိုင်း တစ်လျှောက်ရှိစွန့်ပစ်အမှိုက်များအားလိုက်လံသယ်ယူသိမ်းဆည်း

**ရန်ကုန် ဖေဖော်ဝါရီ ၂၃**

ရထားပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားလုပ်ငန်းမှ မြို့ပြအင်္ဂါရပ်နှင့်အညီ ဖြစ်စေရန်အတွက် ရန်ကုန်မြို့ပတ်လမ်းတစ်လျှောက်ရှိ စွန့်ပစ်အမှိုက်များအားလိုက်လံသယ်ယူသိမ်းဆည်းစွန့်ပစ်လျက်ရှိရာ ဖေဖော်ဝါရီ ၂၁ ရက် နံနက် ၈ နာရီမှ မွန်းတည့် ၁၂နာရီထိကို ရန်ကုန်ဘူတာကြီး-တိုးကြောင်ကလေး ဘူတာလမ်းပိုင်းတစ်လျှောက်ရှိစွန့် ပစ်အမှိုက်များအား အထူးရထားတွဲဆိုင်းအသုံးပြုကာ လိုက်လံသယ်ယူသိမ်းဆည်းခဲ့သည်။

အဆိုပါစွန့်ပစ်အမှိုက်များ သယ်ယူသိမ်းဆည်းခြင်းကို မြန်မာ့မီးရထားမှ အထွေထွေမန်နေဂျာ(အောက်မြန်မာပြည်) ဦးထွန်းအောင်သင်းက ကြီးကြပ်ဦးစီး၍ ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး စက်မှုဌာန သွားလာပို့ဆောင်ရေးဌာန၊ မြို့ပြအင်ဂျင်နီယာ အလုပ်ရုံအပါအဝင် အခြားဌာနများမှ ဝန်ထမ်း ၁၅၀ ဦး၊ ကုန်တင်ကုန်ချအလုပ်သမားများ၊ စွန့်ပစ်အမှိုက်များအား လိုက်လံသယ်ယူသိမ်းဆည်းခြင်းအတွက် ကန်ထရိုက်ရယူထားသည့် ဦးမြင့်အေးနှင့် သန့်ရှင်းရေးလုပ်သား ၆၅ ဦးတို့ ပူးပေါင်းလုပ်ဆောင်ခဲ့ကြသည်။

မြန်မာ့မီးရထားမှ အထွေထွေမန်နေဂျာ (အောက်မြန်မာပြည်) ဦးထွန်းအောင်သင်းက "ရန်ကုန်တိုင်းဒေသကြီးမှာရှိတဲ့ ရထားဌာနအားလုံးပူးပေါင်းပြီး ရန်ကုန်မြို့ အင်္ဂါရပ်ညီစေရန်နှင့် ရထားစီးခရီးသည်များ မဆင်မခြင်စွန့်ပစ်လိုက်ကြတဲ့ အမှိုက်များကို လိုက်ပြီးကောက်ယူတာပါ။ ဒီလိုလုပ်ဆောင်တာ တစ်နှစ်ကို သုံးကြိမ်(သို့)လေးကြိမ်လောက်လုပ် ဖြစ်ပါတယ်"ဟု လုပ်ငန်းခွင်အတွင်းရှင်းပြသည်။

လက်ရှိမြန်မာ့မီးရထားလုပ်ငန်းမှ ယင်းကဲ့သို့သော စွန့်ပစ်အမှိုက်လိုက်လံသယ်ယူသိမ်းဆည်းခြင်းအား သုံးနှစ်တာကာလကြာရှည်ဆောင်ရွက်ခဲ့ကြောင်းသိရပြီး ရထားလမ်းအနီးနေထိုင်ကြသော ရပ်ကွက်နေပြည်သူများနှင့်တကွ ရထားစီးခရီးသည်များမှလည်း အမှိုက်စွန့်ပစ်ခြင်းအတွက် စည်းကမ်းရှိကြရန်လိုအပ်ကြောင်း သိရသည်။ **(စိုးဝင်း–MLA)**

## မောက်မယ်မြို့နယ်တွင် နွေရာသီမီးဘေးကြိုတင်ကာကွယ်ရေး သရုပ်ပြ



**မောက်မယ် ဖေဖော်ဝါရီလ ၂၃**

မီးဘေးလုံခြုံရေးနှင့် မီးလောင်မှုကြောင့် ပြည်သူများ၏ အသက် အိုးအိမ်စည်းစိမ်များ ပျက်စီးဆုံးရှုံးခြင်းမှ ကြိုတင်ကာကွယ်နိုင်ရေးအတွက် ရည်ရွယ်ပြီး မောက်မယ်မြို့နယ် စည်ပင်သာယာဈေးအတွင်းရှိ ဈေးများတွင် မီးဘေးလုံခြုံရေး ဆောင်ရွက်ထားရှိမှုများကို ဈေးသူဈေးသားများ မီးသတိမူစေရေးအတွက် မီးသုံးစွဲမှုများနှင့် လျှပ်စစ်သွယ်တန်းမှုများကို လိုက်လံစစ်ဆေးအကြံပြုခြင်း မီးဘေးကြိုတင်ကာကွယ်ရေးပညာပေးဟောပြောခြင်းနှင့်သရုပ်ပြလေ့ကျင့်ခြင်းများကို ဖေဖော်ဝါရီ ၂၁ ရက်ကမြို့နယ်မီးသတ်စခန်းမှူး၊ မြို့နယ်စည်ပင်သာယာရေးဦးစီးဌာနမှ ဦးစီးမှူး၊ မြို့နယ်လျှပ်စစ်ဦးစီးမှူး၊ မြို့နယ်စည်ပင်သာယာရေးကော်မတီ ဝင်များ၊ ဈေးတာဝန်ခံနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များပူးပေါင်းကာ ဈေးအတွင်းရှိ မီးငြိမ်းသတ်သရုပ်ပြကြောင်းသိရသည်။

အဆိုပါ မီးငြိမ်းသတ်ခြင်း လေ့ကျင့်ရာသို့ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင်မောင်စိုး၊ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ် လျှပ်စစ်ဦးစီးမှူး၊ မြို့နယ်စည်ပင်သာယာရေးဦးစီးဌာန ဦးစီးမှူး ၊ မြို့နယ်ဖွံ့ဖြိုး တိုးတက်ရေး အထောက်အကူပြုကော်မတီဥက္ကဋ္ဌ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌတို့ တက်ရောက်ကြည့်ရှုကြောင်း သိရသည်။ **စိုင်းမျိုးသန့်(ပြန်/ဆက်)**

# ရေးမြို့နယ်တွင်အမှိုက်များအားစနစ်တကျစွန့်ပစ်စေလို

**ရေး ဖေဖော်ဝါရီ ၂၃**

ယခုရာသီမှာ ပူပြင်းခြောက်သွေ့သော နွေရာသီသို့ ရောက်ရှိလာသည့်အတွက် မီးဘေးအန္တရာယ်အပါအဝင် ကျန်းမာရေးနှင့် မလိုလားအပ်သည့် အန္တရာယ်များ မဖြစ်ပွားစေရန်အတွက်စွန့်ပစ်အမှိုက်များအား စနစ်တကျစည်းကမ်းရှိစွာ စွန့်ပစ်စေလိုကြောင်း ရေးမြို့တွင် နေထိုင်သူများက ပြောသည်။

အဆိုပါစွန့်ပစ်အမှိုက်များမှာ ရေးမြို့ မြို့ပေါ်ရပ်ကွက်ဖြစ်သော ရန်မျိုးအောင်ရပ်ကွက်ရှိ လူသွားလမ်းဘေးလည်းဖြစ် လူသွားဖြတ်သန်းသွားလာနေကြသောအဓိကလမ်းမလည်းဖြစ်သည့်ဗညားရုံလမ်းမှ ရေမြောင်းအတွင်းတစ်လျှောက်လုံးတွင် စွန့်ပစ်အမှိုက်များမှာ ရေမြောင်းကိုပိတ်ဆို့နေသည့်အပြင် ပတ်ဝန်းကျင်တွင်လည်း အနံ့အသက်မကောင်း၊ အမြင်အားဖြင့်လည်း မတင့်တယ်ခြင်းကို တွေ့ရှိရကြောင်း ဒေသခံတစ်ဦးကပြောသည်။

စွန့်ပစ်အမှိုက်များမှာ မီးဘေးအန္တရာယ်ကိုလည်းအချိန်အခါမရွေး ဖြစ်ပေါ်လာနိုင်သည့်အတွက်အဆိုပါ အမှိုက်ပုံ၏ အနီးအနားရှိနေအိမ်များမှ နေထိုင်သူများကလည်းစိုးရိမ်နေကြကြောင်းသိရသည်။

အဆိုပါရေမြောင်းမှစွန့်ပစ်အမှိုက်များကိုစည်းကမ်းရှိစွာအလွယ်တကူစွန့်ပစ်နိုင်ရန်သက်ဆိုင်ရာတာဝန်ရှိသူနှင့် အမှိုက်သိမ်းယာဉ်များက သတ်မှတ်ထားသောလမ်းများ၏ အမှိုက်များကိုသာသိမ်းဆည်းလေ့ရှိသည်။ "ကျန်နေသေးတဲ့လမ်းတွေက နေအိမ်တွေရဲ့ စွန့်ပစ်အမှိုက်တွေကို စနစ်တကျမသိမ်းဆည်းနိုင်သရွေ့ ဒီစွန့်ပစ်အမှိုက်များကလည်းနှစ်စဉ်မိုးရာသီအချိန်အခါမှာ အမှိုက်များက အလွယ်တကူရေနှင့်အတူ စီးဆင်းမျှောပါသွားမှာ မှန်နေသော်လည်း ပူပြင်းခြောက်သွေ့တဲ့ အခုလို နွေရာသီရောက်တိုင်းမီးဘေးအန္တရာယ်နှင့်အမြဲတမ်းကြုံတွေ့နေရတတ်ပါတယ်"ဟု အမှိုက်ပုံနှင့်နီးစပ်သည့် နေအိမ်မှ အိမ်ရှင်တစ်ဦးက ပြောသည်။ **ထွဋ်ထွဋ်(ရေး)**



## စုပေါင်းလှူဒါန်းမှုဖြင့် ကျေးလက်ကျန်းမာရေးဆေးခန်းဆောက်လုပ်

**ကျောက်ပန်းတောင်း ဖေဖော်ဝါရီ ၂၃**

ကျေးလက်နေပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများအပြည့်အဝပေးစွမ်းနိုင်စေရေးအတွက် နိုင်ငံတော်အစိုးရအနေဖြင့် ဆေးရုံဆေးခန်းများတိုးချဲ့ဆောက်လုပ်ခြင်း၊ ကျန်းမာရေးဝန်ထမ်းများ တိုးချဲ့ခန့်ထားခြင်းများ ဆောင်ရွက်လျက်ရှိသည့်အပြင် အလှူရှင်များ၏ ပံ့ပိုးကူညီမှုများဖြင့်လည်း မိမိတို့ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်လျက်ရှိကြရာ၊ မန္တလေးတိုင်းဒေသကြီး၊ ကျောက်ပန်းတောင်းမြို့နယ် ကျောက်စစ်ကန်ကျေးရွာတွင် အလှူရှင်များ၏စုပေါင်းလှူဒါန်းမှုဖြင့် ကျေးလက်ကျန်းမာရေး အဆောက်အအုံဆောက်လုပ်နေမှုအား ဖေဖေဝါရီ ၂၁ ရက် နံနက် ၁၀နာရီက တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်နှင့်မြို့နယ်တာဝန်ရှိသူများ သွားရောက်ကြည့်ရှုခဲ့ကြကြောင်း သိရသည်။

ကျောက်ပန်းတောင်းမြို့နယ် မဲဆန္ဒနယ် အမှတ်(၁)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးတိုင်းအေး၊ မြို့နယ်ဖွံ့ဖြိုးရေးအထောက်အကူပြုကော်မတီအတွင်းရေးမှူး ဦးဘိုကျော်နှင့် ကော်မတီဝင်ဦးလှဆင့်တို့သည် ကျန်းမာရေးဆေးခန်းဆောက်လုပ်နေမှုအခြေအနေများအားကြည့်ရှုပြီး ကျန်းမာရေးဝန်ထမ်းနေအိမ်ဆောက်လုပ်ရန်အတွက် ပန္နက်တိုင်များစိုက်ထူပေးကြသည်။

အဆိုပါ ကျန်းမာရေးအဆောက်အအုံတွင် သားဖွားခန်း၊ ဆေးစတိုခန်း၊ စမ်းသပ်ခန်းနှင့်ကြီးကြပ်ခန်းနှစ်ခန်းတို့ အပါအဝင် ပင်မအဆောင်ခန်းတို့ပါဝင်ပြီး ရေတွင်း၊ ရေစင်၊ ရေလောင်းအိမ်သာ၊ ရေချိုးခန်းနှင့်အုတ်တံတိုင်း အပါအဝင် စုစုပေါင်းကုန်ကျငွေကျပ်သိန်း ၇၀၀ ကျော်ခန့်မှန်းထားပြီး လုပ်ငန်းစတင်ခဲ့သည့် ၂၀၁၄ ခုနှစ် နိုဝင်ဘာလဆန်းမှယခုအချိန်အထိ လုပ်ငန်းအားလုံး၏ ၆၀ ရာခိုင်နှုန်းခန့်ပြီးစီးနေပြီဖြစ်ရာ လုပ်ငန်းအားလုံးပြီးစီးပြီး လိုအပ်သည့်ဆေးဝါးထောက်ပံ့မှုနှင့် ကျန်းမာရေးဝန်ထမ်းများခန့်ထားပေးနိုင်မည်ဆိုပါကကျောက်စစ်ကန်ကျေးရွာနေ အိမ်ထောင်စု ၃၈၇ မှ လူဦးရေ ၁၉၄၈ ဦးအပြင် အနီးဝန်းကျင် ကျေးရွာပြည်သူများအတွက်ပါ လိုအပ်သည့်ကျန်းမာရေးစောင့်ရှောက်မှုများ အပြည့်အဝရရှိနိုင်တော့မည်ဖြစ်သည်။

**ကိုနေ(ကျောက်ပန်းတောင်း)**

## နိုင်ငံသားစိစစ်ရေးကတ်ပြား ထုတ်ပေးရေးဆိုင်ရာလုပ်ငန်း ရှင်းလင်းပွဲ ကျင်းပ

**ကွတ်ခိုင် ဖေဖော်ဝါရီ ၂၃**

ကွတ်ခိုင်မြို့နယ် နမ့်ဖတ်ကာကျေးရွာ ဦးဇော်တောင်အောက်မေ့ဖွယ်ခန်းမတွင် ရပ်ကွက်၊ကျေးရွာ အုပ်စု ၂၀ အုပ်စုမှ အုပ်ချုပ်ရေးမှူးများ အထောက်အကူပြုကော်မတီအဖွဲ့များ ရပ်ကွက်၊ ကျေးရွာစာရေးဝန်ထမ်း များနှင့်ရပ်မိရပ်ဖများ စုစုပေါင်း ၉၂ ဦးတက်ရောက်၍ မိုးပွင့်(အထူး) စီမံချက် နိုင်ငံသားစိစစ်ရေးကတ်ပြား ထုတ်ပေးခြင်းလုပ်ငန်းဆိုင်ရာ ရှင်းလင်းပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၂၁ ရက် နံနက် ၉ နာရီက ကျင်းပခဲ့သည်။

အဆိုပါ ရှင်းလင်းပွဲအခမ်းအနားတွင်တွင် မူဆယ်ခရိုင် လူဝင်မှုကြီးကြပ်ရေးနှင့်အမျိုးသား မှတ်ပုံတင်ရေးဦးစီးဌာနမှူး ဦးဝင်းကို(ဒုတိယညွှန်ကြားရေးမှူး)နှင့် ကွတ်ခိုင်မြို့နယ်ဦးစီးဌာနမှူး ဦးမင်းမင်းဇော်တို့က မိုးပွင့်(အထူး)စီမံချက် နိုင်ငံသားစိစစ်ရေးကတ်ပြားထုတ်ပေးရေးဆိုင်ရာ လုပ်ငန်းအား ရှင်းလင်းပြောကြားခဲ့ကြကြောင်း သိရှိရသည်။ **သန်းနိုင်ဦး(ငဖဲ)**

## ပဲခူးတိုင်းဒေသကြီး၌ ဝက်သက်နှင့်ဂျိုက်သိုးရောဂါ ကာကွယ်ဆေးအစုလိုက်ထိုး

**ပဲခူး ဖေဖော်ဝါရီ ၂၃**

ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့ ပုဏ္ဏားစုရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးတွင် ဖေဖော်ဝါရီ ၂၀ ရက် နံနက် ၉ နာရီတွင် ရပ်ကွက်အတွင်းရှိကလေးများအား ဝက်သက်နှင့်ဂျိုက်သိုးရောဂါ ကာကွယ်ဆေးကို ကျန်းမာရေးဝန်ထမ်းများက လာရောက်ထိုးပေးခဲ့ကြောင်း သိရသည်။

ယင်းကဲ့သို့ ကာကွယ်ဆေးထိုးနှံခြင်းလုပ်ငန်းကို ၂၀၁၅ ခုနှစ် ကျောင်းအခြေပြု ရပ်ကွက်အခြေပြုကာ ပထမအကြိမ် စတင်ထိုးနှံပေးခြင်းဖြစ်သည်။ **မျိုးသိန်း(ပဲခူး)**

## တွံတေးမြို့နယ်၌အထူးကုဆရာဝန်ကြီးများအဖွဲ့ကွင်းဆင်း၍ဆေးဝါးကုသပေး

**တွံတေး ဖေဖော်ဝါရီ ၂၃**

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ပိုင်းခရိုင်၊ တွံတေးမြို့နယ်၊ မြို့နယ်ပြည်သူ့ဆေးရုံ၌ ရန်ကုန်မြို့ဗဟိုအမျိုးသမီးဆေးရုံအုပ်ကြီးဒေါက်တာကျော်ဆွေ ဦးဆောင်သောအဖွဲ့ဝင် ၅၆ ဦးပါ အထွေထွေရောဂါကုဆရာဝန်များသည် တွံတေးမြို့နယ်အတွင်းရှိ ရပ်နီး၊ ရပ်ဝေးမှပြည်သူလူထုအား ကျန်းမာရေးစောင့်ရှောက်မှုကို မြို့နယ်ပြည်သူ့ဆေးရုံ၌ ဖေဖော်ဝါရီ ၂၁ရက် နံနက် ၉နာရီက ရောဂါဝေဒနာရှင် ၃၂၀ ဦး၊ လွဲပြောင်းလူနာ ၃၁ ဦးအား ကျန်းမာရေးအခမဲ့ ကုသဆောင်ရွက်ပေးရာ လူမှုရေးအသင်းအဖွဲ့များက ကူညီဆောင်ရွက်ပေးခဲ့သည်။

ထိုနောက်ဆရာဝန်ကြီးများအဖွဲ့တွင်အထွေထွေသမားတော်၊ ခွဲစိတ်ကုသ၊ သားဖွားမီးယပ်၊ ကလေးအထူးကုနှင့် တိုင်းရင်းဆေးသမားတော်တို့က တွံတေးနှင့်ကော့မှူးမြို့နယ်အတွင်းရှိကျေးရွာများမှ လုပ်သားပြည်သူများကို အခမဲ့ကွင်းဆင်းကုသပေးခဲ့ကြောင်း သိရသည်။ **မျိုးလှိုင်(တွံတေး)**

အတွေးအမြင်ဆောင်းပါး

# ဘဝပန်းပု

à သရက်တန်းစိုးရွှေ(စိတ်ပညာ)



တစ်နေ့ချင်း တစ်ရက်ချင်း ရင်ဆိုင်ဖြတ်သန်းခြင်းမှစကာ ဘဝကိုထုဆစ်ပုံဖော်နေကြရပေသည်။ လူချင်းအတူတူဟုဆိုသော်လည်း ခံယူမှုနှင့်ရှင်သန်မှုတို့က ကွာခြားနေတတ်ကြပေသည်။ လူသားတို့တွင် မွေးဖွားပြီးဆိုကတည်းက တာဝန်တစ်ခုစီပေးထားပြီးဖြစ်နေပေသည်။ ထိုတာဝန်မှာ "မသေမချင်း ရှုန်းကန်စေ"ဆိုသောတာဝန်ပင်ဖြစ်ပေသည်။ တာဝန်တစ်ခုနှင့် လူသားတိုင်းတွင် အခြေခံဆန္ဒကလေးကိုယ်စီ ရှိနေတတ်ကြပေသည်။ထိုဆန္ဒမှာ ဘဝကိုလှစေချင်သောဆန္ဒ ရုပ်လှစေချင်သောဆန္ဒတို့ပင်ဖြစ်ပေသည်။ လှလိုသော လူသားတိုင်းအတွက်အရင်းအနှီးမဲ့သော လှပသည့်ဆေးကလေးရှိနေပေသည်။ ထိုဆေးမှာ စိတ်ပုပ်၊ စိတ်ယုတ်များကို ရင်ထဲမှဖယ်ရှားပြီး လှပသောအပြုံးကလေးများဖြင့် ပြုံးပြ၍ဆက်ဆံပြောဆိုခြင်းသာလျှင်ဖြစ်ပေသည်။

အလုံးစုံပြီးပြည့်စုံခြင်းမရှိသော လောကကြီးတွင် တတ်နိုင်သမျှ ကြိုးစားရှင်သန်ခြင်းသည်သာ တန်ဖိုးရှိနေတတ်ပေသည်။

> လူသည် အသက်ရှင်တိုင်း တန်ဖိုးရှိနေသူဟုမပြောဆိုနိုင်ပေ။အသက်ရှင်မှုအသက်မွေးမှု စိတ်သဘောထားနှင့်ခံယူမှုအလိုက်တန်ဖိုး. . .

လူသည် ခန္ဓာကိုယ်စွမ်းရည်ဖြင့် လက်တွေ့ဆောင်ရွက်သည့်တိုင် အောင်စိတ်နှင့်တကွ အသိဉာဏ်တို့က ထိန်းချုပ်စီမံပေးကြမြဲပင်ဖြစ်ပေသည်။သို့အတွက် ဘဝတစ်ခုအဓိပ္ပာယ်ရှိစွာဖြင့်တည်ဆောက်နိုင်ရန်အတွက် သူတပါး၏စိတ်ကို နာကျင်အောင်မလုပ်မိရန် လိုအပ်လှပေသည်။ စိတ်နာမှုသည် ခန္ဓာကိုယ်နာကျင်မှုထက် အဆများစွာ ဆိုးရွားပြီး အလှပျက်စေသော အဆိပ်တစ်ခုဟုပင်ဆိုနိုင်ပေသည်။ ဘဝတစ်ခုအဓိပ္ပာယ်ရှိရေးအတွက် လိုအပ်သော အားဆေးတစ်ခွက်ရှိပေသည်။ ထိုအားဆေးမှာ စိတ်နှလုံးပျော်ရွှင်အောင်ပြုလုပ်ခြင်းသာလျှင်ဖြစ်ပေသည် စိတ်ပျော်ရွှင်ခြင်းသည် လူတိုင်းတောင့်တလေ့ရှိသောအရာတစ်ခုပင်ဖြစ်ပေသည်။ ပျော်မှရွှင်၍ရွှင်မှကြည်တတ်ကြပေသည်။ သို့မှသာလျှင် ပျော်ရွှင်ကြည်နူးခြင်းဟူသော အနှစ်သာရတစ်ခုကိုရရှိပိုင်ဆိုင်နိုင်မည်ဖြစ်ပေသည်။သို့အတွက် မိမိပြောဆိုလိုက်သော အပြုအမူနှင့်အပြောအဆိုများကြောင့် သူတပါးစိတ်ဆင်းရဲ ဒုက္ခမရောက်ရေး အစဉ်တွေးပေးသင့်လှပေသည်။

လူသည်အသက်ရှင်တိုင်း တန်ဖိုးရှိနေသူဟု မပြောဆိုနိုင်ပေ။အသက်ရှင်မှုအသက်မွေးမှု စိတ်သဘောထားနှင့် ခံယူမှုအလိုက် တန်ဖိုးသတ်မှတ်ကြပေသည်။ လူ၏ တန်ဖိုးကို လူတို့ကသာအခမဲ့သတ်မှတ်ပေးတတ်မြဲပင်ဖြစ်ပေသည်။ ကိုယ့်ပတ်ဝန်းကျင်မှ လူများသည်ကိုယ့်ဘဝအကြောင်းကိုယ့်သမိုင်း၊ကိုယ့်လုပ်ရပ်တို့ကို မှတ်တမ်းတင်ပေးနေကြမြဲပင်ဖြစ်ပေသည်။ ပတ်ဝန်းကျင်မှ သမိုင်းရေးထိုးမှတ်တမ်းပြုသူများစံတင်ထားသည့် သတ်မှတ်ချက်တစ်ခုရှိပေသည်။ ထိုအရာမှာ "အသက်ရှင်တိုင်း မှန်ကန်သောရှင်သန်ခြင်းမဟုတ်ပါ။ ရိုးသားကြိုးစားကာ အများအကျိုးကိုဆောင်ရွက်ရှင်သန်မှသာ အဓိပ္ပာယ်ရှိ၍ မှန်ကန်သော ရှင်သန်ခြင်းဖြစ်သည်"ဟုပင် သတ်မှတ်ထားတတ်ကြပေသည်။

ဘဝတစ်ခုကို ရုန်းကန်ရှင်သန်မှုအစုစုတွင် မျက်နှာမလိုက်တမ်းစီရင်ဆုံးဖြတ်တတ်သော လောကတရားသူကြီးများရှိပေသည်။ ထိုသူများမှာ အချိန်၊ သဘာဝတရားနှင့် သေခြင်းဆိုသော သူများပင်ဖြစ်သည်။ မွေးဖွားခြင်းဖြင့် စတင်သမျှ သေဆုံးခြင်းဖြင့် နိဂုံးချုပ်ကြရမြဲပင်ဖြစ်ပေသည်။ မွေးဖွားခြင်းမှ သေဆုံးခြင်းဟူသော ပန်းတိုင်နှစ်ခုအကြား လူသားတို့၏သဘောသဘာဝကို ဂရုပြုလေ့လာမှတ်တမ်းယူသင့်လှပေသည်။

လူသားတို့အကြား အားနာခြင်းများကိုပန်ဆင်ထားပါက အောက်ကျခြင်းနှင့်အဆုံးခံဖို့ရန်အကြောင်းဖန်နေခြင်းမျှသာလျှင်ဖြစ်ပေသည်။ ပညာရှင်တို့၏အဆိုအရ "အားနာခြင်းသည်အဆုံးခံဖို့သာပြင်၊ ကြွားဝါခြင်းသည်အမုန်းခံဖို့သာပြင်"ဟုပင်ဆိုထားခဲ့ပေသည်။

လူ့လောကတွင် လူတော်၊ လူကောင်း၊ လူညံ့၊ လူယုတ်မှအစ လူကိုဘုံထား၍ ညွှန်းဆိုချက် များစွာပြုတတ်ကြပေသည်။ သူကောင်းစေချင်သမျှ ကိုယ်ကကောင်းအောင်ပြရပေမည်။သူတို့တော်လာရေးကို အလိုရှိသမျှ ကိုယ်ကကောင်းပြကြရပေမည်။

သူတော်လာအောင် ကောင်းပြနိုင်သမျှ သူတော်ကောင်း ဖြစ်ဖို့နီးစပ်နေပြီဖြစ်သည်။ ထို့အတူပင် ကိုယ့်ပတ်ဝန်းကျင်ရှိ မကောင်းသောလူ၊ ယုတ်ညံ့သောသူတို့၏ ဓလေ့စရိုက်ကိုလည်း အလွယ်မှတ်ထားသင့်လှပေသည်။ "ယုတ်ညံ့သော သူများသည် ကိုယ့်အပြစ်ကိုဖုံးကွယ်ပြီး သူတပါးအမှားကိုထောက်ကာ အပြစ်ပုံချတတ်သော အမူအကျင့်များစွာရှိနေသူများပင်ဖြစ်သည်။

လူသားတို့နှင့်အနီးစပ်ဆုံးသော ယထာဘူတကျသော အတွေးတစ်ခုရှိပေသည်။ထိုအရာမှာ အလုပ်ပင်ဖြစ်သည်။ဗုဒ္ဓဘာသာ၏ အယူအဆအရ"ကံ"ဟုပင်ဆိုတတ်ကြပေသည်။ "ကံ"သည် အလုပ်ဖြစ်၍ ကံကောင်းချင်သမျှ အလုပ်ကောင်းစွာပြုလုပ်ဖို့လိုအပ်လှပေသည်။ ကံကောင်းလျှင် ကောင်းကောင်းနေ၊ ကံမကောင်းလျှင်ကောင်းကောင်းနေဟုပင်ဆုံးမထားပေသည်။ကံမကောင်းခဲ့ပါမူ လူကိုပြင်၊မူကိုပြင်ဟုပင်ဆိုတတ်ကြပေသည်။ လူစွမ်းကောင်းတို့၏ တာဝန်တစ်ခုမှာ ဘဝတွင် ကြုံတွေ့ခဲ့ရသော ကံမကောင်းမှု၊ ရှုံးနိမ့်မှုများကို ရင်ဆိုင်ဖြတ်သန်းကျော်လွှားပြီး အမြတ်ရအောင် ယူရေးပင်ဖြစ်ပေသည်။

ကမ္ဘာပေါ်တွင် အသေးအဖွဲ့ဆိုသောအရာမရှိလှပါချေ။ သေးငယ်သောအပေါက်ကလေးဟု ဆိုသော်လည်း ထိုအပေါက်ငယ်ကလေးမှပင် ကျယ်ပြန့်သော မြင်ကွင်းတို့ကို မြင်ခွင့်ရှိနိုင်ပေသည်။ ထို့အတူပင် သေးငယ်သောလုပ်ရပ်တစ်ခုမှ လူတစ်ယောက်၏အကြောင်းကို အကဲခတ်နိုင်ပေသည်။ လူ့အကြောင်း ပေါင်းမှသိသော သဘာဝထဲတွင် လူတစ်ဦးအကြောင်းကို သိလိုသမျှ ထိုလူ၏ အပြုအမူ အပြောအဆို၊ အသေးအမွှားကလေးများကို ဂရုတစိုက်ကြည့်ခြင်းဖြင့် သိရှိနိုင်ပေသည်။

လူ့လောက၊လူ့ဘဝတွင် လူသားများထံသို့ မဖိတ်ခေါ်ဘဲ အလည်လာသော ဧည့်ဆိုးတစ်ယောက်ရှိပေသည်။ထိုဧည့်ဆိုးမှာ"သောက"ဆိုသောအရာပင်ဖြစ်ပေသည်။သောကဝင်သမျှ ဒေါသ ပါဖိတ်ခေါ်တတ်ပြီး မလှပခြင်းများစွာရောယှက်ထားတတ်ပေသည်။"အပူ၊သောက၊ဒေါသ"တို့မှာ လူကိုနှောင့်ယှက်ဖျက်ဆီးတတ်ပေသည်။ သောကကို ကုန်းပိုးကျောစီးနိုင်သောသူသာလျှင် သောကရဲ့အရှင်သခင် သူခ၏မိတ်ဆွေအရင်းအချာဖြစ်လာနိုင်သည်။ ပညာရှင်များကမူ "သောက ကိုအိပ်ယာထဲအထိ သယ်ဆောင်သွားတဲ့သူဟာ ရှုပ်ထွေး၊ညစ်ပတ်နေသောအမှိုက်ထုပ်ကြီးကို ကျောပိုးပြီး အိပ်ယာဝင်ခြင်းနှင့်တူသည်" ဟု ပင်ဆိုထားခဲ့ပေသည်။သို့အတွက် လောကဓံကို အန်တုလိုသူများသည်"သောကတဲ့လား. . . . သွား"ဟုပင် အမိန့်ပေးစေခိုင်းနိုင်သူဖြစ်အောင်ကျင့်ကြံသင့်လှပေသည်။

> သေးငယ်သောလုပ်ရပ်တစ်ခုမှ လူတစ်ယောက်၏ အကြောင်းကို အကဲခတ်နိုင်ပေသည်။ လူ့အကြောင်း ပေါင်းမှသိသော သဘာဝထဲတွင် လူတစ်ဦးအကြောင်း. . .

ဘဝတစ်ခုကို တည်ဆောက်မှုတွင်ပျော်ရွှင်ခြင်းအုတ်မြစ်ချကာ ငြိမ်းချမ်းခြင်းအကာအရံတို့ဖြင့် စီချယ်သင့်လှပေသည်။ ဘဝတစ်ခုအောင်မြင်ခြင်းအတွက်အထောက်အကူဖြစ်စေသောအချက်များတွင် သွက်လက်မှုသည်လည်း တစ်ခုအပါအဝင်ဖြစ်ပေသည်။ သွက်လက်ခြင်း၊ လန်းဆန်းခြင်း တက်ကြွခြင်း၊ ကြိုးစားခြင်းတို့ဖြင့် ဘဝကို ထုံမွမ်းထားသင့်လှပေသည်။ ပညာရှင်တို့၏ အဆိုအရ"သွက်လက်ခြင်းသည် အောင်မြင်ခြင်း၏ လမ်းစ၊ ကြွားဝါခြင်းသည် ရှုံးနိမ့်ခြင်း၏လမ်းဝ"ဟုပင်ဆိုထားခဲ့ပေသည်။ သမုဒ္ဒရာတွင် အနားသတ်ကမ်းစပ်ရှိသကဲ့သို့ပင် လူတွင်လည်း ဘဝနှင့်မျှော်လင့်ချက်တို့ ရှိနေတတ်ပေသည်။ဘဝတစ်ခုကောင်းမွန်ရေးအတွက် ကောင်းမွန်သောအတွေးကလေးများဖြင့် စီခြယ်တတ်ရပေလိမ့်မည်။ တန်ဖိုးဆိုသောအရာသည် အသုံးကျအောင် အသုံးချတတ်သူ၏အပြု အမူပေါ်တွင် မူတည်နေတတ်ပေသည်။ သို့အတွက် ပြုမူသောခန္ဓာကိုယ်၊ ပြောဆိုသောပါးစပ်၊ ကြံတွေးသောစိတ်အခြေခံအင်အားစုကို အသုံးပြုကာ ကောင်းမွန်သောဘဝပန်းပုကို ထုဆစ်ပုံဖော်သင့်လှပါပေသည်။

## ရေးဟောင်းသမိုင်းဝင်သိမ်ကြီး(၉)သိမ်၌ ပူဇော်ပွဲကျင်းပမည်

**မိတ္ထီလာ ဖေဖော်ဝါရီ ၂၃**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင်အတွင်းရှိ ရှေးဟောင်းသမိုင်းဝင်သိမ်ကြီး (၉)သိမ်ဖြစ်သော မိတ္ထီလာ မြို့နယ် ဆည်ကုန်းရွာမှ ပဲသီတာသိမ်၊ အိုမတွေ့ရွာမှ ကတ္တူကန်သိမ်၊ ဝက်ကျော်ရွာမှ ဝက်ကျောက်သိမ်၊ ရှင် မြို့ရွာမှ ရှင်ပင်ကူသိမ်၊ မိတ္ထီလာမြို့၊ သီရိမင်္ဂလာရပ်မှ ထီးသုံးဆင့်သိမ်၊ ညောင်ဇောက်ရွာမှ သားဖန်းသိမ်၊ ကျောင်းရွာမှ ကလိန်ခြေသိမ်၊သာစည်မြို့နယ် ဘူးရုံရွာမှ ကူဖြူသိမ်၊ ကုန်းတောင်းရွာမှ ကုန်းတောင်းသိမ်တို့၌ မဟာပဋ္ဌာန်း ရွတ်ဖတ်ပူဇော်ပွဲများကို မတ် ၄ ရက်တွင် ကျင်းပမည်ဖြစ်သည်။

မိတ္ထီလာမြို့မှ သိမ် (၉)သိမ် လှည့်လည်ပူဇော်ရာ၌ လိုက်ပါပူဇော်နိုင်ရေးအတွက် မော်တော်ယာဉ်များ စီစဉ်ပေးခြင်း၊ နေ့လည်စာ အာဟာ ရဒါန ကုသိုလ်ပြုခြင်း၊ ပူဇော်မှုအောင်ပွဲအဖြစ် ဓမ္မပူဇာသဘင်ကျင်းပခြင်းများကို နှစ်စဉ် အစဉ်အလာမပျက် နဝမအကြိမ်မြောက် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**ကျော်ကျော်မြင့်**

## အလုံမြို့နယ်စာရေးဆရာအသင်း တွေ့ဆုံပွဲကျင်းပ

**ရန်ကုန် ဖေဖော်ဝါရီ ၂၃**

ရန်ကုန်တိုင်းဒေသကြီး ရန်ကုန်အနောက်ပိုင်းခရိုင် အလုံမြို့နယ် စာရေးဆရာအသင်း အလုပ်အမှုဆောင်အဖွဲ့ဝင်များ တွေ့ဆုံပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၂၂ရက် ညနေ ၃ နာရီက အလုံမြို့နယ်၊ ဆင်မင်းရပ်ကွက်ရှိ အလုံမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးခန်းတွင် ကျင်းပခဲ့သည်။

အခမ်းအနားသို့ မြို့နယ်စာရေးဆရာအသင်း နာယက၊ အလုံမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခိုင်မောင်ရည်(ခ)ခင်မောင်ရည်၊ မြို့နယ် စာရေးဆရာအသင်း ဥက္ကဋ္ဌ ဒေါ်ချိုချိုသန်း (ချိုမြနွယ်)နှင့် မြို့နယ်စာရေးဆရာအသင်း အလုပ်အမှုဆောင်အဖွဲ့ဝင်များ တက်ရောက်ကြသည်။

ထို့နောက် မြို့နယ်စာရေးဆရာအသင်း ဥက္ကဋ္ဌက မြို့နယ်မဂ္ဂဇင်း ထုတ်ဝေမည့် အစီအစဉ်ကိုတင်ပြရာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခိုင်မောင်ရည်က အလှူငွေ တစ်သိန်းကို မတည်လှူဒါန်းပြီး မဂ္ဂဇင်းဖြစ်မြောက်ရေးကော်မတီကို ဖွဲ့စည်းသည်။

ဆက်လက်၍ မြို့နယ်စာရေးဆရာအသင်းဝင်များဆွေးနွေးကြရာ စာမူများကို မတ် ၃၁ရက် နောက်ဆုံးထားပြီး အလုံမြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးနှင့် မြို့နယ်စာရေးဆရာများထံပေးပို့ရန်နှင့် မဂ္ဂဇင်းကို ဧပြီလတွင်ထုတ်ဝေရန်ဆုံးဖြတ်ကြသည်။

**တင်မောင်ဦး(အလုံ)**

## ကျောက်ထုတွင် ချင်းအမျိုးသားနေ့ကျင်းပ

**ကျောက်ထု ဖေဖော်ဝါရီ ၂၃**

(၆၇)ကြိမ်မြောက် ချင်းအမျိုးသားနေ့အခမ်းအနားကို မကွေးတိုင်းဒေသကြီးနှင့်ချင်းပြည်နယ်တို့ နယ်နိမိတ်ချင်းဆက်စပ်လျက်ရှိသည့် မကွေးတိုင်းဒေသကြီး ဂန့်ဂေါခရိုင် ကျောက်ထုမြို့ အမှတ်(၄)ရပ်ကွက် မေတ္တာရင်ခွင် မူလတန်းကြိုကျောင်း၌ ဖေဖော်ဝါရီ ၂၀ ရက် နံနက်ကကျင်းပရာ သဘာပတိ ဦးလိန်းထန်းက ဂုဏ်ပြုအမှာစကားပြောကြားကြောင်းနှင့် အခမ်းအနားတွင် အကပဒေသာများဖြင့် ဖျော်ဖြေတင်ဆက်ကြကြောင်း သိရသည်။

**(၄၆၉)**

## ရွှေဘိုခရိုင် ဒီပဲယင်းမြို့နယ် အုန်းတင်ကျေးရွာရှိ အောင်စည်တော်ဟိန်းကျောင်းဆောင်သစ်ဖွင့်

**ဒီပဲယင်း ဖေဖော်ဝါရီ ၂၃**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ဒီပဲယင်းမြို့နယ် အုန်းတင်ကျေးရွာ အခြေခံပညာမူလတန်းကျောင်း အောင်စည်တော်ဟိန်းကျောင်းဆောင်သစ် ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၁၈ ရက် နံနက် ၉ နာရီ က အဆိုပါကျောင်းရှေ့၌ ကျင်းပခဲ့ကြောင်းသိရသည်။

ကျောင်းဆောင်သစ်အား ဆရာတော် ဦးကုန္ဒောဘာသ၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဆည်မြောင်းဦးစီးဌာန၊ ညွှန်ကြားရေးမှူး ဦးကြည်ဆွေ၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးငြိမ်းချမ်းအောင်၊ မြို့နယ်ပညာရေးမှူး ဦးကြည်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး ကျောင်းဆောင်သစ် ဆိုင်းဘုတ်အား စစ်ကိုင်းတိုင်းဒေသကြီး၊ တိုင်းဒေသကြီးပညာရေးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးသန်းအောင်က စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးခဲ့သည်။

အဆိုပါ ကျောင်းဆောင်သစ်အဆောက်အဦးမှာ အလျားပေ ၆၀၊ အနံ ပေ၃၀၊ အမြင့် ၁၂ပေ ၊ သွပ်မိုး တစ်ထပ် အဆောက်အအုံအမျိုးအစားဖြစ်ပြီး နိုင်ငံတော်အစိုးရ၏ ပညာရေးဌာန ခွင့်ပြုရန်ပုံငွေ ကျပ်၂၁၆ သိန်း ဖြင့်ဆောက်လုပ်ခဲ့ကြောင်းသိရသည်။

**အောင်လင်း(iprd)**

ဥပဒေဘောင်အတွင်း နေထိုင်ခြင်း ဘေးကင်းရန်ကွာ လွန်ချမ်းသာ

# ကမ္ဘာ့အမွေအနှစ်နှင့်ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းရေးဆိုင်ရာ အသိပညာပေးဆွေးနွေး

**ပြည် ဖေဖော်ဝါရီ ၂၃**

လူငယ်လူရွယ်များနှင့် ကျောင်းသား ကျောင်းသူများသည် မိမိတို့ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များကို ထိန်းသိမ်းစောင့်ရှောက်ရမည့် မျိုးဆက်သစ်များဖြစ်ပါ၍ မျိုးဆက်သစ်လူငယ်တိုင်း ဘိုးဘွားအမွေအနှစ်များကို ဂုဏ်ယူမြတ်နိုးတန်ဖိုးထား ထိန်းသိမ်းစောင့်ရှောက်လိုစိတ်ရှိပါက ရှေးဟောင်းအမွေအနှစ်များ ရေရှည်တည်တံ့မည်ဖြစ်ကြောင်း ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်စန္ဒာခင်က ကမ္ဘာ့အမွေအနှစ်နှင့် ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းရေးဆိုင်ရာ အသိပညာပေးတွေ့ဆုံဆွေးနွေးပွဲတွင် ဆွေးနွေးပြောကြားခဲ့သည်။

သရေခေတ္တရာပျူမြို့ဟောင်းအတွင်းရှိ မှဲ့ဇာရွာ လယ်ပြင်ဘုန်းကြီးကျောင်း၌ ဖေဖော်ဝါရီ ၁၆ ရက်က မှဲ့ဇာကျေးရွာ၊ အိုးတင်းကုန်းတွင်၊ လူကြီးကုန်းရွာ၊ ကန်ပေါင်ရွာ၊ ကန်နားရွာ၊ မြင်းကတောင်းရွာများမှ ဒေသခံပြည်သူအင်အား ၃၅၀ ကျော်တို့အားလည်းကောင်း၊ ဖေဖော်ဝါရီ ၁၇ ရက်နံနက်ပိုင်းက ပြည်တက္ကသိုလ်မှ ပါမောက္ခချုပ်နှင့် ပါမောက္ခဌာနမှူးများ၊ ဆရာ၊ဆရာမများ၊ တက္ကသိုလ်ကျောင်းသားကျောင်းသူများ အင်အား ၄၀၀ကျော်တို့အားလည်းကောင်း ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီးဒေါ်စန္ဒာခင်နှင့် UNESCO ပညာရှင်များဖြစ်သည့် အင်္ဂလန်နိုင်ငံ Cambridge University မှ ပါမောက္ခ Dr. Janice stargedt အီတလီနိုင်ငံ HLarici Foundationr S Dr. Patriza ရှေးဟောင်းသုတေသန နည်းပညာသင်တန်းကျောင်း(ပြည်) ကျောင်းအုပ်ကြီး ဦးဝင်းကြိုင်တို့ တွေ့ဆုံပြီး ကမ္ဘာ့အမွေအနှစ်နှင့် ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းရေးဆိုင်ရာ အသိပညာပေးဆွေးနွေးခဲ့သည်။

ဒုတိယဝန်ကြီးက ပျူမြို့ဟောင်းသုံးမြို့ကို ကမ္ဘာ့အမွေအနှစ်ကော်မတီက ၂၀၁၄ ခုနှစ် ဇွန် ၂၂ ရက်တွင်ကမ္ဘာ့အမွေအနှစ်စာရင်းအဖြစ် အတည်ပြုသက်မှတ်ပြီးဖြစ်ပါကြောင်း၊ ကမ္ဘာ့အမွေအနှစ်စာရင်းဝင်ဖြစ်ပြီးနောက် ဆက်လက်ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များ ကျန်ရှိနေသေးပါကြောင်း၊ အမွေအနှစ်များရေရှည်တည်တံ့ရေးအတွက် ဒေသခံပြည်သူများက ဘက်ပေါင်းစုံမှ ဝိုင်းဝန်းထိန်းသိမ်းရန်လိုအပ်ပါကြောင်းတို့အား ထည့်သွင်းဆွေးနွေးခဲ့သည်။

ထို့နောက်အင်္ဂလန်နိုင်ငံ Cambrige University မှ ပါမောက္ခ Dr.Janice Stargedt က ၎င်းသည် ပျူမြို့ဟောင်းနှင့်စပ်လျဉ်း၍ သုတေသနပြုလေ့လာနေသည်မှာနှစ်ပေါင်း ၄၀ ကျော်ရှိပြီဖြစ်ပါကြောင်း၊ ယခုလည်း သရေခေတ္တရာမြို့ဟောင်း၏ ရေသွင်းရေထုတ်စနစ်များကို ထူးဖော်လေ့လာသုတေသနပြုလျက်ရှိပါကြောင်း၊ ဒေသခံများနှင့် တက္ကသိုလ်ကျောင်းသားကျောင်းသူများ စိတ်ပါဝင်စားသူများ၊ မိမိတူးဖော်သုတေသနပြုသည့်နေရာသို့ လာရောက်လေ့လာရန် ဖိတ်ခေါ်ပါကြောင်း ဆွေးနွေးခဲ့သည်။

ဆက်လက်ပြီး အီတလီနိုင်ငံ Larici Foundation မှ Dr.Patrizia က ကမ္ဘာ့အမွေအနှစ်စာရင်းဝင် သရေခေတ္တရာမြို့ဟောင်းကို ယခုအချိန်အထိ ရှင်သန်တည်ရှိအောင်မျိုး ဆက်အဆင့်ဆင့် လက်ဆင့်ကမ်း ထိန်းသိမ်းစောင့်ရှောက်ခဲ့ကြသည့် ဒေသခံများကို ကျေးဇူးတင်ရှိပါကြောင်း၊ မြို့ဟောင်းအတွင်းဒေသနှင့်လိုက်လျောညီထွေသည့် စိုက်ပျိုးရေးလုပ်ငန်းများကို ဆက်လက်လုပ်ကိုင်ကြစေလိုပါကြောင်း၊ ဘိုးဘွားအမွေအနှစ်များကိုလည်း ဝိုင်းဝန်းထိန်းသိမ်းပေးကြစေလိုကြောင်း၊ ယင်းအနေဖြင့်လည်း Geophysics နည်းပညာဖြင့် မြေအောက်ရှိ အဆောက်အအုံများတည်ရှိနေမှုကို တူးဖော်သုတေသနပြုလျက်ရှိပါကြောင်း၊ မျိုးဆက်သစ် လူငယ်များကို တူးဖော်သုတေသနပြုသည့်နေရာသို့ လာရောက်လေ့လာရန် ဖိတ်ခေါ်ပါကြောင်း ဆွေးနွေးခဲ့သည်။

ထို့နောက် ရှေးဟောင်းသုတေသနနည်းပညာသင်တန်းကျောင်း(ပြည်) ကျောင်းအုပ်ဆရာကြီး ဦးဝင်းကြိုင်က ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များကို အခါအခွင့်ကြုံ ကြိုက်၍ ထိန်းသိမ်းရခြင်းဖြစ်ပါကြောင်း၊ ထို့ကြောင့် ဂုဏ်ယူမြတ်နိုးတန်ဖိုးထားတတ်ရန်လိုအပ်ပါကြောင်း၊ ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်ဒေသနှင့် ရှေးဟောင်းပစ္စည်းများထိခိုက်ပျက်စီးဆုံးရှုံးမှု မရှိစေရေးအတွက် အားလုံးဝိုင်းဝန်းထိန်းသိမ်းပေးစေလိုပါကြောင်းဆွေးနွေးခဲ့သည်။

ဆက်လက်၍ တက်ရောက်လာသူများက မေးမြန်းသည်များကို ဒုတိယဝန်ကြီးနှင့် ကျောင်းအုပ်ဆရာကြီးတို့ကဖြေကြားပြီး ကမ္ဘာ့အမွေအနှစ်အထိမ်းအမှတ်တံဆိပ်ပါ အိတ်နှင့်ဗလာစာအုပ်များကို အမှတ်တရပေးဝေသည်။ **ကြေးမုံ**



**ရန်ကုန်တိုင်းဒေသကြီး တောင်ပိုင်းခရိုင် တွံတေးမြို့နယ်၏ရှေးဟောင်းသမိုင်းဝင်ဆံတော်ခြောက်ဆူကိန်းဝပ်တော်မူသော ဆကေသဓာတုရွှေဆံတော်စေတီတော်မြတ်ကြီး၏ အောက်ခြေကုန်းတော်ပတ်ဝန်းကျင်အားမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်အုပ်ချုပ်ရေးမှူးဦးကျော်ဝင်း၏ကြီးကြပ်မှုဖြင့်တွံတေးမြို့နယ်ရှိဌာနဆိုင်ရာဝန်ထမ်းများ၊မြို့ပေါ်ရှိရပ်ကွက်မှလုပ်သားပြည်သူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ မြို့နယ်ရဲတပ်ဖွဲ့မှူးနှင့်တပ်ဖွဲ့ဝင်များစုစုပေါင်းအင်အား ၃၆၀ ဖြင့် စုပေါင်းသန့်ရှင်းရေးကိုဖေဖော်ဝါရီ၂၁ရက်နံနက်၇နာရီကရွှေဆံတော်စေတီတော်မြတ်ကြီး၌ပြုလုပ်ခဲ့ကြောင်းသိရသည်။ မျိုးလှိုင်(တွံတေး)**

## တောင်ဥက္ကလာပမြို့နယ်တွင် ယာဉ်မောင်းများအား ယာဉ်စည်းကမ်းလိုက်နာမှု စစ်ဆေး

**နေပြည်တော် ဖေဖော်ဝါရီ ၂၃**

ရန်ကုန်တိုင်းဒေသကြီး တောင်ဥက္ကလာပမြို့နယ် မြင်သာဈေးမှတ်တိုင်၌ ပါရမီယာဉ်လိုင်းတာဝန်ရှိသူများက အဓိပတိ(အစိမ်း) ဆူးလေမှမြောက်ဒဂုံ(၅၀) ကွေ့အထိမောင်းနှင်လာသော ပါရမီယာဉ်လိုင်း ယာဉ်မောင်းသမားများအား ယာဉ်တိုက်မှုများမဖြစ်ပေါ်စေရန်နှင့် ပြည်သူများအန္တရာယ်ကင်းရှင်းစွာဖြင့် သွားလာနိုင်ရန်အတွက် ဖေဖော်ဝါရီ ၂၀ ရက် ည ၈ နာရီတွင် အရက်သေစာသောက်စားပြီးမောင်းနှင်မှု ရှိမရှိကိုစက်ဖြင့် တိုင်းတာမှု၊ ယာဉ်၊ ယာဉ်မောင်းတွင် ပါရှိရမည့် လိုင်စင်မှန်ကန်မှုရှိမရှိနှင့် ယာဉ်တွင်ပါရှိရမည့်မီးလုံးများပြည့်စုံမှု ရှိမရှိ စစ်ဆေးဆောင်ရွက်ခဲ့ကြောင်းသိရသည်။ **(ဆုထက်လှိုင်)**

# မီးသတ်စခန်းတည်ဆောက်နေမှု ကြည့်ရှုစစ်ဆေး



**ငါန်းဇွန် ဖေဖော်ဝါရီ ၂၃**

မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင် ငါန်းဇွန်မြို့နယ်တွင် မြို့နယ်မီးသတ်ဦးစီးမှူးရုံးနှင့် မြို့နယ်မီးသတ်စခန်း တည်ဆောက်နေမှု အခြေအနေများကို ခရိုင်တည်ဆောက်ရေးလုပ်ငန်းများစီစစ်ရေးကော်မတီ ဥက္ကဋ္ဌ၊ မြင်းခြံခရိုင် အုပ်ချုပ်ရေးမှူး ဦးမြင့်သင်းအောင်၊ မန္တလေးတိုင်းဒေသကြီး၊ လွှတ်တော်ကိုယ်စားလှယ် ဦးကျော်တင့်၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ခရိုင်ဦးစီးမှူး ဦးကျော်မင်းနောင်နှင့် ငါန်းဇွန်မြို့နယ် အုပ်ချုပ်ရေးမှူး ဦးတင်ဝင်း တို့သည် ဖေဖော်ဝါရီ ၂၁ ရက် နံနက် ၁၀ နာရီက သွားရောက်ကြည့်ရှု စစ်ဆေးခဲ့သည် ။

ငါန်းဇွန်မြို့နယ် မြို့နယ်မီးသတ်ဦးစီးမှူးရုံးနှင့် မြို့နယ်မီးသတ်စခန်း တည်ဆောက်နေသည့် မီးသတ် စခန်းသည် ၄၅x၅၀ ပေ၊ RC နှစ်ထပ်အဆောက်အအုံဖြစ်ကြောင်း သိရသည်။

အဆိုပါတည်ဆောက်ရေးလုပ်ငန်းခွင် အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီးနောက် ခရိုင်အုပ်ချုပ်ရေးမှူးဦးမြင့်သင်းအောင်က တည်ဆောက်ရေးလုပ်ငန်းခွင်အတွင်း ထိခိုက်မှုအန္တရာယ်ကင်းရှင်းရေး ၊ စံချိန်စံညွှန်းမီ အရည်အသွေးပြည့်မီရေး၊ သတ်မှတ်ကာလအတွင်း တည်ဆောက်မှု ပြီးစီးရေးနှင့် မီးသတ်စခန်းအတွင်းရှိ မီးငြိမ်းသတ်ယာဉ်များ ကြံ့ခိုင်ကောင်းမွန်ရေးနှင့် ပတ်သက်ပြီး ပြောကြားခဲ့သည် ။

မီးသတ်စခန်းအား တာဝန်ယူတည်ဆောက်နေသော WE ARE ABLE Construction Co,Ltd မှ တာဝန်ရှိသူတစ်ဦးမှ တည်ဆောက် ပြီးစီးမှုအခြေအနေများ၊ အဆောက်အအုံပုံစံများအကြောင်းကို ရှင်းလင်းတင်ပြခဲ့သည်။ **ဇော်မင်းနိုင်(မြင်းခြံ)**

## တပ်မတော်သားများနှင့် ကျဆုံး၊ ဒဏ်ရာရအရာရှိ၊ စစ်သည်၊ စစ်သမီးများ အတွက် အလှူငွေပေးအပ်

**ရန်ကုန် ဖေဖော်ဝါရီ ၂၃**

အရှေ့မြောက်တိုင်းစစ်ဌာနချုပ်နယ်မြေအတွင်း စစ်ဆင်ရေးတာဝန်ထမ်းဆောင်လျက်ရှိသည့် တပ်မတော်သားများ၊ တိုက်ပွဲကျ၊ ဒဏ်ရာရရှိခဲ့သောအရာရှိ စစ်သည်၊ စစ်သမီးများအတွက် ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့နှင့် စေတနာရှင်များက လှူဒါန်းငွေဂုဏ်ပြုချီးမြှင့်သည့် အခမ်းအနားတွင် ငွေကျပ် ၁၀၆၀၀၀၀ ပေးအပ်လှူဒါန်းရာ ရန်ကုန်တိုင်းဒေသကြီး စစ်မှုထမ်းဟောင်းကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌ ဗိုလ်မှူးကြီးကျော်စိုး(အငြိမ်းစား)က လက်ခံယူခဲ့ကြောင်း သိရသည်။

ထို့ပြင် အရှေ့မြောက်တိုင်းစစ်ဌာနချုပ်နယ်မြေအတွင်း စစ်ဆင်ရေးတာဝန်ထမ်းဆောင်လျက်ရှိသည့် တပ်မတော်သားများ၊ တိုက်ပွဲကျ၊ ဒဏ်ရာရရှိခဲ့သောအရာရှိ၊ စစ်သည်၊ စစ်သမီးများအတွက် ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့နှင့် စေတနာရှင်များက လှူဒါန်းငွေဂုဏ်ပြုချီးမြှင့်သည့် အခမ်းအနားတွင် ငွေကျပ် ၁၄၀၀၀၀၀ ပေးအပ်လှူဒါန်းရာ ရန်ကုန်တိုင်းဒေသကြီး စစ်မှုထမ်းဟောင်းကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌ ဗိုလ်မှူးကြီးကျော်စိုး (အငြိမ်းစား)က လက်ခံယူခဲ့ကြောင်း သိရသည်။ **ကြေးမုံ**

## ပုသိမ်မြို့နယ်တွင် မိုးပွင့်အထူးစီမံချက်ဟောပြော

**ပုသိမ် ဖေဖော်ဝါရီ ၂၃**

နိုင်ငံသားစိစစ်ရေးကတ်ပြား၏တန်ဖိုးပြည်သူများ ကျယ်ကျယ်ပြန့်ပြန့်သိရှိလာစေရေးအတွက် ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန၏ မိုးပွင့်အထူးစီမံချက်ဟောပြောပွဲနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား ကွင်းဆင်းဆောင်ရွက်ပေးခြင်းကို ထန်းကန့်လန့်ကျေးရွာအုပ်စု ဇီးကုန်းကျေးရွာ အုပ်ချုပ်ရေးမှူးရုံး၌ ဖေဖော်ဝါရီ ၂၁ရက်နံနက် ၉ နာရီက ကျင်းပရာ ပြည်သူ ၁၅၀ တက်ရောက်သည်။

ရှေးဦးစွာ မြို့နယ်ဦးစီးမှူးအရာရှိ ဦးချစ်ကိုကိုလွင်က နိုင်ငံသားစိစစ်ရေးကတ်ပြား၏ တန်ဖိုးကို ပြည်သူလူထုမှ ကျယ်ကျယ်ပြန့်ပြန့်သိရှိလာစေရေးအတွက် ဦးစားပေးဆောင်ရွက်ရန်နှင့် နိုင်ငံသားအခွင့်အရေး (Right Of citizen) ဖြစ်ပါကြောင်းပြောကြားခဲ့သည်။

ထို့ပြင် ၎င်းက ပြည်သူလူထု၏ အသိတရား (mind set) ပြောင်းလဲစေရန် ပြည်သူများ လွယ်ကူသက်သာမြန်ဆန်သည့် One Stop Service နည်းဖြင့် ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း ရှင်းလင်းဟောပြောကြားခဲ့ပြီး ကျေးရွာပြည်သူ ၉၂ ဦးအား နိုင်ငံသားစိစစ်ရေးကတ်ပြားများ ထုတ်ပေးခဲ့ကြောင်း သိရသည်။ **အေးအေးမြင့်**

## သာကေတတွင် လျှပ်စစ်ဓာတ်အား ပြည့်ဝစွာ ရရှိရေးကို ဆောင်ရွက်

**ရန်ကုန် ဖေဖော်ဝါရီ ၂၃**

ရန်ကုန်အရှေ့ပိုင်းခရိုင် သာကေတမြို့နယ်တွင် လျှပ်စစ်စွမ်းအားဝန်ကြီးဌာနနှင့် ရန်ကုန်မြို့တော်လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့တို့၏ လမ်းညွှန်မှုဖြင့် သာကေတမြို့နယ်အတွင်း နေ့ရာသီလျှပ်စစ်ဓာတ်အားများပြတ်တောက်မှုလျော့နည်းကျဆင်းရေး၊ လျှပ်စစ်အန္တရာယ် ကင်းစင်စေရေး၊ ဗို့အားပြည့်ဝစွာ ရရှိရေးတို့အတွက် အရှေ့ပိုင်းခရိုင်လျှပ် စစ်ဌာနအုပ်ချုပ်ရေးမှူး ဦးစံဌေးမှ အနီးကပ်ကြီးကြပ်လျက်ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ သာကေတမြို့နယ်တွင်လျှပ်စစ်စွမ်းအားဝန်ကြီးဌာနနှင့်ရန်ကုန်မြို့တော်လျှပ်စစ်ဓာတ်အား ပေးရေးအဖွဲ့တို့၏ လမ်းညွှန်မှုဖြင့် (၇) အနောက်ရပ်ကွက် မြေနီ(၂)လမ်းနှင့် (၃)လမ်းကြားတွင် (315 KVA) ထရန်စဖော်မာတစ်လုံးနှင့် 6.6 KV လိုင်း (၆၅၀) အရှည်ရှိSAC.CABLE ဓာတ်အားလိုင်းဆွဲပြီး ဓာတ်အားလွှတ်ခြင်းလုပ်ငန်းကို အရှေ့ပိုင်းခရိုင်လျှပ်စစ်ဌာနအုပ်ချုပ်ရေးမှူး ဦးစံဌေးမှ အနီးကပ်ကြီးကြပ်လျက် မြို့နယ်လျှပ်စစ်ဌာနအုပ်ချုပ်ရေးမှူး ဦးအေးမင်းဝင်းဦးစီးပြီး လိုင်းဝန်ထမ်းများဖြင့် ဖေဖော်ဝါရီ ၁၁ ရက် မွန်းတည့် ၁၂ နာရီက ဓာတ်အားများပို့လွှတ်ခဲ့ကြောင်းသိရသည်။

**ခင်မောင်ဝင်း(ကြေးမုံ)**

# မြန်အောင်သို့ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ လှူဒါန်းသည့် ဗုဒ္ဓစွယ်တော်ပွား ဒေသစာရီအပူဇော်ခံရောက်ရှိ

**မြန်အောင်၊ ဖေဖော်ဝါရီ ၂၃**

ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များသို့ ရဟန်းရှင်လူပြည်သူများ ကြည်ညိုဖူးမျှော်နိုင်ကြရန် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှလှူဒါန်းသည့် ဗုဒ္ဓစွယ်တော်ပွားကို ဖေဖော်ဝါရီ၂၁ ရက်နံနက်က ထူးကြီးမြို့မှ မြန်အောင်မြို့နယ်သို့ ဒေသစာရီ ကြွချီအပူဇော်ခံရောက်ရှိလာကြောင်း သိရသည်။

ဗုဒ္ဓစွယ်တော်ပွားကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမင်းမင်းထွန်း၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ဝင်းဆွေနှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ ကညင်ငူကျေးရွာအုပ်စု ကညင်ငူရွာ ရဟန်းရှင်လူပြည်သူများက စည်ကားသိုက်မြိုက်စွာ ကြိုဆိုပင့်ဆောင်ပူဇော်ခဲ့ကြသည်။ ဗုဒ္ဓစွယ်တော်ပွားကို ကညင်ငူကျေးရွာတွင်အပူဇော်ခံ၍ ညနေတွင် မြန်အောင်မြို့နယ် အင်ပင်မြို့သို့ဆက်လက်ပင့်ဆောင်ပူဇော်ရာ အင်ပင်မြို့သူမြို့သားများက စည်ကားသိုက်မြိုက်စွာ ကြိုဆိုပင့်ဆောင် ပူဇော်ကြသည်။

အင်ပင်မြို့မလမ်း အပူဇော်ခံမဏ္ဍပ်တွင် ဗုဒ္ဓစွယ်တော်ပွားကို တစ်ညတာကိန်းဝပ်စံပယ်၍ အပူဇော်ခံထားရှိပြီး ဖေဖော်ဝါရီ ၂၂ ရက် နံနက်တွင် မြန်အောင်မြို့သို့ ဒေသစာရီကြွချီအပူဇော်ခံရောက်ရှိကြောင်း သိရသည်။

ဗုဒ္ဓစွယ်တော်ပွားကို ဧရာဝတီတိုင်းဒေသကြီး အတွင်းရှိမြို့နယ်များသို့ ရဟန်းရှင်လူပြည်သူများ ဖူးမျှော်နိုင်ရန် ပုသိမ်မြို့ ရွှေမုဋ္ဌော မဟာစေတီတော်မြတ်ကြီး ကုန်းတော်ရှိ ဂန္ဓကုဋီတိုက်တော်မှ ပင့်ဆောင်လာခြင်းဖြစ်သည်။ **ဝင်းဗိုလ်(မြန်/ဆက်)**

# ထားဝယ်တက္ကသိုလ် (၁၅) နှစ်ပြည့်အထိမ်းအမှတ် သုတေသနစာတမ်းဖတ်ပွဲပြုလုပ်

**ထားဝယ်၊ ဖေဖော်ဝါရီ ၂၃**

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ ထားဝယ်တက္ကသိုလ်ပင်မဆောင်ရှိ အခန်းအမှတ် ၂၁၂၅ ထားဝယ်တက္ကသိုလ် (၁၅) နှစ်ပြည့်အထိမ်းအမှတ် သုတေသနစာတမ်းဖတ်ပွဲကို ဖေဖော်ဝါရီ ၂၀ ရက် နံနက် ၉ နာရီတွင်ကျင်းပရာ တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ်ဦးမြတ်ကိုနှင့် ဝန်ကြီးများ၊ တိုင်းဒေသကြီးဥပဒေချုပ် ဦးစိုးမြင့်နှင့် ဖိတ်ကြားထားသူများ၊ ထားဝယ်တက္ကသိုလ်ဒုတိယ ပါမောက္ခချုပ် ဒေါက်တာဘဟန်နှင့် ပါမောက္ခ (ဌာနမှူးများ)၊ ပါမောက္ခများ၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်

အခမ်းအနားတွင် ထားဝယ်တက္ကသိုလ်ဒုတိယ ပါမောက္ခချုပ် ဒေါက်တာဘဟန်က အဖွင့်အမှာစကားပြော ကြားပြီး စာတမ်းရှင်များက သုတေသနစာတမ်းများ ဖတ်ကြားကြသည်။ ထားဝယ်တက္ကသိုလ်(၁၅) နှစ်ပြည့် အထိမ်းအမှတ် သုတေသနစာတမ်းဖတ်ပွဲတွင်သုတေသန ပညာရှင်များက သုသေသနစာတမ်း ၁၀ စောင်ကို ဖတ်ကြားတင်သွင်းခဲ့ကြပြီး ထားဝယ်တက္ကသိုလ်အနေဖြင့် သုတေသနဂျာနယ်များကိုလည်း နှစ်စဉ်ပုံနှိပ်ထုတ်ဝေလျက်ရှိကြောင်း သိရသည်။ **(၈၅၂)**

# စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ကနီမြို့စည်ပင်သာယာ ဈေး၌ မီးဘေးကြိုတင်ကာကွယ်နိုင်ရေး သရုပ်ပြလေ့ကျင့်ခြင်းဆောင်ရွက်



**ကနီ၊ ဖေဖော်ဝါရီ ၂၃**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ကနီမြို့ မြို့နယ်စည်ပင်သာယာဈေး မီးဘေးကြိုတင်ကာကွယ်နိုင်ရေးအတွက် မြို့နယ်စည်ပင်သာယာရေးကော်မတီအဖွဲ့နှင့် မြို့နယ်သန္တေမီးသတ်ဦးစီးဌာနတို့ ပူးပေါင်း၍ မီးဘေးကြိုတင်ကာကွယ်ရေး သရုပ်ပြလေ့ကျင့်ဆောင်ရွက်မှုကို ဖေဖော်ဝါရီ ၂၁ ရက် မွန်းလွဲ ၂ နာရီက အဆိုပါဈေးရုံရှေ့တွင် သရုပ်ပြခဲ့ကြကြောင်း သိရသည်။

ယင်းမီးဘေးကြိုတင်ကာကွယ်ရေး လေ့ကျင့်ရေးသရုပ်ပြပွဲသို့ မြို့နယ်စီမံခန့်ခွဲမှုကော်မတီ အတွင်းရေးမှူး ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ထွန်းတိုး၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးသောင်းညိမ်းနှင့် တပ်ဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ ဈေးကော်မတီဝင်များနှင့် ဈေးသူဈေးသားများ လာရောက်ကြည့်ရှုခဲ့ကြသည်။

သရုပ်ပြပွဲတွင် မြို့နယ်သန္တေမီးသတ်ဦးစီးဌာနမှ လက်ထောက်မီးသတ်ဦးစီးမှူး ဦးထိန်လင်းထွန်းနှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ်အရန်မီးသတ်တပ်ဖွဲ့ဝင်များကမီးသတ်ယာဉ်ကြီးနှစ်စီး၊အမှတ်(၂)ရပ်ကွက်မှအသေးစားမီးသတ်သုံးဘီယာဉ်တစ်စီးနှင့် မြို့နယ်စည်ပင်သာယာရေးမှ ရေသယ်ယာဉ်တစ်စီးတို့ဖြင့် လက်တွေ့မီးငြိမ်းသတ်နည်းများကို သရုပ်ပြသခဲ့ကြကြောင်း သိရသည်။

**သန်းဌေးအောင်(ကနီ)**

# ယခင်က သုံးစွဲခြင်းမရှိခဲ့ဘူးသော ဖြူးချောင်းမှ သဲများ အဝယ်လိုက်၍ အရောင်းသွက်

**ဖြူး၊ ဖေဖော်ဝါရီ ၂၃**

ယခင်က သုံးစွဲခြင်းမရှိခဲ့ဘူးသော ဖြူးချောင်းသဲများကို ပုဂ္ဂလိကလုပ်ငန်းရှင်များက ဖြူးချောင်းမှသဲများအား သဲစုပ်စက်များဖြင့် စုပ်ယူစုပုံ၍ သဲတစ်ကျင်းလျှင် ကျပ်လေးထောင်ဖြင့် အဝယ်လိုက်အရောင်းသွက်နေရာ ဒေသခံများ အလုပ်အကိုင်များရရှိကြပြီး ဝင်ငွေကောင်းလျက်ရှိကြောင်း သိရသည်။

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ဖြူးမြို့နယ်သည် နိုင်ငံတော်အစိုးရသစ်လက်ထက်တွင် အထိုက်အလျောက် ဖွံ့ဖြိုးတိုးတက်လာလျက်ရှိရာ မြို့ပေါ်နှင့် ကျေးလက်များတွင် လူနေအဆောက်အအုံများ၊ အများပြည်သူပိုင် အခြေခံပညာကျောင်းများ၊ ဆေးရုံများ၊ လမ်းတံတားများ တိုးချဲ့ပြုပြင်ဆောက်လုပ်ဆောက်လုပ်နေ၍ သဲလိုအပ်ချက်များလျက်ရှိသည်။ ယခင်က အဆောက်အအုံများဆောက်လုပ်ရာတွင် တောင်ကျချောင်းတစ်ခုဖြစ်သည့် ပြောင်သေချောင်းမှ သဲများကိုသာ ဝယ်ယူသုံးစွဲခဲ့ကြသည်။ **မြင့်ဦး(ဖြူး)**

# ကျီခါးမြို့အတွက် မီးသတ်ယာဉ် နှစ်စီးရောက်ရှိ

**ကျီခါး၊ ဖေဖော်ဝါရီ ၂၃**

ချင်းပြည်နယ်အစိုးရအဖွဲ့၏ စီစဉ်မှုဖြင့် ကျီခါးမြို့တွင်အသုံးပြုရန်အတွက် Future Com. Ltd. ထုတ် မီးသတ်ယာဉ်နှစ်စီးအား ဖေဖော်ဝါရီ ၁၅ ရက်က ကျီခါးမြို့သို့ပေးပို့ခဲ့ကြောင်း သိရသည်။

"ကျွန်တော်တို့ ကျီခါးမြို့ရဲ့ရာသီဥတုဟာ မျှတမှုမရှိဘဲ ဆောင်းရာသီမှာ အအေးဓာတ်လွန်ကဲပြီး နွေရာသီကျရင် မြေပြန့်နေရာမျိုးလို တအားပူပြင်းခြောက်သွေ့ပါတယ်။ ဒါကြောင့် မီးဘေးအန္တရာယ်ကို အမြဲစိုးရိမ်နေရပါတယ်။ အဲဒီလိုအခြေအနေမျိုးထဲကနေ အခုလိုစီစဉ်ပေးတော့ အတိုင်းထက်အလွန် အရမ်းကျေးဇူးတင်ပါတယ်။ မီးသတ်ယာဉ် စနစ်တကျအသုံးပြုနိုင်ဖို့နဲ့ ကြာရှည်ခံထိန်းသိမ်းနိုင်ဖို့ကိုတော့ မြို့နယ်ကော်မတီတွေ၊ မီးသတ်တပ်ဖွဲ့ဝင်တွေ၊ ပြည်သူတွေနဲ့အတူ ဝိုင်းဝန်းဆောင်ရွက်ကြမှာပါ" ဟု မြို့မိမြို့ဖတစ်ဦးက ပြောသည်။

မီးဘေးလုံခြုံရေး၊ မီးဘေးကြိုတင်ကာကွယ်ရေး၊ မီးငြိမ်းသတ်ရေး၊ အရေးပေါ်အချိန်ဆောင်ရွက်ရမည့်နည်းလမ်းနှင့် လုပ်ငန်းများ၊ယာဉ်၊စက်၊ဆီ၊လူ အသင့်ရှိရေး၊ မီးသတ်ယာဉ်ထိန်းသိမ်းနည်းနှင့် စနစ်တကျကိုင်တွယ်အသုံးပြုနည်းတို့ကို အရန်မီးသတ်တပ်ဖွဲ့ဝင်များအား စာတွေ့၊ လက်တွေ့ ဖြင့် သရုပ်ပြသင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **နိုဟေဆာ**

# ကျောက်ဆည်မြို့နယ် ပြည်ပန်းကျေးရွာတွင် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှကြီးမှူးကျင်းပသော လယ်ယာထုတ်လုပ်မှုတိုးတက်မြင့်မားရေး စိုက်ပျိုးရေးနည်းပညာသင်တန်းဖွင့်လှစ်

**ကျောက်ဆည်၊ ဖေဖော်ဝါရီ ၂၃**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ် ပြည်ပန်းကျေးရွာတွင် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ကြီးမှူးကျင်းပသော လယ်ယာထုတ်လုပ်မှုတိုးတက်မြင့်မားရေး စိုက်ပျိုးရေးနည်းပညာသင်တန်းကို ဖေဖော်ဝါရီ ၂၀ ရက် နံနက် ၈ နာရီက အဆိုပါကျေးရွာ ကွင်းအမှတ် ၁၉၉ လက်တွေ့စိုက်ပျိုးရေးပညာရှင် ဦးအောင်ရှိန်၏ စိုက်ပျိုးခြံတွင်ကျင်းပရာ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌနှင့် ကော်မတီဝင်များ၊ စိုက်ပျိုးရေးညှိနှိုင်းအဖွဲ့ဝင်များနှင့် သင်တန်းသားတောင်သူများတက်ရောက်ကြသည်။

သင်တန်းတွင် မြို့နယ်စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးခင်မောင်သန်းက ကျောက်ဆည်မြို့နယ်သည် ဆည်ရေသောက်ဧရိယာဖြစ်ပြီး ကောက်ပဲသီးနှံမျိုးစုံစိုက်ပျိုးဖြစ်ထွန်းသောဒေသဖြစ်ကြောင်း၊ ခေတ်မီစိုက်ပျိုးနည်းပညာများဖြင့် စိုက်ပျိုးနေခြင်းနှင့် ကုန်စည်စီးဆင်းမှုအတွက် လမ်းပန်းဆက်သွယ်ရေးကောင်းမွန်မှုကြောင့် နိုင်ငံခြားဝင်ငွေ များပြားလာမည်ဖြစ်ကြောင်းပြောကြားခဲ့သည်။

ယင်းနောက် ခရိုင်စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးမျိုးမင်းက သင်တန်းဖွင့်လှစ်ရခြင်းအကြောင်းနှင့်ပတ်သက်၍ တောင်သူကြီးများ လက်တွေ့စိုက်ပျိုးရာတွင် အခက်အခဲအမျိုးမျိုးကြုံတွေ့ရကြောင်းကို အခြေခံ၍ ယခုကဲ့သို့ သင်တန်းများဖွင့်လှစ်ရကြောင်း ပြောကြားခဲ့သည်။ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူးဦးရဲမင်းသောင်းက ဈေးကွက်ဝင်မျိုးကောင်းမျိုးသန့်ရွေးချယ် စိုက်ပျိုးရေး၊ နည်းစနစ်မှန်နှင့် ရာသီအလိုက်သီးနှံများ စနစ်တကျစိုက်ပျိုးရေးတို့ကို အကျယ်တဝင့်ပြောကြားခဲ့သည်။

ဆက်လက်၍ လက်တွေ့စိုက်ပျိုးရေးပညာရှင် ဦးအောင်ရှိန်က ကောက်ပဲသီးနှံများစိုက်ပျိုးရာတွင် ဒေသအလိုက် ရာသီဥတုနှင့်ကိုက်ညီသော သီးနှံများစိုက်ပျိုးခြင်း၊ မြေအမျိုးအစား၊ စိုက်ပျိုးရေရရှိမှု၊ မျိုးကောင်းမျိုးသန့်ရွေးချယ်စိုက်ပျိုးရေး၊ မြေဩဇာအသုံးပြုပုံ၊ ပိုးသတ်ဆေးအသုံးပြုပုံတို့အား ပြောကြားခဲ့သည်။ အဆိုပါသင်တန်းများအား ဖေဖော်ဝါရီ ၂၀ ရက်မှ မတ် ၈ ရက်ထိ သင်တန်းအပတ်စဉ်ပေါင်း ၁၃ ခု ဖွင့်လှစ်ထားပြီး မြို့နယ်အတွင်းရှိ ကျေးရွာအုပ်စုအားလုံးမှ တောင်သူများအား စာတွေ့၊ လက်တွေ့ ဆွေးနွေးပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။ **ခင်မောင်လွင်**

# မော်လမြိုင်ကျွန်း ရာဇူဒိုင်တံတားအမှတ် (၁) အထိ ကတ္တရာလမ်းခင်းခြင်းလုပ်ငန်း ပြီးစီး

**မော်လမြိုင်ကျွန်း၊ ဖေဖော်ဝါရီ ၂၃**

မော်လမြိုင်ကျွန်း မအူပင် အဝေးပြေးမော်တော်ကားလမ်းတွင် အရေးပါသော မော်လမြိုင်ကျွန်းမြို့နယ်အပိုင်း ရာဇူဒိုင်တံတားအမှတ် (၁) အထိ ကတ္တရာလမ်းခင်းခြင်းလုပ်ငန်းကို မော်လမြိုင်ကျွန်းမြို့နယ် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက တာဝန်ယူပြီး တပင်ရွှေထီးတံတားထိပ်မှ ရာဇူဒိုင်အမှတ် (၁) တံတားအထိ လမ်းအရှည် ၄ မိုင်ခန့်အား သတ်မှတ်ကာလအတွင်း ပြီးစီးအောင်ဆောင်ရွက်နိုင်ခဲ့ကြောင်း သိရသည်။

ယခုအခါ ရာဇူဒိုင်အမှတ် (၁) တံတားမှ မော်လမြိုင်ကျွန်းမြို့အထိ ကတ္တရာလမ်းခင်းပြီးစီးသွားသဖြင့် အဝေးပြေးမော်တော်ယာဉ်များ ကတ္တရာလမ်းပေါ်တွင် အဆင်ပြေလွယ်ကူစွာ မောင်းနှင်နိုင်ပြီဖြစ်ရာ အနယ်နယ်အရပ်ရပ်မှ ခရီးသွားပြည်သူများနှင့် မြို့နယ်ခရီးသွားပြည်သူများ စိတ်ချမ်းမြေ့ပျော်ရွှင်စွာ သွားလာနိုင်ကြပြီဖြစ်သည်။

ယင်းအပြင် မော်လမြိုင်ကျွန်းမြို့နယ် ရာဇူဒိုင်တံတား အမှတ် (၁) မှ မအူပင်မြို့အထိ မိုင်ပေါင်း ၄၀ ကျော်ကိုလည်း လမ်းအထူးအဖွဲ့ (၄) နှင့် လမ်းအထူး ၁၅ တို့မှ အင်ဂျင်နီယာများနှင့် လမ်းလုပ်သားတို့က ကတ္တရာလမ်းခင်းခြင်းဆက်လက်ဆောင်ရွက်နေကြောင်း သိရသည်။ **မော်ကျွန်းမြင့်အောင်**

## စက်သုံးဆီသိုလှောင်ဖြန့်ဖြူးရေး(ခ)အဆင့်ဆိုင်များ လက်တွေ့မီးငြိမ်းသတ်ခြင်း သရုပ်ပြပွဲ ကျင်းပ

**မုံရွာ၊ ဖေဖော်ဝါရီ ၂၃**

မကြာမီ ပူပြင်းခြောက်သွေ့သည့်နွေကာလသို့ ရောက်ရှိတော့မည်ဖြစ်ရာ မုံရွာ၊ စစ်ကိုင်း၊ ရွှေဘိုနှင့် ကသာခရိုင်အတွင်းမှ စက်သုံးဆီသိုလှောင်ဖြန့်ဖြူးရေး (ခ)အဆင့်ရှိ အရောင်းဆိုင်များ မီးဘေးကြိုတင်ကာကွယ်ရေး သရုပ်ပြရှင်းလင်းပွဲကို ဖေဖော်ဝါရီ ၂၀ ရက် နံနက် ၁၀ နာရီက စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့ ဆူးလေကုန်းရပ်ကွက်ရှိ တိုင်းဒေသကြီး မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေး လုပ်ငန်းဝင်းအတွင်း ကျင်းပခဲ့ကြောင်း သိရသည်။

မီးငြိမ်းသတ်သရုပ်ပြပွဲကျင်းပရခြင်းနှင့်ပတ်သက်၍ "မီးလောင်မှုဖြစ်ပွားမှုဝိုင်းဝန်း ငြိမ်းသတ်ခြင်းထက် မလောင်ခင်က ကြိုတင်ကာကွယ်ခြင်းက အကောင်းဆုံးဖြစ်ပါတယ်။ မီးလောင်မှုဖြစ်ပွားပါက ဆုံးရှုံးမှုကြီးမားပါတယ်။ မီးလောင်မှုအလွယ်တကူဖြစ်ပွားနိုင်တဲ့နေရာတွေဖြစ်တဲ့ အစိုးရစက်သုံးဆီ အရောင်းဆိုင်များနဲ့ ပုဂ္ဂလိကစက်သုံးဆီအရောင်းဆိုင်များမှလည်း ဆိုင်ကယ်များ၊ မော်တော်ယာဉ်များဆီထည့်စဉ်၊ ဆီဘောက်ဆာများ ဆီတင်၊ ဆီချပြုလုပ်စဉ် သတိပြုလုပ်ဆောင်ရမည့်လုပ်ငန်းစဉ်များကို လိုက်နာရန်နှင့် စက်သုံးဆီအရောင်းဆိုင်လုပ်သားများအနေဖြင့်လည်း မီးသတိအမြဲရှိရန်လိုအပ်သလို၊ မီးငြိမ်းသတ်ခြင်း ပညာကိုလည်း တတ်မြောက်ကြရန်လိုအပ်ပါတယ်။ တိုင်းဒေသကြီးအစိုးရအဖွဲ့နဲ့ မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်းမှ ချမှတ်ထားတဲ့ စည်းမျဉ်းစည်းကမ်းများကို လိုက်နာကြရန်လိုအပ်တယ်၊ ညွှန်ကြားချက်တွေအရ လုပ်ဆောင်ရလို့ ငွေကုန်ကြေးကျရှိပေမယ့် မီးဘေးကြိုတင်ကာကွယ်ရေးအတွက် လုပ်ဆောင်ကြရတာဖြစ်တာကြောင့် လိုက်နာလုပ်ဆောင်ရွက်ကြစေလိုပါတယ်။ အခြေခံမီးငြိမ်းသတ်ခြင်းပညာကိုလည်း တိုင်းဒေသကြီး မီးသတ်တပ်ဖွဲ့မှ ကူညီပေးသွားမှာဖြစ်ပါတယ်။ ပုဂ္ဂလိကစက်သုံးဆီအရောင်းဆိုင်များမှလည်း အမြဲသတိရှိကြစေရန် အခုလိုသရုပ်ပြပွဲကျင်းပတာပါ" ဟု တိုင်းဒေသကြီး သစ်တော၊ သတ္တုနှင့်စွမ်းအင်ဝန်ကြီးက ပြောသည်။

ယင်းနောက် တိုင်းဒေသကြီးမီးသတ်တပ်ဖွဲ့မှူးရုံးမှ မီးသတ်တပ်ဖွဲ့ဝင်များက ဆီမီးလောင်မှုဖြစ်ပွားရာတွင် ငြိမ်းသတ်သည့် Dry Chemical Powder ပေါင်ဒါမှုန့်ခြောက်မီးသတ်ဆေးဗူးဖြင့် လက်တွေ့မီးငြိမ်းသတ်ခြင်းကို သရုပ်ပြခဲ့ပြီး စက်သုံးဆီအရောင်းဆိုင်မှ ဝန်ထမ်းများက မီးငြိမ်းသတ်ခြင်းကို လက်တွေ့လုပ်ဆောင်ကြသည်။

အလားတူ မီးငြိမ်းသတ်ခြင်းလက်တွေ့သရုပ်ပြပွဲကို မုံရွာမြို့နယ် မြေနဲကျေးရွာရှိ မြန်မာ့မဏ္ဍိုင်ပုဂ္ဂလိကစက်သုံးဆီအရောင်းဆိုင်တွင် နံနက် ၁၁ နာရီက မီးဘေးကြိုတင်ကာကွယ်ရေးနှင့် လက်တွေ့မီးငြိမ်းသတ်ခြင်း သရုပ်ပြပွဲကျင်းပခဲ့ကြောင်းနှင့် စစ်ကိုင်းတိုင်းဒေသကြီးအတွင်းတွင် အစိုးရစက်သုံးဆီအရောင်းဆိုင်နှင့် ပုဂ္ဂလိကစက်သုံးဆီအရောင်းဆိုင် ၈၂ ဆိုင်ရှိရာ အဆိုပါစက်သုံးဆီအရောင်းဆိုင်များတွင် မီးဘေးလုံခြုံရေးအတွက်ဆောင်ရွက်ထားရှိမှုအခြေအနေများကို တိုင်းဒေသကြီး မြန်မာရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ် ငန်းမှ တာဝန်ရှိသူများက လိုက်လံစစ်ဆေးသွားမည်ဖြစ်သည်။ **ဖိုးချမ်း(မုံရွာ)**

## နိုင်ငံခြားသံရုံးများမှ သံရုံးအကြီးအကဲများနှင့် မိသားစု ပုလဲကျွန်းသို့ ဒေသန္တရလေ့လာရေးခရီးရောက်ရှိ



**ကော့သောင်း၊ ဖေဖော်ဝါရီ ၂၃**

နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင်ဦးလွင် ဦးဆောင်သော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ နိုင်ငံခြားသံရုံးများမှ သံရုံးအကြီးအကဲများနှင့် မိသားစုများသည် ကမ်းရိုးတန်းဒေသဖြစ်သည့် တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းခရိုင် ဘုတ်ပြင်းမြို့နယ် ပုလဲကျွန်းသို့ ဖေဖော်ဝါရီ ၂၁ ရက် မွန်းတည့် ၁၂ နာရီတွင် အမြန်ရေယာဉ်ဖြင့် ရောက်ရှိကြကြောင်း သိရသည်။

ယင်းနောက် နိုင်ငံခြားရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဆောင်သော သံရုံးအကြီးအကဲများနှင့် မိသားစုများအား ပုလဲရတနာခန်းမဆောင်တွင် မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်းမှတာဝန်ရှိသူများက ပုလဲကျွန်းသမိုင်း၊ ပုလဲမွေးမြူထုတ်လုပ်မှုလုပ်ငန်း အခြေအနေနှင့် မြန်မာ့ပုလဲမွေးမြူထုတ်လုပ်တင်ပို့ရောင်းချမှု အခြေအနေများအား ရှင်းလင်းပြောကြားခဲ့သည်။

ဧည့်သည်တော်များအား ပုလဲမွေးမြူထုတ်လုပ်မည့်မိခင် မုတ်ကောင်သားဖောက်မွေးမြူခြင်းလုပ်ငန်းခွင်၊ ပုလဲမွေးမြူထုတ်လုပ်ရေး မိခင်မုတ်ကောင်အတွင်း ပုလဲဝတ်ဆံသွင်းခြင်းလုပ်ငန်းနှင့် မွေးမြူပြီး မုတ်ကောင်များမှ ပုလဲထုတ်ယူမှုအဆင့်ဆင့်လုပ်ဆောင်နေသည့် လုပ်ငန်းခွင်သို့ လိုက်လံရှင်းလင်းပြသခဲ့သည်။ ယင်းနောက် သံရုံးအကြီးအကဲများက သိလိုသည်များကိုမေးမြန်းရာ ပုလဲမွေးမြူထုတ်လုပ်ရေး မှ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းပြောကြားခဲ့သည်။

ဧည့်သည်တော်များသည် ညနေပိုင်းတွင် ကော့သောင်းမြို့ သူဌေးကျွန်းသို့ရောက်ရှိကြပြီး သူဌေးကျွန်းဟိုတယ် အက်ဒမန်ပုလဲခန်းမတွင် ကော့သောင်းခရိုင်အုပ်ချုပ်ရေးမှူး ဦးကျော်ဇာနည်လွင်က ကော့သောင်းခရိုင်၏ ဒေသဆိုင်ရာအချက်အလက်များ၊ ပြည်သူ့အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်နေမှုကို ရှင်းလင်းတင်ပြခဲ့သည်။

ယင်းနောက် ညပိုင်းတွင် နိုင်ငံခြားရေးရာဝန်ကြီးဌာန ဒုတိယပြည်ထောင်စုဝန်ကြီး ဦးဆောင်သော သံရုံးအကြီးအကဲများနှင့် မိသားစုများအား သူဌေးကျွန်းဟိုတယ်တွင် ညစာဖြင့်တည်ခင်းဧည့်ခံကြ၍ မြန်မာရိုးရာယဉ်ကျေးမှုအကပဒေသာများဖြင့် သီဆိုကပြဧည့်ခံကြပြီး သူဌေးကျွန်းဟိုတယ်တွင် ညအိပ်ရပ်နားခဲ့ကြသည်။ **ကျော်စိုး(ပြန်/ဆက်)**

## လောက်ကိုင် ရှေ့တန်းရောက်တပ်မတော်သားများအတွက် အလှူငွေ ပေးအပ်

**ဘိုကလေး၊ ဖေဖော်ဝါရီ ၂၃**

နိုင်ငံတော်ကာကွယ်ရေးတာဝန်များကို သက်စွန့်ကြိုးပမ်းထမ်းဆောင်နေသော လောက်ကိုင်ဒေသ ရှေ့တန်းရောက်တပ်မတော်သားများအတွက် အနယ်နယ်အရပ်ရပ်မှ ဂုဏ်ပြုငွေနှင့် ပစ္စည်းများ ပေးပို့လှူဒါန်းလျက်ရှိရာ ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ မတည်အလှူငွေကျပ်ငါးသောင်းနှင့် မြို့ပေါ်ရှိ ဌာနဆိုင်ရာအားလုံးနှင့် မြို့ပေါ်ရပ်ကွက် ၁၀ ရပ်ကွက်မှ အလှူရှင်များမှလှူဒါန်းငွေနှင့် ပစ္စည်းတန်ဖိုးကျပ် ၁၄၈၅၉၀၀ အား မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတွင် လှူဒါန်းခြင်းအခမ်းအနားကို ဖေဖော်ဝါရီ ၂၀ ရက် မွန်းလွဲ ၂ နာရီတွင် ကျင်းပခဲ့သည်။ **ဌေးနိုင်(ဘိုကလေး)**



**မင်္ဂလာမန္တလေးမှ ကြီးမှူး၍ EASY BIKE SHOW မော်တော်ဆိုင်ကယ်ပြပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၁၉ ရက်နှင့် ၂၀ ရက်များက မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ် ၇၃ လမ်း သဇင်လမ်းနှင့် ငုရွှေဝါလမ်းကြား မင်္ဂလာမန္တလေး အိမ်ရာတွင် ကျင်းပရာ မန္တလေးမြို့ရှိ ဆိုင်ကယ်မြတ်နိုးသူများ လာရောက်ကြည့်ရှုအားပေးကြသည်။ ပြပွဲတွင်ဂျပန်နိုင်ငံနှင့် အိမ်နီးချင်း ထိုင်း၊ တရုတ်၊ အိန္ဒိယနိုင်ငံများမှထုတ်လုပ်သော အမျိုးသားစီးဆိုင်ကယ်များ ပြသခဲ့သည်။**

သတင်းနှင့် ဓာတ်ပုံ - မောင်ပြည်သူ(မန္တလေး)

## ရွှေသောင်ယံမြို့ဒေသဖွံ့ဖြိုးရေးကွင်းဆင်းဆောင်ရွက်

**ရွှေသောင်ယံ၊ ဖေဖော်ဝါရီ ၂၃**

ရွှေသောင်ယံမြို့ ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ကရင်တိုင်းရင်းသားရေးရာဝန်ကြီး စောမန်းသန်းရွှေ၊ လူမှုရေးဝန်ကြီးဌာနဝန်ကြီး ဒေါ်ခင်စောမူ၊ လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာခင်ခင်သီတို့ ပါဝင်သောအဖွဲ့သည် ဖေဖော်ဝါရီ ၂၂ ရက် နံနက် ၁၀ နာရီက ကွင်းဆင်းကြည့်ရှုခဲ့ကြောင်း သိရသည်။

ဝန်ကြီးနှင့်အဖွဲ့သည် ရွှေသောင်ယံမြို့ အုပ်ချုပ်ရေးမှူး ဦးကျော်သူ၊ မြို့ ဌာနဆိုင်ရာများ၊ ဒေသဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဒေသနေပြည်သူများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံပြီး ရွှေသောင်ယံမြို့ အမှတ်(၃) ရပ်ကွက် မီးအသုံးပြုနိုင်ရေးအတွက် မီးစက်ဝယ်ယူရန် အလှူငွေ ၁၅ သိန်းပေးအပ်ခဲ့ကြောင်း သိရသည်။

ဆက်လက်၍ ဝန်ကြီး၊ လွှတ်တော်ကိုယ်စားလှယ်နှင့်အဖွဲ့သည် သဲကုန်းကျေးရွာအုပ်စု၊ အုန်းချောင်းကျေးရွာ ဆေးပေးခန်းဖွင့်ပွဲသို့တက်ရောက်၍ ဆေးပေးခန်းအား ဖွင့်လှစ်ပေးကာ အုန်းချောင်းကျေးရွာ ဘုရားရှိခိုးကျောင်းတွင် ဒေသခံပြည်သူများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံကာအမှာစကားပြောကြားခဲ့သည်။

ယင်းနောက် အုန်းချောင်းအထက(ခွဲ) ဝန်ထမ်းအိမ်ယာအတွက် အလှူငွေကျပ် ၁၀ သိန်း ပေးအပ်ခဲ့သည်။ ယင်းမှတစ်ဆင့် သဲကုန်းကျေးရွာအုပ်စု ဝက်သေ-ကျူတောကျေးရွာချင်းဆက်လမ်းကို သွားရောက်ကြည့်ရှုခဲ့ပြီး လမ်းအတွက် အလှူငွေကျပ် ၁၀ သိန်း ပေးအပ်ခဲ့သည်။ **ကြည်ကြည်နိုင်(ပြန်/ဆက်)**

## ငါးလုပ်ငန်းဦးစီးဌာန၏ မြစိမ်းရောင်စီမံကိန်းကျေးရွာများသို့ အရင်းမပျောက် မတည်ငွေများပေးအပ်၍ ဘဏ္ဍာရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းသင်တန်းဖွင့်

**ညောင်ရွှေ၊ ဖေဖော်ဝါရီ ၂၃**

ရှမ်းပြည်နယ် ငါးလုပ်ငန်းဦးစီးဌာန၏ မြစိမ်းရောင်စီမံကိန်း ကျေးရွာများသို့ အရင်းမပျောက် မတည်ငွေများပေးအပ်ပွဲနှင့် ဘဏ္ဍာရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းသင်တန်းဖွင့်ပွဲကို ဖေဖော်ဝါရီ ၂၀ ရက် နံနက် ၉ နာရီက ညောင်ရွှေငါးလုပ်ငန်းစခန်းတွင် ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် ရှမ်းပြည်နယ် စိုက်ပျိုးရေးနှင့်မွေးမြူရေးဝန်ကြီး ဦးစိုင်းဆာလူက အမှာစကားပြောကြားပြီး ပြည်နယ်ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးတင်ထွန်းအောင်က မြစိမ်းရောင် အရင်းမပျောက် မတည်ငွေလုပ်ငန်းစဉ်များနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့သည်။

ကျေးရွာတစ်ရွာလျှင် ငွေကျပ်သိန်း ၃၀၀ ဖြင့် ကျေးရွာရှစ်ရွာအတွက် ငွေကျပ်သိန်း ၂၄၀၀ ကို မတည်ပေးအပ်ခဲ့ပြီး အဆိုပါကျေးရွာရှစ်ရွာမှ စီမံကိန်းအကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီဝင်များကို ဘဏ္ဍာရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းသင်တန်းကိုလည်း ဖွင့်လှစ်ပို့ချပေးခဲ့ပြီးဖြစ်ကြောင်း သိရသည်။

မြစိမ်းရောင်စီမံကိန်းကို ညောင်ရွှေမြို့နယ် အင်းလေးဒေသအတွင်းရှိ မကျီးဆိပ်၊ ရေသာ(ရေတန်း)၊ မင်းချောင်းရှေ့၊ အိုင်ထောင့်ကြီး၊ မင်းရွာ၊ နောင်တောလယ်ခြေ၊ သလဲဦးအင်း၊ မိုင်းသောက်အင်းကျေးရွာတို့တွင် အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်သည်။ **နေမျိုးသူရိန်**

## ကုံ့ကော်လမ်းနှင့် ကုံ့ကော်(၁၊ ၂၊၃၊၄၊၅)လမ်း ကတ္တရာလမ်းသစ်များ ဖွင့်လှစ်

**နေပြည်တော်၊ ဖေဖော်ဝါရီ ၂၃**

နေပြည်တော်ကောင်စီနယ်မြေ ဒက္ခိဏခရိုင် ဇမ္ဗူသီရိမြို့နယ် သပြေကုန်းရပ်ကွက် ကုံ့ကော်လမ်းနှင့် ကုံ့ကော် (၁၊ ၂၊ ၃၊ ၄၊ ၅) လမ်း ကတ္တရာလမ်းသစ်များဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၂၁ ရက် နံနက်ပိုင်းက အဆိုပါလမ်းထိပ်ရှိ မင်္ဂလာနေရာ၌ကျင်းပရာ နေပြည်တော်ကောင်စီဝင် ဦးမျိုးညွန့်၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဒုတိယမြို့တော်ဝန် ဦးသန်းကျော်ထူး၊ ကော်တီဝင်ဦးကျော်မြင့်နှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်မိရပ်ဖများနှင့် ဖိတ်ကြားထားသောဧည့်သည်တော်များ တက်ရောက်ကြသည်။

အဆိုပါလမ်းဖွင့်ပွဲတွင် နေပြည်တော်စည်ပင်သာယာရေးကော်မတီ ညွှန်ကြားရေးမှူး (အင်ဂျင်နီယာ) ဦးအောင်မိုးက ဇမ္ဗူသီရိမြို့နယ် သပြေကုန်းရပ်ကွက် ကုံ့ကော်လမ်းနှင့် ကုံ့ကော်(၁၊ ၂၊ ၃၊ ၄၊ ၅)လမ်း ကတ္တရာလမ်းသစ်များနှင့်ပတ်သက်၍ ဆောင်ရွက်ထားရှိမှုများနှင့် လမ်းအားရေရှည်တည်တံ့အောင် ထိန်းသိမ်းရေးလုပ်ငန်းများအား ရှင်းလင်းတင်ပြပြီး ရပ်မိရပ်ဖတစ်ဦးဖြစ်သူ ဦးကျော်ရွှေးက ကျေးဇူးတင်စကားပြန်လည်ပြောကြားခဲ့သည်။

ယင်းနောက် ဇမ္ဗူသီရိမြို့နယ် သပြေကုန်းရပ်ကွက် ကုံ့ကော်လမ်းနှင့် ကုံ့ကော် (၁၊ ၂၊ ၃၊ ၄၊ ၅) လမ်း ကတ္တရာလမ်းသစ်များအား နေပြည်တော်ကောင်စီဝင် ဦးမျိုးညွန့်၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်ဌေးနှင့် နေပြည်တော်စည်ပင်သာယာရေးကော်မတီ ကော်မတီဝင်ဦးကျော်မြင့်တို့က ဖွင့်လှစ်ပေးကြပြီး ကတ္တရာလမ်းသစ်အား ကြည့်ရှုခဲ့ကြသည်။

ယနေ့ဖွင့်လှစ်သည့် ဇမ္ဗူသီရိမြို့နယ် သပြေကုန်းရပ်ကွက် ကုံ့ကော်လမ်းနှင့် ကုံ့ကော် (၁၊ ၂၊ ၃၊ ၄၊ ၅) လမ်း ကတ္တရာလမ်းသစ်များ၏ စုစုပေါင်းအရှည် ၄၇၀၀ ပေ၊ အကျယ် ၁၂ ပေရှိ ကတ္တရာလမ်းသစ်အဖြစ် ဆောင်ရွက်ပေးနိုင်ခဲ့မှုကြောင့် ဒေသခံပြည်သူများအနေဖြင့် ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေးများ နှောင့်နှေးကြန့်ကြာမှုမရှိဘဲ အဆင်ပြေချောမွေ့စွာ ဆောင်ရွက်သွားလာနိုင်ပြီဖြစ်ကြောင်း သိရသည်။

ယင်းနေ့က နေပြည်တော်ကောင်စီဝင် ဦးမျိုးညွန့်နှင့် တာဝန်ရှိသူများသည် သပြေကုန်းရပ်ကွက်နှင့် အောင်ဇမ္ဗူရပ်ကွက်၊ (နယ်မြေ-၁၀) ရှိ အသက် ၉ လမှ ၁၅ နှစ်အောက်ကလေးငယ်များ ဝက်သက်နှင့်ဂျိုက်သိုးရောဂါ ကာကွယ်ဆေးထိုးရန်ကျန်ရှိသည့် ကလေးသူငယ်များအားစုပေါင်း၍ ကာကွယ်ဆေးထိုးနှံပေးနေမှုကိုသွားရောက်ကြည့်ရှု အားပေးခဲ့ကြောင်းလည်း သိရသည်။ **ရွှေကုက္ကို**

## မွန်ပြည်နယ် ပေါင်မြို့အတွင်းရှိ စာပေရေချမ်းစင်တွင် စာအုပ်စာစဉ်အသစ်များ ထပ်မံဖြည့်ဆည်း

**ပေါင်၊ ဖေဖော်ဝါရီ ၂၃**

ကျေးလက်နေပြည်သူများ အသိပညာဗဟုသုတမြင့်မားစေရန်နှင့် စာတတ်သူတိုင်း စာဖတ်သည့်အလေ့အကျင့်ကောင်းများရရှိစေရန်အတွက် မွန်ပြည်နယ် ပေါင်မြို့နယ်အတွင်းရှိ စာပေရေချမ်းစင်များ၌ စာအုပ်အသစ်များကိုဖြည့်ဆည်းပေးလျက်ရှိရာ ဖေဖော်ဝါရီ ၂၀ ရက်က အတွဲ(၂)၊ အမှတ်(၁၂) စာအုပ်များကို လိုက်လံဖြည့်ဆည်းပေးခဲ့သည်။

စာပေရေချမ်းစင်များတွင် ဗဟုသုတရှိစေမည့်စာအုပ်များအပြင် ကဏ္ဍစုံ၊ ရသစုံ စာစဉ် ၁၃ မျိုးအား ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဝန်ထမ်းများက ဖြည့်ဆည်းပေးလျက်ရှိရာ ကျေးလက်နေရပ်ဟန်းရှင်လူ ပြည်သူများနှင့် ကျောင်းသား၊ ကျောင်းသူများက စိတ်ဝင်တစားလာရောက်ဖတ်ရှုလေ့လာခဲ့ကြသည်။ **ကြေးမုံ**

ဖတ်စရာ

## ချစ်စရာ ပူတာအိုဒေသ



ယနေ့အခါတွင် နိုင်ငံတကာခရီးသွားဧည့်သည်များ မြန်မာနိုင်ငံသို့ လာရောက်လည်ပတ်မှုသည် တစ်နေ့တခြား ပိုမိုတိုးတက်လျက်ရှိပါသည်။ ခရီးစဉ်ဒေသအသီးသီးမှာလည်း ယခင်ကာလများက မရောက်ဖူးသော ပြည်တွင်း၊ ပြည်ပခရီးသွားဧည့်သည်များ တိုးပွားလာပါသည်။ နှစ်စဉ်ဧည့်သည်ဝင်ရောက်မှု တိုးမြင့်လာခြင်းကြောင့် ပြည်တွင်း၊ ပြည်ပရင်းနှီးမြှုပ်နှံမှုဟိုတယ်များမှာလည်း အဓိကခရီးစဉ်ဒေသများအပြင် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး အလားအလာကောင်းသည့် ခရီးစဉ်ဒေသများတွင် တည်ဆောက်လာခြင်း၊ ခရီးသွားကုမ္ပဏီများ တစ်နေ့တခြား တိုးတက်ထူထောင်လာခြင်းနှင့် ခရီးသွားလုပ်ငန်းနှင့်ဆက်စပ်သော ပို့ဆောင်ရေး၊ စားသောက်ဆိုင် စသည့်လုပ်ငန်းများ ပိုမိုများပြားလာခြင်းသည် မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးလာမှု၏ ပြယုဂ်ပင်ဖြစ်သည်။

မြန်မာနိုင်ငံခရီးသွားလုပ်ငန်းသည် အဓိကအားဖြင့် ယဉ်ကျေးမှုနှင့် သဘာဝကိုအခြေခံသည့် အပန်းဖြေခရီးစဉ်၊ အားကစားခရီးစဉ်၊ ဘာသာရေးဘုရားဖူးခရီးစဉ်၊ စက်တပ်ရွက်လှေခရီးစဉ်၊ မြစ်တွင်းသွား အပျော်စီးသင်္ဘောခရီးစဉ်၊ မီးပုံပျံခရီးစဉ်များအပြင် တမူထူးခြားသော ရေမြေတောတောင် သဘာဝအခြေအနေများကို အခြေခံ၍ ငှက်ကြည့်ခရီးစဉ်၊ စွန်းစားမှုအခြေခံခရီးစဉ်၊ တောင်တက်ခရီးစဉ်၊ အဏ္ဏဝါခရီးစဉ်များကိုပါ အကောင်အထည်ဖော်နိုင်ကြသည်။

ဤနေရာတွင် အချို့သောနိုင်ငံများ၌သာ တွေ့မြင်နိုင်သော ရေခဲဖုံးလွှမ်းတောင်တန်းများတည်ရှိသည့် မြန်မာနိုင်ငံမြောက်ဖျားရှိ ပူတာအိုဒေသသည်လည်း ခရီးသွားဧည့်သည်များအား ဆွဲဆောင်မှုရှိသည့် ခရီးစဉ်ဒေသတစ်ခုဖြစ်သည်။

ပူတာအိုဒေသသည် ကချင်ပြည်နယ်၏ မြောက်ဘက်ဆုံးရှိ မြို့တစ်မြို့ဖြစ်ပြီး မြစ်ကြီးနားမြို့မှ ၂၁၈ မိုင် ကွာဝေး၍ ပင်လယ်ရေမျက်နှာပြင်အထက် ပေပေါင်း ၁၃၀၀ မှ ၁၈၀၀ ထိမြင့်သည်။ တစ်နှစ်ပတ်လုံး အေးမြသည့်ရာသီဥတုရှိပြီး ရေခဲများဖုံးလွှမ်းနေသည့် တောင်တန်းများ ဝန်းရံနေသည့်မြို့လည်းဖြစ်သည်။

စမ်းချောင်းများပေါများပြီးမြေ ဩဇာကောင်းမွန်သည့်အတွက် ဂရိတ်ဖရု၊ လိမ္မော်စသည့် သစ်သီးဝလံများကိုစိုက်ပျိုးနိုင်သည်။ ကချင်၊ ရဝမ်၊ လီဆူး၊ ခန္တီး၊ ရှမ်းစသည့် တိုင်းရင်းသားများနေထိုင်ပြီး ဗမာနှင့် အခြားတိုင်းရင်းသား အနည်းငယ်ကိုတွေ့နိုင်ပါသည်။ ပူတာအိုသို့ လေယာဉ်ဖြင့်သာ သွားရောက်နိုင်ပြီး၊ နွေရာသီတွင်သာ ကားဖြင့် သွားလာနိုင်သည်။

ပူတာအိုမြို့မှတဆင့် မချမ်းဘော၊ ဆွမ်ပရာဘွမ်မြို့များသို့လည်း အလည်သွားရောက်နိုင်ပါသည်။ ပူတာအိုမြို့မှ မိုင် ၁၈၀ အကွာရှိအမြင့်ပေ ၁၉၂၉၆၆၊ (၅၈၈၁ မီတာ) ရှိပြီး အရှေ့တောင်အာရှတွင် အမြင့်ဆုံးဖြစ်သည့် ခါကာဘိုရာဇီတောင်နှင့် အမြင့်ပေ ၉၀၀၀ ကျော်မြင့်သည့် ဖုန်ဂန်ရာဇီတောင်တို့ရှိပြီး ၎င်းတောင်များမှာ ခြေလျှင်တောင်တက် ဝါသနာရှင်ဧည့်သည်များ အထူးစိတ်ဝင်စားကြသည်။

အလားတူ ခါကာဘိုရာဇီအမျိုးသားဥယျာဉ်နှင့် ဖုန်ဂန်ရာဇီဘေးမဲ့တောတို့မှာ သဘာဝအခြေခံခရီးသွားလုပ်ငန်း စခန်းအဖြစ် သတ်မှတ်ထားပြီး၊ ခါကာဘိုရာဇီအမျိုးသား ဥယျာဉ်သည် ဒေသတွင်း အာဆီယံ ၁၀ နိုင်ငံ၏ အာဆီယံအမွေအနှစ်ပန်းခြံ ASEAN Heritage Park ၃၃ ခုအနက် တစ်ခုအပါအဝင်ဖြစ်သည်။

ရှားပါးသစ်ခွ၊ ရှားပါးလိပ်ပြာ၊ ငှက်များအပါဝင်ရှားပါးသည့် ဇီဝမျိုးစုံမျိုးကွဲများ လေ့လာနိုင်သောနေရာဒေသတစ်ခုဖြစ်ပြီး လက်ရှိတွင်ဟိုတယ်နှင့် တည်းခိုရိပ်သာနှစ်လုံး၊ အခန်းပေါင်း ၂၄ ခန်းသာရှိသော်လည်း ကမ္ဘာလှည့်ခရီးသည်များ စိတ်ဝင်စားမှုရှိခြင်း၊ ခြေလျင်တောင်တက်ခရီးသည်များနှင့် သဘာဝအခြေခံဇီဝမျိုးစုံမျိုးကွဲများကို လေ့လာသူခရီးသည်များ ပိုမိုစိတ်ဝင်စားခြင်းနှင့် အထူးသဖြင့် ဒေသတွင်း အာဆီယံ ၁၀ နိုင်ငံ၌ မြန်မာနိုင်ငံ တစ်နိုင်ငံတည်းသာလျှင် ဤရေခဲဖုံးတောင်တန်းများ တည်ရှိခြင်းကြောင့် ယင်းကိုအခြေပြု၍ သဘာဝအခြေခံနှင့် စွန်းစားမှုအခြေခံခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရန် အလားအလာအလွန်ကောင်းမွန်ကြောင်း တွေ့ရှိရသည်။

မကြာသေးမီက Myanmar City Star Travels and Tours Co. Ltd., ခရီးသွားကုမ္ပဏီ၏ အစီအစဉ်ဖြင့် ပူတာအိုဒေသ ဖုန်ဂန်ရာဇီတောင်ပေါ်သို့ ခရီးကြမ်းသွားရောက်ခဲ့သော National Geographic မှ အဖွဲ့သည် ၎င်းတို့ခရီးစဉ်တွင် တွေ့ကြုံရသော အခြေအနေများကို ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးဌေးအောင်အား ရှင်းလင်းတင်ပြခဲ့ရာတွင် ယခုကဲ့သို့ ထူးခြားသော သဘာဝအရင်းအမြစ်များကို စုပေါင်းအားဖြင့် ထိမ်းသိမ်းစောင့်ရှောက်သင့်ကြောင်း၊ ဤခရီးစဉ်ကို အမေရိကန်နိုင်ငံတစ်ခုတည်းတွင်ပင် ကျယ်ပြန့်စွာဆွဲဆောင်နိုင်သည့် အနေအထားရှိကြောင်း၊ အဆိုပါခရီးစဉ်ဒေသအား နည်းလမ်းမျိုးစုံသုံး၍ မြှင့်တင်ကြော်ငြာသွားခြင်းဖြင့် နိုင်ငံခြားသားခရီးသွားဧည့်သည် အများအပြား ရောက်လာနိုင်မည်ဖြစ်ရာ ဒေသခံများမှ ကြိုတင်ပြင်ဆင်ထားရန်လိုအပ်ကြောင်း၊ မိမိတို့ရောက်ရှိခဲ့ဖူးသည့် နေရာများနှင့် နှိုင်းယှဉ်ပါက ကမ္ဘာပေါ်ရှိ အလှပဆုံးနေရာများတွင် တစ်ခုအပါအဝင်ဖြစ်ကြောင်းဖြင့် တင်ပြခဲ့ပါသည်။

ပူတာအိုဒေသ ဖုန်ဂန်ရာဇီတောင်ပေါ်သို့ ၎င်းတို့အဖွဲ့ ခရီးကြမ်းသွားရောက်ခဲ့သည့် အစီအစဉ်အား National Geographic မှထုတ်လွှင့်မည့် ဗီဒီယိုအစီအစဉ်၊ မဂ္ဂဇင်းနှင့် ဝက်ဘ်ဆိုဒ်တို့တွင် ဖော်ပြသွားမည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

## ၂၀၁၅ ခုနှစ် စတုတ္ထအကြိမ် အမျိုးသားအားကစားပွဲ ကာယဗလမောင်နှင့် အမျိုးသမီးကာယကြံ့ခိုင်မှုပြိုင်ပွဲများ ပျဉ်းမနားတွင်ကျင်းပ

**ပျဉ်းမနား၊ ဖေဖော်ဝါရီ ၂၃**

၂၀၁၅ ခုနှစ် စတုတ္ထအကြိမ် အမျိုးသားအားကစားပွဲတော် ကာယဗလမောင်နှင့် အမျိုးသမီးကာယကြံ့ခိုင်မှုပြိုင်ပွဲများကို ဖေဖော်ဝါရီ ၂၂ ရက် နံနက် ၁၀ နာရီတွင် နေပြည်တော် ပျဉ်းမနားမြို့ ပေါင်းလောင်းအားကစားရုံ၌ ကျင်းပရာ ပြည်နယ်နှင့်တိုင်းဒေသကြီးအသီးသီးမှ ပြိုင်ပွဲဝင်အားကစားသမားများ ဝင်ရောက်ယှဉ်ပြိုင်ကြသည်။

ပြိုင်ပွဲများတွင် ကာယဗလမောင် (၆၀၊ ၆၅၊ ၇၀၊ ၇၅) ကီလိုတန်းနှင့် (၇၅) အထက်တန်းပြိုင်ပွဲများမှ ပဏာမရွေးချယ်ခြင်းနှင့် အမျိုးသမီးကာယကြံ့ခိုင်မှု Model Physique ပြိုင်ပွဲတွင် အရပ် ၅ ပေ ၃ လက်မအောက်နှင့် ၅ ပေ ၃ လက်မအထက်ပြိုင်ပွဲမှ ပဏာမရွေးချယ်ခြင်းများကို ဆောင်ရွက်ခဲ့ကြသည်။

ဖေဖော်ဝါရီ ၂၃ ရက် နံနက် ၁၀ နာရီမှ မွန်းတည့် ၁၂ နာရီအထိ ကာယဗလမောင်ပြိုင်ပွဲ ဗိုလ်လုပွဲများကို ကီလိုတန်းများအလိုက် အသီးသီးယှဉ်ပြိုင်သွားမည်ဖြစ်သည်။

အမျိုးသမီးကာယကြံ့ခိုင်မှု Model Physique ပြိုင်ပွဲ ဗိုလ်လုပွဲကို မွန်းလွဲ ၁ နာရီမှ ညနေ ၄ နာရီအထိ ယှဉ်ပြိုင်ကြမည်ဖြစ်ရာ ဆုချီးမြှင့်ပွဲအခမ်းအနားဖြင့် ဆုများပေးအပ်ချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

**ရွှေကုက္ကို**




## ရွှေတလေး စာကြည့်တိုက်အဆောက်အအုံ ဖွင့်လှစ်

**ဟသ်ာတ၊ ဖေဖော်ဝါရီ ၂၃**

ကျေးလက်နေပြည်သူများ အသိပညာဗဟုသုတ ကြွယ်ဝစေရန် စာပေကို အလွယ်တကူ လေ့လာဖတ်ရှုနိုင်ရန်၊ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်၍ ဟသ်ာတမြို့နယ် ကရင်အင်းကျေးရွာအုပ်စု၊ ကရင်အင်းကျေးရွာတွင် ရွှေတလေးသုတစာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၂၁ ရက် နံနက် ၉ နာရီက အဆိုပါစာကြည့်တိုက်ရှေ့တွင်ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားသို့ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ရပ်မိရပ်ဖများ၊ ကျေးရွာစာကြည့်တိုက်ကော်မတီဝင်များနှင့် ကျေးရွာနေပြည်သူများ တက်ရောက်ခဲ့ကြသည်။ ရှေးဦးစွာ စာကြည့်တိုက်အဆောက်အအုံသစ်အား အလှူရှင်ဦးဝင်းမြင့်၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဒုတိယ ဦးစီးမှူး ဒေါ်သက်မွန်ဖြိုး၊ ခရိုင်ပြန်/ဆက် ဒုဦးစီးမှူး ဒေါ်အေးအေးမာနှင့် ကျေးရွာအုပ်ချုပ်ရေးမှူး ဦးကျော်မင်းထွန်းတို့က ဖွင့်လှစ်ပေးခဲ့သည်။ အခမ်းအနားတွင် ဒုတိယမြို့နယ်ဦးစီးမှူးမှ အဖွင့်အမှာစကားပြောကြားပြီး အလှူရှင်ဦးဝင်းမြင့်က စာကြည့်တိုက်ဖြစ်ပေါ်လာပုံကိုလည်းကောင်း၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုဦးစီးမှူးမှ စာကြည့်တိုက်ရေရှည်တည်တံ့ခိုင်မြဲရေးနှင့် စာဖတ်ခြင်းအကျိုးကျေးဇူးများကိုလည်းကောင်း ဟောပြောပေးခဲ့ကြသည်။

ယခုဖွင့်လှစ်သော ရွှေတလေးသုတစာကြည့်တိုက်မှာ အလျား ၂၄ ပေ၊ အနံ ၁၅ ပေ၊ အမြင့် ၁၂ ပေ အုတ်ညှပ်သွပ်မိုးတစ်ထပ်အမျိုး အစားဖြစ်ပြီး အလှူရှင်မိသားစုတို့မှ ကျပ်သိန်း ၃၀ ခန့်ကုန်ကျခံ ဆောက်လုပ်ခဲ့ကြောင်း သိရသည်။ **ခရိုင်ပြန်/ဆက်(ဟသ်ာတ)**

# ဘော်ဒါဆောင် ကျူရှင်ကျောင်းများအား စည်းကမ်း၊ စည်းမျဉ်း သတ်မှတ်၍ကြပ်မတ် ဆောင်ရွက်သွားမည်

**မကွေး၊ ဖေဖော်ဝါရီ ၂၃**

မကွေးတိုင်းဒေသကြီး မကွေးမြို့အတွင်းရှိ ကိုယ်ပိုင်ကျောင်းများနှင့် ကျူရှင်ဘော်ဒါကျောင်းများအား ပြဋ္ဌာန်းထားသောဥပဒေ၊ နည်းဥပဒေများနှင့်အညီ စည်းကမ်းစည်းမျဉ်းများဖြင့် ကြပ်မတ်စစ်ဆေးဆောင်ရွက်သွားမည်ဖြစ်ကြောင်း တိုင်းဒေသကြီးပညာရေးမှူးရုံးမှ သိရသည်။

မကွေးတိုင်းဒေသကြီးအတွင်း ခွင့်ပြုထားသော ကိုယ်ပိုင်ကျောင်း ၁၂ ကျောင်းရှိပြီး မကွေးမြို့ပေါ်တွင် ကိုယ်ပိုင်အထက်တန်းကျောင်းနှစ်ကျောင်း၊ အလယ်တန်းကျောင်းတစ်ကျောင်းနှင့် မူလတန်းကျောင်းတစ်ကျောင်းစသည်ဖြင့် ကိုယ်ပိုင်ကျောင်းလေးကျောင်းရှိရာ သတ်မှတ်စည်းမျဉ်းဥပဒေများနှင့်အညီ တရားဝင်မှတ်ပုံတင်ခွင့်ယူထားကြောင်း မကွေးတိုင်းဒေသကြီးပညာရေးမှူးရုံး ဒုတိယညွှန်ကြားရေးမှူး ဦးတင်အောင်လင်းက ပြောသည်။

"ကျွန်တော်တို့မကွေးမြို့မှာ ကိုယ်ပိုင်ပုဂ္ဂလိကကျောင်းတွေ ဖွင့်လှစ်ခွင့်ပေးတဲ့အခါ ကိုယ်ပိုင်ကျောင်းနည်းဥပဒေများနှင့်အညီ ပထမဦးဆုံးအဆင့်အနေနဲ့ စမ်းသပ်တစ်နှစ်ခွင့်ပြုထားပါတယ်။ စည်းမျဉ်းစည်းကမ်းလိုက်နာမှုရှိလျှင် ယာယီနှစ်နှစ်အဖြစ် အဆင့်သတ်မှတ်ခွင့်ပြုပေးတယ်။ စည်းမျဉ်းဥပဒေနဲ့ကိုက်ညီမှုမရှိရင်တော့ လိုင်စင်သက်တမ်းတိုးမပေးတာတွေ၊ လိုင်စင်ထုတ်မပေးတာတွေကအစ သတ်မှတ်ပြဋ္ဌာန်းချက်တွေနဲ့အညီ အရေးယူဆောင်ရွက်သွားမယ်" ဟု ယင်းကဆက်လက်ပြောကြားသည်။

ယင်းအပြင် မြို့ပေါ်ရှိ ကိုယ်ပိုင်ကျောင်းများအား သတ်မှတ်စည်းမျဉ်းဥပဒေများနှင့် ကိုက်ညီမှုရှိ-မရှိ အခါအားလျော်စွာစစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ မကွေးတိုင်းဒေသကြီး မကွေးမြို့သည် ကုန်စည်ကူးသန်းရောင်းဝယ်ဖောက်ကားရာ အချက်အချာကျသောမြို့ဖြစ်၍ ဌာနဆိုင်ရာပေါင်းစုံ ၊ ကျောင်းပေါင်းစုံစုဝေးရာမြို့ဖြစ်သောကြောင့် လာမည့် ၂၀၁၅-၂၀၁၆ ပညာရေးနှစ်အတွက် ကိုယ်ပိုင်ကျောင်းများဖွင့်လှစ်ခွင့်ရရှိနိုင်ရေးအတွက် အသစ်လျှောက်ထားလာသော ကိုယ်ပိုင်ကျောင်းများအား ကိုယ်ပိုင်ကျောင်း မှတ်ပုံတင်ဥပဒေ၊ နည်းဥပဒေနှင့်အညီ စိစစ်တင်ပြဆောင်ရွက်လျက်ရှိကြောင်း၊ သက်တမ်းတိုးရမည့် ကိုယ်ပိုင်ကျောင်းများအားလည်း ဥပဒေ၊ နည်းဥပဒေနှင့်အညီ စိစစ်ခွင့်ပြုရေးကို ဆက်လက်တင်ပြဆောင်ရွက်လျက်ရှိကြောင်း၊ မကွေးမြို့ပေါ်ရှိ ဘော်ဒါဆောင် ကျူရှင်ကျောင်းများသည် မြို့နယ်စည်ပင်သာယာရေးကော်မတီမှထုတ်ပေးသော ဘော်ဒါဆောင်လိုင်စင်ဖြင့် အစဉ်အဆက်ဖွင့်လှစ်သည့် သဘောဖြင့်သာ ဆက်လက်ဖွင့်ထားခြင်းသာဖြစ်ကြောင်း၊ ထိုကျူရှင်ဘော်ဒါဆောင်ကျောင်းများသည် ၂၀၁၂ ခုနှစ်နောက်ပိုင်းမှစ၍ မြို့ပေါ်တွင် အလွန်များပြားလာခဲ့ကြောင်း၊ ထိုဘော်ဒါဆောင်ကျူရှင်ကျောင်းများအား ပညာရေးဌာနမှ တရားဝင်ဖွင့်ခွင့်ပြုထားခြင်းမရှိသလို ထိုဘော်ဒါဆောင်ကျောင်းများမှလည်း တရားဝင်တင်ပြလျှောက်ထားခြင်းမရှိကြောင်း၊ နားလည်မှုနှင့် မိမိသဘောဖြင့်သာ တရားမဝင်ဖွင့်လှစ်ထားခြင်းများဖြစ်ကြောင်း၊ ထိုဘော်ဒါဆောင်ကျူရှင်ကျောင်းများအား လာမည့် ၂၀၁၅-၂၀၁၆ ပညာသင်နှစ်တွင် တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် ညှိနှိုင်းပြီး စည်းမျဉ်းစည်းကမ်းထုတ်ပြန်ကာ ကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဒုတိယညွှန်ကြားရေးမှူး ဦးတင်အောင်လင်းက ဆက်လက်ပြောသည်။

ယခုနှစ်အတွင်း ကိုယ်ပိုင်ကျောင်းလာရောက်လျှောက်ထားသူ မကွေးတစ်တိုင်းလုံးအနေဖြင့် ၂၇ ကျောင်းရှိပြီး၊ မကွေးမြို့ပေါ်အနေဖြင့် ခုနစ်ကျောင်းလာရောက်လျှောက်ထားမှုရှိကြောင်း၊ မကွေးတိုင်းအနေဖြင့် ယခုနှစ်တွင် ကိုယ်ပိုင်းလျှောက်ထားမှု အများဆုံးမြို့မှာ ပခုက္ကူမြို့ဖြစ်ပြီး စုပေါင်း ၁၁ ကျောင်းလာရောက်လျှောက်ထားမှုရှိကြောင်းလည်း သိရသည်။

မကွေးမြို့နယ် စည်ပင်သာရေးကော်မတီမှ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်အတွင်း မကွေးမြို့ပေါ်ရှိ ၁၅ ရပ်ကွက်အတွင်း ဘော်ဒါဆောင် လိုင်စင် ၄၂၉ ခုအား လိုင်စင်ချထားပေးကြောင်း၊ ထိုဘော်ဒါဆောင်များအား လူနေဘော်ဒါဆောင်အဖြစ်သာ ချထားပေးထားခြင်းသာဖြစ်ကြောင်း မကွေးမြို့နယ်စည်ပင်ရုံးမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

**ကျော်ဇေယျ**

## ဆေးထိုးရန် ကျန်သောကလေးများအား ဝက်သက်နှင့် ဂျိုက်သိုးရောဂါ ကာကွယ်ဆေး ထိုးနှံပေး

**လှိုင်လင်၊ ဖေဖော်ဝါရီ ၂၃**

လှိုင်လင်မြို့ပေါ်နှင့် ကျေးရွာများရှိ ဆေးထိုးရန်ကျန်သောကလေးများအား ဝက်သက်၊ ဂျိုက်သိုးရောဂါကာကွယ်ဆေးထိုးနှံခြင်းများကို ဒုတိယအကြိမ်ဆောင်ရွက်နေပြီဖြစ်ကြောင်း သိရသည်။

လှိုင်လင်မြို့ပေါ်နှင့် ကျေးရွာများရှိ အသက် ကိုးလမှ ၁၅ နှစ်ကလေးများနှင့် ပထမအကြိမ်တွင် ဆေးထိုးရန်ကျန်သောကလေးများအား ဖေဖော်ဝါရီ ၁၉ ရက်မှ ၂၈ ရက်အထိ သတ်မှတ်နေရာများတွင် ကျန်းမာရေးဦးစီးဌာနမှ ဝန်ထမ်းများက ဝက်သက်နှင့် ဂျိုက်သိုးရောဂါကာကွယ်ဆေးထိုးနှံပေးနေကြောင်း သိရသည်။

ဝက်သက်နှင့် ဂျိုက်သိုးရောဂါကာကွယ်ဆေးထိုးနှံပေးရာနေရာသို့ လှိုင်လင်ခရိုင် အမျိုးသမီးရေးရာဥက္ကဋ္ဌ ဒေါ်ဇင်ဇင်သော်နှင့်အဖွဲ့ဝင်များ၊ မြို့နယ်အမျိုးသမီးရေးရာဥက္ကဋ္ဌ ဒေါ်ခိုင်ဝါဝါထွဏ်းနှင့်အဖွဲ့ဝင်များက ကာကွယ်ဆေးထိုးနှံပေးနေမှုအား လိုက်လံကြည့်ရှုအားပေးခဲ့ကာ လိုအပ်သည်များအား ကူညီဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

နိုင်ငံတစ်ဝန်း ဝက်သက်ရောဂါနှင့် ဂျိုက်သိုးရောဂါကာကွယ်ဆေး အစုလိုက်ထိုးနှံခြင်းလုပ်ငန်းကို လှိုင်လင်မြို့နယ်တွင် ဇန်နဝါရီ ၁၉ ရက်မှ ၂၇ ရက်အထိ အသက် ငါးနှစ်မှ အသက် ၁၅ နှစ်ကလေးများအား ပထမအကြိမ် ထိုးနှံပေးခဲ့ကြောင်း သိရသည်။

**ဝင်းမင်းသန်း(ပြန်/ဆက်)**

## မြန်မာ–ထိုင်း ချစ်ကြည်ရေးအသင်းမှကြီးမှူး၍ ထိုင်းကုန်စည်ပြပွဲ မန္တလေးမြို့တွင် ကျင်းပ

**မန္တလေး၊ ဖေဖော်ဝါရီ ၂၃**

မြန်မာ-ထိုင်းချစ်ကြည်ရေးအသင်းမှကြီးမှူး၍ ထိုင်းကုန်စည်ပြပွဲ(မန္တလေး)ကို ဖေဖော်ဝါရီ ၂၀ ရက်မှ ၂၈ ရက်အထိ မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် ၇၈ လမ်းနှင့် ၃၄ လမ်းထောင့် ရတနာပုံစူပါစင်တာမြေညီထပ်ရှိ Sky Walk Shoping mall ပရိုမိုးရှင်းဧရိယာတွင် ကျင်းပကြောင်း သိရသည်။

မြန်မာ-ထိုင်းချစ်ကြည်ရေးအသင်းမှကြီးမှူး ကျင်းပသည့် ထိုင်းကုန်စည်ပြပွဲတွင် ဗန်ကောက်စက်မှုဇုန်နှင့် မယ်ဟောင်ဆောင်ပြည်နယ်တို့မှ ထုတ်လုပ်သော မော်တော်ယာဉ်တာယာ၊ အလိုင်းခွေအမျိုးမျိုး၊ စားသောက်ကုန်များ၊ အသားရေထိန်းသိမ်းရေးအလှကုန်ပစ္စည်းများ၊ အဝတ်အထည်များ၊ ဖိနပ်အမျိုးမျိုး၊ ဖန်စီပစ္စည်းများ၊ သရေထည်များ၊ ဆပ်ပြာများ၊ အားဖြည့်အချိုရေများ၊ ထိုင်းနိုင်ငံထုတ် တိုင်းရင်းဆေးများအား စက်ရုံများမှ ထိုင်းလူမျိုးများကိုယ်တိုင် မြန်မာ-ထိုင်းချစ်ကြည်ရေး၊ ဈေးကွက်မိတ်ဆက်ရေးအစီအစဉ်ဖြင့် အထူးနှုန်းဖြင့်ရောင်းချပေးရာဝယ်ယူသူများဖြင့် စည်ကားလျက်ရှိကြောင်းသိရသည်။

ယင်းကုန်စည်ပြပွဲသို့ ထိုင်းနိုင်ငံ မဲဟောင်ဆောင်ပြည်နယ် ကုန်သည်ကြီးများအသင်းအမှုဆောင်များ၊ မယ်ဆိုင်မြို့ရှိ ကုန်သည်များ၊ မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းအမှုဆောင်များ၊ မန္တလေးမြို့ရှိ စီးပွားရေးလုပ်ငန်းရှင်များ တက်ရောက်အားပေးကြသည်။

**သီဟကိုကို(မန္တလေး)**

## စာဖတ်သည့်အလေ့အကျင့်နှင့် အသိပညာဗဟုသုတများဖွံ့ဖြိုးလာစေရန် သုတဘဏ်စာကြည့်တိုက်ဖွင့်

**နေပြည်တော်၊ ဖေဖော်ဝါရီ ၂၃**

နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ် အောင်ဇမ္ဗူရပ်ကွက် (လက်ပံခါးလှ) ရှိ ဒေသခံပြည်သူများ စာဖတ်သည့်အလေ့အကျင့်ကောင်းများရရှိစေရန်နှင့် အသိပညာဗဟုသုတများ ဖွံ့ဖြိုးတိုးတက်လာစေရန်ရည်ရွယ်၍ သုတဘဏ်စာကြည့်တိုက်ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၂၁ ရက် နံနက် ၈ နာရီခွဲတွင် အဆိုပါစာကြည့်တိုက်၌ကျင်းပရာ နေပြည်တော်ကောင်စီဝင် ဦးမျိုးညွန့်၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန(ရုံးချုပ်) ညွှန်ကြားရေးမှူး ဦးတင်သန်းဝင်း၊ နေပြည်တော်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါ်သင်းသင်းဇင်၊ ဒက္ခိဏခရိုင်အုပ်ချုပ်ရေးမှူး ဦးဇော်လွင်ဦး၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများ တက်ရောက်ခဲ့ကြသည်။

အခမ်းအနားတွင် သုတဘဏ်စာကြည့်တိုက် အဆောက်အအုံသစ်အား နေပြည်တော် ကောင်စီဝင် ဦးမျိုးညွန့်၊ ညွှန်ကြားရေးမှူး ဦးတင်သန်းဝင်းနှင့် စာကြည့်တိုက်ကော်မတီဥက္ကဋ္ဌ ဦးသိန်းနိုင်တို့က ဖွင့်လှစ်ပေးပြီး သုတဘဏ်စာကြည့်တိုက်အတွင်း လှည့်လည်ကြည့်ရှုခဲ့ကြသည်။

ယင်းနောက် နေပြည်တော်ကောင်စီဝင် ဦးမျိုးညွန့်က အဖွင့်အမှာစကားပြောကြားပြီး ညွှန်ကြားရေးမှူး ဦးတင်သန်းဝင်းက စာဖတ်ခြင်းနှင့်စာပေ၏ အကျိုးကျေးဇူးများ၊ စာကြည့်တိုက်၏ အရေးပါမှုများကို အကျယ်တဝင့် ရှင်းလင်းပြောကြားခဲ့သည်။

ယခုဖွင့်လှစ်သည့် သုတဘဏ်စာကြည့်တိုက်သည် အလျား၂၀ ပေ၊ အနံ ၁၈ ပေရှိ အုတ်ညှပ်၊ သွပ်မိုး တစ်ထပ်တိုက်အဆောက်အအုံဖြစ်ပြီး နိုင်ငံတော်မတည်ငွေကျပ် ၁၀ သိန်း၊ ဒေသခံပြည်သူများ၏ အလှူငွေကျပ် ၃၂ သိန်း စုစုပေါင်းငွေကျပ် ၄၂ ဖြင့်ဆောက်လုပ်ခဲ့ခြင်းဖြစ်သည်။

**ရွှေကုက္ကို**

# စည်းကမ်းမဲ့ငါးဖမ်းဆီးခြင်းများကို လျစ်လျူရှုမထားသင့်

**မိတ္ထီလာ၊ ဖေဖော်ဝါရီ ၂၃**

မိတ္ထီလာတောင်ကန်အတွင်း စည်းကမ်းမဲ့ငါးဖမ်းဆီးခြင်းများ တစ်နေ့တစ်ခြား ပိုမိုများပြားလာနေရာ တာဝန်ရှိသူများအနေဖြင့် ထိန်းသိမ်းစောင့်ရှောက်ရန် လိုအပ်လျက်ရှိကြောင်း ဒေသခံများကပြောသည်။

"မိတ္ထီလာမြောက်ကန်ဘက်မှာလည်း ငါးမဖမ်းရဆိုပြီးတားမြစ်ထားပေမယ့် နေ့စဉ်ဖမ်းနေကြတယ်။မြောက်ကန်ဘက်ကိုထားတော့ အခု မိတ္ထီလာတောင်ကန်ဘက်မှာ ငါးဖမ်းတဲ့သူတွေက မိုးကောင်းအန္တကူရေလယ်ဘုရားအနီးနဲ့ အ. ထ. က (၁) ကန်ပတ်လမ်းအနီးအထိ ငါးဖမ်းလှေတွေနဲ့ နယ်မြေတိုးချဲ့ပြီး စည်းကမ်းမဲ့ငါးဖမ်းတာတွေ နေ့စဉ်ပြုလုပ်နေပြီ။ ခေတ်အဆက်ဆက် ဒီမိုးကောင်းအန္တကူရေဘုရားပတ်ဝန်းကျင်မှာ ငါးဖမ်းတာကို ခွင့်ပြုခဲ့တာမျိုးမရှိဘူး။ အခုကျတော့ ထိန်းသိမ်းစောင့်ရှောက်မှုမရှိတော့ နေ့စဉ် စည်းကမ်းမဲ့ ငါးဖမ်းလှေတွေ အများအပြားဝင်ရောက် ငါးဖမ်းနေကြတယ်။ တာဝန်ရှိသူတွေအနေနဲ့ ဒီလိုစည်းကမ်းမဲ့ငါးဖမ်းတာမျိုးကို လျစ်လျူရှုထားတာမျိုး မပြုသင့်ပါဘူး။ စေတီဘုရား ပတ်ဝန်းကျင်အထိ ငါးဖမ်းတာကိုတရားဝင် ငါးဖမ်းခွင့်ပြုတဲ့ပုံစံနဲ့ စည်းကမ်းမဲ့ပြုလုပ်နေတာမျိုးကို သတိပေးတားမြစ်သင့်ပါတယ်" ဟု ဒေသခံတစ်ဦးကပြောသည်။



မိတ္ထီလာကန်ကူးတံတားအဟောင်းနေရာစ၍မှ မိတ္ထီလာတောင်ကန်ဧရိယာအား ကန့်သတ်နယ်မြေအဖြစ် သတိပေးသတ်မှတ်၍ ဖောင်တော်ဦးဘုရားပွဲတော်ကာလမှအပ တခြားအချိန်များတွင် လှေများဖြင့် လှော်ခတ်သွားလာခြင်း၊ ငါးဖမ်းဆီးခြင်းများကို တားမြစ်ခဲ့ပြီး ငါးဖမ်းလှေများအနေဖြင့် ညပိုင်းအချိန်နှင့် နံနက်စောစော အချိန်များတွင်သာ ငါးဖမ်းခြင်းကို ပြုလုပ်ခဲ့ကြသည်။

ယခုအခါ တားမြစ်ကန့်သတ်နယ်မြေအတွင်း၌ နေ့ညအချိန်အခါမရွေး အတင့်ရဲစွာ လှေများဖြင့် ငါးလာရောက်ဖမ်းဆီးသူများ နေ့စဉ်များပြားနေကြောင်း သိရသည်။ **(၅၇၉)**

## မွေးနေ့ဆုမွန်

ချစ်မေမေ ဒေါ်လွင်လွင်ကြည် (B.A Myanmar)၏ ကျရောက်သော မွေးနေ့ရက်မြတ်မှ နောင်နှစ်ပေါင်းများစွာတိုင် စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းတို့ဖြင့် ပြီးပြည့်စုံပြီး မိသားစုနှင့်အတူတကွ သာသနာအကျိုးကို ဆောင်ရွက်နိုင်ပါစေ။

ချစ်ခင်ပွန်း - ဦးအောင်ထူး
ညွှန်ကြားရေးမှူး၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး
ချစ်သမီးကြီး - မအိမွန်အောင် (KBZ)
ချစ်သမီးငယ် - မသဲလွင်လွင်ထူး 4th year Russian YUFL

## အဆင့်မြင့်တိုက်ခန်းရောင်းမည်။

**မာတ်လေ့ကားပါဝင်သည့်အမှတ်(၈၈/၉၀)၊ (၅၁)လမ်း၊ ပုဇွန်တောင်မြို့နယ်(၂)ခန်းတွဲ (၈ဒ္ဓ)ထပ်တိုက်ရှိ**

(4)လွှာ တိုက်ခန်း(၁)ခန်း (၂၅' x ၅၀') အကျယ်ဝန်းရှိသည့် master bed room (၁)ခန်း၊ double bed room (၁)ခန်း၊ dinning room, kitchen room, living room တို့ အခန်းဖွဲ့စည်း ကာရံထားပါသည်။

---

Penthouse (၅၀' x ၅၈')အကျယ်အဝန်းရှိပြီး master bed room (၃)ခန်း၊ double bed room (၁)ခန်း၊ dinning room, kitchen room, living room တို့ ပါရှိသည်။

တိုင်းရင်းမေဆောက်လုပ်ရေးကုမ္ပဏီလီမိတက်
ဆက်သွယ်ရန်- အမှတ်(၅၁၄/၅၁၈)Penthouse,ကုန်သည်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
Ph: 01 - 385579, 09 - 450006125, 09 -73002386, 09 - 5002435, 09 -250 641 246.

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၊ မြေကွက်အမှတ် ၆၄၆၊ မြေကွက်တည်နေရာအမှတ်(၆၄၆)၊ သုမိတ္တာ(၁၇)လမ်း၊ ဒေါ်ရင်ကြွေ[၁၂/ဥကမ(နိုင်)၀၇၃၈၁၀]အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် မိခင်ဒေါ်ရင်ကြွေ၊ ဖခင်ဦးသန်းအောင်၊ သားဖြစ်သူ ဦးလှဦး (လူပျိုကြီး)ကွယ်လွန်သဖြင့် ဒေါ်ကြည်ကြည်စန်း[၁၂/ဥကမ(နိုင်)၀၃၄၇၁၁]က တစ်ဦးတည်းသောသမီး တော်စပ်ကြောင်း ကျမ်းကျိန်လွှာ/သေစာရင်းတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့်(၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါကဌာနမှ လုပ်ထုံးလုပ်နည်းနှင့်အညီဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေး ကြော်ငြာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၉၊ မြေကွက်အမှတ် ၅၇၆၊မြေကွက်တည်နေရာအမှတ်-၅၇၆၊ ဇာနည်(၁၀)လမ်း၊ (၉)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ (ဦးတင်ဖေ) အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ခင်ပွန်း(ဦးတင်ဖေ) ကွယ်လွန်သဖြင့် ဒေါ်ကျင်အေး[၁၂/ဥကတ(နိုင်)၀၂၇၇၈၄]က တစ်ဦးတည်းသောဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာနှင့် သေစာရင်းတို့ကိုတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် (၇)ရက် အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်း နှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**




## ရောင်းရန်

လှည်းကူးမြို့နယ်၊ သခွပ်ပင်လယ်မြေများ ရောင်းရန်ရှိသည်။
ဆက်သွယ်ရန် ဖုန်း-၀၉-၅၀၇၁၃၀၂
၀၉-၄၃၁၇၅၄၅၂

## သဇင်ဥ/တိုင်(စိုက်ပြီး)

(၅၃၅)၊ သုမင်္ဂလာလမ်း၊ (၁၁)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်။
Ph:01-560567, 09-31261260

## ဟိုက်ဇ်ခြေလစ်/လေဗ်အား

Full Auto

PH:09 731 99 410
09420035882, 73199257

## ရွှေပင့်ကူ (၃)နှစ်ပြည့်အထူး

## အားကစားမြင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး



ကြော်ငြာ




မြေကွက်ရောင်းရန်ရှိသည်
သယ်နံးကျွန်းမြို့နယ်၊
ဝေဇယန္တာလမ်းနှင့် သံသုမာလမ်းထောင့်၊
အကျယ် (427' x 266')၊
ဂရန်အမည်ပေါက်
မြေကွက်ရောင်းရန်ရှိသည်။
ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်။ (ပွဲစားမလို)
Ph: 09-252442920

မူးယစ်ဆန့်ကျင် အောင်ပွဲဆင်






## ဝမ်းနည်းကြေကွဲခြင်း

**ဒေါ်ကြိုင်မြဦး**
**အသက်(၈၉)နှစ်**
**Director, Green Field Int'l Co.,Ltd.**
**(မြေပုံ/ကျောက်ဖြူ)**

မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်(ဗဟို)၊ ဒုတိယဥက္ကဋ္ဌ ဒေါက်တာလှလှသိန်း၏ ချစ်လှစွာသော မိခင် ဒေါ်ကြိုင်မြဦးသည် ၁၉-၂-၂၀၁၅ရက် (ကြာသပတေးနေ့)နံနက် ၅ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**အမှုဆောင်များ၊ မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်(ဗဟို)**
**အမှုဆောင်များ၊ ကချင်ပြည်နယ်မွေးမြူရေးလုပ်ငန်းအဖွဲ့**
**အမှုဆောင်များ၊ ကယားပြည်နယ်မွေးမြူရေးလုပ်ငန်းအဖွဲ့**
**အမှုဆောင်များ၊ ကရင်ပြည်နယ်မွေးမြူရေးလုပ်ငန်းအဖွဲ့**
**အမှုဆောင်များ၊ ချင်းပြည်နယ်မွေးမြူရေးလုပ်ငန်းအဖွဲ့**
**အမှုဆောင်များ၊ မွန်ပြည်နယ်မွေးမြူရေးလုပ်ငန်းအဖွဲ့**
**အမှုဆောင်များ၊ ရခိုင်ပြည်နယ်မွေးမြူရေးလုပ်ငန်းအဖွဲ့**
**အမှုဆောင်များ၊ ရှမ်းပြည်နယ်မွေးမြူရေးလုပ်ငန်းအဖွဲ့**
**အမှုဆောင်များ၊ စစ်ကိုင်းတိုင်းဒေသကြီး မွေးမြူရေးလုပ်ငန်းအဖွဲ့**
**အမှုဆောင်များ၊ တနင်္သာရီတိုင်းဒေသကြီး မွေးမြူရေးလုပ်ငန်းအဖွဲ့**
**အမှုဆောင်များ၊ နေပြည်တော်ကောင်စီ မွေးမြူရေးလုပ်ငန်းအဖွဲ့**
**အမှုဆောင်များ၊ ပဲခူးတိုင်းဒေသကြီး မွေးမြူရေးလုပ်ငန်းအဖွဲ့**
**အမှုဆောင်များ၊ မကွေးတိုင်းဒေသကြီး မွေးမြူရေးလုပ်ငန်းအဖွဲ့**
**အမှုဆောင်များ၊ မန္တလေးတိုင်းဒေသကြီး မွေးမြူရေးလုပ်ငန်းအဖွဲ့**
**အမှုဆောင်များ၊ ရန်ကုန်တိုင်းဒေသကြီး မွေးမြူရေးလုပ်ငန်းအဖွဲ့**
**အမှုဆောင်များ၊ ဧရာဝတီတိုင်းဒေသကြီး မွေးမြူရေးလုပ်ငန်းအဖွဲ့**
**အမှုဆောင်များ၊ အသားတိုးကြက်ထုတ်လုပ်မွေးမြူရောင်းချသူများအသင်း**
**အမှုဆောင်များ၊ မွေးမြူရေးအစာထုတ်လုပ်ဖြန့်ဖြူးရောင်းချသူများအသင်း**
**အမှုဆောင်များ၊ မြန်မာနိုင်ငံနို့လုပ်ငန်းအသင်း**
**အမှုဆောင်များ၊ တိရစ္ဆာန်ဆေးဝါး၊ လုပ်ငန်းသုံးပစ္စည်းကိရိယာထုတ်လုပ်ရောင်းချသူများအသင်း**
**အမှုဆောင်များ၊ ဝက်မွေးမြူရေးနှင့်ထုတ်လုပ်ရောင်းချသူများအသင်း**
**အမှုဆောင်များ၊ ကျွဲနွားသိုးဆိတ်မွေးမြူသူများအသင်း**
**အမှုဆောင်များ၊ တိရစ္ဆာန်ထွက်ပစ္စည်းတင်ပို့ရောင်းချသူများအသင်း**
**အမှုဆောင်များ၊ မြန်မာနိုင်ငံပျားလုပ်ငန်းအသင်း**
**အမှုဆောင်များ၊ ဘဲဥကြက်ဥထုတ်လုပ်ဖြန့်ဖြူးရောင်းချသူများအသင်း**
**အမှုဆောင်များ၊ အိမ်မွေးတိရစ္ဆာန်မွေးမြူသူများအသင်း**
**အမှုဆောင်များ၊ မြန်မာ့မွေးမြူရေးစွမ်းအားစုများ ဖွံ့ဖြိုးတိုးတက်ရေးသုတေသနအသင်း**
**အမှုဆောင်များ၊ နွားနောက်မွေးမြူသူများအသင်း(ချင်းပြည်နယ်)**

## ဝမ်းနည်းကြေကွဲခြင်း

**ဒေါ်ကြိုင်မြဦး (မြေပုံ/ကျောက်ဖြူ)**
**Director, Green Field Int'l Co.,Ltd.**
**အသက်(၈၉)နှစ်**

မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်၊ အသားတိုးကြက်ထုတ်လုပ်မွေးမြူရောင်းချသူများအသင်း၊ ဥက္ကဋ္ဌ ဒေါက်တာလှလှသိန်း၏ ချစ်လှစွာသောမိခင် ဒေါ်ကြိုင်မြဦးသည် ၁၉-၂-၂၀၁၅ ရက် (ကြာသပတေးနေ့) နံနက် ၅ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။ **အမှုဆောင်များ**

**အသားတိုးကြက်ထုတ်လုပ်မွေးမြူရောင်းချသူများအသင်း**

## ဝမ်းနည်းကြေကွဲခြင်း

**ဒေါ်ကြိုင်မြဦး (မြေပုံ/ကျောက်ဖြူ)**
**Director, Green Field Int'l Co.,Ltd.**
**အသက်(၈၉)နှစ်**

ဒေါက်တာလှလှသိန်း(MD-GFI Co.,Ltd,ဒု-ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်)၏မိခင်ကြီး ဒေါ်ကြိုင်မြဦးသည် ၁၉-၂-၂၀၁၅ ရက် (ကြာသပတေးနေ့)တွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**Dr.တင့်ဆွေ GUYOMARC'H FORTUNE**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဦးခင်သိန်း**
**မြို့ ရွာနှင့်အိုးအိမ်ဦးစီးဌာန(ငြိမ်း)**
**အသက်(၆၅)နှစ်**

ရန်ကုန်မြို့၊ သယ်န်းကျွန်းမြို့နယ်၊ ကြီးပွားရေးတောင်ပိုင်းရပ်ကွက်၊ အောင်သပြေ(၁)လမ်း၊ အမှတ်(၄၈၁/က)နေ ဦးခင်သိန်းသည် ၁၈-၂-၂၀၁၅ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၆း၄၅ နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

ဦးလေး ဦးခင်သိန်း ကောင်းရာမွန်ရာ သုဂတိသို့ ရောက်ရှိနိုင်ပါစေ။

**အောင်ပါစေဆောက်လုပ်ရေးမိသားစု**

## ငှားမည်

ဒေါပုံ၊ မင်းနန္ဒာလမ်းမ၊ ပေ(၃၀×၆၀)၊ (၂)ထပ်လုံးချင်း၊ ရှေ့မျက်နှာစာ၊ ဆလွန်းကား (၆)စီး ရပ်နိုင်သည်။

**ဖုန်း-၀၉-၂၅၄၂၀၀၃၂၃၊ ၀၉-၇၃၁၆၀၇၀၀**

## လုံးချင်းတိုက်ခန်းငှားမည်

ပေ(၂၀×၆၅)၊နှစ်ထပ်ခွဲတိုက် ၂၆ဘီလမ်းမပေါ်၊ မန္တလေးကျုံးထောင့်အနီး

**ဖုန်း-၀၉-၅၁၃၇၅၉၄၊ ၀၉-၂၅၀၆၄၁၄၉၀**

## နွေရာသီအင်္ဂလိပ်စကားပြော

**(4 Skills)**
(၁)တန်းမှ (၉)တန်း
အိမ်အရောက်သင် ၄၅၀၀၀
**ဖုန်း-၀၉-၅၀၈၉၅၉၄၊ ၀၉-၇၉၅၆၃၄၇၃၁**
**နန်းသဥ္ဇာလွင်(Dip Eng) (UK)**

## ကျေးဇူးဆပ်ပါမည်

ကွန်တော်ထက်ဝေ CDC 75150၏ EDH လက်မှတ် ၄၁၃၅၇/၁၀သည် ပျောက်ဆုံးနေပါသဖြင့် တွေ့ရှိပါက အောက်ပါအတိုင်း ဆက်သွယ်အကြောင်းကြားပါ။
ကျေးဇူးဆပ်ပါမည်။
**ဖုန်း-၀၉-၉၇၅၄၀၀၂၆၀**

## ပြင်ဆင်ဖတ်ရှုပါရန်

၂၀-၂-၂၀၁၅ရက် ကြေးမုံသတင်းစာ စာမျက်နှာ-၂၇ပါ (၄၇)နှစ်မြောက် ဆရာတော်၏ ဝိဇာတ မွေးနေ့မင်္ဂလာဖိတ်ကြားလွှာ ကြော်ငြာတွင် ကိုးထိပ်ကြီးအစား ကိုးထပ်ကြီးနှင့် ည ၅ နာရီအစား ၅ ညတိုင်တိုင် ပြင်ဆင်ဖတ်ရှုပါရန်။

**စာအုပ်**
**စာပေ**
**လူ့မိတ်ဆွေ**

## (၃)နှစ်ပြည့်အလွမ်း

**ရဲမှူးကြီးလှမင်း(ငြိမ်း)**
**O.T.S (63)**
**၂၄-၂-၂၀၁၂-၂၄-၂-၂၀၁၅**

ရည်စူးပြုကုသိုလ်များကို ပြုလုပ်၍ နေ့စဉ်၊ လစဉ်၊ နှစ်စဉ် အမျှပေးဝေရင်းနဲ့ ကျေးဇူးတရားများကို ပေးဆပ်လျက်ပါ။

ကုသိုလ်တို့၏အကျိုးကြောင့် မြင့်မြတ်ရာ ဘုံဘဝမှာ အပါး ချမ်းမြေ့နိုင်ပါစေ။

**ကျန်ရစ်သူမိသားစု**

## ဝမ်းနည်းကြေကွဲခြင်း

**ဒေါ်စိန်စိန်**
**အသက်(၆၈)နှစ်**

ရန်ကုန်နေ မုံရွာစတိတ်တူးမိတ်ဆွေ ဒေါ်စိန်စိန်(ဥက္ကဋ္ဌ၊ အောင်သံဆန်ခါစက်ရုံ၊ AG-7 ကုမ္ပဏီလီမိတက်)သည် ၁၉-၂-၂၀၁၅ရက်၌ ကွယ်လွန်သွားပါသဖြင့် မိမိတို့ အထူးပင် ဝမ်းနည်းကြေကွဲရပါသည်။ **ဆရာကြီး ဦးမောင်မောင်စိုးတင့်နှင့်**

**ရန်ကုန်နေ-မုံရွာစတိတ်တူးမိတ်ဆွေများ**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဒေါ်စိန်စိန်**
**အသက်(၆၈)နှစ်**

ဓမ္မဇောတိဝိပဿနာရိပ်သာ၏ ဂေါပကအဖွဲ့ဝင်၊ အောင်သံဆန်ခါစက်ရုံ (ဥက္ကဋ္ဌ)ဖြစ်သူ ဒေါ်စိန်စိန်သည် ၁၉-၂-၂၀၁၅ရက် နံနက် ၄း၃၀နာရီတွင် ကွယ်လွန်ကြောင်းကြားသိရပါသဖြင့် မိသားစုနှင့်အတူ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ဗန္ဓုလ-ဂိုအင်ကာမိသားစု**

## ဝမ်းနည်းကြေကွဲခြင်း

**ဒေါ်ကြိုင်မြဦး(မြေပုံ/ကျောက်ဖြူ)**
**Director, Green Field Int'l,Co.,Ltd.**
**အသက်(၈၉)နှစ်**

ဒေါက်တာလှလှသိန်း(MD-GFI Co.,Ltd,ဒုဥက္ကဋ္ဌ၊ မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်)၏မိခင်ကြီး ဒေါ်ကြိုင်မြဦးသည် ၁၉-၂-၂၀၁၅ရက်(ကြာသပတေးနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးသိန်းမြင့်**
**ကောင်းထက်အဆင့်မြင့်မွေးမြူရေးအစာလုပ်ငန်း**

## ဝမ်းနည်းကြေကွဲခြင်း

**ဒေါ်ကြိုင်မြဦး (မြေပုံ/ကျောက်ဖြူ)**
**Director, Green Field Int'l Co.,Ltd**
**အသက်(၈၉)နှစ်**

ဒေါက်တာလှလှသိန်း(MD-GFI Co.,Ltd,ဒုဥက္ကဋ္ဌ၊ မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်)၏မိခင်ကြီး ဒေါ်ကြိုင်မြဦးသည် ၁၉-၂-၂၀၁၅ရက် (ကြာသပတေးနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**TREASURE CORE ကုမ္ပဏီမိသားစု**

**ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး**

## ဦးရဲမြင့်

**မော်လမြိုင်တက္ကသိုလ်(၁၉၇၂-၇၈)ဓာတု**
**အသက်(၆၁)နှစ်**

သူငယ်ချင်း ဦးရဲမြင့်သည် ၂၁-၂-၂၀၁၅ရက်တွင် ကွယ်လွန်ကြောင်း သိရပါသဖြင့် မိသားစုနှင့်အတူ ယူကျုံးမရ အထူးဝမ်းနည်းကြေကွဲရပါသည်။

**မော်လမြိုင်ကောလိပ်၊ တက္ကသိုလ်**
**ကျောင်းသူ၊ ကျောင်းသားဟောင်းများ၊ ရန်ကုန်**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဟာဂျီမဖရီဒါဘီ(ခ)ဟာဂျီမဒေါ်နု**
**အသက်(၅၃)နှစ်**

ရန်ကုန်မြို့နေ (ဦးမဂျစ်-ဒေါ်စဖီယာဘီ)ကိုင်ရှိအပ်ချုပ်ဆိုင်ပိုင်ရှင်တို့၏သမီး၊ ဟာဂျီဦးအောင်ထွေး (ကိုင်ရှိအပ်ချုပ်ဆိုင်)၏အစ်မ၊ ရန်ကုန်မြို့၊ ယောမင်းကြီးလမ်း၊ အမှတ်(၇၀)၊ ယောမင်းကြီးကွန်ဒိုနေ ဟာဂျီမဖရီဒါဘီ(ခ)ဟာဂျီမဒေါ်နုသည် ၁၆-၂-၂၀၁၅ရက် နံနက် ၂း၃၀ နာရီတွင် အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူသွားကြောင်း သိရသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။ **ငါးပါးသခင်ဒါရဂါတော်၊ သန်လျင်မြို့၊**

**ဒါရ်ဂါလူကြီးရွေးချယ်ခန့်ထားရေးကော်မတီနှင့် ဒါရ်ဂါဘဏ္ဍာတော်ထိန်းအဖွဲ့**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဒေါ်စိန်စိန်**
**အသက်(၆၈)နှစ်**

ဓမ္မဇောတိဝိပဿနာရိပ်သာ၏ ဂေါပကအဖွဲ့ဝင်၊ အောင်သံဆန်ခါစက်ရုံ (ဥက္ကဋ္ဌ)ဖြစ်သူ ဒေါ်စိန်စိန်သည် ၁၉-၂-၂၀၁၅ ရက် နံနက် ၄း၃၀ တွင် ကွယ်လွန်ကြောင်းကြားသိရပါသဖြင့် မိသားစုနှင့်အတူ ဝမ်းနည်းကြေကွဲရပါကြောင်း။

**အပြည်ပြည်ဆိုင်ရာဓမ္မဂီရိဝိပဿနာအဖွဲ့**

## ဝမ်းနည်းကြေကွဲခြင်း

**ဦးအယ်လင်လှ (၆၁)နှစ်**
**BE(EP)(1978)**

သူငယ်ချင်း ဦးအယ်လင်လှသည် ၁၃-၂-၂၀၁၅ ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

သူငယ်ချင်း ကောင်းရာဘုံဘဝရောက်ပါစေ။

**RIT ၁၉၇၂-၇၈ ကျောင်းဆင်းသူငယ်ချင်းများ**

## ဝမ်းနည်းကြေကွဲခြင်း

**ဦးဇော်ထွန်းနိုင်**
**အသက်(၅၀)**

ဦးဇော်မင်းနိုင် (MD) PAN Global Co.,Ltd ၏ အစ်ကို ဦးဇော်ထွန်းနိုင် အသက်(၅၀)သည် ၁၉-၂-၂၀၁၅ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**PAN Global Co.,Ltd မိသားစု**

## ဝမ်းနည်းကြေကွဲခြင်း

**ဦးဇော်ထွန်းနိုင်**
**အသက်(၅၀)**

ဦးဇော်မင်းနိုင်(MD)OilTech(Myanmar)Ltdနှင့် OILTECH HOLDINGS (2014)PTE LTD၏အစ်ကို ဦးဇော်ထွန်းနိုင် အသက်(၅၀)သည် ၁၉-၂-၂၀၁၅ ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**OilTech(Myanmar)နှင့်OILTECH HOLDINGS မိသားစု**

## ဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ်၊ ဝတ္တကမြေ ဒါယိကာမကြီး**
**ဒေါ်စိန်စိန် (ရင်းပန်း-မုံရွာ) (၆၈)နှစ်**
**B.E(Textiles) 1970**
**ဥက္ကဋ္ဌ၊ အောင်သံဆန်ခါစက်ရုံ၊ AG-7ကုမ္ပဏီလီမိတက်**

အောင်သံဆန်ခါစက်ရုံ၏ မိခင်ကြီးဒေါ်စိန်စိန်သည် ၁၉-၂-၂၀၁၅ ရက်၊ နံနက် ၄း၃၀ နာရီတွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ သတိတရ ဝမ်းနည်းကြေကွဲရပါကြောင်း။

**အထည်လိပ်အင်ဂျင်နီယာများ**

ကျွန်တော်တို့ ကြိုးပမ်းဆောင်ရွက်နေတဲ့ ပြုပြင်ပြောင်းလဲရေးများ အောင်မြင်စေဖို့အတွက် နိုင်ငံရေးတည်ငြိမ်မှု၊ ပြည်တွင်းငြိမ်းချမ်းရေးနဲ့ တိုင်းရင်းသား စည်းလုံးညီညွတ်ရေးတည်ဆောက်မှုတို့ကို အလေးထားဆောင်ရွက်ရမယ့် အချိန်ကာလဖြစ်ပါတယ်။

(နိုင်ငံတော်သမ္မတ၏ ၂၀၁၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့ ရေဒီယိုမိန့်ခွန်းမှ ကောက်နုတ်ချက်)

# စတုတ္ထအကြိမ်မြောက် အမျိုးသားအားကစားပွဲတော် တန်းမြင့်ခုန်ပြိုင်ပွဲ၌ ထင်လင်း(ပဲခူး)က မြန်မာပြည်စံချိန်သစ်တင်

**နေပြည်တော် ဖေဖော်ဝါရီ ၂၃**

**သတင်းနှင့် ဓာတ်ပုံ - ကိုကိုစိုးညွန့်**

၂၀၁၅ခုနှစ် စတုတ္ထအကြိမ်မြောက်အမျိုးသားအားကစားပွဲတော်ကို ယနေ့နံနက်ပိုင်းတွင် ဆက်လက်ကျင်းပရာ ပြေးခုန်ပစ်၊ ဘတ်စကက်ဘော၊ စားပွဲတင်တင်းနစ်၊ သုံးမျိုးစုံ(Triathlon)၊ ကာယကြံ့ခိုင်မှု၊ ဘောလုံး၊ ဖူဆယ်၊ ပိုက်ကျော်ခြင်း၊ လက်ဝှေ့နှင့် ဘော်လီဘောပြိုင်ပွဲများကို နေပြည်တော်ရှိ သတ်မှတ်ထားသည့် နေရာများ၌ ယှဉ်ပြိုင်ကြသည်။

ဝဏ္ဏသိဒ္ဓိအားကစားကွင်းနှင့် လေ့ကျင့်ရေးကွင်း-၁၌ အမျိုးသမီး မီတာ ၂၀၀၀၀ လမ်းလျှောက်၊ အမျိုးသား မီတာ၂၀၀၀၀လမ်းလျှောက်၊ အမျိုးသမီး ကြိုးတပ်သံလုံးပစ်၊ အမျိုးသား ကြိုးတပ်သံလုံးပစ်၊ အမျိုးသမီး တန်းမြင့်ခုန်၊ အမျိုးသား တန်းမြင့်ခုန်၊ အမျိုးသမီး မီတာ (၁၀၀×၄)လက်ဆင့်ကမ်း၊ အမျိုးသား မီတာ (၁၀၀×၄)လက်ဆင့်ကမ်း၊ အမျိုးသမီး မီတာ ၃၀၀၀တားဆီးကျော်၊ အမျိုးသား မီတာ ၃၀၀၀ တားဆီးကျော်၊ အမျိုးသမီး ၇ မျိုးစုံ၊ အမျိုးသမီး မီတာ ၈၀၀၊ အမျိုးသား မီတာ ၈၀၀ ပြိုင်ပွဲများကိုကျင်းပရာ အမျိုးသား တန်းမြင့်ခုန်ပြိုင်ပွဲတွင် ၁၉၇၃ခုနှစ်က ကျော်မြင့်သိန်း(တပ်မတော်-လေ) တင်ထားသည့် မြန်မာပြည်စံချိန် ၁ ဒသမ ၉၇ မီတာကို ထင်လင်း(ပဲခူး)က ၁ ဒသမ ၉၈ မီတာဖြင့် မြန်မာပြည်စံချိန်သစ်တင်ခဲ့ပြီး ယင်းစံချိန်ကို နှစ်ပေါင်း ၄၂ နှစ်ကြာမှ ယခုလို စံချိန်ချိုးနိုင်ခဲ့ခြင်းဖြစ်သည်။

အမျိုးသမီး မီတာ ၂၀၀၀၀ လမ်းလျှောက်တွင် ကေခိုင်မျိုးထွန်း(မန္တလေး)က ပထမ၊ သန်းသန်းစိုး(ပဲခူး)က ဒုတိယ၊ အိအိမွန်(ပဲခူး)က တတိယ၊ အမျိုးသား မီတာ၂၀၀၀၀ လမ်းလျှောက်တွင် **စာမျက်နှာ ၁၃ ကော်လံ ၁ သို့**




## ယနေ့မာတိကာ

အေးချမ်းသာယာ စိမ်းလန်းဝေဖြာ
စာမျက်နှာ-၂

မြန်မာနိုင်ငံ အထည်ချုပ် လုပ်ငန်းရှင်များအသင်း၏ သဘောထားထုတ်ပြန်ချက်
စာမျက်နှာ-၉

ကိုးကန့်သောင်းကျန်းသူများထံမှ လက်နက်ခဲယမ်းများနှင့် ယာဉ်များ သိမ်းဆည်းရမိ
စာမျက်နှာ-၁၂

# ဆူပူအကြမ်းဖက်ဆန္ဒပြ အလုပ်သမားများသိရှိနိုင်ရန် သတင်းထုတ်ပြန်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန**
**သတင်းထုတ်ပြန်ချက် (၁/၂၀၁၅)**
**၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၃ ရက်**
**၁၃၇၆ ခုနှစ်၊ တပေါင်းလဆန်း ၆ ရက်**

**ဆူပူအကြမ်းဖက်ဆန္ဒပြ အလုပ်သမားများသိရှိနိုင်ရန် သတင်းထုတ်ပြန်ချက်**

၁။ လက်ရှိအချိန်တွင် ကမ္ဘာ့နိုင်ငံအသီးသီး၌ မိမိနိုင်ငံသားများအတွက် သင့်တင့်လျောက်ပတ်သော အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်ရေးကို အဓိကထား၍ ဆောင်ရွက်ပေးနေသကဲ့သို့ မြန်မာနိုင်ငံ၌လည်း နိုင်ငံတော်အစိုးရက ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များကို ချမှတ်၍ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာတွင် ပြည်သူလူထု၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆင်းရဲမှုလျှော့ချနိုင်ရေးအတွက် သင့်တော်ကောင်းမွန်သော အလုပ်အကိုင်အခွင့်အလမ်းများရရှိရေးကို ဦးစားပေးဆောင်ရွက်လျက်ရှိပါသည်။

၂။ အလားတူပင် လက်ရှိအချိန်၌မြန်မာနိုင်ငံတွင် နိုင်ငံရေး၊ စီးပွားရေးနှင့် လူမှုရေးပြုပြင်ပြောင်းလဲမှုများကို အဆင့်အလိုက် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ နိုင်ငံသားများအတွက် အလုပ်အကိုင်အခွင့်အလမ်းများ၊ နည်းပညာကျွမ်းကျင်မှုများနှင့် အရင်းအနှီးများရရှိစေရန်အတွက် ပြည်ပရင်းနှီးမြှုပ်နှံမှုများကို လက်ခံဆောင်ရွက်ပေးနေသကဲ့သို့ ပြည်တွင်းပုဂ္ဂလိကလုပ်ငန်းရှင်များ၏ **စာမျက်နှာ ၉ ကော်လံ ၁ သို့**

# ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ သတင်းထုတ်ပြန်

**ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့**
**သတင်းထုတ်ပြန်ချက် (၂/၂၀၁၅)**
**၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၃ ရက်နေ့**
**၁၃၇၆ခုနှစ်၊ တပေါင်းလဆန်း ၆ ရက်**

၁။ ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ပိုင်းခရိုင်၊ ရွှေပြည်သာစက်မှုဇုန်နှင့် လှိုင်သာယာစက်မှုဇုန်ရှိ စက်ရုံအချို့တို့မှ အလုပ်သမားအချို့တို့သည် လုပ်အားခတိုးရလိုမှုနှင့်စပ်လျဉ်း၍ ဆန္ဒပြတောင်းဆိုမှုများအပေါ် ရန်ကုန်တိုင်းဒေသကြီး အလုပ်သမားရေးရာညှိနှိုင်းဆွေးနွေးရေးအဖွဲ့သည် သက်ဆိုင်ရာစက်ရုံအသီးသီးမှ အလုပ်ရှင်များ၊ အလုပ်သမားကိုယ်စားလှယ်များနှင့် တွေ့ဆုံ၍ ညှိနှိုင်းဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ဥပဒေနှင့် မညီညွတ်သောကိစ္စရပ်များကို ဦးတည်ဆောင်ရွက်သူများကို အလုပ်ရှင်၊ အလုပ်သမား မခွဲခြားဘဲ တည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်းကို ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့မှ သတင်းထုတ်ပြန်ချက် (၁/၂၀၁၅)ဖြင့် (၁၇-၂-၂၀၁၅)ရက်နေ့က ထုတ်ပြန်၍ သတိပေးခဲ့ပါသည်။

၂။ (၂၀-၂-၂၀၁၅)ရက်နေ့က ရွှေပြည်သာမြို့နယ်ရှိ စက်ရုံ(၃)ရုံရှေ့တွင် ယာယီတဲများထိုး၍ ညအိပ်ခြေပြုကာ ပိတ်ဆို့ဆန္ဒပြနေသော အစုအဖွဲ့များကိုလည်း မြို့မိမြို့ဖများနှင့် ဥပဒေစိုးမိုးရေးအဖွဲ့များက ညှိနှိုင်းဖျန်ဖြေခဲ့ပါသည်။ ထိုသို့ ညှိနှိုင်းဆွေးနွေးမှုများကြောင့် စက်ရုံ(၂)ခုရှေ့မှ ယာယီတဲများနှင့်အစုအဖွဲ့များကို ဖယ်ရှားရှင်းလင်းနိုင်ခဲ့သော်လည်း ကျန်စက်ရုံ(၁)ရှေ့ရှိ အစုအဖွဲ့များမှာမူ **စာမျက်နှာ ၉ ကော်လံ ၄ သို့**







themirror.npt@gmail.com
www.facebook.com/themirrordaily

## ပညာမျိုးဆက်ကိုယ်ပိုင်အထက်တန်းကျောင်းနှင့်အဆင့်မြင့်ဘော်ဒါ

**(သူငယ်တန်းမှတက္ကသိုလ်ဝင်တန်းအထိ)**

**ကျန်စစ်သားလမ်းမကြီး၊ ရုံးရှေ့မှတ်တိုင်အနီး၊ လှိုင်သာယာ။**

ဖုန်း-၀၉-၂၆၁၇၂၆၉၉၃၊ ၀၉-၂၆၁၇၂၆၉၉၄၊ ၀၉-၇၃၁၁၀၇၃၆၊ ၀၉-၄၃၀၁၇၆၀၅

**ဝန်ထမ်းအမြန်အလိုရှိသည်။**

၁။ မူလတန်းပြဆရာ/ဆရာမ (၇)ဦး
ဘွဲ့ရပြီးသူ၊ ပညာရေးအတွေ့အကြုံရှိသူဖြစ်ရမည်။
၂။ အလယ်တန်းပြဆရာ/ဆရာမ (၇)ဦး
ဘွဲ့ရပြီးသူ၊ ပညာရေးအတွေ့အကြုံရှိသူဖြစ်ရမည်။
၃။ အဆောင်မှူး ကျား/မ(၂)ဦး
ဘွဲ့ရပြီးသူ၊ လူမှုဆက်ဆံရေးကောင်းမွန်သူဖြစ်ရမည်။
၄။ စာရင်းကိုင် ကျား/မ(၁)ဦး
ဘွဲ့ရပြီးသူ၊ စာရင်းများကိုကျွမ်းကျင်စွာရေးသွင်းနိုင်သူဖြစ်ရမည်။
၅။ ကွန်ပျူတာ ကျား/မ(၁)ဦး
ကွန်ပျူတာကျွမ်းကျင်ပြီး လုပ်ငန်းအတွေ့အကြုံရှိသူဖြစ်ရမည်။

လျှောက်ထားလိုသူများသည် CV၊ မှတ်ပုံတင်မိတ္တူ၊ ပညာအရည်အချင်း၊ အိမ်ထောင်စုစာရင်းမိတ္တူ၊ ဓာတ်ပုံ(၂)ပုံ၊ ရပ်ကွက်/ရဲစခန်းထောက်ခံစာတို့နှင့်အတူ အထက်ပါလိပ်စာအတိုင်း ၂၈-၂-၂၀၁၅ ရက် နောက်ဆုံးထား၍ ရုံးချိန်အတွင်းလာရောက်လျှောက်ထားနိုင်ပါသည်။

**ပြင်ဆင်ဖတ်ရှုပါရန်** ၂၀-၂-၂၀၁၅ ရက်ကြေးမုံသတင်းစာ ကြော်ငြာစာမျက်နှာ (၁)ပါ အများသိစေရန် ဦးကျော်စိုး[၁၂/ကတတ(နိုင်)၀၀၀၃၇၂] ကြော်ငြာတွင် မြေကွက်အမှတ်(၁/ရ)ဟု ပြင်ဆင်ဖတ်ရှုပါရန်။

## ဝန်ထမ်းအမြန်အလိုရှိသည်။

ယာဉ်မောင်း ကျား (၁) ဦး

Asia International Link Co., Ltd. တွင် အောက်ဖော်ပြပါ အရည်အချင်းနှင့် ကိုက်ညီသော ယာဉ်မောင်း (၁) ဦး အမြန်အလိုရှိပါသည်။

(က) အသက် ၃၀ နှစ် မှ ၅၀ နှစ် အတွင်းဖြစ်ရမည်။
(ခ) ယာဉ်မောင်းသက်တမ်း (၃)နှစ် နှင့် အထက်ရှိပြီး ယာဉ်မောင်းလိုင်စင် (ဃ)ရှိရမည်။
(ဂ) ရန်ကုန်မြို့တွင်း 29 Seater Tour Bus မောင်းနှင်နိုင်ရမည်။
(ဃ) အကျင့်စာရိတ္တကောင်းမွန်၍ အသောက်အစားကင်းရှင်းရမည်။
(င) လုပ်ငန်းလိုအပ်ချက်အရ အလုပ်အချိန်ပိုပေးနိုင်ရမည်။

လျှောက်ထားလိုသူများသည် ကိုယ်ရေးမှတ်တမ်းနှင့်ဓါတ်ပုံ( ၃ )ပုံ၊မှတ်ပုံတင်မိတ္တူ၊ရပ်ကွက်ထောက်ခံစာမိတ္တူ၊ ဖေလဘာမိတ္တူ ၊ လိုင်စင်မိတ္တူများနှင့် အတူ ကြော်ငြာပါသည့်နေ့မှစ၍ (၂)ပတ်အတွင်း လူကိုယ်တိုင်အမြန်ဆုံး လာရောက်လျှောက်ထားနိုင်ပါသည်။

ဆက်သွယ်ရန်လိပ်စာ - အမှတ် ၂၃၊၂၅၊၂၇ ၊ ဘုန်းကြီးလမ်း။ Room No 6 (A) Crystal Condo ၊ လမ်းမတော်မြို့နယ်၊ရန်ကုန်တိုင်း။ (Phone No – 012303090,012301161)

## ဆံပင်ညှပ်ကျွမ်းကျင် အလိုရှိသည်။

အမျိုးသားသီးသန့်ဆိုင်အတွက်-

➤ ဆံသဆရာ(ကျွမ်းကျင်) (၁)ဦး
➤ ဆံသလက်ထောက်(အကူ) (၁)ဦး

ဖုန်း-၀၉-၇၉၆၂၈၁၇၃၇၊ ၀၉၇၉၈၄၀၂၂၅၄၊ ၀၉-၇၉၈၄၁၂၅၃၁

## ဝန်ထမ်းအလိုရှိသည်

ရှပ်အင်္ကျီစက်ချုပ်ကျွမ်းကျင် မ(၁၀)ဦး

Ph:01-298502,09-252198677

## ဝန်ထမ်းအလိုရှိသည်

၁။ (က) **ကြီးကြပ်ရေးမှူး** ကျား (၃) / မ(၃)ဦး
တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိပြီးသူဖြစ်ရမည်။
အုပ်ချုပ်မှု အတွေ့အကြုံရှိရမည်။
(ခ) **ငွေကိုင်/စာရင်းကိုင်** ကျား (၆) / မ(၆)ဦး
တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိပြီးသူဖြစ်ရမည်။ ကွန်ပျူတာကျွမ်းကျင်ရမည်။
(ဂ) **ပန့်ကိုင်** ကျား (၃၀) / မ(၃၀)ဦး
အခြေခံပညာ အထက်တန်းအောင်မြင်ပြီးသူဖြစ်ရမည်။
(ဃ) House Keeping ကျား (၂)ဦး / မ(၂)ဦး
သက်ဆိုင်ရာသင်တန်းဆင်းလက်မှတ်ရရှိရမည်။
(င) **လုံခြုံရေး** ကျား(၉)ဦး
ကျန်းမာသန်စွမ်းရမည်။
(စ) **သန့်ရှင်းရေး** ကျား(၃)ဦး
(ဆ) **စာစီစာရိုက်** ကျား/မ(၂)ဦး
တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိရမည်။

၂။ အမှတ်စဉ်(င)၊ (စ) ဝန်ထမ်းများသည် အသက်(၄၅)ထက်နှစ်ထက်မကြီးရ။ အမှတ်စဉ်(က)နှင့် (ဃ) ဝန်ထမ်းများသည် အသက်(၃၅)နှစ်ထက်မကြီးရ။ အမှတ်စဉ် (ခ)နှင့် (ဂ) ဝန်ထမ်းများသည် သက်(၃၀)နှစ်ထက်မကြီးရ။ အမှတ်စဉ်(က)မှ (ဃ)ထိ ဝန်ထမ်းများသည် ရုပ်ရည်သန့်ပြန့်ပြေပြစ်ရမည်။ ရေရှည်လုပ်ကိုင်နိုင်သူဖြစ်ရမည်။

၃။ လိုအပ်သော စာရွက်စာတမ်းများနှင့်အတူ အင်းစိန်လမ်းမကြီး အုတ်ကျင်းမှတ်တိုင်အနီး မှတ်(၅၆/၅၇)၊ လှိုင်ရတနာရိပ်မွန်အိမ်ရာ၊ (၆)လမ်း၊ (၁၂)ရပ်ကွက်၊ လှိုင်မြို့နယ်သို့ ၇-၃-၂၀၁၅ ရက် နောက်ဆုံးထား၍ လူကိုယ်တိုင်လာရောက် လျှောက်ထားနိုင်ပါသည်။
ဖုန်း-၀၁-၅၁၉၆၄၅၊ ၅၁၉၆၃၈

## VAC (VALUE ADDED CONSULTANCY) ® မြန်မာပြည်တွင်းအလုပ်အကိုင်ရှာဖွေရေးလုပ်ငန်း

**VAC မှာ ဝန်ထမ်းရှာပါ။ VAC မှာ အလုပ်ရှာပါ။**

**ဝန်ထမ်းလိုအပ်နေသော လုပ်ငန်းရှင်များအတွက်**

အရည်အချင်းပြည့်မီသော **ဝန်ထမ်းများစိစစ်ရွေးချယ်ပေးလျက်ရှိပါသည်။**

**ဝန်ဆောင်ခ ⟹ ဝန်ထမ်းလစာ၏ 42% မှ 52% ကို လုပ်ငန်းရှင်ထံမှ ကောက်ခံပါမည်။**
**မည်သည့် ဝန်ဆောင်ခမှ ကြိုတင်ပေးရန် မလိုပါ။**

**VAC** မှတဆင့်အလုပ်ရလျှင် အလုပ်လျှောက်သူဝန်ထမ်းမှ ဝန်ဆောင်ခပေးရန်မလိုပါ။

မြန်မာနိုင်ငံတွင် လာရောက်ရင်းနှီးမြှုပ်နှံသော နိုင်ငံခြားကုမ္ပဏီများမှ အလုပ်တွေခေါ်နေပြီ

### Job Openings for Foreign Firms

**Country Manager** ( Vietnam Co ) Very High Salary (1)
- Degree In Engineering / Finance / Marketing;
- Deep Working Knowledge In the Engineering Industry;
- Exp in Business and Project Management field; (Australian Passport Holder Only)

**Chief Operation Manager (CEO)** ( Singapore Co ) M/F(1)
- To establish & operate an Agriculture and Infrastructure Project Development Platform;
- Manage relationships with government and various stakeholders;
- Successful entrepreneurial experience is required;

**Sr. Strategic HR Manager** ( JV Co ) M/F(1)
- Any Grad, Strong Exp in HR, Payroll and Development Role;
- Managing and Dealing with Factory HR, All Branches HR, Etc..;

**Sr. Gov Liaison Specialist** ( Vietnam Co ) M/F(1)
- 15 yrs Exp in Dealing with National, State, District, & Township Government Levels;
- Exp In Stakeholder Consultation ( Environmental & Social Impact )

**Environmental Impact Assessment Specialist** (Vietnam Co) M/F(1)
- 10 yrs Exp in NGO Field (Especially in Environment & Society Project);

**Hydrology, Sediments & Water Supply Specialist** M/F(1)
- Exp in Environmental Sciences or Water Resources Engineering Field;

E-mail ဖြင့်အလုပ်လျှောက် နိုင်သည် ။ CVကို MS Word File & Photo ကို Jpg File ဖြင့်ပို့ပါ။

များပြားသော အလုပ်အကိုင်အခွင့်အလမ်းများ ⟹ www.vacjobsearch.com

No.118, 6th Floor,23rd St, Latha Tsp, Yangon. E-mail: vacjobsearch@gmail.com
Ph: 01-395921, 01-395922, 09-73022727, 09-5102094

## ဝန်ထမ်းအလိုရှိသည်

"ချစ်ပိုင်သစ္စာ" ခရီးသွားပို့ဆောင်ရေးမှ အောက်ပါဝန်ထမ်းများ အလိုရှိပါသည်။ ရိုးသား၍ စိတ်ဝင်စားသူများ အောက်ပါအတိုင်း ဆက်သွယ် လျှောက်ထားနိုင်ပါသည်။

(၁) **Marketing** (ဘွဲ့ရ) ........ မ (၁)ဦး
(အသက် ၂၅ - ၃၀ ကြား၊ ရုပ်ရည်ပြေပြစ်သူဖြစ်ရမည်။)
(၂) **Phone Operator** (ဘွဲ့ရ) ........ မ (၂)ဦး
(အသက် ၂၀ - ၃၀ ကြား၊ စကားအပြောယဉ်ကျေးသိမ်မွေ့ရမည်။)
(၃) **Accountant** ........ မ (၁)ဦး
စာရင်းကိုင်အတွေ့အကြုံရှိပြီး B.Com (သို့) LCCI Level II အောင်ရမည်၊ Computerized Accounting တတ်ကျွမ်း၍ Computer ဖြင့် စာရင်းကိုင်နိုင်သူဖြစ်ရမည်၊

အသေးစိတ်သိလိုပါက ဆက်သွယ်စုံစမ်းရန် **Phone: 09-73109277, 09-5031157**
**Email: chitsoelin1@gmail.com**

## ဝန်ထမ်းအမြန်အလိုရှိသည်

(ပြည်တွင်း၌သာခန့်ထားရန်)

နေဇင်မင်းကုန်စည်သယ်ယူပို့ဆောင်ရေးလုပ်ငန်းမှ အောက်ဖော်ပြပါဝန်ထမ်းများအမြန်အလိုရှိသည်။

၁။ HR Manager ကျား/မ(၁)ဦး
လုပ်ငန်းအတွေ့အကြုံ အနည်းဆုံး (၁၀)နှစ်ရှိရမည်။
၂။ Admin Manager ကျား(၁)ဦး
လုပ်ငန်းအတွေ့အကြုံ အနည်းဆုံး (၁၀)နှစ်ရှိရမည်။
၃။ Operation Manager ကျား(၁)ဦး
လုပ်ငန်းအတွေ့အကြုံ အနည်းဆုံး (၅)နှစ်ရှိရမည်။
၄။ Deputy Operation Manager ကျား(၁)ဦး
လုပ်ငန်းအတွေ့အကြုံ အနည်းဆုံး (၅)နှစ်ရှိရမည်။
၅။ Deputy Shipping & Logistics Manager ကျား(၁)ဦး
လုပ်ငန်းအတွေ့အကြုံ အနည်းဆုံး (၅)နှစ်ရှိရမည်။
၆။ Sales & Marketing Manager (ကုန်စည်ရှာဖွေရေး) ကျား/မ (၁)ဦး
လုပ်ငန်းအတွေ့အကြုံ အနည်းဆုံး (၅)နှစ်ရှိရမည်။
၇။ Sales & Marketing Executive (ကုန်စည်ရှာဖွေရေး) ကျား/မ (၂)ဦး
လုပ်ငန်းအတွေ့အကြုံ အနည်းဆုံး (၃)နှစ်ရှိရမည်။
၈။ Export & Import Manager (Documentation) ကျား/မ (၁)ဦး
လုပ်ငန်းအတွေ့အကြုံ အနည်းဆုံး (၅)နှစ်ရှိရမည်။ မူဆယ်(၁၀၅)မိုင်၌တာဝန်ထမ်းဆောင်ရမည်။
၉။ Export & Import Staff (Documentation) ကျား/မ (၅)ဦး
လုပ်ငန်းအတွေ့အကြုံ အနည်းဆုံး (၃)နှစ်ရှိရမည်။ မူဆယ်(၁၀၅)မိုင်၌တာဝန်ထမ်းဆောင်ရမည်။ Import/Export နှင့်ပတ်သက်၍ Licence လျှောက်ထားခြင်း၊ အကောက်ခွန်ရှင်းလင်းခြင်းနှင့် သက်ဆိုင်ရာဌာနများ၏ ထောက်ခံချက်ရယူခြင်း အစရှိသည်များကို ဆောင်ရွက်နိုင်ရမည်။
၁၀။ စာရင်းကိုင် ကျား/မ(၂)ဦး
လုပ်ငန်းအတွေ့အကြုံ အနည်းဆုံး (၅)နှစ်ရှိရမည်။ (ရန်ကုန်ရုံးချုပ်နှင့်မန္တလေးစွယ်တော်ကားကြီးဝင်း၌ တာဝန်ထမ်းဆောင်နိုင်ရမည်။)
၁၁။ ဂိတ်မှူး ကျား(၃)ဦး
လုပ်ငန်းအတွေ့အကြုံ အနည်းဆုံး (၅)နှစ်ရှိရမည်။ မန္တလေး(စွယ်တော်ကားကြီးဝင်း)၊ မူဆယ်/ကျယ်ဂေါင်နှင့် ဘုရင့်နောင်ပွဲရုံများတွင် တာဝန်ထမ်းဆောင်နိုင်ရမည်။
၁၂။ ယာဉ်ပြုပြင်ကျွမ်းကျင်ဝန်ထမ်း ကျား(၂)ဦး
လုပ်ငန်းအတွေ့အကြုံ အနည်းဆုံး (၁၀)နှစ်ရှိရမည်။ လုပ်ငန်းသုံးမော်တော်ယာဉ်အမျိုးမျိုးပြုပြင်နိုင်ရမည်။
၁၃။ ယာဉ်မောင်း ကျား(၂၅)ဦး
လုပ်ငန်းအတွေ့အကြုံ အနည်းဆုံး(၁၀)နှစ် ရှိရမည်။ ၆ ဘီး၊ ၁၀ ဘီး၊ ၁၂ ဘီး၊ ၂၂ ဘီး ယာဉ်များ ကျွမ်းကျင်စွာ မောင်းနှင်နိုင်ရမည့်အပြင် မန္တလေး၊ တောင်ကြီး၊ လားရှိုး၊ မူဆယ်အစရှိသည့် နေရာဒေသများသို့လည်း ကျွမ်းကျင်စွာ မောင်းနှင်နိုင်ရမည်။
၁၄။ Computer Operator ကျား/မ(၂)ဦး
လုပ်ငန်းအတွေ့အကြုံ အနည်းဆုံး (၂)နှစ်ရှိရမည်။
၁၅။ အကောက်ခွန်ရှင်းလင်းရေးဝန်ထမ်း ကျား/မ(၂)ဦး
လုပ်ငန်းအတွေ့အကြုံ အနည်းဆုံး (၃)နှစ်ရှိရမည်။

မှတ်ချက်။ ။ အမှတ်စဉ် (၁၂ နှင့် ၁၃) မှလွဲ၍ ဘွဲ့ရ၊ MS Office (Word, Excel (Advance Excel)), Page Maker, Internet/Email ကျွမ်းကျင်စွာ အသုံးပြုနိုင်ရမည်။ Myanmar/English Typing ကျွမ်းကျင်ရမည်။

လျှောက်ထားလိုသူများသည် လိုအပ်သောစာရွက်စာတမ်းအပြည့်အစုံဖြင့် အောက်ပါလိပ်စာများတွင်လျှောက်ထားနိုင်ပါသည်။
(၁) အမှတ် (၇၉/၈၁)၊ အခန်း (၇၀၅/၇၀၆)၊ အနော်ရထာလမ်း၊ (၃၉)လမ်းနှင့် လမ်း(၄၀)ကြားရှိ Central Tower ၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
(၂) Win Auto Parts ၊ အမှတ်(၃၅၄)၊ အခန်း(B)၊ ၈၁ လမ်း၊ ၂၇ လမ်းနှင့် ၂၈ လမ်းကြား၊ ချမ်းအေးသာဇံမြို့နယ်၊ မန္တလေးမြို့။
(၃) တိုက်ခန်းအမှတ်(J-4)၊ ပြည်ကြီးမင်္ဂလာ ကုန်တင်ယာဉ်ရပ်နား စခန်းဝင်း၊ စွယ်တော်ဘုရားအရှေ့မြောက်ဘက်၊ အမရပူရမြို့နယ်၊ မန္တလေးမြို့။
ကြော်ငြာပါသည့်နေ့မှ (၂)ပတ်အတွင်း လူကိုယ်တိုင် (သို့မဟုတ်) recruitment@nzm-logistics.com သို့ လျှောက်ထားနိုင်ပါသည်။ အသေးစိတ်သိရှိလိုပါက www.nzm-logistics.com တွင် လည်း ကြည့်ရှုနိုင်ပါသည်။

MRCCI

MRCCI

# (၆၈)နှစ်မြောက် ပြည်ထောင်စုနေ့တွင် ရေးထိုးခဲ့သော "ငြိမ်းချမ်းရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးဆိုင်ရာ ကတိပြုချက်" အား ထောက်ခံကြောင်း ကြေညာခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အစိုးရအဖွဲ့ဝင်များ၊ ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များ၊ တပ်မတော်၊ နိုင်ငံရေးပါတီများ၊ တိုင်းရင်းသားရေးရာဝန်ကြီးများနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များသည် (၆၈)နှစ်မြောက်ပြည်ထောင်စုနေ့တွင် နေပြည်တော်၌ တွေ့ဆုံကြပြီး "ငြိမ်းချမ်းရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးဆိုင်ရာ ကတိပြုချက် (Peace of Commitment for Peace) "ကို လက်မှတ်ရေးထိုးကြောင်း သိရှိရပါသည်။

အဆိုပါ ကတိပြုချက်သည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတွင် နှစ်ပေါင်းများစွာဖြစ်ပေါ်ခဲ့သော လက်နက်ကိုင် ပဋိပက္ခကို အပြီးတိုင် ရပ်တန့်စေပြီး ရေရှည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးရရှိရန် အရေးကြီးသော ခြေလှမ်းဖြစ်ပါသည်။

ထို့ကြောင့် မိမိတို့ မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းဝင် အသင်းသူ၊ အသင်းသား၊ စက်မှုလက်မှု လုပ်ငန်းရှင်များ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ အဖွဲ့အစည်းများ၊ ညီနောင်အသင်းများ အားလုံးသည် ဤ "ငြိမ်းချမ်းရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးဆိုင်ရာ ကတိပြုချက်" ကို ခြွင်းချက်မရှိ အပြည့်အဝ ထောက်ခံပါသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတွင် စက်မှုလက်မှုနှင့် စီးပွားရေး တိုးတက်မှုများအတွက် ငြိမ်းချမ်းရေးသည် အထူးလိုအပ်သော အချက်တစ်ချက်ဖြစ်ကြောင်း မိမိတို့အနေဖြင့် အလေးအနက်ယုံကြည်ပါကြောင်းနှင့် ရေရှည်တည်တံ့သော ငြိမ်းချမ်းရေးရရှိရန် ရောင်နီများ သန်းလာသည်ကို မြင်ရ၍ မိမိတို့အနေဖြင့် တတ်နိုင်သည့်ဘက်မှ ဝိုင်းဝန်းကူညီဆောင်ရွက်မည်ဖြစ်ကြောင်းကြေညာအပ်ပါသည်။

**မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း**


FAME

GreenTea

EGCG 150 mg

လက်ဖက်စိမ်းဆေး

TMR 012032 (0516)

၂/၂၀၁၂ တဆထလ/တိုး(၀၆၅၇)

ISO 9001 : 2008
ISO 14001 : 2004
OHSAS 18001 : 2007
GMP Certified
Organic Certified

FAME

Blueberry

Proanthocyanidin 100 mg

ဘလူးဘယ်ရီဆေး

TMR 012140 (0516)

၂/၂၀၁၂ တဆထလ/တိုး(၀၆၅၇)

ISO 9001 : 2008
ISO 14001 : 2004
OHSAS 18001 : 2007
GMP Certified
Organic Certified



## အခမဲ့ဆွေးနွေးပေးသည်

ပုဂ္ဂလိက သစ်တောစိုက်ခင်း တည်ထောင်ခြင်းနှင့် ပတ်သက်၍ သိရှိလိုသည်များကို အခမဲ့ ဆွေးနွေးအကြံပြုပေးပါသည်။

Royal Tree Services Company Limited
Room (308), Building(7+1)D, Parami Condo, Hlaing Township, Yangon
Ph: 01 654857, 09 450046440, 09 8640326, 09 400413344
Email: thanoo@royaltreeservices.biz, theintzarkyiswe@royaltreeservices.biz
Website: www.royaltreeservices.biz



## အဆင့်မြင့်မော်တော်ယာဉ်များ ချွတ်ယွင်းချက်ရှာဖွေစစ်ဆေးခြင်းနှင့် ပြင်ဆင်ခြင်းသင်တန်း

မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းနှင့် မြန်မာမော်တော်ကော်ပိုရေးရှင်းတို့ပူးပေါင်း၍ အဆင့်မြင့်မော်တော်ယာဉ်များ၏ ချွတ်ယွင်းချက်ရှာဖွေစစ်ဆေးခြင်းနှင့် ပြင်ဆင်ခြင်းသင်တန်းအပတ်စဉ်(၃/၂၀၁၅)အား ၁၆-၃-၂၀၁၅ မှ ၁၅-၅-၂၀၁၅ အထိ (၂)လတာသင်တန်းကို နိုင်ငံခြားပြန် ဝါရင့်ကျွမ်းကျင်သူပညာရှင်များ၊ အင်ဂျင်နီယာများမှ စာတွေ့လက်တွေ့ သင်တန်း ဖွင့်လှစ်သင်ကြားမည်ဖြစ်ပါသည်။ သင်တန်းသားတစ်ဦးလျှင် သင်တန်းကြေး (၂၅၀၀၀၀ကျပ်) ပေးသွင်းရမည်ဖြစ်ပြီး သင်တန်းပြီးဆုံးအောင်မြင်ပါက သင်တန်းဆင်းအောင်လက်မှတ်ကို မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း Automobile Technical Division မှ ထုတ်ပေးမည်ဖြစ်ပါသည်။ သင်တန်းသားဦးရေကို ကန့်သတ်ထားပြီး ပညာအရည်အချင်း အနည်းဆုံး အခြေခံပညာ အထက်တန်းအဆင့် ရှိရမည်ဖြစ်ပါသည်။ လျှောက်လွှာများကို ၂၀-၂-၂၀၁၅ရက်မှစတင်လက်ခံပြီး ၁၀-၃-၂၀၁၅ ရက်၌ လျှောက်လွှာပိတ်မည်ဖြစ်ပါသည်။ လျှောက်ထားသူများကို လူတွေ့စနစ်ဖြင့်ရွေးချယ်မည်ဖြစ်ပြီး လျှောက်လွှာနှင့်အတူ ရောင်စုံလိုင်စင်ဓာတ်ပုံ(၂)ပုံ၊ ကိုယ်ရေးအချက်အလက်များ၊ ပညာအရည်အချင်းဆိုင်ရာ သက်သေခံလက်မှတ်မိတ္တူများ ပါဝင်ရပါမည်။

**လျှောက်လွှာတင်ရန်-** **(၁) မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း၊ Automobile Technical Division**
**လှိုင်တက္ကသိုလ်နယ်မြေ၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၁-၅၁၉၆၇၃၊ ၀၁-၅၁၉၆၇၄၊ ၀၁-၅၁၉၆၇၅၊ ၀၁-၅၁၉၆၇၆**
**(၂)မြန်မာမော်တော်ကော်ပိုရေးရှင်း၊ ချယ်ရီဉယျာဉ်အိမ်ရာ၊ အမှတ်(၁၄/၃)ရပ်ကွက်၊ သံသုမာလမ်းမကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၈၆၁၈၃၈၆၊**
**Email-michaelsanoo@gmail.com**



日本語能力試験

JLPT Japanese-Language Proficiency Test

ဇူလိုင်လ ၅ ရက် ၂၀၁၅ တွင် မန္တလေးမြို့၌ ကျင်းပမည့်

## ဂျပန်ဘာသာအရည်အချင်းစစ် စာမေးပွဲ(JLPT- 2015)

**စာမေးပွဲ လျှောက်လွှာများ စတင်လက်ခံခြင်း**

**၁။ လျှောက်လွှာလက်ခံခြင်း ( မန္တလေး)**

လျှောက်လွှာလက်ခံမည့်ကာလ - **3.3.2015 ~ 13.3.2015 ( 9:00 ~ 17:00 , Sunday Off)**

နေရာ - HITO Center

၁၂ လမ်းနှင့် ၈၀ လမ်းထောင့် ၊ မန္တလေးမြို့။ ဖုန်း - 02 31762

**၂။ လျှောက်လွှာလက်ခံခြင်း ( ရန်ကုန် )**

လျှောက်လွှာလက်ခံမည့်ကာလ - **16.3.2015 ~ 24.3.2015 ( 9:30 ~ 16:00 )**

နေရာ - MAJA Office

ပုလဲကွန်ဒို၊ တိုက် (စီ)၊ အခန်း (၇၀၇)၊ ကမ္ဘာအေးစေတီလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်။

ဖုန်း - 09 8612151 , 09 8613848

**စာမေးပွဲကြေးများကို အသေးစိတ်စုံစမ်းမေးမြန်းနိုင်ပါသည်။**


### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၃/မာန်ပြေ၊ မြေကွက်အမှတ်-၁၃၂၇/က၊ မြေကွက်တည်နေရာအမှတ်-၁၃၂၇/က၊ မာန်ပြေ(၂၁)လမ်းရှေ့၊ ၃/ရပ်ကွက်၊ သာကေတမြို့နယ်(ဦးကာရပူရ်) အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဦးကာရပူရ်[၁၂/သဃက(နိုင်)၁၃၇၈၁၃]ထံမှ အထူးကိုယ်စားလှယ်လွှဲစာအမှတ် ၁၃၂၅/၁၄၊ ၁၆-၅-၂၀၁၄ ရသူ ဦးကျော်ခိုင်ဝင်း[၁၂/သကတ(နိုင်)၁၆၆၀၈၂]မှ ၊ အရောင်းအဝယ်စာချုပ်ချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ မြေစာရင်းမှတ်ချက်အရ(၁၉၉၈)ခုနှစ်တွင် အမည်ပေါက် ဦးကာရပူရ်မှ အပိုင်ပေးမြေပုံကူးခြင်းနှင့်ပတ်သက်၍ ထုတ်ယူခဲ့ခြင်းမရှိကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသော အထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၄)၊ မြေကွက်အမှတ်(၉/ခ)၊ မြေကွက် တည်နေရာအမှတ်(၉/ခ)၊ ဘုရင့်နောင်လမ်း၊ (၃၄/၁၀)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ် ဦးစိုးလွင်အမည်ပေါက် ပါမစ်မြေအား အရပ်ကတိစာချုပ်အဆက်အစပ်ဖြင့် ဝယ်ယူခဲ့သူ ဦးအောင်ဝင်း[၁၂/လမန(နိုင်)၀၁၉၇ ၁၀]မှ တင်ပြပါမစ်မူရင်းတွင် ဓာတ်ပုံနှင့်ရွှေ့ပြောင်းမည့်သူများ၏ ရာဇဝင်အကျဉ်းချုပ်တို့ တင်ပြ၍ အိမ်ရာဆောက်လုပ်နေထိုင်ခွင့်နှင့် မြေနေရာချထားပေးခြင်းခံရသူများ၏ မှီခိုနေထိုင်သူများ စာရင်းတင်ပြနိုင်ခြင်းမရှိဘဲ ပါမစ်မစုံဖြင့်တင်ပြ၍ နှစ်(၆၀)မြေငှားစာချုပ်(ဂရန်) လျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၂)၊ မြေကွက်အမှတ် ၂၇၀/ခ၊ မြေကွက်တည်နေရာ အမှတ်(၂၇၀/ခ)၊ မိဂသီလမ်း၊ (၁၂)ရပ်ကွက်၊ တ/ဥ၊ ဦးညွန့်လှိုင် အမည်ပေါက်ပါမစ်မြေအား အမည်ပေါက် ဦးညွန့်လှိုင်ထံမှ အရပ်ကတိအရောင်းအဝယ်စာချုပ်ဖြင့် ဝယ်ယူခဲ့သူ ဦးဘဲလရာမှ ဂရန်အသစ် လျှောက်ထားခဲ့သော်လည်း ဂရန်မထုတ်ယူခင်ကွယ်လွန်သွားပါသဖြင့် ဦးဘဲလရာ၏ ဇနီးတော်စပ်သူ ဒေါ်ဂူဂန်ပါး[၁၂/ဥကတ(နိုင်)၀၀၇၀၁၁]မှ သေစာရင်း၊ ကျမ်းကျိန်လွှာတို့တင်ပြ၍ နှစ်(၆၀)မြေငှားစာချုပ်(ဂရန်)လျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း ကန့်ကွက်သူမရှိပါက ဌာနမှ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

